ISP CHINA STUDIES PROGRAM

ဧပြီလ၊ ၂၀၂၄ ခုနှစ်

# တရုတ်-မြန်မာဆက်ဆံရေးအပေါ်

## မြန်မာ့မူဝါဒအသိုက်အဝန်း၏ သဘောထားအမြင်စစ်တမ်း

## (၂၀၂၃)



**ISP** CHINA STUDIES PROGRAM

ဧပြီလ၊ ၂၀၂၄ ခုနှစ်

# တရုတ်-မြန်မာဆက်ဆံရေးအပေါ်

## မြန်မာ့မူဝါဒအသိုက်အဝန်း၏ သဘောထားအမြင်စစ်တမ်း (၂၀၂၃)

တရုတ်-မြန်မာဆက်ဆံရေးအပေါ် မြန်မာ့မူဝါဒအသိုက်အဝန်း၏ သဘောထားအမြင်စစ်တမ်း(၂၀၂၃)ကို ၂၀၂၄ ခုနှစ် ဧပြီလတွင် ဖြန့်ချိပါသည်။

Institute for Strategy and Policy-Myanmar

+66 80 747 9712

PO Box 149, Chiang Mai University PO, Chiang Mai, 50202.

info@ISPMyanmar.com

www.ISPMyanmar.com

# မာတိကာ


- စစ်တမ်းအကြောင်း ၄
- စစ်တမ်းအကျဉ်းချုပ် ၆
- ထူးခြားတွေ့ရှိချက်များ ၇
- စစ်တမ်းမေးခွန်းနှင့် ရလဒ်များ
  - ၁။ တရုတ်နိုင်ငံအပေါ် ယေဘုယျသဘောထားအမြင် ၁၉
  - ၂။ မြန်မာ့နိုင်ငံရေးအကျပ်အတည်းတွင် တရုတ်နိုင်ငံ၏ ပါဝင်မှုအပေါ်အမြင် ၃၅
  - ၃။ မြန်မာ့ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် တရုတ်နိုင်ငံ၏ ပါဝင်မှုအပေါ်အမြင် ၆၁
  - ၄။ မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံအကြား စီးပွားရေးအရ ဆက်ဆံရေးအပေါ်အမြင် ၈၁
  - ၅။ တရုတ်-မြန်မာ စီးပွားရေးစင်္ကြံစီမံကိန်း (CMEC) အပေါ်အမြင် ၉၂
  - ၆။ မြန်မာမှတဆင့် တရုတ်၏ ဒေသတွင်းအစီအမံအပေါ်အမြင် ၁၁၁
  - ၇။ တရုတ်နိုင်ငံ၏ ဆွဲဆောင်မှုကိုအသုံးပြုသောအာဏာသြဇာအပေါ်အမြင် ၁၃၃
  - ၈။ တရုတ်နည်းပညာသုံး မိုဘိုင်းဖုန်းများ၊ အက်ပလီကေးရှင်းများနှင့် လုံခြုံရေးဆိုင်ရာ အီလက်ထရောနစ်ပစ္စည်းများ သုံးစွဲမှုအပေါ်အမြင် ၁၄၄
- နောက်ဆက်တွဲ-၁
  - စစ်တမ်းကောက်ယူပုံ သုတေသနနည်းနာ ၁၅၃
  - တွေ့ဆုံမေးမြန်းခြင်းအတွက် နမူနာရွေးချယ်သရုပ်ခွဲခြင်း ၁၅၇
  - ‘စစ်ဆင်ရေး ၁၀၂၇’ ကြောင့် သုတေသနနည်းနာ ပြင်ဆင်ခြင်း ၁၆၀
- နောက်ဆက်တွဲ-၂
  - ဦးတည်အုပ်စုဖွဲ့ဆွေးနွေးမှု ရလဒ်များ ၁၆၂
- ISP-Myanmar အကြောင်း ၁၆၆

# စစ်တမ်းအကြောင်း

**‘တရုတ်-မြန်မာဆက်ဆံရေးအပေါ် မြန်မာ့မူဝါဒအသိုက်အဝန်း၏ သဘောထားအမြင်စစ်တမ်း’**ကို ၂၀၂၂ ခုနှစ်မှစတင်၍ မြန်မာ့မဟာဗျူဟာနှင့် မူဝါဒလေ့လာရေးအင်စတီကျူ (ISP-Myanmar)က နှစ်စဉ် ပြုလုပ်လျက်ရှိပါသည်။ တရုတ်-မြန်မာ ဆက်ဆံရေးကို ပုံဖော်နေသော အခြေခံအကြောင်းအရာများအား မြန်မာ့မူဝါဒအသိုက်အဝန်း၌ ကျင်လည်နေသူများက မည်မျှနားလည်သနည်း၊ တူညီအမြင်များ မည်သို့ရှိသနည်း၊ မည်ကဲ့သို့ ကွဲလွဲကြသနည်း စသည်တို့ကို ဆန်းစစ်ရန်နှင့် လက်တွေ့မျက်တွေ့ကွာဟချက်များကို ပိုင်းခြားစိတ်ဖြာသုံးသပ်ရန်ဖြစ်ပါသည်။ ယခုစစ်တမ်းသည် ဒုတိယအကြိမ်ကောက်ယူသော စစ်တမ်းဖြစ်ပြီး **မြန်မာ့မူဝါဒအသိုက်အဝန်းခြောက်ခုမှ လူပုဂ္ဂိုလ် ၂၅၀ ဦးကို မေးခွန်း ၁၀၀** မေးမြန်းထားပါသည်။ စစ်တမ်းကောက်ယူမှုကို ၂၀၂၃ ခုနှစ် အောက်တိုဘာလနှင့် နိုဝင်ဘာလတို့တွင် လုပ်ဆောင်ခဲ့ပါသည်။

မြန်မာ့မူဝါဒအသိုက်အဝန်းဟုဆိုရာတွင် နိုင်ငံရေးနှင့် စီးပွားရေးနယ်ပယ်မှ ပုဂ္ဂိုလ်များ၊ လူထုအခြေပြု အရပ်ဘက်အဖွဲ့အစည်းများ၊ အထူးသဖြင့် တရုတ်နိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေးနှင့် နိုင်ငံတကာဆက်ဆံရေးတို့အပေါ် အကျွမ်းတဝင်ရှိသော တတ်သိပညာရှင်များ၊ လုပ်ရှားတက်ကြွသူများနှင့် ထင်ရှားသည့်ပုဂ္ဂိုလ်များ ပါဝင်သည်။ ထို့အပြင် တိုင်းရင်းသားလက်နက်ကိုင်များ (EAOs) နှင့် တရုတ်ရင်းနှီးမြှုပ်နှံမှုစီမံကိန်းများရှိရာ ဒေသများတွင် အခြေစိုက်လှုပ်ရှားနေသော (နွေဦးတော်လှန်ရေးတွင် အသစ်ပေါ်ပေါက်လာသည့်) လက်နက်ကိုင်တပ်ဖွဲ့ (PDFs/LDFs) ခေါင်းဆောင်များ၏ အမြင်ကိုလည်း ထည့်သွင်းထားသည်။ စစ်တမ်းကောက်ယူနေစဉ်အတွင်း ရှမ်းပြည်နယ်မြောက်ပိုင်းတွင် ညီနောင်မဟာမိတ်သုံးဖွဲ့ (3BHA) နှင့် ပူးပေါင်းတပ်များက ဆင်နွှဲခဲ့သော ‘စစ်ဆင်ရေး ၁၀၂၇’ ပေါ်ပေါက်ခဲ့သဖြင့် ထိုကာလများအတွင်း တရုတ်နိုင်ငံအပေါ် အမြင်များအား နှိုင်းယှဉ်ဆန်းစစ်ခြင်းအပြင် စစ်ဆင်ရေးနှင့်ပတ်သက်၍ သီးသန့်ထပ်တိုးမေးခွန်းကို ဖြေဆိုစေခြင်း၊ နယ်ပယ်အသီးသီးမှ ခေါင်းဆောင်တချို့နှင့် သီးခြားတွေ့ဆုံ၍ ထပ်မံမေးမြန်းခြင်းများလည်း လုပ်ခဲ့သည်။ စစ်တမ်း၌ ၂၀၂၁ ခုနှစ် အာဏာသိမ်းမှုအလွန် မြန်မာ့အကျပ်အတည်းနှင့် ငြိမ်းချမ်းရေးတွင် တရုတ်နိုင်ငံ၏ပါဝင်မှု၊ တရုတ်-မြန်မာ စီးပွားရေးဆိုင်ရာမေးခွန်းများနှင့် တရုတ်နိုင်ငံအပေါ် ဘက်အသီးသီး၏ ယေဘုယျသဘောထားအမြင်များလည်းပါဝင်သည်။ ထို့အပြင် တရုတ်-မြန်မာ စီးပွားရေးစင်္ကြံ စီမံကိန်း၊ ဒေသတွင်းပေါင်းစည်းရေး အစီအမံများနှင့် ဆွဲဆောင်မှုကိုအသုံးပြုသော အာဏာ

■ တွေ့ဆုံမေးမြန်းခွင့်ရခဲ့သော အသိုက်အဝန်းခြောက်ခုမှ လူဦးရေနှင့် ရာခိုင်နှုန်း

| အသိုက်အဝန်း | လူဦးရေ | ရာခိုင်နှုန်း |
|---|---|---|
| နိုင်ငံရေးနယ်ပယ် | ၂၁ | ၈.၄% |
| အရပ်ဘက်အဖွဲ့အစည်းများ | ၁၀၁ | ၄၀.၄% |
| စီးပွားရေးအသင်းအဖွဲ့များ | ၄၁ | ၁၆.၄% |
| ထင်ရှားကျော်ကြားသူများ | ၆၁ | ၂၄.၄% |
| EAOs | ၁၅ | ၆% |
| PDFs/LDFs | ၁၁ | ၄.၄% |
| **စုစုပေါင်း** | ၂၅၀ | ၁၀၀% |


■ **အမျိုးသမီးပါဝင်မှု**

အမျိုးသမီး ၅၉ ဦး ပါဝင်ဖြေဆိုခဲ့သည်။




■ **ဖြေဆိုသူအသက်အပိုင်းအခြား**

အသက် ၃၁ နှစ်မှ ၅၀ နှစ်အကြားရှိသူ ၁၁၃ ဦး ပါဝင်ဖြေဆိုခဲ့သည်။




ဩဇာ (Soft Power) တည်ဆောက်မှု၊ တရုတ်နိုင်ငံထုတ် နည်းပညာပစ္စည်းများအသုံးပြုမှုနှင့် ၎င်းတို့အပေါ် ယုံကြည်မှုအမြင်များလည်း ပါဝင်ပါသည်။ စစ်တမ်းတွင်ပါဝင်ဖြေဆိုရန် အသိုက်အဝန်းခြောက်ခုမှ စုစုပေါင်း **၃၀၀ ဦး**အား အမြင့်ဆုံးလျာထားခဲ့သော်လည်း **၂၅၀ ဦး**သာ မေးမြန်းနိုင်ခဲ့ပါသည်။ သို့သော် ယခင်နှစ်စစ်တမ်းနှင့်နှိုင်းယှဉ်ပါက **၃၅ ဦး** ပိုမိုမေးမြန်းနိုင်ခဲ့ပါသည်။ အမျိုးသမီးပါဝင်မှုအနေဖြင့် ယခင်နှစ်စစ်တမ်းတွင် **၄၉ ဦး (၂၁၅ ဦး၏ ၂၂ ဒသမ ၈ ရာခိုင်နှုန်း)**သာရှိခဲ့သော်လည်း ယခုနှစ်တွင်မှု **၅၉ ဦး (၂၅၀ ဦး၏ ၂၄ ရာခိုင်နှုန်း)** ရှိခဲ့ပါသည်။ ယခုစစ်တမ်းအတွက်ရွေးကောက်ပွဲဆိုင်ရာ ပြည်သူ့လှုပ်ရှားမှုအဖွဲ့ (PACE) က နည်းပညာပိုင်း အကူအညီပေးထားပါသည်။ စစ်တမ်းကောက်ယူပုံ သုတေသနနည်းနာများအပြင် စစ်တမ်းနှင့်ပတ်သက်သော အကြောင်းအရာများကို **နောက်ဆက်တွဲစာမျက်နှာများတွင်** အသေးစိတ်ဖတ်ရှုနိုင်ပါသည်။ ■

# စစ်တမ်းအကျဉ်းချုပ်

စစ်တမ်းရလဒ်များအရ တရုတ်နိုင်ငံကို အိမ်နီးချင်းကောင်းအဖြစ် ရှုမြင်သူနှင့် အိမ်နီးချင်းကောင်းမဟုတ်ကြောင်း ထင်သူတို့အကြား ကွာဟချက် ကြီးမားမှုမရှိပေ။ သို့သော် စီးပွားရေးအရလွှမ်းမိုးမှုနှင့် အကြီးမားဆုံးစီးပွားဖက်ဖြစ်နေခြင်းအပေါ် စိုးရိမ်မှုများကြသည်။ ထို့အပြင် အာဏာသိမ်းမှုအလွန် ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှု၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်၊ နိုင်ငံရေးနှင့် သံတမန်ရေးကိစ္စများမှသည် နည်းပညာ၊ လုံခြုံရေးကဏ္ဍအထိ တရုတ်နိုင်ငံကို ပိုမိုခိုလာရကြောင်းလည်း ယူဆကြသည်။ အခြားတဖက်တွင်မူ ဖြေဆိုသူအများစုက တရုတ်နိုင်ငံအနေနှင့် မြန်မာနိုင်ငံမှ အာဏာကိုင်စွဲထားသူ မည်သူနှင့်မဆို ဆက်ဆံရေးအဆင်ပြေလိုကြောင်း ထင်မြင်ကြသည်။ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နေသည်ဆိုသော ထင်မြင်ချက်မှာလည်း သိသိသာသာ အလေးသာနေဆဲဖြစ်သည်။


တရုတ်နိုင်ငံအနေနှင့် ၎င်း၏ မဟာဗျူဟာမြောက် အကျိုးစီးပွားများကို အကောင်အထည်ဖော်ရန် ဒေသတွင်းအစီအမံများ၌ မြန်မာနိုင်ငံကိုထည့်သွင်းပြီး အလုံးစုံ ခင်းကျင်းပြင်ဆင်နေသည့်တိုင် ထိုအစီအမံများကို မြန်မာ့မူဝါဒအသိုက်အဝန်းတွင် 'မသိသူ' များပြားနေခြင်းက ထူးခြားပါသည်။ လက်ရှိအချိန်တွင် တရုတ်-မြန်မာစီးပွားရေးစင်္ကြံ (CMEC) စီမံကိန်းများ အကောင်အထည်ဖော်မည်ဆိုပါက 'သဘောမတူ'ကြောင်း ဖြေဆိုကြသည်။ လာမည့်သုံးနှစ် (၂၀၂၆ ခုနှစ်) အလွန်ကာလတွင်မှ တရုတ်-မြန်မာ နှစ်နိုင်ငံအကြား စီးပွားဆက်ဆံရေး ပြန်ကောင်းနိုင်မည်ဟုလည်း ထင်မြင်ကြပါသည်။

ပြီးခဲ့သည့်ကာလများအတွင်း ဆွဲဆောင်မှုကိုအသုံးပြုသော အာဏာသြဇာဖြင့် မြန်မာနိုင်ငံအတွင်း တရုတ်နိုင်ငံက အလွှာစုံဆက်ဆံရေး တည်ဆောက်ခဲ့သော်လည်း တရုတ်နိုင်ငံ၏ အုပ်ချုပ်ရေး၊ စီးပွားရေးဖွံ့ဖြိုးမှုပုံစံနှင့် တရုတ်နည်းတရုတ်ဟန် ဒီမိုကရေစီတို့ကို 'အတုယူစရာမဟုတ်'ဟူသော ရှုမြင်ချက်များမှာ အားကောင်းနေဆဲ ဖြစ်ပါသည်။ တရုတ်နိုင်ငံ၏ အုပ်ချုပ်ရေးပုံစံသည် 'အတုယူစရာမဟုတ်'ဟူသောအမြင်ကို တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ (EAOs) အကြား အများဆုံးတွေ့ရပါသည်။ တဖက်တွင် ရှမ်းပြည်နယ်မြောက်ပိုင်းရှိ EAOs များအပေါ် တရုတ်နိုင်ငံက လွှမ်းမိုးမှုရှိသည်ဆိုသောအမြင်မှာ ဖြေဆိုသူအများစုတွင် ဆက်ရှိနေပါသည်။ 'စစ်ဆင်ရေး ၁၀၂၇'ကြောင့် တရုတ်နိုင်ငံအပေါ် သဘောထား အပြောင်းအလဲမရှိကြောင်းလည်း ဖြေဆိုသူအများစုက ဆိုခဲ့ပါသည်။ ■

# ထူးခြားတွေ့ရှိချက်များ

## ထူးခြားတွေ့ရှိချက်-၁

### တရုတ်နိုင်ငံကို အိမ်နီးချင်းကောင်းဟု ရှုမြင်သူ နည်းပါးဆဲ





၅၄%

အများစု ၅၄ ရာခိုင်နှုန်းသည် တရုတ်နိုင်ငံကို အိမ်နီးချင်းကောင်းဟု မမြင်ခဲ့ပေ။ သို့သော် အိမ်နီးချင်းကောင်းဟုယူဆသူမှာ ၄၂ ရာခိုင်နှုန်း ရှိခဲ့သည်။ ယခင်နှစ်စစ်တမ်းနှင့်နှိုင်းယှဉ်ပါက ကြီးမားသော အပြောင်း အလဲမရှိဟု ဆိုနိုင်ပါသည်။ ယခင်စစ်တမ်း၌ တရုတ်နိုင်ငံကို အိမ်နီးချင်း ကောင်းမဟုတ်ကြောင်းရှုမြင်သူ ၅၅ ရာခိုင်နှုန်းရှိပြီး အိမ်နီးချင်းကောင်း ဖြစ်ကြောင်းယူဆသူ ၄၀ ရာခိုင်နှုန်းရှိခဲ့သည်။

## ထူးခြားတွေ့ရှိချက်-၂

### အာဏာရှင်နိုင်ငံအဖြစ် တရုတ်နိုင်ငံက မြင်လိုကြောင်း ယူဆကြ

တရုတ်နိုင်ငံအနေနှင့် မြန်မာနိုင်ငံကို ဒီမိုကရေစီနိုင်ငံအဖြစ်မြင်လိုကြောင်း **၂၆ ရာခိုင်နှုန်း**က ထင်မြင်ခဲ့ကြသည်။




တရုတ်နိုင်ငံအနေနှင့် မြန်မာနိုင်ငံကို အာဏာရှင်နိုင်ငံအဖြစ်မြင်လိုကြောင်း **၆၀ ရာခိုင်နှုန်း**က ယူဆခဲ့ကြသည်။


- ဒီမိုကရေစီနိုင်ငံရေးစနစ်က သင့်တော်သည်ဟု တရုတ်နိုင်ငံက ယုံကြည်သည်
- အာဏာရှင်နိုင်ငံရေးစနစ်က သင့်တော်သည်ဟု တရုတ်နိုင်ငံက ယုံကြည်သည်
- မသိပါ
- ဖြေဆိုရန်ငြင်းဆန်

**၆၀%**

မြန်မာနိုင်ငံကို အာဏာရှင်စနစ်ကျင့်သုံးသော နိုင်ငံအဖြစ် တရုတ်နိုင်ငံက မြင်လိုကြောင်း ယူဆသူ **၆၀ ရာခိုင်နှုန်း**ရှိပြီး ဒီမိုကရေစီစနစ်ကျင့်သုံးသော နိုင်ငံအဖြစ် မြင်လိုသူ **၂၆ ရာခိုင်နှုန်း**ရှိပါသည်။ ယခင်နှစ်စစ်တမ်းနှင့် နှိုင်းယှဉ်ပါက ပြောင်းလဲမှုတချို့ ရှိခဲ့သည်။ ယခင်နှစ်က မြန်မာနိုင်ငံကို အာဏာရှင်စနစ်ကျင့်သုံးသော နိုင်ငံအဖြစ် တရုတ်နိုင်ငံက မြင်လိုကြောင်း ယူဆသူ **၅၅ ရာခိုင်နှုန်း**ရှိသဖြင့် **ငါးရာခိုင်နှုန်း** ပိုများလာသည်။

ထူးခြားတွေ့ရှိချက်-၃

## ပြည်တွင်းရေးကို တရုတ်နိုင်ငံက ဝင်စွက်ဖက်နေကြောင်း အများစုရှုမြင်





**၇၃%**

မြန်မာ့နိုင်ငံရေးနှင့်ပတ်သက်၍ တရုတ်နိုင်ငံအနေနှင့် 'ပြည်တွင်းရေး ဝင်မစွက်ဖက်မှုဝါဒ'ကို ကျင့်သုံးနေသည်ဟု မထင်ကြောင်း ဖြေဆိုသူ ၇၃ ရာခိုင်နှုန်းရှိခဲ့ပြီး ၂၄ ရာခိုင်နှုန်းက ကျင့်သုံးနေသည်ဟုယူဆခဲ့သည်။ ယခင်နှစ်စစ်တမ်းနှင့် နှိုင်းယှဉ်ပါက ပြောင်းလဲမှုရှိပါသည်။ ယခင်နှစ်က ပြည်တွင်းရေးဝင်စွက်ဖက်နေကြောင်းထင်သူ ၆၇ ရာခိုင်နှုန်းရှိခဲ့သဖြင့် ခြောက်ရာခိုင်နှုန်း ပိုများလာသည်။

**ထူးခြားတွေ့ရှိချက်-၄**

## အာဏာရှိသူ မည်သူနှင့်မဆို ပြေလည်လိုကြောင်း ရှုမြင်သူများလာ





**၈၂%**

မြန်မာနိုင်ငံနှင့်ပတ်သက်၍ မူဝါဒများချမှတ်ရာ၌ အာဏာကိုင်စွဲထားသူ မည်သူနှင့်မဆို အဆင်ပြေသည့် ဆက်ဆံရေးဖြစ်ရန် တရုတ်နိုင်ငံက အဓိကထားစဉ်းစားကြောင်း ဖြေဆိုသူ **၈၂ ရာခိုင်နှုန်း**ရှိသည်။ ယခင်နှစ် စစ်တမ်းနှင့်နှိုင်းယှဉ်ပါက ပြောင်းလဲမှုတချို့ ရှိပါသည်။ အာဏာရှိသူ မည်သူနှင့်မဆို ပြေလည်လိုကြောင်းထင်သူ ယခင်နှစ်က **၇၉ ရာခိုင်နှုန်း** ရှိခဲ့သဖြင့် **သုံးရာခိုင်နှုန်းပို**များလာသည်။

## ထူးခြားတွေ့ရှိချက်-၅

### ရှမ်းမြောက် EAOs များကို တရုတ်နိုင်ငံလွှမ်းမိုးထားဟု ယုံကြည်ကြ





**၆၂%**

ရှမ်းပြည်နယ်မြောက်ပိုင်းရှိ EAOs များအပေါ် တရုတ်နိုင်ငံက လွှမ်းမိုးမှုရှိကြောင်း **၉၂ ရာခိုင်နှုန်း**ကဖြေဆိုခဲ့ကြသည်။ လွှမ်းမိုးမှုမရှိဟုယူဆသူ နှစ်ရာခိုင်နှုန်းသာ ရှိပါသည်။ ထိုမေးခွန်းကိုပင် ယခင်နှစ်စစ်တမ်းတွင် ဖြေဆိုကြရာ၌ **၆၀ ရာခိုင်နှုန်း**က အတိုင်းအတာတခုအထိ လွှမ်းမိုးမှုရှိကြောင်းဆိုခဲ့ပြီး **၃၅ ရာခိုင်နှုန်း**က အလွန်လွှမ်းမိုးမှုရှိကြောင်း ဖြေခဲ့သဖြင့် ရလဒ်မှာ ကြီးမားသောအပြောင်းအလဲမရှိဟုယူဆနိုင်ပါသည်။

## ထူးခြားတွေ့ရှိချက်-၆

### ‘စစ်ဆင်ရေး ၁၀၂၇’ကြောင့် တရုတ်နိုင်ငံအပေါ် အမြင်မပြောင်း





**မှတ်ချက် -** ‘စစ်ဆင်ရေး ၁၀၂၇’သည် ယခုစစ်တမ်းကောက်ယူနေချိန်တွင် ပေါ်ပေါက်ခဲ့ခြင်း ဖြစ်ပါသည်။ ထို့ကြောင့် ‘စစ်ဆင်ရေး ၁၀၂၇’နှင့်ပတ်သက်၍ **‘တရုတ်နိုင်ငံအပေါ် သဘောထား အပြောင်းအလဲ ရှိ၊ မရှိ’** မေးခွန်းကို စစ်တမ်းဖြေဆိုသူအားလုံးအား မေးမြန်းနိုင်ခဲ့ခြင်းမရှိပေ။ ‘စစ်ဆင်ရေး ၁၀၂၇’ဖြစ်ပြီးနောက်ပိုင်း မေးမြန်းရန် ကျန်ရှိနေသူ **၅၄ ဦး**ကိုသာ မေးမြန်းနိုင်ခဲ့ပါသည်။

**၄၆%**

ညီနောင်မဟာမိတ်သုံးဖွဲ့ (3BHA) နှင့် ပူးပေါင်းတပ်များ ဆင်နွှဲခဲ့သော ‘စစ်ဆင်ရေး ၁၀၂၇’ကြောင့် တရုတ်နိုင်ငံအပေါ် သဘောထားအပြောင်းအလဲမရှိကြောင်း ဖြေဆိုသူ **၄၆ ရာခိုင်နှုန်း**ရှိပါသည်။ **၂၈ ရာခိုင်နှုန်း**က ပို၍အကောင်းမြင်လာကြောင်း ဖြေဆိုခဲ့ပြီး **၁၇ ရာခိုင်နှုန်း**က ပို၍အဆိုးမြင်လာကြောင်း ဖြေဆိုပါသည်။ ယခုမေးခွန်းကို ဖြေဆိုရန်ငြင်းဆန်သူ **ခြောက်ရာခိုင်နှုန်း** ရှိခဲ့ပါသည်။

ထူးခြားတွေ့ရှိချက်-၇

## တရုတ်နည်းတရုတ်ဟန် ဒီမိုကရေစီကို မကြိုက်သူများပြား





**၈၇%**

တရုတ်နည်းတရုတ်ဟန် ဒီမိုကရေစီစနစ်မျိုးသည် မြန်မာနိုင်ငံနှင့်လည်း ကိုက်ညီသဖြင့် အတုယူကျင့်သုံးသင့်ကြောင်း ပြောဆိုရေးသားကြသည့် အပေါ် သဘောမတူကြောင်း ၈၇ ရာခိုင်နှုန်းက ဖြေခဲ့သည်။ **ကိုးရာခိုင်နှုန်းက** သဘောတူကြောင်းဖြေခဲ့သည်။ ယခင်နှစ်စစ်တမ်းနှင့် နှိုင်းယှဉ်ပါက ရလဒ်အပြောင်းအလဲမရှိပေ။ သဘောတူသူမှာ ယခင်နှစ်ကထက် **တစ်ရာခိုင်နှုန်း** ပိုများလာသည်။

ထူးခြားတွေ့ရှိချက်-၈

## တရုတ်နိုင်ငံအပေါ် ကဏ္ဍစုံတွင် ပိုမှီခိုလာရကြောင်း ရှုမြင်ကြ





၉၆%

ဖြေဆိုသူ **၉၆ ရာခိုင်နှုန်း**က ကုန်သွယ်ရေး၌မှီခိုနေရသည်ဟု ဆိုကြသည်။ **၉၁ ရာခိုင်နှုန်း**က ရင်းနှီးမြှုပ်နှံမှုနှင့် **၈၇ ရာခိုင်နှုန်း**က သံတမန်ရေးမှီခိုမှုဟု ဖြေဆိုခဲ့သည်။ ယခင်နှစ်စစ်တမ်းနှင့်နှိုင်းယှဉ်ပါက ရလဒ်ပြောင်းလဲမှုတချို့ရှိသည်။ ယခင်နှစ်က ကုန်သွယ်ရေး၌မှီခိုရခြင်းသည် ယခုနှစ်နည်းတူ အများဆုံးဖြစ်သော်လည်း ဒုတိယနေရာတွင် သံတမန်ရေးနှင့် တတိယနေရာ၌ ငြိမ်းချမ်းရေးဖြစ်သည်။

ထူးခြားတွေ့ရှိချက်-၉

## အကြီးမားဆုံးစီးပွားဖက်ဖြစ်နေခြင်းက စိုးရိမ်စရာဟုထင်သူ ပိုများလာ





# ၆၄%

တရုတ်နိုင်ငံသည် မြန်မာနိုင်ငံအတွက် အကြီးမားဆုံးစီးပွားဖက်ဖြစ်နေခြင်းကို စိုးရိမ်စရာဟုထင်မြင်သူ **၆၄ ရာခိုင်နှုန်း**ရှိပြီး ကြိုဆိုစရာဟုထင်မြင်သူ **၃၁ ရာခိုင်နှုန်း**ရှိသည်။ ယခင်နှစ်စစ်တမ်းနှင့် နှိုင်းယှဉ်ပါက ပြောင်းလဲမှုတချို့ရှိခဲ့သည်။ ယခင်နှစ်က စိုးရိမ်စရာဟုထင်မြင်သူ **၅၈ ရာခိုင်နှုန်း**ရှိသဖြင့် **ခြောက်ရာခိုင်နှုန်း** ပိုများလာသည်။ ထိုနည်းတူ ကြိုဆိုစရာဟု ထင်မြင်သူ **၂၆ ရာခိုင်နှုန်း**ရှိခဲ့သဖြင့် **ငါးရာခိုင်နှုန်း** ပိုများလာသည်။

ထူးခြားတွေ့ရှိချက်-၁၀

## ယခုအချိန် CMEC ဖော်ဆောင်ခြင်းအား သဘောမတူသူ များပြား




**၇၁%**

တရုတ်နိုင်ငံအနေနှင့် လက်ရှိ မြန်မာ့နိုင်ငံရေး အကျပ်အတည်းကာလ အတွင်း တရုတ်-မြန်မာ စီးပွားရေးစင်္ကြံ (CMEC) စီမံကိန်းများကို အကောင်အထည်ဖော်မည်ဆိုပါက သဘောမတူသူ များပြားခဲ့သည်။ ၇၁ ရာခိုင်နှုန်းက သဘောမတူကြောင်းဖြေဆိုခဲ့ကြပြီး ၂၃ ရာခိုင်နှုန်းက သဘောတူခဲ့ကြသည်။ သဘောမတူသူ များပြားခဲ့ခြင်းမှာ စိတ်ဝင်စားဖွယ်ဖြစ်ပြီး ဆက်လက်လေ့လာစရာလည်း ဖြစ်ပါသည်။

ထူးခြားတွေ့ရှိချက်-၁၁

## တရုတ်၏ ဒေသတွင်းပေါင်းစည်းရေး အစီအမံများကို မသိသူ များနေ

| ဒေသတွင်းပေါင်းစည်းရေး အစီအမံများ | မသိရှိသူရာခိုင်နှုန်း |
|---|---|
| ကမ္ဘာလုံးဆိုင်ရာ လုံခြုံရေးအစီအမံ (GSI) | ၇၄% |
| ကမ္ဘာလုံးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးအစီအမံ (GDI) | ၆၈% |
| အပြည်ပြည်ဆိုင်ရာ ကုန်းတွင်း-ရေကြောင်း ကုန်သွယ်ရေးစင်္ကြံသစ် (ILSTC) | ၆၈% |
| ဒေသတွင်း ဘက်စုံစီးပွားရေး ပူးပေါင်းဆောင်ရွက်ရေး သဘောတူစာချုပ် (RCEP) | ၆၆% |
| လန်ချန်း-မဲခေါင် ပူးပေါင်းဆောင်ရွက်ရေး အစီအမံ (LMC) | ၄၁% |

**၇၄%**


မြန်မာနိုင်ငံကိုထည့်သွင်းထားသော တရုတ်နိုင်ငံ၏ ဒေသတွင်း ပေါင်းစည်းရေးအစီအမံများကို သိရှိသူ နည်းပါးလှသည်။ GSI ကို မသိသူ **၇၄ ရာခိုင်နှုန်းရှိသည်။** ILSTC နှင့် RCEP တို့ကိုမသိသူ **၆၅ ရာခိုင်နှုန်းအထက်** တွင်ရှိနေပါသည်။ တရုတ်နိုင်ငံအနေနှင့် ၎င်းအစီအမံများအကြောင်းကို မီဒီယာနှင့် ဆိုရှယ်မီဒီယာများမှတဆင့် သိမှုမြှင့်တင်နေသည့်တိုင် မသိသူ များနေခြင်းမှာ ဆန်းစစ်စရာဖြစ်သည်။

# ၁

# တရုတ်နိုင်ငံအပေါ် ယေဘုယျသဘောထားအမြင်

မေးခွန်း-၁

## တရုတ်နိုင်ငံက မြန်မာနိုင်ငံအတွက် အိမ်နီးချင်းကောင်း ဖြစ်၊ မဖြစ်




မြန်မာ့မူဝါဒအသိုက်အဝန်းတွင် တရုတ်နိုင်ငံကို အိမ်နီးချင်းကောင်းမဟုတ်ဟု ယူဆသူ **၅၄ ရာခိုင်နှုန်း** ရှိပြီး အိမ်နီးချင်းကောင်းအဖြစ်ယူဆသူ **၄၂ ရာခိုင်နှုန်း**ရှိခဲ့သည်။ ယေဘုယျအားဖြင့် တရုတ်နိုင်ငံသည် မြန်မာနိုင်ငံအတွက် အိမ်နီးချင်းကောင်းမဟုတ်ကြောင်းရှုမြင်သူ **၄၃ ရာခိုင်နှုန်း**ရှိသော်လည်း အိမ်နီးချင်းကောင်းအဖြစ်ယူဆသူမှာ **၄၁ ရာခိုင်နှုန်း**အထိ ရှိပါသည်။ **'လုံးဝမကောင်းပါ'** ဟုယူဆသူ **၁၁ ရာခိုင်နှုန်း**ရှိသည်။ **အလွန်ကောင်းသော** အိမ်နီးချင်းအဖြစ်ရှုမြင်သူ **တစ်ရာခိုင်နှုန်း**ရှိခဲ့ပြီး မေးခွန်းကို **'ဖြေဆိုရန်ငြင်းဆန်'**သူ **လေးရာခိုင်နှုန်း**ရှိပါသည်။

မေးခွန်း-၁ ရလဒ်ကို ၂၀၂၂ ခုနှစ်က ကောက်ယူခဲ့သော စစ်တမ်းရလဒ်နှင့် နှိုင်းယှဉ်ပါက ကြီးမားသော အပြောင်းအလဲမရှိဟု ဆိုနိုင်ပါသည်။ ထိုစစ်တမ်းတွင် တရုတ်နိုင်ငံကို အိမ်နီးချင်းကောင်းမဟုတ်ဟု ရှုမြင်သူ **၅၅ ရာခိုင်နှုန်း**ရှိပြီး အိမ်နီးချင်းကောင်းအဖြစ်ယူဆသူ **၄၀ ရာခိုင်နှုန်း**ရှိခဲ့သည်။

မေးခွန်း-၁ ကို မေးမြန်းရာတွင် **'ယေဘုယျအားဖြင့် တရုတ်နိုင်ငံက မြန်မာနိုင်ငံအတွက် မည်မျှအတိုင်းအတာအထိ အိမ်နီးချင်းနိုင်ငံကောင်းဖြစ်သည် ဆိုခြင်းကို အဆင့်သတ်မှတ်ပေးပါ'**ဟု မေးမြန်းခဲ့ခြင်းဖြစ်သည်။ အဆင့် '၁'သည် 'လုံးဝမကောင်းပါ'ဖြစ်ပြီး '၄'သည် 'အလွန်ကောင်းပါသည်'ဟု သတ်မှတ်ခဲ့သည်။

## ရလဒ်များကို နှိုင်းယှဉ်ပိုင်းခြားခြင်း

စစ်တမ်းအတွက် မေးမြန်းခဲ့သော အသိုက်အဝန်းခြောက်ခုအနက် တခုချင်းစီ၏ ဖြေဆိုချက်များကို ပိုင်းခြားကြည့်ရာတွင် **အရပ်ဘက်အဖွဲ့အစည်းများ၏ ၇၂ ရာခိုင်နှုန်းနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ (EAOs) ၏ ၆၀ ရာခိုင်နှုန်း**က တရုတ်နိုင်ငံသည် မြန်မာနိုင်ငံအတွက် အိမ်နီးချင်းကောင်းမဟုတ်ဟု သဘောထားပေးခဲ့ကြသည်။ **အသစ်ပေါ်ပေါက်လာသော လက်နက်ကိုင်တပ်ဖွဲ့များ (PDFs/LDFs) ၏ ၅၄ ရာခိုင်နှုန်း**ကလည်း တရုတ်နိုင်ငံသည် မြန်မာနိုင်ငံအတွက် အိမ်နီးချင်းကောင်း မဟုတ်ဟု ဖြေဆိုခဲ့သည်။ သို့သော် **စီးပွားရေးအသင်းအဖွဲ့အစည်းများ၏ ၇၈ ရာခိုင်နှုန်းနှင့် နိုင်ငံရေးအသိုက်အဝန်း၏ ၅၇ ရာခိုင်နှုန်း**က အိမ်နီးချင်းကောင်းဖြစ်သည်ဟု ဖြေဆိုခဲ့ကြသည်။

မေးခွန်း-၁


‘တရုတ်နိုင်ငံက မြန်မာနိုင်ငံအတွက် အိမ်နီးချင်းကောင်း ဟုတ်၊ မဟုတ်’ အပေါ် ဖြေဆိုချက်များ

| | စုစုပေါင်း | အရပ်ဘက်အဖွဲ့အစည်းများ | နိုင်ငံရေးအသိုက်အဝန်း | စီးပွားရေးအသိုက်အဝန်း | ထင်ရှားသူများ | EAOs | PDFs/LDFs |
|---|---|---|---|---|---|---|---|
| လုံးဝမကောင်းပါ | ၁၁% | ၁၉% | ၀% | ၀% | ၇% | ၁၃% | ၁၈% |
| မကောင်းပါ | ၄၃% | ၅၃% | ၂၉% | ၂၂% | ၄၆% | ၄၇% | ၃၆% |
| ကောင်းပါသည် | ၄၁% | ၂၇% | ၅၂% | ၇၆% | ၃၆% | ၄၀% | ၄၆% |
| အလွန်ကောင်းပါသည် | ၁% | ၀% | ၅% | ၂% | ၀% | ၀% | ၀% |
| မသိပါ | ၀% | ၀% | ၅% | ၀% | ၀% | ၀% | ၀% |
| ဖြေဆိုရန်ငြင်းဆန် | ၄% | ၁% | ၉% | ၀% | ၁၁% | ၀% | ၀% |

ရလဒ်များကို နှိုင်းယှဉ်ပိုင်းခြားရာတွင် ‘လုံးဝမကောင်းပါ’နှင့် ‘မကောင်းပါ’နှစ်ရပ်ပေါင်းကို ‘မကောင်း’ဟုလည်းကောင်း၊ ‘ကောင်းပါသည်’နှင့် ‘အလွန်ကောင်းပါသည်’နှစ်ရပ်ပေါင်းကို ‘ကောင်း’ဟုလည်းကောင်း တွက်ချက်ပါသည်။

မေးခွန်း-၂

## တရုတ်-မြန်မာဆက်ဆံရေးတွင် မြန်မာနိုင်ငံ ရင်ဆိုင်နေရသည့် စိန်ခေါ်မှု




တရုတ်-မြန်မာဆက်ဆံရေးတွင် မြန်မာနိုင်ငံရင်ဆိုင်နေရသော အကြီးမားဆုံးစိန်ခေါ်မှုမှာ စီးပွားရေးနှင့် ပထဝီနိုင်ငံရေးအရ လွှမ်းမိုးခံရခြင်းဟု ဆိုကြသည်။ **'စီးပွားရေးအရလွှမ်းမိုးခံရမှု'**ဟု ဖြေဆိုသူ **၃၈ ရာခိုင်နှုန်း**ရှိခဲ့ပြီး **'ပထဝီနိုင်ငံရေးအရ လွှမ်းမိုးခံရမှု'**ကိုဖြေဆိုသူ **၃၁ ရာခိုင်နှုန်း**ရှိပါသည်။ **'လက်နက်ကိုင်ပဋိပက္ခများတွင် တရုတ်နိုင်ငံ၏ ဝင်ရောက်စွက်ဖက်မှု'**ကိုဖြေဆိုသူ **၂၁ ရာခိုင်နှုန်း**ရှိသည်။ **'လုံခြုံရေးကဏ္ဍ၌ တရုတ်နိုင်ငံ၏လွှမ်းမိုးမှု'**ဟုဖြေဆိုသူ **ခြောက်ရာခိုင်နှုန်း**ရှိသည်။ **'ယဉ်ကျေးမှုနှင့် လူဦးရေအရလွှမ်းမိုးခံရမှု'**ကို စိန်ခေါ်မှုအဖြစ်ရှုမြင်သူမှာ **တစ်ရာခိုင်နှုန်း**သာရှိသည်။

မေးခွန်း-၂ ရလဒ်ကို ၂၀၂၂ ခုနှစ်က ကောက်ယူခဲ့သော စစ်တမ်းရလဒ်နှင့် နှိုင်းယှဉ်ပါက ကြီးမားသော အပြောင်းအလဲမရှိဟု ဆိုနိုင်ပါသည်။ သို့သော် **'လက်နက်ကိုင်ပဋိပက္ခများတွင် တရုတ်နိုင်ငံ၏ ဝင်ရောက်စွက်ဖက်မှု'**နှင့် **'လုံခြုံရေးကဏ္ဍ၌ တရုတ်နိုင်ငံ၏လွှမ်းမိုးမှု'**ကို စိန်ခေါ်မှုအဖြစ်ရှုမြင်သူ ရာခိုင်နှုန်းအနည်းငယ် မြင့်တက်လာသည်။

မေးခွန်း-၂ ကိုမေးမြန်းရာတွင် **'တရုတ်-မြန်မာဆက်ဆံရေးတွင် မြန်မာနိုင်ငံရင်ဆိုင်နေရသည့် စိန်ခေါ်မှုတချို့'**ကို ဖတ်ပြခဲ့ပါသည်။ ယင်းတို့အနက် အဓိကအကျဆုံးဟုယူဆသည့် စိန်ခေါ်မှုတခုကိုသာ ရွေးချယ်စေခဲ့ပါသည်။

## ရလဒ်များကို နှိုင်းယှဉ်ပိုင်းခြားခြင်း

စစ်တမ်းအတွက် မေးမြန်းခဲ့သော အသိုက်အဝန်းခြောက်ခု၏ ဖြေဆိုချက်များကို နှိုင်းယှဉ်ကြည့်ရာတွင် ထူးခြားချက်မှာ 'စီးပွားရေးအရလွှမ်းမိုးခံရမှု'ကို စိန်ခေါ်မှုအဖြစ်ယူဆသူများထဲတွင် PDFs/LDFs များက ၅၅ ရာခိုင်နှုန်းနှင့် EAOs များက ၄၇ ရာခိုင်နှုန်းရှိပြီး အများဆုံးဖြစ်သည်။ **အရပ်ဘက်အဖွဲ့အစည်းများ၏ ၄၄ ရာခိုင်နှုန်းနှင့် စီးပွားရေးအသင်းအဖွဲ့များ၏ ၃၉ ရာခိုင်နှုန်း**ကလည်း 'စီးပွားရေးအရလွှမ်းမိုးခံရမှု'မှာ အကြီးမားဆုံးစိန်ခေါ်မှုဖြစ်ကြောင်း ဆိုခဲ့ကြသည်။ ထို့ကြောင့် အသိုက်အဝန်းလေးခု၏ သဘောထားအမြင်များ တူညီကြောင်း တွေ့ရသည်။ သို့သော် **ထင်ရှားကျော်ကြားသူများ၏ ၄၃ ရာခိုင်နှုန်းနှင့် နိုင်ငံရေးအသိုက်အဝန်း၏ ၃၈ ရာခိုင်နှုန်း**ကမူ 'ပထဝီနိုင်ငံရေးအရ လွှမ်းမိုးခံရမှု'ကို အကြီးမားဆုံးစိန်ခေါ်မှုအဖြစ် ယူဆခဲ့ကြသည်။ 'လက်နက်ကိုင်ပဋိပက္ခများတွင် တရုတ်နိုင်ငံ၏ ဝင်ရောက်စွက်ဖက်မှု'ကို စိန်ခေါ်မှုဟု အများဆုံးယူဆသူများမှာ PDFs/LDFs များဖြစ်ပြီး ၂၇ ရာခိုင်နှုန်းရှိသည်။ 'လုံခြုံရေးကဏ္ဍ၌ တရုတ်နိုင်ငံ၏လွှမ်းမိုးမှု'ကို စိန်ခေါ်မှုအဖြစ် အများဆုံးယူဆသူများမှာ **နိုင်ငံရေးအသိုက်အဝန်းနှင့်** PDFs/LDFs များဖြစ်ကြသည်။


မေးခွန်း-၂

'တရုတ်-မြန်မာ ဆက်ဆံရေး၌ မြန်မာနိုင်ငံ ရင်ဆိုင်နေရသော စိန်ခေါ်မှုများ' အပေါ် ဖြေဆိုချက်များ

| | စုစုပေါင်း | အရပ်ဘက် အဖွဲ့အစည်းများ | နိုင်ငံရေး အသိုက်အဝန်း | စီးပွားရေး အသိုက်အဝန်း | ထင်ရှားသူများ | EAOs | PDFs/LDFs |
|---|---|---|---|---|---|---|---|
| စိန်ခေါ်မှု တခုမှမရှိပါ | ၁% | ၀% | ၀% | ၅% | ၀% | ၀% | ၀% |
| စီးပွားရေးအရ လွှမ်းမိုးခံရမှု | ၃၈% | ၄၄% | ၂၉% | ၃၉% | ၂၆% | ၄၇% | ၅၅% |
| ပထဝီနိုင်ငံရေးအရ လွှမ်းမိုးခံရမှု | ၃၁% | ၂၆% | ၃၈% | ၂၇% | ၄၃% | ၄၀% | ၀% |
| လက်နက်ကိုင်ပဋိပက္ခများတွင် တရုတ်နိုင်ငံဝင်ရောက်စွက်ဖက်မှု | ၂၁% | ၂၃% | ၁၉% | ၂၂% | ၂၁% | ၁၃% | ၂၇% |
| လုံခြုံရေးကဏ္ဍ၌ တရုတ်နိုင်ငံ၏လွှမ်းမိုးမှု | ၆% | ၇% | ၁၀% | ၂% | ၇% | ၀% | ၉% |
| ယဉ်ကျေးမှုနှင့် လူ့ဦးရေအရ လွှမ်းမိုးခံရမှု | ၁% | ၀% | ၄% | ၂% | ၀% | ၀% | ၉% |
| အခြား | ၁% | ၀% | ၀% | ၀% | ၂% | ၀% | ၀% |
| မသိပါ | ၀% | ၀% | ၀% | ၀% | ၀% | ၀% | ၀% |
| ဖြေဆိုရန်ငြင်းဆန် | ၁% | ၀% | ၀% | ၃% | ၁% | ၀% | ၀% |

မေးခွန်း-၃

## တရုတ်-မြန်မာဆက်ဆံရေးတွင် မြန်မာနိုင်ငံက အဓိကရရှိနေသော အခွင့်အလမ်းများ




တရုတ်-မြန်မာဆက်ဆံရေးတွင် မြန်မာနိုင်ငံက အဓိကရရှိနေသော အခွင့်အလမ်းအဖြစ် **'ဈေးကွက်ရရှိနိုင်မှု'**ကို ဖြေဆိုသူ ၃၇ ရာခိုင်နှုန်းရှိပြီး **'နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု'**ဟုဖြေဆိုသူမှာ ၂၉ ရာခိုင်နှုန်းရှိသည်။ **'မည်သည့်အခွင့်အလမ်းမှမရှိပါ'**ဟု ယူဆသူ ၁၂ ရာခိုင်နှုန်းရှိသည်။ **'အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်နိုင်မှု'**ဟုယူဆသူ ၁၁ ရာခိုင်နှုန်းရှိပြီး **'ဖွံ့ဖြိုးမှုအကူအညီရရှိနိုင်မှု'**ဟု ယူဆသူ ခုနစ်ရာခိုင်နှုန်းရှိပါသည်။ **'နည်းပညာလွှဲပြောင်းရယူနိုင်မှု'**ကို ယူဆသူ **သုံးရာခိုင်နှုန်း**ရှိသည်။

၂၀၂၂ ခုနှစ်က ကောက်ယူခဲ့သော စစ်တမ်းရလဒ်နှင့် နှိုင်းယှဉ်ပါက အပြောင်းအလဲတချို့ရှိခဲ့ပါသည်။ **'နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု'**အပေါ် ဖြေဆိုသူ **လေးရာခိုင်နှုန်း** ကျဆင်းခဲ့သည်။ သို့သော် **'ဖွံ့ဖြိုးမှုအကူအညီရရှိနိုင်မှု'**နှင့် **'အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်နိုင်မှု'**တို့အပေါ်ဖြေဆိုသူ **နှစ်ရာခိုင်နှုန်း** အသီးသီးမြင့်တက်ခဲ့သည်။ **'နည်းပညာလွှဲပြောင်းရယူနိုင်မှု'**ကို ယူဆသူမှာလည်း **နှစ်ရာခိုင်နှုန်း** တိုးလာခဲ့ပါသည်။

မေးခွန်း-၃ ကို မေးမြန်းရာတွင် 'တရုတ်-မြန်မာဆက်ဆံရေးတွင် မြန်မာနိုင်ငံက အဓိကရရှိနေသော အခွင့်အလမ်းတချို့'ကို ဖတ်ပြခဲ့ပါသည်။ ယင်းတို့အနက် အဓိကအကျဆုံး အခွင့်အလမ်းတခုကိုသာ ရွေးချယ်စေခဲ့ပါသည်။

## ရလဒ်များကို နှိုင်းယှဉ်ပိုင်းခြားခြင်း

တရုတ်-မြန်မာဆက်ဆံရေးတွင် မြန်မာနိုင်ငံအတွက် အဓိကအကျဆုံး အခွင့်အလမ်းမှာ ‘ဈေးကွက်ရရှိနိုင်မှု’ဟု စစ်တမ်းဖြေဆိုခဲ့သူအားလုံးက ယူဆကြသည်။ **နိုင်ငံရေးအသိုက်အဝန်း၏ ၅၂ ရာခိုင်နှုန်း၊ စီးပွားရေးအသင်းအဖွဲ့များ၏ ၄၂ ရာခိုင်နှုန်း၊ PDFs/LDFs များ၏ ၃၆ ရာခိုင်နှုန်း၊ အရပ်ဘက်အဖွဲ့အစည်းများနှင့် ထင်ရှားကျော်ကြားသူများ၏ ၃၄ ရာခိုင်နှုန်းနှင့် EAOs များ၏ ၃၃ ရာခိုင်နှုန်းက** ထိုသို့ဖြေဆိုခဲ့ခြင်းဖြစ်သည်။ ထို့အပြင် ‘အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်နိုင်မှု’ကို အခွင့်အလမ်းအဖြစ် PDFs/LDFs များ၏ ၂၇ ရာခိုင်နှုန်းက ဖြေဆိုခဲ့ပြီး ထိုမေးခွန်းအတွက် အများဆုံးဖြေဆိုမှုဖြစ်သည်။ ‘ဖွံ့ဖြိုးမှုအကူအညီ ရရှိနိုင်မှု’ကိုလည်း **EAOs များ၏ ၁၃ ရာခိုင်နှုန်းက** ဖြေဆိုခဲ့ကာ ထိုမေးခွန်းအတွက် အများဆုံးဖြေဆိုမှုဖြစ်ခဲ့ပါသည်။

မေးခွန်း-၃

‘တရုတ်-မြန်မာ ဆက်ဆံရေး၌ မြန်မာနိုင်ငံ ရရှိနေသော အဓိကအခွင့်အလမ်းများ’ အပေါ် ဖြေဆိုချက်များ


| | စုစုပေါင်း | အရပ်ဘက် အဖွဲ့အစည်းများ | နိုင်ငံရေး အသိုက်အဝန်း | စီးပွားရေး အသိုက်အဝန်း | ထင်ရှားသူများ | EAOs | PDFs/LDFs |
|---|---|---|---|---|---|---|---|
| မည်သည့်အခွင့်အလမ်းမှ မရှိပါ | ၁၂% | ၁၉% | ၁၀% | ၅% | ၁၀% | ၇% | ၉% |
| ဈေးကွက်ရရှိနိုင်မှု | ၃၇% | ၃၄% | ၅၂% | ၄၂% | ၃၄% | ၃၃% | ၃၆% |
| နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု | ၂၉% | ၂၇% | ၂၃ % | ၃၇% | ၃၄% | ၂၇% | ၉% |
| နည်းပညာ လွှဲပြောင်းရယူနိုင်မှု | ၃% | ၃% | ၅% | ၂% | ၀% | ၀% | ၁၉% |
| ဖွံ့ဖြိုးမှုအကူအညီ ရရှိနိုင်မှု | ၇% | ၈% | ၀% | ၂% | ၁၀% | ၁၃% | ၀% |
| အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်နိုင်မှု | ၁၁% | ၈% | ၁၀% | ၁၂% | ၁၂% | ၂၀% | ၂၇% |
| အခြား | ၀% | ၀% | ၀% | ၀% | ၀% | ၀% | ၀% |
| မသိပါ | ၀% | ၀% | ၀% | ၀% | ၀% | ၀% | ၀% |
| ဖြေဆိုရန်ငြင်းဆန် | ၁% | ၁% | ၀% | ၀% | ၀% | ၀% | ၀% |

**မေးခွန်း-၄ မှ ၁၃ အထိ**


## မြန်မာနိုင်ငံအနေနှင့် တရုတ်နိုင်ငံအပေါ် မည်မျှမှီခိုနေရသနည်း

- လုံးဝမှီခိုစရာမလိုပါ
- မှီခိုရန်မလိုပါ
- မှီခိုရပါသည်
- အပြည့်အဝမှီခိုနေရပါသည်
- မသိပါ
- ဖြေဆိုရန်ငြင်းဆန်


■ မေးခွန်း-၄





■ မေးခွန်း-၅




■ မေးခွန်း-၆




■ မေးခွန်း-၇




**မေးခွန်း-၄ မှ ၁၃ အထိ**


## မြန်မာနိုင်ငံအနေနှင့် တရုတ်နိုင်ငံအပေါ် မည်မျှမှီခိုနေရသနည်း

- လုံးဝမှီခိုစရာမလိုပါ
- မှီခိုရန်မလိုပါ
- မှီခိုရပါသည်
- အပြည့်အဝမှီခိုနေရပါသည်
- မသိပါ
- ဖြေဆိုရန်ငြင်းဆန်


**မေးခွန်း-၈**





**မေးခွန်း-၉**




**မေးခွန်း-၁၀**





**မေးခွန်း-၁၁**



မေးခွန်း-၄ မှ ၁၃ အထိ

## မြန်မာနိုင်ငံအနေနှင့် တရုတ်နိုင်ငံအပေါ် မည်မျှမှီခိုနေရသနည်း




မြန်မာနိုင်ငံသည် ပညာရေးနှင့် ကျန်းမာရေးကဏ္ဍမှလွဲ၍ ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှု၊ ငြိမ်းချမ်းရေး ဖြစ်စဉ်၊ လမ်း/တံတား အခြေခံအဆောက်အအုံ ဖွံ့ဖြိုးရေး၊ နိုင်ငံရေး၊ နည်းပညာ၊ လုံခြုံရေးနှင့် သံတမန်ရေး စသော ကဏ္ဍအသီးသီးတွင် တရုတ်နိုင်ငံအပေါ်မှီခိုနေရကြောင်း စစ်တမ်းဖြေဆိုသူများက ယုံကြည်ကြပါသည်။ ဖြေဆိုသူအများစုဖြစ်သော **၉၆ ရာခိုင်နှုန်းက ‘ကုန်သွယ်ရေး’**၌ မှီခိုနေရသည်ဟု ဆိုကြသည်။ **၉၁ ရာခိုင်နှုန်းက ‘ရင်းနှီးမြှုပ်နှံမှု’**တွင် မှီခိုနေရကြောင်းနှင့် **၈၇ ရာခိုင်နှုန်းက ‘သံတမန်ရေး’** တွင် မှီခိုနေရကြောင်း ဖြေဆိုခဲ့သည်။

၂၀၂၂ ခုနှစ်က ကောက်ယူခဲ့သော စစ်တမ်းရလဒ်နှင့် နှိုင်းယှဉ်ပါက ပြောင်းလဲမှုတချို့ရှိခဲ့သည်ဟု ဆိုနိုင်ပါသည်။ **‘ကုန်သွယ်ရေး’**၌ မှီခိုရကြောင်း ယူဆသူမှာ ယခုနှစ်နည်းတူ အများဆုံးဖြစ်သော်လည်း ဒုတိယနေရာတွင် **‘သံတမန်ရေး’**ရှိခဲ့ပြီး တတိယနေရာ၌ **‘ငြိမ်းချမ်းရေး’**ရှိခဲ့သည်။

မေးခွန်း- ၄ မှ ၁၃ အထိကို မေးမြန်းရာတွင် ယခုဖတ်ပြမည့် ကဏ္ဍများတွင် **‘မြန်မာနိုင်ငံအနေနှင့် တရုတ်နိုင်ငံအပေါ် မည်မျှအတိုင်းအတာအထိ မှီခိုနေရကြောင်းကို အဆင့်တခု သတ်မှတ်ပေးပါ’**ဟု မေးမြန်းခဲ့ခြင်းဖြစ်သည်။ အဆင့် ‘၁’ သည် ‘လုံးဝမှီခိုရန်မလိုပါ’ ဖြစ်ပြီး၊ ‘၄’သည် ‘အပြည့်အဝမှီခိုနေရပါသည်’ဟု ပိုင်းခြားသတ်မှတ်ခဲ့ပါသည်။

## ရလဒ်များကို နှိုင်းယှဉ်ပိုင်းခြားခြင်း

စစ်တမ်းအတွက်မေးမြန်းခဲ့သော အသိုက်အဝန်းခြောက်ခု၏ ဖြေဆိုချက်များကို နှိုင်းယှဉ်ကြည့်ရာ ထူးခြားချက်တခုမှာ 'ကုန်သွယ်ရေး'တွင် တရုတ်နိုင်ငံကိုမှီခိုနေရကြောင်း EAOs များ၊ **နိုင်ငံရေးအသိုက်အဝန်းနှင့် ထင်ရှားသူများက ရာနှုန်းပြည့်**ယူဆခဲ့ခြင်းဖြစ်သည်။ **စီးပွားရေးအသင်းအဖွဲ့များ၏ ၉၇ ရာခိုင်နှုန်း**ကလည်း 'ကုန်သွယ်ရေး'တွင် တရုတ်နိုင်ငံအပေါ် မှီခိုနေရကြောင်းယူဆခဲ့ကြပြီး **နှစ်ရာခိုင်နှုန်း**ခန့်ကသာ 'မှီခိုရန်မလို'ဟု ဖြေဆိုခဲ့သည်။ 'ရင်းနှီးမြှုပ်နှံမှု'တွင်လည်း တရုတ်နိုင်ငံကို မှီခိုနေရကြောင်း PDFs/LDFs များက **ရာနှုန်းပြည့်** ယူဆကြသည်။ ထို့အပြင် **နိုင်ငံရေးအသိုက်အဝန်း၏ ၉၅ ရာခိုင်နှုန်း၊ ထင်ရှားသူများနှင့် EAOs များ၏ ၉၃ ရာခိုင်နှုန်း**ကလည်း 'ရင်းနှီးမြှုပ်နှံမှု'တွင် တရုတ်နိုင်ငံအပေါ် မှီခိုနေရကြောင်း အသီးသီး သဘောထားပေးခဲ့ကြသည်။

'ငြိမ်းချမ်းရေး'တွင် တရုတ်နိုင်ငံအပေါ် မှီခိုနေရကြောင်းယူဆချက်မှာ အသိုက်အဝန်းခြောက်ခုကြား ကွဲလွဲမှုမရှိခဲ့ပေ။ **နိုင်ငံရေးအသိုက်အဝန်း၏ ၉၁ ရာခိုင်နှုန်း၊ ထင်ရှားသူများ၏ ၉၀ ရာခိုင်နှုန်းနှင့် စီးပွားရေးအသင်းအဖွဲ့များ၏ ၉၀ ရာခိုင်နှုန်း**က 'ငြိမ်းချမ်းရေး'တွင် တရုတ်နိုင်ငံအပေါ် မှီခိုနေရကြောင်း ဆိုခဲ့ကြသည်။ PDFs/LDFs **များ၏ ၉၁ ရာခိုင်နှုန်း**က 'အခြေခံအဆောက်အအုံ ဖွံ့ဖြိုးရေး'အတွက် မှီခိုနေရကြောင်းယူဆခဲ့ပြီး ထိုမေးခွန်းအတွက် အများဆုံးဖြေဆိုမှုဖြစ်သည်။

'နိုင်ငံရေး'တွင် တရုတ်နိုင်ငံကိုမှီခိုရကြောင်း စစ်တမ်းဖြေဆိုခဲ့သော **ထင်ရှားသူ**အများစုက ထင်မြင်ခဲ့ပြီး **၈၃ ရာခိုင်နှုန်း**ရှိသည်။ **နိုင်ငံရေးအသိုက်အဝန်းနှင့် အရပ်ဘက်အဖွဲ့အစည်းများ**ကလည်း ထိုသို့ထင်မြင်ခဲ့မှု **၈၁ ရာခိုင်နှုန်း** အသီးသီးရှိသည်။ 'လုံခြုံရေး'တွင်လည်း တရုတ်နိုင်ငံကို မှီခိုနေရကြောင်း **ထင်ရှားသူ**အများစုကယူဆခဲ့ကာ **၈၂ ရာခိုင်နှုန်း** ရှိခဲ့သည်။ PDFs/LDFs **များ**ကမူ 'လုံခြုံရေး'တွင် တရုတ်နိုင်ငံကို မှီခိုရန်မလိုကြောင်း ယူဆခဲ့ပြီး **၅၄ ရာခိုင်နှုန်း** ရှိခဲ့သည်။

**စီးပွားရေးအသင်းအဖွဲ့များ၏ ၈၃ ရာခိုင်နှုန်း**က 'နည်းပညာ'တွင် တရုတ်နိုင်ငံအပေါ် မှီခိုနေရကြောင်း ဖြေဆိုခဲ့ကြသည်။ တဖက်တွင်လည်း 'သံတမန်ရေး'၌ တရုတ်နိုင်ငံအပေါ် မှီခိုနေရသည်ဟု **စီးပွားရေးအသင်းအဖွဲ့များ၏ ၉၅ ရာခိုင်နှုန်း**က ယူဆခဲ့ကြသည်။ EAOs **များ၏ ၇၃ ရာခိုင်နှုန်းနှင့် နိုင်ငံရေးအသိုက်အဝန်း၏ ၇၁ ရာခိုင်နှုန်း**ကမူ 'ကျန်းမာရေး'တွင် တရုတ်နိုင်ငံကို မှီခိုရန်မလိုကြောင်း သဘောထားပေးခဲ့ကြသည်။ 'ပညာရေး'တွင် တရုတ်နိုင်ငံကို မှီခိုရန်မလိုကြောင်း **အရပ်ဘက်အဖွဲ့အစည်းများနှင့် EAOs များ**က ယူဆခဲ့ကြပြီး **၈၀ ရာခိုင်နှုန်း**စီဖြင့် အသီးသီးရှိခဲ့သည်။ သို့သော် 'ပညာရေး'တွင် တရုတ်နိုင်ငံကို မှီခိုနေရကြောင်း PDFs/LDFs **များ**က ယူဆခဲ့ကြပြီး **၃၆ ရာခိုင်နှုန်း**ရှိသည်။

ရလဒ်များကို နှိုင်းယှဉ်ပိုင်းခြားရာတွင် 'အပြည့်အဝ မှီခိုနေရပါသည်'နှင့် 'မှီခိုနေရပါသည်'နှစ်ရပ်ပေါင်းကို 'မှီခိုနေရ'ဟုလည်းကောင်း၊ 'လုံးဝမှီခိုရန်မလိုပါ'နှင့် 'မှီခိုရန်မလိုပါ'နှစ်ရပ်ပေါင်းကို 'မှီခိုရန်မလို'ဟုလည်းကောင်း တွက်ချက်ပါသည်။

မေးခွန်း-၄

ကုန်သွယ်ရေး၌ 'တရုတ်နိုင်ငံအပေါ် မည်မျှမှီခိုနေရသနည်း' အပေါ် ဖြေဆိုချက်များ

| | စုစုပေါင်း | အရပ်ဘက် အဖွဲ့အစည်းများ | နိုင်ငံရေး အသိုက်အဝန်း | စီးပွားရေး အသိုက်အဝန်း | ထင်ရှားသူများ | EAOs | PDFs/LDFs |
|---|---|---|---|---|---|---|---|
| လုံးဝမှီခိုစရာမလိုပါ | ၁% | ၃% | ၀% | ၀% | ၀% | ၀% | ၀% |
| မှီခိုရန်မလိုပါ | ၃% | ၄% | ၀% | ၃% | ၀% | ၀% | ၉% |
| မှီခိုရပါသည် | ၇၃% | ၆၆% | ၈၁% | ၇၃% | ၇၉% | ၈၀% | ၈၂% |
| အပြည့်အဝမှီခိုနေရပါသည် | ၂၃% | ၂၇% | ၁၉% | ၂၄% | ၂၁% | ၂၀% | ၉% |
| မသိပါ | ၀% | ၀% | ၀% | ၀% | ၀% | ၀% | ၀% |
| ဖြေဆိုရန်ငြင်းဆန် | ၀% | ၀% | ၀% | ၀% | ၀% | ၀% | ၀% |

မေးခွန်း-၅

ရင်းနှီးမြှုပ်နှံမှု၌ 'တရုတ်နိုင်ငံအပေါ် မည်မျှမှီခိုနေရသနည်း' အပေါ် ဖြေဆိုချက်များ

| | စုစုပေါင်း | အရပ်ဘက် အဖွဲ့အစည်းများ | နိုင်ငံရေး အသိုက်အဝန်း | စီးပွားရေး အသိုက်အဝန်း | ထင်ရှားသူများ | EAOs | PDFs/LDFs |
|---|---|---|---|---|---|---|---|
| လုံးဝမှီခိုစရာမလိုပါ | ၂% | ၅% | ၀% | ၃% | ၀% | ၀% | ၀% |
| မှီခိုရန်မလိုပါ | ၆% | ၆% | ၅% | ၁၂% | ၅% | ၇% | ၀% |
| မှီခိုရပါသည် | ၈၀% | ၇၇% | ၈၁% | ၇၈% | ၈၀% | ၉၃% | ၈၂% |
| အပြည့်အဝမှီခိုနေရပါသည် | ၁၁% | ၁၂% | ၁၄% | ၇% | ၁၃% | ၀% | ၁၈% |
| မသိပါ | ၀% | ၀% | ၀% | ၀% | ၀% | ၀% | ၀% |
| ဖြေဆိုရန်ငြင်းဆန် | ၁% | ၀% | ၀% | ၀% | ၂% | ၀% | ၀% |

မေးခွန်း-၆

ငြိမ်းချမ်းရေးဖြစ်စဉ်၌ 'တရုတ်နိုင်ငံအပေါ် မည်မျှမှီခိုနေရသနည်း' အပေါ် ဖြေဆိုချက်များ

| | စုစုပေါင်း | အရပ်ဘက် အဖွဲ့အစည်းများ | နိုင်ငံရေး အသိုက်အဝန်း | စီးပွားရေး အသိုက်အဝန်း | ထင်ရှားသူများ | EAOs | PDFs/LDFs |
|---|---|---|---|---|---|---|---|
| လုံးဝမှီခိုစရာမလိုပါ | ၂% | ၃% | ၀% | ၂% | ၂% | ၀% | ၀% |
| မှီခိုရန်မလိုပါ | ၁၃% | ၁၈% | ၅% | ၅% | ၈% | ၃၃% | ၁၉% |
| မှီခိုရပါသည် | ၆၃% | ၅၉% | ၆၇% | ၆၁% | ၇၂% | ၆၀% | ၄၅% |
| အပြည့်အဝမှီခိုနေရပါသည် | ၂၀% | ၁၇% | ၂၃% | ၂၉% | ၁၈% | ၇% | ၃၆% |
| မသိပါ | ၁% | ၁% | ၅% | ၀% | ၀% | ၀% | ၀% |
| ဖြေဆိုရန်ငြင်းဆန် | ၁% | ၂% | ၀% | ၃% | ၀% | ၀% | ၀% |

မေးခွန်း-၇

အခြေခံအဆောက်အအုံဖွံ့ဖြိုးရေး၌ 'တရုတ်နိုင်ငံအပေါ် မည်မျှမှီခိုနေရသနည်း' အပေါ် ဖြေဆိုချက်များ

| | စုစုပေါင်း | အရပ်ဘက် အဖွဲ့အစည်းများ | နိုင်ငံရေး အသိုက်အဝန်း | စီးပွားရေး အသိုက်အဝန်း | ထင်ရှားသူများ | EAOs | PDFs/LDFs |
|---|---|---|---|---|---|---|---|
| လုံးဝမှီခိုစရာမလိုပါ | ၄% | ၇% | ၀% | ၂% | ၂% | ၀% | ၉% |
| မှီခိုရန်မလိုပါ | ၂၇% | ၃၁% | ၄၈% | ၂၂% | ၂၀% | ၃၃% | ၀% |
| မှီခိုရပါသည် | ၆၁% | ၅၄% | ၅၂% | ၆၆% | ၆၉% | ၆၀% | ၈၂% |
| အပြည့်အဝမှီခိုနေရပါသည် | ၆% | ၅% | ၀% | ၁၀% | ၇% | ၀% | ၉% |
| မသိပါ | ၁% | ၂% | ၀% | ၀% | ၀% | ၇% | ၀% |
| ဖြေဆိုရန်ငြင်းဆန် | ၁% | ၁% | ၀% | ၀% | ၂% | ၀% | ၀% |

မေးခွန်း-၈

နိုင်ငံရေး၌ 'တရုတ်နိုင်ငံအပေါ် မည်မျှမှီခိုနေရသနည်း' အပေါ် ဖြေဆိုချက်များ

| | စုစုပေါင်း | အရပ်ဘက် အဖွဲ့အစည်းများ | နိုင်ငံရေး အသိုက်အဝန်း | စီးပွားရေး အသိုက်အဝန်း | ထင်ရှားသူများ | EAOs | PDFs/LDFs |
|---|---|---|---|---|---|---|---|
| လုံးဝမှီခိုစရာမလိုပါ | ၂% | ၃% | ၅% | ၀% | ၂% | ၀% | ၁၀% |
| မှီခိုရန်မလိုပါ | ၁၅% | ၁၅% | ၉% | ၁၅% | ၁၁% | ၃၃% | ၂၇% |
| မှီခိုရပါသည် | ၆၇% | ၆၅% | ၇၆% | ၆၃% | ၇၅% | ၆၇% | ၃၆% |
| အပြည့်အဝမှီခိုနေရပါသည် | ၁၂% | ၁၆% | ၅% | ၁၅% | ၈% | ၀% | ၂၇% |
| မသိပါ | ၂% | ၁% | ၅% | ၅% | ၀% | ၀% | ၀% |
| ဖြေဆိုရန်ငြင်းဆန် | ၂% | ၀% | ၀% | ၂% | ၄% | ၀% | ၀% |

မေးခွန်း-၉

ပညာရေး၌ 'တရုတ်နိုင်ငံအပေါ် မည်မျှမှီခိုနေရသနည်း' အပေါ် ဖြေဆိုချက်များ

| | စုစုပေါင်း | အရပ်ဘက် အဖွဲ့အစည်းများ | နိုင်ငံရေး အသိုက်အဝန်း | စီးပွားရေး အသိုက်အဝန်း | ထင်ရှားသူများ | EAOs | PDFs/LDFs |
|---|---|---|---|---|---|---|---|
| လုံးဝမှီခိုစရာမလိုပါ | ၁၆% | ၂၅% | ၁၉% | ၂% | ၇% | ၁၃% | ၂၈% |
| မှီခိုရန်မလိုပါ | ၆၂% | ၅၅% | ၆၂% | ၇၃% | ၆၉% | ၆၇% | ၃၆% |
| မှီခိုရပါသည် | ၁၈% | ၁၇% | ၁၉% | ၂၂% | ၁၆% | ၁၃% | ၃၆% |
| အပြည့်အဝမှီခိုနေရပါသည် | ၀% | ၀% | ၀% | ၀% | ၂% | ၀% | ၀% |
| မသိပါ | ၃% | ၃% | ၀% | ၃% | ၃% | ၇% | ၀% |
| ဖြေဆိုရန်ငြင်းဆန် | ၁% | ၀% | ၀% | ၀% | ၃% | ၀% | ၀% |

မေးခွန်း-၁၀

ကျန်းမာရေး၌ 'တရုတ်နိုင်ငံအပေါ် မည်မျှမှီခိုနေရသနည်း' အပေါ် ဖြေဆိုချက်များ

| | စုစုပေါင်း | အရပ်ဘက် အဖွဲ့အစည်းများ | နိုင်ငံရေး အသိုက်အဝန်း | စီးပွားရေး အသိုက်အဝန်း | ထင်ရှားသူများ | EAOs | PDFs/LDFs |
|---|---|---|---|---|---|---|---|
| လုံးဝမှီခိုစရာမလိုပါ | ၁၁% | ၁၈% | ၀% | ၀% | ၇% | ၁၃% | ၂၇% |
| မှီခိုရန်မလိုပါ | ၅၀% | ၄၀% | ၇၁% | ၅၄% | ၆၁% | ၆၀% | ၂၇% |
| မှီခိုရပါသည် | ၃၇% | ၄၁% | ၂၉% | ၄၆% | ၃၀% | ၂၀% | ၄၆% |
| အပြည့်အဝမှီခိုနေရပါသည် | ၀% | ၀% | ၀% | ၀% | ၀% | ၀% | ၀% |
| မသိပါ | ၁% | ၁% | ၀% | ၀% | ၀% | ၇% | ၀% |
| ဖြေဆိုရန်ငြင်းဆန် | ၁% | ၀% | ၀% | ၀% | ၂% | ၀% | ၀% |

မေးခွန်း-၁၂

လုံခြုံရေး၌ 'တရုတ်နိုင်ငံအပေါ် မည်မျှမှီခိုနေရသနည်း' အပေါ် ဖြေဆိုချက်များ

| | စုစုပေါင်း | အရပ်ဘက် အဖွဲ့အစည်းများ | နိုင်ငံရေး အသိုက်အဝန်း | စီးပွားရေး အသိုက်အဝန်း | ထင်ရှားသူများ | EAOs | PDFs/LDFs |
|---|---|---|---|---|---|---|---|
| လုံးဝမှီခိုစရာမလိုပါ | ၇% | ၁၀% | ၀% | ၂% | ၃% | ၆% | ၃၆% |
| မှီခိုရန်မလိုပါ | ၂၁% | ၂၆% | ၁၄% | ၂၄% | ၁၁% | ၂၇% | ၁၈% |
| မှီခိုရပါသည် | ၆၂% | ၅၄% | ၇၁% | ၅၆% | ၇၇% | ၆၇% | ၃၆% |
| အပြည့်အဝမှီခိုနေရပါသည် | ၈% | ၁၀% | ၅% | ၁၂% | ၅% | ၀% | ၀% |
| မသိပါ | ၁% | ၀% | ၅% | ၃% | ၀% | ၀% | ၀% |
| ဖြေဆိုရန်ငြင်းဆန် | ၁% | ၀% | ၅% | ၃% | ၄% | ၀% | ၁၀% |

မေးခွန်း-၁၃


သံတမန်ရေး၌ 'တရုတ်နိုင်ငံအပေါ် မည်မျှမှီခိုနေရသနည်း' အပေါ် ဖြေဆိုချက်များ

| | စုစုပေါင်း | အရပ်ဘက် အဖွဲ့အစည်းများ | နိုင်ငံရေး အသိုက်အဝန်း | စီးပွားရေး အသိုက်အဝန်း | ထင်ရှားသူများ | EAOs | PDFs/LDFs |
|---|---|---|---|---|---|---|---|
| လုံးဝမှီခိုစရာမလိုပါ | ၂% | ၂% | ၅% | ၀% | ၂% | ၀% | ၁၈% |
| မှီခိုရန်မလိုပါ | ၈% | ၁၁% | ၅% | ၀% | ၁၀% | ၁၃% | ၉% |
| မှီခိုရပါသည် | ၇၀% | ၆၄% | ၇၁% | ၇၃% | ၇၇% | ၇၄% | ၆၄% |
| အပြည့်အဝမှီခိုနေရပါသည် | ၁၇% | ၂၂% | ၁၄% | ၂၂% | ၁၀% | ၁၃% | ၉% |
| မသိပါ | ၂% | ၀% | ၅% | ၃% | ၀% | ၀% | ၀% |
| ဖြေဆိုရန်ငြင်းဆန် | ၁% | ၁% | ၀% | ၂% | ၁% | ၀% | ၀% |

မှတ်ချက် - မေးခွန်း ၁၁ အတွက် ဖြေဆိုချက်များ၏ အသေးစိတ်ဇယားကို ISP-Myanmar ဝက်ဘ်ဆိုက်တွင် ကြည့်ရှုနိုင်ပါသည်။

မေးခွန်း-၁၄

## မြန်မာနိုင်ငံနှင့်ဆက်ဆံရေးတွင် တရုတ်နိုင်ငံဘက်က ရလိုသော အကျိုးစီးပွား




နှစ်နိုင်ငံဆက်ဆံရေးတွင် တရုတ်နိုင်ငံကမျှော်မှန်းသောအကျိုးစီးပွားကို မေးမြန်းခဲ့ရာ **'အိန္ဒိယသမုဒ္ဒရာ၌ ပထဝီနိုင်ငံရေးအရလွှမ်းမိုးမှုရရှိရေး'**ကို အများဆုံးရွေးချယ်ကြသည်။ **'ယူနန်ပြည်နယ် ရေကြောင်းထွက်ပေါက်ရရှိနိုင်ရေး'**ကို ဒုတိယအများဆုံး ဖြေခဲ့ကြပြီး **'မြန်မာနိုင်ငံရှိ သယံဇာတအရင်းမြစ်များရရှိရေး'**မှာ တတိယဖြစ်သည်။ ယခုနှစ်စစ်တမ်းတွင် အသစ်ထည့်သွင်းခဲ့သော မေးခွန်းတခုဖြစ်သည့် တရုတ်နိုင်ငံ၏ **'ဩဇာခံနိုင်ငံတခု ဖြစ်လာရေး'**ကို ဖြေဆိုသူမှာ **၁၃ ရာခိုင်နှုန်း**ရှိပါသည်။

၂၀၂၂ ခုနှစ်က ကောက်ယူခဲ့သော စစ်တမ်းရလဒ်နှင့် နှိုင်းယှဉ်ပါက ပြောင်းလဲမှုတချို့ရှိပါသည်။ ထိုအချိန်ကလည်း **'အိန္ဒိယသမုဒ္ဒရာ၌ ပထဝီနိုင်ငံရေးအရ လွှမ်းမိုးမှုရရှိရေး'**ကို အများဆုံးရွေးချယ်ကြပြီး **'မြန်မာနိုင်ငံရှိ သယံဇာတအရင်းမြစ်များရရှိရေး'**ကို ဒုတိယအများဆုံးရွေးချယ်ခဲ့သည်။ **'ယူနန်ပြည်နယ် ရေကြောင်းထွက်ပေါက် ရရှိနိုင်ရေး'**မှာ တတိယနေရာတွင် ရှိခဲ့သည်။

မေးခွန်း-၁၄ ကို မေးမြန်းရာတွင် **'တရုတ်နိုင်ငံနှင့် မြန်မာနိုင်ငံအကြား ဆက်ဆံရေးတွင် တရုတ်နိုင်ငံက မျှော်မှန်းထားသည့် အကျိုးစီးပွားတချို့'**ကို ဖတ်ပြခဲ့ပါသည်။ ယင်းတို့အနက် အဓိကအကျဆုံးအကျိုးစီးပွားတခုကိုသာ ရွေးချယ်စေခဲ့ပါသည်။

## ရလဒ်များကို နှိုင်းယှဉ်ပိုင်းခြားခြင်း

စစ်တမ်းအတွက်မေးမြန်းခဲ့သော အသိုက်အဝန်းခြောက်ခု၏ ဖြေဆိုချက်များကို နှိုင်းယှဉ်ကြည့်ရာ 'အိန္ဒိယသမုဒ္ဒရာ၌ ပထဝီနိုင်ငံရေးအရ လွှမ်းမိုးမှုရရှိရေး'ကို အများဆုံးရွေးချယ်ခဲ့ကြသည်။ **နိုင်ငံရေးအသိုက်အဝန်း၏ ၄၈ ရာခိုင်နှုန်း၊ PDFs/LDFs များ၏ ၄၆ ရာခိုင်နှုန်းနှင့် ထင်ရှားသူများ၏ ၄၄ ရာခိုင်နှုန်းက** ထိုသို့ယူဆခဲ့သည်။ **စီးပွားရေးအသင်းအဖွဲ့များ၏ ၃၇ ရာခိုင်နှုန်းနှင့် ထင်ရှားသူများ၏ ၂၃ ရာခိုင်နှုန်းက** 'ယူနန်ပြည်နယ် ရေကြောင်းထွက်ပေါက် ရရှိနိုင်ရေး'ကို ဖြေဆိုခဲ့ကြသည်။ ယခုနှစ်တွင် 'သြဇာခံနိုင်ငံတခု ဖြစ်လာရေး'ကို ထည့်သွင်းမေးမြန်းခဲ့ပြီး **EAOs များ၏ ၂၀ ရာခိုင်နှုန်း၊ အရပ်ဘက်အဖွဲ့အစည်းများ၏ ၁၇ ရာခိုင်နှုန်းနှင့် ထင်ရှားသူများ၏ ၁၁ ရာခိုင်နှုန်းတို့က** ယင်းကဲ့သို့ ထင်မြင်ကြောင်း ဖြေဆိုခဲ့ကြသည်။ ၂၀၂၂ ခုနှစ်စစ်တမ်းရလဒ်တွင် 'မည်သည့်အကျိုးစီးပွားမျှ မရှိပါ'နှင့် 'အာဆီယံတွင် မဟာမိတ်ရရှိရေး'တို့ ထည့်သွင်းခဲ့သော်လည်း ဖြေဆိုသူတဦးမျှမရှိခဲ့ပေ။ ယခုနှစ်တွင်မူ 'အာဆီယံတွင် မဟာမိတ်ရရှိရေး'အား ဖြေဆိုသူ **တစ်ရာခိုင်နှုန်းရှိခဲ့သည်။**

မေးခွန်း-၁၄

'တရုတ်-မြန်မာဆက်ဆံရေး၌ တရုတ်နိုင်ငံက မျှော်မှန်းထားသော အကျိုးစီးပွားများ' အပေါ် ဖြေဆိုချက်များ


| | စုစုပေါင်း | အရပ်ဘက် အဖွဲ့အစည်းများ | နိုင်ငံရေး အသိုက်အဝန်း | စီးပွားရေး အသိုက်အဝန်း | ထင်ရှားသူများ | EAOs | PDFs/LDFs |
|---|---|---|---|---|---|---|---|
| မည်သည့်အကျိုးစီးပွားမျှ မရှိပါ | ၀% | ၁% | ၀% | ၀% | ၀% | ၀% | ၀% |
| ယူနန်ပြည်နယ် ရေကြောင်း ထွက်ပေါက်ရရှိနိုင်ရေး | ၂၀% | ၁၅% | ၁၉% | ၃၄% | ၂၃% | ၁၃% | ၁၈% |
| အိန္ဒိယသမုဒ္ဒရာတွင် ပထဝီ နိုင်ငံရေးအရ လွှမ်းမိုးမှုရရှိရေး | **၃၉%** | **၃၆%** | **၄၈%** | **၃၇%** | **၄၄%** | **၂၇%** | **၄၆%** |
| မြန်မာနိုင်ငံရှိ သယံဇာတ အရင်းမြစ်များရရှိရေး | ၁၉% | ၂၆% | ၅% | ၁၅% | ၁၅% | ၂၀% | ၁၈% |
| အာဆီယံတွင် မဟာမိတ်ရရှိရေး | ၁% | ၂% | ၀% | ၀% | ၀% | ၀% | ၉% |
| တရုတ်အခြေခံစက်မှုလုပ်ငန်းများ အတွက် ဈေးကွက်ချဲ့ထွင်ရေး | ၅% | ၃% | ၁၀% | ၇% | ၂% | ၁၃% | ၀% |
| တရုတ်နိုင်ငံ၏ သြဇာခံနိုင်ငံတခုဖြစ်လာရေး | ၁၃% | ၁၇% | ၁၀% | ၇% | ၁၁% | ၂၀% | ၉% |
| အခြား | ၂% | ၀% | ၅% | ၀% | ၅% | ၀% | ၀% |
| မသိပါ | ၀% | ၀% | ၀% | ၀% | ၀% | ၀% | ၀% |
| ဖြေဆိုရန်ငြင်းဆန် | ၁% | ၀% | ၃% | ၀% | ၀% | ၇% | ၀% |

# ၂

# မြန်မာ့နိုင်ငံရေးအကျပ်အတည်းတွင် တရုတ်နိုင်ငံ၏ ပါဝင်မှုအပေါ်အမြင်

မေးခွန်း-၁၅

## လက်ရှိ မြန်မာ့နိုင်ငံရေးအကျပ်အတည်းဖြေရှင်းရာ၌ တရုတ်နိုင်ငံ၏ပါဝင်မှု မည်မျှအတိုင်းအတာအထိ အပြုသဘောဆောင်သနည်း




လက်ရှိ မြန်မာ့နိုင်ငံရေးအကျပ်အတည်း ဖြေရှင်းရေး၌ တရုတ်နိုင်ငံ၏ပါဝင်မှုကို **‘အပြုသဘောမဆောင်’**ကြောင်း ယူဆသူ **၄၅ ရာခိုင်နှုန်း**ရှိသည်။ သို့သော် **‘အပြုသဘောဆောင်သည်’**ဟု ယူဆသူမှာ **၄၀ ရာခိုင်နှုန်း** ရှိသည်ကို သတိပြုရပါမည်။ **‘လုံးဝအပြုသဘောမဆောင်ပါ’**ဟု ယူဆသူ **ရှစ်ရာခိုင်နှုန်း** ရှိပြီး **‘အလွန်အပြုသဘောဆောင်’**ကြောင်း ယူဆသူ **လေးရာခိုင်နှုန်း**ရှိပါသည်။

၂၀၂၂ ခုနှစ်က ကောက်ယူခဲ့သော စစ်တမ်းရလဒ်နှင့် နှိုင်းယှဉ်ပါက အပြောင်းအလဲတချို့ ရှိခဲ့ပါသည်။ ယခင်စစ်တမ်းတွင် **‘အပြုသဘောမဆောင်’**ကြောင်း ယူဆသူ **၃၉ ရာခိုင်နှုန်း**ရှိခဲ့သဖြင့် **ခြောက်ရာခိုင်နှုန်း** မြင့်မားလာသည်။ သို့သော် **‘လုံးဝအပြုသဘောမဆောင်’**ကြောင်း ယူဆသူ **၁၅ ရာခိုင်နှုန်း**မှ **ရှစ်ရာခိုင်နှုန်း** ဖြစ်လာသောကြောင့် **ခုနစ်ရာခိုင်နှုန်း**လျော့ကျသွားသည်။ အခြားတဖက်တွင်လည်း **‘အပြုသဘောဆောင်’**ကြောင်း ရှုမြင်သူ **၃၇ ရာခိုင်နှုန်း**မှ **၄၀ ရာခိုင်နှုန်း**အထိ ရှိလာသဖြင့် **သုံးရာခိုင်နှုန်း** မြင့်တက်လာသည်။

မေးခွန်း-၁၅ ကို မေးမြန်းရာတွင် **‘လက်ရှိ မြန်မာ့နိုင်ငံရေးအကျပ်အတည်းဖြေရှင်းရေးတွင် တရုတ်နိုင်ငံ၏ ပါဝင်မှုသည် မည်မျှအတိုင်းအတာအထိ အပြုသဘောဆောင်သည်ဆိုခြင်းကို အဆင့် သတ်မှတ်ပေးပါ’**ဟု မေးမြန်းခဲ့ခြင်းဖြစ်သည်။ အဆင့် ‘၁’ သည် ‘လုံးဝအပြုသဘောမဆောင်ပါ’ ဖြစ်ပြီး၊ ‘၄’သည် ‘အလွန်အပြုသဘောဆောင်သည်’ ဟု သတ်မှတ်ခဲ့သည်။

## ရလဒ်များကို နှိုင်းယှဉ်ပိုင်းခြားခြင်း

စစ်တမ်းအတွက် ဖြေဆိုခဲ့သော အသိုက်အဝန်းခြောက်ခု၏ ဖြေဆိုချက်များကို နှိုင်းယှဉ်ကြည့်ရာတွင် ထူးခြားချက်မှာ **နိုင်ငံရေးအသိုက်အဝန်း၏ ၇၂ ရာခိုင်နှုန်းနှင့် စီးပွားရေးအသင်းအဖွဲ့များ၏ ၆၁ ရာခိုင်နှုန်းတို့က** တရုတ်နိုင်ငံ၏ပါဝင်မှုကို အပြုသဘောဆောင်ကြောင်း ရှုမြင်ခဲ့ကြခြင်းဖြစ်သည်။ သို့သော် **အရပ်ဘက်အဖွဲ့အစည်းများ၏ ၆၃ ရာခိုင်နှုန်းနှင့်** EAOs များ၏ ၆၀ ရာခိုင်နှုန်းက အပြုသဘောမဆောင်ကြောင်း ဖြေဆိုခဲ့ကြသည်။ သတိပြုစရာအချက်တခုမှာ PDFs/LDFs များ၏ ၅၄ ရာခိုင်နှုန်းက အပြုသဘောမဆောင်ကြောင်း ဖြေဆိုခဲ့သော်လည်း ကျန် **၄၆ ရာခိုင်နှုန်းမှာ** အပြုသဘောဆောင်သည်ဟု ရှုမြင်ခဲ့ကြခြင်းဖြစ်သည်။

မေးခွန်း-၁၅

**‘လက်ရှိမြန်မာ့နိုင်ငံရေးအကျပ်အတည်းဖြေရှင်းရာ၌ တရုတ်နိုင်ငံ၏ ပါဝင်မှု’ အပေါ် ဖြေဆိုချက်များ**


| | စုစုပေါင်း | အရပ်ဘက် အဖွဲ့အစည်းများ | နိုင်ငံရေး အသိုက်အဝန်း | စီးပွားရေး အသိုက်အဝန်း | ထင်ရှားသူများ | EAOs | PDFs/LDFs |
|---|---|---|---|---|---|---|---|
| လုံးဝအပြုသဘောမဆောင်ပါ | ၈% | ၉% | ၀% | ၅% | ၇% | ၇% | ၂၇% |
| အပြုသဘောမဆောင်ပါ | ၄၅% | ၅၄% | ၁၈% | ၃၂% | ၄၉% | ၅၃% | ၂၇% |
| အပြုသဘောဆောင်ပါသည် | ၄၀% | ၃၃% | ၆၂% | ၅၄% | ၄၁% | ၄၀% | ၁၉% |
| အလွန်အပြုသဘောဆောင်ပါသည် | ၄% | ၂% | ၁၀% | ၇% | ၀% | ၀% | ၂၇% |
| မသိပါ | ၁% | ၁% | ၅% | ၂% | ၀% | ၀% | ၀% |
| ဖြေဆိုရန်ငြင်းဆန် | ၂% | ၁% | ၅% | ၀% | ၃% | ၀% | ၀% |

ရလဒ်များကို နှိုင်းယှဉ်ပိုင်းခြားရာတွင် ‘လုံးဝအပြုသဘောမဆောင်ပါ’နှင့် ‘အပြုသဘောမဆောင်ပါ’နှစ်ရပ်ပေါင်းကို ‘အပြုသဘောမဆောင်ပါ’ဟု လည်းကောင်း၊ ‘အပြုသဘောဆောင်ပါသည်’နှင့် ‘အလွန်အပြုသဘောဆောင်ပါသည်’နှစ်ရပ်ပေါင်းကို ‘အပြုသဘောဆောင်ပါသည်’ဟု လည်းကောင်း တွက်ချက်ပါသည်။


မေးခွန်း-၁၆ မှ ၂၁ အထိ

# မြန်မာ့အဓိကဇာတ်ကောင်များနှင့် တရုတ်နိုင်ငံအကြား ဆက်ဆံရေး

## မေးခွန်း-၁၆
တရုတ်နိုင်ငံနှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ (SAC) အကြား ဆက်ဆံရေး




## မေးခွန်း-၁၇
တရုတ်နိုင်ငံနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ (USDP) အကြား ဆက်ဆံရေး





မေးခွန်း-၁၆ မှ ၂၁ အထိကို မေးမြန်းရာတွင် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်နောက်ပိုင်း ယခုဖတ်ပြမည့် **'အဖွဲ့အစည်းများနှင့် တရုတ်နိုင်ငံအကြား ဆက်ဆံရေးအနေအထားကို အဆင့်သတ်မှတ်ပေးပါ'**ဟု မေးမြန်းခဲ့ခြင်းဖြစ်သည်။ အဆင့် '၁'သည် 'လုံးဝမကောင်းပါ'ဖြစ်ပြီး၊ '၄'သည် 'အလွန်ကောင်းပါသည်'ဟု ပိုင်းခြားသတ်မှတ်ခဲ့ပါသည်။ ၂၀၂၂ ခုနှစ် စစ်တမ်းမေးမြန်းချိန်တွင် 'ကြားနေ'ကို ထည့်သွင်းခဲ့သော်လည်း ယခုစစ်တမ်းမေးမြန်းမှုတွင် 'ကြားနေ'ကို ထည့်သွင်းခဲ့ခြင်းမရှိပါ။ ယခုစစ်တမ်းမေးမြန်းမှုတွင် 'ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ'ကို အသစ်ထည့်သွင်းမေးမြန်းခဲ့သည်။


မေးခွန်း-၁၆ မှ ၂၁ အထိ

## မြန်မာ့အဓိကဇာတ်ကောင်များနှင့် တရုတ်နိုင်ငံအကြား ဆက်ဆံရေး

■ မေးခွန်း-၁၈
တရုတ်နိုင်ငံနှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) အကြား ဆက်ဆံရေး




■ မေးခွန်း-၁၉
တရုတ်နိုင်ငံနှင့် ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ် (SNLD) အကြား ဆက်ဆံရေး





မေးခွန်း-၁၆ မှ ၂၁ အထိကို မေးမြန်းရာတွင် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်နောက်ပိုင်း ယခုဖတ်ပြမည့် **'အဖွဲ့အစည်းများနှင့် တရုတ်နိုင်ငံအကြား ဆက်ဆံရေးအနေအထားကို အဆင့်သတ်မှတ်ပေးပါ'**ဟု မေးမြန်းခဲ့ခြင်းဖြစ်သည်။ အဆင့် '၁'သည် 'လုံးဝမကောင်းပါ'ဖြစ်ပြီး၊ '၄'သည် 'အလွန်ကောင်းပါသည်'ဟု ပိုင်းခြားသတ်မှတ်ခဲ့ပါသည်။ **၂၀၂၂ ခုနှစ် စစ်တမ်းမေးမြန်းချိန်တွင် 'ကြားနေ'ကို ထည့်သွင်းခဲ့သော်လည်း ယခုစစ်တမ်းမေးမြန်းမှုတွင် 'ကြားနေ'ကို ထည့်သွင်းခဲ့ခြင်းမရှိပါ။ ယခုစစ်တမ်းမေးမြန်းမှုတွင် 'ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်'ကို အသစ်ထည့်သွင်းမေးမြန်းခဲ့သည်။**


## မေးခွန်း-၁၆ မှ ၂၁ အထိ

# မြန်မာ့အဓိကဇာတ်ကောင်များနှင့် တရုတ်နိုင်ငံအကြား ဆက်ဆံရေး

### မေးခွန်း-၂၀
တရုတ်နိုင်ငံနှင့် ရှမ်းမြောက် EAOs များအကြား ဆက်ဆံရေး




### မေးခွန်း-၂၁
တရုတ်နိုင်ငံနှင့် အမျိုးသားညီညွတ်ရေးအစိုးရ (NUG) အကြား ဆက်ဆံရေး




မေးခွန်း-၁၆ မှ ၂၁ အထိကို မေးမြန်းရာတွင် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်နောက်ပိုင်း ယခုဖတ်ပြမည့် **'အဖွဲ့အစည်းများနှင့် တရုတ်နိုင်ငံအကြား ဆက်ဆံရေးအနေအထားကို အဆင့်သတ်မှတ်ပေးပါ'**ဟု မေးမြန်းခဲ့ခြင်းဖြစ်သည်။ အဆင့် '၁'သည် 'လုံးဝမကောင်းပါ'ဖြစ်ပြီး၊ '၄'သည် 'အလွန်ကောင်းပါသည်'ဟု ပိုင်းခြားသတ်မှတ်ခဲ့ပါသည်။ **၂၀၂၂ ခုနှစ် စစ်တမ်းမေးမြန်းချိန်တွင် 'ကြားနေ'ကို ထည့်သွင်းခဲ့သော်လည်း ယခုစစ်တမ်းမေးမြန်းမှုတွင် 'ကြားနေ'ကို ထည့်သွင်းခဲ့ခြင်းမရှိပါ။**

တရုတ်နိုင်ငံနှင့် စစ်ကောင်စီ (SAC) အကြား **'ဆက်ဆံရေးကောင်းပါသည်'** ဟုဖြေဆိုသူ **၅၄ ရာခိုင်နှုန်း**ရှိပြီး **'မကောင်းပါ'**ဟုဖြေဆိုသူ **၁၉ ရာခိုင်နှုန်း**ရှိသည်။ ၂၀၂၂ ခုနှစ် စစ်တမ်းရလဒ်နှင့်နှိုင်းယှဉ်ပါက **'ဆက်ဆံရေးကောင်းပါသည်'**ဟုဖြေဆိုသူ **၂၆ ရာခိုင်နှုန်း** ပိုများလာသည်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) နှင့် **'ဆက်ဆံရေးကောင်းပါသည်'** ဟုဖြေဆိုသူ **၃၅ ရာခိုင်နှုန်း**ရှိပါသည်။ ထိုပမာဏသည်လည်း ယခင်နှစ်နှင့်နှိုင်းယှဉ်ပါက **၂၇ ရာခိုင်နှုန်း** ပိုများလာသည်။ **'ဆက်ဆံရေးမကောင်းပါ'**ဟုဖြေဆိုသူမှာ ယခုနှစ်တွင် **၃၉ ရာခိုင်နှုန်း** ရှိခဲ့သဖြင့် ယခင်နှစ်နှင့်နှိုင်းယှဉ်ပါက **ခုနစ်ရာခိုင်နှုန်း** ကျဆင်းသွားသည်။ ရှမ်းပြည်နယ်မြောက်ပိုင်းရှိ EAOs များနှင့် **'ဆက်ဆံရေးကောင်းပါသည်'** ဟုဖြေဆိုသူမှာ ယခုနှစ်တွင် **၅၄ ရာခိုင်နှုန်း**ရှိခဲ့ပြီး ယခင်နှစ်နှင့် နှိုင်းယှဉ်ပါက **၁၆ ရာခိုင်နှုန်း** မြင့်တက်လာသည်။ ယခုနှစ်တွင် တရုတ်နိုင်ငံနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ (USDP) အကြား ဆက်ဆံရေး၊ တရုတ်နိုင်ငံနှင့် ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ် (SNLD) တို့အကြား ဆက်ဆံရေးကိုပါ အသစ်ထည့်သွင်းမေးမြန်းခဲ့ပါသည်။ USDP နှင့် ဆက်ဆံရေးကောင်းမွန်ကြောင်းထင်သူ **၅၈ ရာခိုင်နှုန်း**ရှိပြီး SNLD နှင့် ဆက်ဆံရေးကောင်းကြောင်းထင်သူ **၃၈ ရာခိုင်နှုန်း**ရှိပါသည်။ အမျိုးသားညီညွတ်ရေးအစိုးရ (NUG) နှင့် တရုတ်နိုင်ငံအကြား ဆက်ဆံရေးကောင်းကြောင်းထင်သူ **၂၀ ရာခိုင်နှုန်း**ရှိပြီး ယခင်နှစ်နှင့်နှိုင်းယှဉ်ပါက **၁၅ ရာခိုင်နှုန်း** ပိုများလာသည်။ NUG နှင့် ဆက်ဆံရေးမကောင်းကြောင်း ထင်သူမှာ **၅၀ ရာခိုင်နှုန်း**ရှိခဲ့ပြီး ထိုပမာဏသည် ယခင်နှစ်ရလဒ်နှင့် ကွာခြားမှုမရှိပေ။

## ရလဒ်များကို နှိုင်းယှဉ်ပိုင်းခြားခြင်း

စစ်တမ်းအတွက် ဖြေဆိုခဲ့သော အသိုက်အဝန်းခြောက်ခု၏ ဖြေဆိုချက်များကို နှိုင်းယှဉ်ကြည့်ရာတွင် တရုတ်နိုင်ငံနှင့် စစ်ကောင်စီအကြား ဆက်ဆံရေးကောင်းမွန်ကြောင်း အများဆုံး ယူဆသူများမှာ **EAOs များနှင့် PDFs/LDFs များ**ဖြစ်ကြသည်။ **EAOs များ၏ ၈၆ ရာခိုင်နှုန်း**နှင့် **PDFs/LDFs များ၏ ၈၂ ရာခိုင်နှုန်း**တို့က ထိုသို့ယူဆခဲ့ခြင်းဖြစ်သည်။ NLD နှင့် တရုတ်နိုင်ငံအကြား ဆက်ဆံရေးမကောင်းကြောင်း **အရပ်ဘက်အဖွဲ့အစည်းများ၏ ၆၅ ရာခိုင်နှုန်း၊ PDFs/LDFs များ၏ ၆၄ ရာခိုင်နှုန်းနှင့် EAOs များ၏ ၆၀ ရာခိုင်နှုန်း**တို့က ယူဆခဲ့ကြသည်။ SNLD နှင့် တရုတ်နိုင်ငံအကြား ဆက်ဆံရေးကောင်းမွန်ကြောင်းကို **ထင်ရှားသူများ၏ ၄၉ ရာခိုင်နှုန်းနှင့် EAOs များ၏ ၄၇ ရာခိုင်နှုန်း**က ရှုမြင်ကြသည်။ **အရပ်ဘက်အဖွဲ့အစည်းများ၏ ၄၆ ရာခိုင်နှုန်း**ကမူ ဆက်ဆံရေးမကောင်းပါဟုယူဆခဲ့ပါသည်။ ရှမ်းပြည်နယ်မြောက်ပိုင်းအခြေစိုက် EAOs များနှင့် တရုတ်နိုင်ငံအကြား ဆက်ဆံရေးကောင်းသည်ဟု အစုအဖွဲ့အားလုံးက ရှုမြင်ကြပြီး **EAOs များ၏ ၉၄ ရာခိုင်နှုန်း၊ ထင်ရှားသူများ၏ ၈၆ ရာခိုင်နှုန်းနှင့် PDFs/LDFs များ၏ ၈၂ ရာခိုင်နှုန်း**တို့က ထိုသို့ယူဆခဲ့ခြင်းဖြစ်သည်။ NUG နှင့် တရုတ်နိုင်ငံအကြား ဆက်ဆံရေးမကောင်းကြောင်းကို **PDFs/LDFs များမှလွဲ၍** ကျန်အသိုက်အဝန်းငါးခုစလုံးက ယူဆခဲ့ကြသည်။ **PDFs/LDFs များ၏ ၅၄ ရာခိုင်နှုန်း**က NUG နှင့် တရုတ်နိုင်ငံအကြား ဆက်ဆံရေးကောင်းသည်ဟု ထင်ကြပါသည်။

ရလဒ်များကို နှိုင်းယှဉ်ပိုင်းခြားရာတွင် 'လုံးဝမကောင်းပါ'နှင့် 'မကောင်းပါ'နှစ်ရပ်ပေါင်းကို 'မကောင်းပါ'ဟုလည်းကောင်း၊ 'ကောင်းပါသည်'နှင့် 'အလွန်ကောင်းပါသည်'နှစ်ရပ်ပေါင်းကို 'ကောင်းပါသည်'ဟုလည်းကောင်း တွက်ချက်ပါသည်။

မေးခွန်း-၁၆

‘SAC နှင့် တရုတ်နိုင်ငံအကြား ဆက်ဆံရေး’ အပေါ် ဖြေဆိုချက်များ

| | စုစုပေါင်း | အရပ်ဘက် အဖွဲ့အစည်းများ | နိုင်ငံရေး အသိုက်အဝန်း | စီးပွားရေး အသိုက်အဝန်း | ထင်ရှားသူများ | EAOs | PDFs/LDFs |
|---|---|---|---|---|---|---|---|
| လုံးဝမကောင်းပါ | ၅% | ၇% | ၀% | ၂% | ၅% | ၀% | ၁၈% |
| မကောင်းပါ | ၁၉% | ၁၄% | ၁၉% | ၁၂% | ၃၈% | ၇% | ၀% |
| ကောင်းပါသည် | ၅၄% | ၅၄% | ၅၇% | ၅၉% | ၄၄% | ၇၃% | ၅၅% |
| အလွန်ကောင်းပါသည် | ၁၅% | ၂၀% | ၁၄% | ၁၂% | ၇% | ၁၃% | ၂၇% |
| မသိပါ | ၂% | ၁% | ၁၀% | ၃% | ၁% | ၀% | ၀% |
| ဖြေဆိုရန်ငြင်းဆန် | ၅% | ၄% | ၀% | ၁၂% | ၅% | ၇% | ၀% |

မေးခွန်း-၁၇

‘USDP နှင့် တရုတ်နိုင်ငံအကြား ဆက်ဆံရေး’ အပေါ် ဖြေဆိုချက်များ

| | စုစုပေါင်း | အရပ်ဘက် အဖွဲ့အစည်းများ | နိုင်ငံရေး အသိုက်အဝန်း | စီးပွားရေး အသိုက်အဝန်း | ထင်ရှားသူများ | EAOs | PDFs/LDFs |
|---|---|---|---|---|---|---|---|
| လုံးဝမကောင်းပါ | ၆% | ၁၀% | ၅% | ၃% | ၂% | ၀% | ၉% |
| မကောင်းပါ | ၁၆% | ၁၃% | ၁၉% | ၁၂% | ၂၀% | ၂၇% | ၁၈% |
| ကောင်းပါသည် | ၅၈% | ၅၄% | ၆၂% | ၅၉% | ၆၂% | ၅၃% | ၅၅% |
| အလွန်ကောင်းပါသည် | ၈% | ၉% | ၅% | ၇% | ၃% | ၁၃% | ၁၈% |
| မသိပါ | ၉% | ၁၀% | ၉% | ၇% | ၁၁% | ၇% | ၀% |
| ဖြေဆိုရန်ငြင်းဆန် | ၃% | ၄% | ၀% | ၁၂% | ၂% | ၀% | ၀% |

မေးခွန်း-၁၈

‘NLD နှင့် တရုတ်နိုင်ငံအကြား ဆက်ဆံရေး’ အပေါ် ဖြေဆိုချက်များ

| | စုစုပေါင်း | အရပ်ဘက် အဖွဲ့အစည်းများ | နိုင်ငံရေး အသိုက်အဝန်း | စီးပွားရေး အသိုက်အဝန်း | ထင်ရှားသူများ | EAOs | PDFs/LDFs |
|---|---|---|---|---|---|---|---|
| လုံးဝမကောင်းပါ | ၁၀% | ၁၉% | ၅% | ၇% | ၂% | ၀% | ၀% |
| မကောင်းပါ | ၃၉% | ၄၆% | ၂၉% | ၂၇% | ၃၁% | ၆၀% | ၆၄% |
| ကောင်းပါသည် | ၃၅% | ၂၄% | ၄၈% | ၃၄% | ၅၁% | ၃၃% | ၂၇% |
| အလွန်ကောင်းပါသည် | ၁% | ၀% | ၀% | ၀% | ၃% | ၀% | ၉% |
| မသိပါ | ၁၀% | ၉% | ၁၃% | ၁၇% | ၁၀% | ၀% | ၀% |
| ဖြေဆိုရန်ငြင်းဆန် | ၅% | ၂% | ၅% | ၁၅% | ၃% | ၇% | ၀% |

မေးခွန်း-၁၉

‘SNLD နှင့် တရုတ်နိုင်ငံအကြား ဆက်ဆံရေး’ အပေါ် ဖြေဆိုချက်များ

| | စုစုပေါင်း | အရပ်ဘက် အဖွဲ့အစည်းများ | နိုင်ငံရေး အသိုက်အဝန်း | စီးပွားရေး အသိုက်အဝန်း | ထင်ရှားသူများ | EAOs | PDFs/LDFs |
|---|---|---|---|---|---|---|---|
| လုံးဝမကောင်းပါ | ၅% | ၁၀% | ၀% | ၀% | ၂% | ၇% | ၀% |
| မကောင်းပါ | ၃၁% | ၃၆% | ၂၄% | ၂၉% | ၂၆% | ၃၂% | ၂၇% |
| ကောင်းပါသည် | ၃၈% | ၃၅% | ၄၃% | ၃၄% | ၄၆% | ၄၇% | ၂၇% |
| အလွန်ကောင်းပါသည် | ၂% | ၁% | ၀% | ၃% | ၃% | ၀% | ၉% |
| မသိပါ | ၁၈% | ၁၆% | ၂၄% | ၁၇% | ၂၁% | ၇% | ၃၇% |
| ဖြေဆိုရန်ငြင်းဆန် | ၆% | ၂% | ၉% | ၁၇% | ၂% | ၇% | ၀% |

မေးခွန်း-၂၀

‘ရှမ်းမြောက်အခြေစိုက် EAOs များနှင့် တရုတ်နိုင်ငံအကြား ဆက်ဆံရေး’ အပေါ် ဖြေဆိုချက်များ

| | စုစုပေါင်း | အရပ်ဘက် အဖွဲ့အစည်းများ | နိုင်ငံရေး အသိုက်အဝန်း | စီးပွားရေး အသိုက်အဝန်း | ထင်ရှားသူများ | EAOs | PDFs/LDFs |
|---|---|---|---|---|---|---|---|
| လုံးဝမကောင်းပါ | ၂% | ၄% | ၀% | ၂% | ၀% | ၀% | ၀% |
| မကောင်းပါ | ၁၀% | ၁၄% | ၀% | ၅% | ၁၀% | ၆% | ၀% |
| ကောင်းပါသည် | ၅၄% | ၅၂% | ၅၂% | ၄၁% | ၆၆% | ၄၇% | ၆၄% |
| အလွန်ကောင်းပါသည် | ၂၁% | ၁၈% | ၂၄% | ၂၂% | ၂၀% | ၄၇% | ၁၈% |
| မသိပါ | ၈% | ၉% | ၁၉% | ၁၃% | ၂% | ၀% | ၉% |
| ဖြေဆိုရန်ငြင်းဆန် | ၅% | ၃% | ၅% | ၁၇% | ၂% | ၀% | ၉% |


မေးခွန်း-၂၁

‘NUG နှင့် တရုတ်နိုင်ငံအကြား ဆက်ဆံရေး’ အပေါ် ဖြေဆိုချက်များ

| | စုစုပေါင်း | အရပ်ဘက် အဖွဲ့အစည်းများ | နိုင်ငံရေး အသိုက်အဝန်း | စီးပွားရေး အသိုက်အဝန်း | ထင်ရှားသူများ | EAOs | PDFs/LDFs |
|---|---|---|---|---|---|---|---|
| လုံးဝမကောင်းပါ | ၉% | ၁၅% | ၅% | ၁၀% | ၂% | ၇% | ၉% |
| မကောင်းပါ | ၅၀% | ၄၅% | ၅၇% | ၄၄% | ၆၁% | ၆၇% | ၂၈% |
| ကောင်းပါသည် | ၂၀% | ၁၉% | ၁၄% | ၁၅% | ၂၃% | ၁၉% | ၄၅% |
| အလွန်ကောင်းပါသည် | ၂% | ၃% | ၀% | ၀% | ၀% | ၀% | ၉% |
| မသိပါ | ၁၂% | ၁၂% | ၁၉% | ၁၅% | ၁၂% | ၀% | ၀% |
| ဖြေဆိုရန်ငြင်းဆန် | ၇% | ၆% | ၅% | ၁၆% | ၂% | ၇% | ၉% |

မေးခွန်း-၂၂

## မြန်မာနိုင်ငံ၏ နိုင်ငံရေးစနစ်ကို တရုတ်နိုင်ငံက မည်သို့မြင်လိုသနည်း




မြန်မာနိုင်ငံကို ဒီမိုကရေစီနိုင်ငံရေးစနစ်နှင့် သင့်တော်သောနိုင်ငံ ဖြစ်ရေးထက် အာဏာရှင် နိုင်ငံရေးစနစ်နှင့် သင့်တော်ကြောင်း တရုတ်နိုင်ငံကယုံကြည်နေသည်ဟု မြန်မာ့မူဝါဒအသိုက်အဝန်းမှ ဖြေဆိုသူများက ရှုမြင်ကြသည်။ ဖြေဆိုသူများအနက် **၆၀ ရာခိုင်နှုန်း**က ထိုသို့ ထင်မြင်ကြခြင်းဖြစ်သည်။ **'ဒီမိုကရေစီနိုင်ငံရေးစနစ်က သင့်တော်သည်ဟု တရုတ်နိုင်ငံကယုံကြည်သည်'**ဟု ဖြေဆိုသူမှာ **၂၆ ရာခိုင်နှုန်း** ရှိပါသည်။

၂၀၂၂ ခုနှစ်က ကောက်ယူခဲ့သော စစ်တမ်းရလဒ်နှင့် နှိုင်းယှဉ်ပါက အပြောင်းအလဲတချို့ ရှိခဲ့ပါသည်။ အထူးသဖြင့် **'အာဏာရှင်နိုင်ငံရေးစနစ်က သင့်တော်သည်ဟု တရုတ်နိုင်ငံက ယုံကြည်သည်'**ဟု ရှုမြင်သူ **ငါးရာခိုင်နှုန်း** ပိုများလာသည်။ ထို့နည်းတူ **'ဒီမိုကရေစီနိုင်ငံရေးစနစ်က သင့်တော်သည်ဟု တရုတ်နိုင်ငံက ယုံကြည်သည်'**ဟု ထင်မြင်သူမှာလည်း **၁၁ ရာခိုင်နှုန်း** ပိုများလာခဲ့သည်။

မေးခွန်း-၂၂ ကို မေးမြန်းရာတွင် **'မြန်မာနိုင်ငံ၏ နိုင်ငံရေးစနစ်နှင့်ပတ်သက်ပြီး တရုတ်နိုင်ငံ၏ သဘောထားအမြင်နှစ်ခုကို ဖတ်ပြပါမည်။ မည်သည့် သဘောထားနှင့် အနီးစပ်ဆုံး သဘောတူကြောင်း ပြောပြပါ'**ဟု မေးမြန်းခဲ့ခြင်းဖြစ်သည်။ ထို့နောက် အဖြေတခုကိုသာ ရွေးချယ်စေခဲ့ပါသည်။

## ရလဒ်များကို နှိုင်းယှဉ်ပိုင်းခြားခြင်း

စစ်တမ်းအတွက်ဖြေဆိုခဲ့သော အသိုက်အဝန်းခြောက်ခု၏ အဖြေများကို နှိုင်းယှဉ်ကြည့်ရာတွင် **အရပ်ဘက်အဖွဲ့အစည်းများ၏ ၈၀ ရာခိုင်နှုန်းက** တရုတ်နိုင်ငံသည် မြန်မာနိုင်ငံကို 'အာဏာရှင်နိုင်ငံရေးစနစ်နှင့် သင့်တော်ကြောင်း ယုံကြည်သည်'ဟု ဖြေဆိုခဲ့သည်။ PDFs/LDFs **များ၏ ၆၄ ရာခိုင်နှုန်းက**လည်း ထိုအတိုင်းဖြေဆိုခဲ့ကြသည်။ တရုတ်နိုင်ငံသည် မြန်မာနိုင်ငံကို 'ဒီမိုကရေစီနိုင်ငံရေးစနစ်က သင့်တော်ကြောင်း ယုံကြည်သည်'ဟု ထင်သူများမှာ EAOs **များနှင့် စီးပွားရေးအသင်းအဖွဲ့များ** ဖြစ်ကြသည်။ EAOs **များ၏ ၅၃ ရာခိုင်နှုန်းနှင့် စီးပွားရေးအသင်းအဖွဲ့များ၏ ၄၆ ရာခိုင်နှုန်းတို့က** ထိုသို့ထင်ခဲ့ခြင်းဖြစ်သည်။ ထူးခြားချက်အနေဖြင့် **နိုင်ငံရေးအသိုက်အဝန်း၏ ၄၃ ရာခိုင်နှုန်းက** တရုတ်နိုင်ငံသည် မြန်မာနိုင်ငံကို 'ဒီမိုကရေစီနိုင်ငံရေးစနစ်နှင့် သင့်တော်ကြောင်း ယုံကြည်သည်'ဟု ယူဆချိန်တွင် ကျန် **၄၃ ရာခိုင်နှုန်းက**လည်း တရုတ်နိုင်ငံသည် မြန်မာနိုင်ငံကို 'အာဏာရှင်နိုင်ငံရေးစနစ်နှင့် သင့်တော်ကြောင်း ယုံကြည်သည်'ဟု ယူဆခဲ့ခြင်းဖြစ်သည်။ **နိုင်ငံရေးအသိုက်အဝန်း၏ ၁၀ ရာခိုင်နှုန်းနှင့် ထင်ရှားသူများ၏ ၁၉ ရာခိုင်နှုန်းတို့က** ဖြေဆိုရန်ငြင်းဆန်ခဲ့သည်။


မေးခွန်း-၂၂

'တရုတ်နိုင်ငံက မြင်လိုသည့် မြန်မာ့နိုင်ငံရေးစနစ်' အပေါ် ဖြေဆိုချက်များ

| | စုစုပေါင်း | အရပ်ဘက် အဖွဲ့အစည်းများ | နိုင်ငံရေး အသိုက်အဝန်း | စီးပွားရေး အသိုက်အဝန်း | ထင်ရှားသူများ | EAOs | PDFs/LDFs |
|---|---|---|---|---|---|---|---|
| ဒီမိုကရေစီနိုင်ငံရေးစနစ်က သင့်တော်ပါသည် | ၂၆% | ၁၂% | ၄၃% | ၄၆% | ၂၅% | ၅၃% | ၁၈% |
| အာဏာရှင်နိုင်ငံရေးစနစ်က သင့်တော်ပါသည် | ၆၀% | ၈၀% | ၄၃% | ၃၇% | ၅၄% | ၄၀% | ၆၄% |
| မသိပါ | ၄% | ၃% | ၄% | ၇% | ၂% | ၇% | ၀% |
| ဖြေဆိုရန်ငြင်းဆန် | ၁၀% | ၅% | ၁၀% | ၁၀% | ၁၉% | ၀% | ၁၈% |

## မေးခွန်း-၂၃

### တရုတ်နိုင်ငံအနေနှင့် လက်ရှိမြန်မာ့အကျပ်အတည်း၌ မည်သို့ပါဝင်သင့်သနည်း




လက်ရှိမြန်မာ့အကျပ်အတည်းတွင် တရုတ်နိုင်ငံ ပါဝင်နိုင်မည့် အထိရောက်ဆုံးနည်းလမ်းကို မေးမြန်းရာတွင် **‘ကုလသမဂ္ဂအထူးကိုယ်စားလှယ်၊ အာဆီယံအထူးကိုယ်စားလှယ်တို့နှင့် ပူးပေါင်းပါဝင်ခြင်း’** ဟု ဖြေဆိုသူများ၏ **၃၂ ရာခိုင်နှုန်း**က အသီးသီးယူဆခဲ့ကြသည်။ **‘တရုတ်နိုင်ငံအနေနှင့် တိုက်ရိုက်ပါဝင်ခြင်း’**ဟု ဖြေဆိုကြသူမှာ **၂၂ ရာခိုင်နှုန်း**ရှိသည်။

၂၀၂၂ ခုနှစ်က ကောက်ယူခဲ့သော စစ်တမ်းရလဒ်နှင့် နှိုင်းယှဉ်ပါက အပြောင်းအလဲ အနည်းငယ်သာ ရှိပါသည်။ ကုလသမဂ္ဂအထူးကိုယ်စားလှယ်နှင့် ပူးပေါင်းပါဝင်ခြင်းအပေါ် ဖြေဆိုမှုရာခိုင်နှုန်း တူညီခဲ့သော်လည်း **လုံးဝမပါဝင်သင့်ကြောင်း** ဖြေဆိုသူ **သုံးရာခိုင်နှုန်း** လျော့ကျခဲ့သည်။ ထို့အတူ **တရုတ်နိုင်ငံအနေနှင့် တိုက်ရိုက်ပါဝင်ခြင်း**မှာ **သုံးရာခိုင်နှုန်း** ပိုများလာပြီး **အာဆီယံအထူးကိုယ်စားလှယ်နှင့် ပူးပေါင်းခြင်း**မှာလည်း **နှစ်ရာခိုင်နှုန်း** ပိုများလာပါသည်။

မေးခွန်း-၂၃ ကို မေးမြန်းရာတွင် **‘တရုတ်နိုင်ငံအနေနှင့် လက်ရှိမြန်မာ့နိုင်ငံရေးအကျပ်အတည်းတွင် အထိရောက်ဆုံးပါဝင်နိုင်မည့် ပုံစံနည်းနာတချို့ကို ဖတ်ပြခဲ့သည်။ မည်သည့်ပုံစံဖြင့်ပါဝင်ပါက အထိရောက်ဆုံး ဖြစ်မည်ထင်သနည်း’**ဟု မေးမြန်းခဲ့ကာ တခုကို ရွေးချယ်စေခဲ့ပါသည်။

## ရလဒ်များကို နှိုင်းယှဉ်ပိုင်းခြားခြင်း

စစ်တမ်းအတွက် ဖြေဆိုခဲ့သော အသိုက်အဝန်းခြောက်ခု၏ အဖြေများကို နှိုင်းယှဉ်ကြည့်ရာတွင် အစုအဖွဲ့အလိုက် ဦးစားပေးမှုများ ကွာခြားချက်ရှိသည်ကို တွေ့ရပါသည်။ 'အာဆီယံအထူးကိုယ်စားလှယ်နှင့် ပူးပေါင်းပါဝင်ခြင်း'ကို **စီးပွားရေးအသင်းအဖွဲ့များ၏ ၃၉ ရာခိုင်နှုန်း၊ ထင်ရှားသူများ၏ ၃၄ ရာခိုင်နှုန်းနှင့် EAOs များ၏ ၃၃ ရာခိုင်နှုန်း**တို့က အများဆုံးဖြေဆိုခဲ့ကြသည်။ 'ကုလသမဂ္ဂ အထူးကိုယ်စားလှယ်နှင့် ပူးပေါင်းပါဝင်ခြင်း'ကို **အရပ်ဘက်အဖွဲ့အစည်းများ၏ ၄၀ ရာခိုင်နှုန်းနှင့် နိုင်ငံရေးအသိုက်အဝန်း၏ ၂၉ ရာခိုင်နှုန်း**တို့က အများဆုံးဖြင့် အသီးသီးရွေးချယ်ခဲ့ကြသည်။ ထူးခြားချက်အဖြစ် 'တရုတ်နိုင်ငံအနေနှင့် တိုက်ရိုက်ပါဝင်ခြင်း'ကို PDFs/LDFs များ၏ **၃၆ ရာခိုင်နှုန်း**နှင့် EAOs များ၏ **၃၃ ရာခိုင်နှုန်း**က အများဆုံးရွေးချယ်ခဲ့ကြသည်။


မေးခွန်း-၂၃

'တရုတ်နိုင်ငံအနေနှင့် လက်ရှိမြန်မာ့နိုင်ငံရေးအကျပ်အတည်း၌ မည်သို့ပါဝင်သင့်သနည်း' အပေါ် ဖြေဆိုချက်များ

| | စုစုပေါင်း | အရပ်ဘက် အဖွဲ့အစည်းများ | နိုင်ငံရေး အသိုက်အဝန်း | စီးပွားရေး အသိုက်အဝန်း | ထင်ရှားသူများ | EAOs | PDFs/LDFs |
|---|---|---|---|---|---|---|---|
| လုံးဝမပါဝင်သင့်ပါ | ၆% | ၁၀% | ၀% | ၀% | ၃% | ၇% | ၁၀% |
| တရုတ်နိုင်ငံအနေနှင့် တိုက်ရိုက်ပါဝင်ခြင်း | ၂၂% | ၁၅% | ၂၄% | ၂၂% | ၂၈% | ၃၃% | ၃၆% |
| UN အထူးကိုယ်စားလှယ်နှင့် ပူးပေါင်းပါဝင်ခြင်း | ၃၂% | ၄၀% | ၂၉% | ၂၉% | ၂၃% | ၂၇% | ၂၇% |
| အာဆီယံအထူးကိုယ်စားလှယ် နှင့် ပူးပေါင်းပါဝင်ခြင်း | ၃၂% | ၃၁% | ၁၄% | ၃၉% | ၃၄% | ၃၃% | ၂၇% |
| အခြား | ၄% | ၂% | ၂၃% | ၀% | ၈% | ၀% | ၀% |
| မသိပါ | ၂% | ၁% | ၅% | ၃% | ၄% | ၀% | ၀% |
| ဖြေဆိုရန်ငြင်းဆန် | ၂% | ၁% | ၅% | ၇% | ၀% | ၀% | ၀% |

မေးခွန်း-၂၄

## ပြည်တွင်းရေးဝင်မစွက်ဖက်ခြင်းမူဝါဒကို တရုတ်နိုင်ငံက ကျင့်သုံးနေသည်ဟု ထင်ပါသလား




တရုတ်နိုင်ငံအနေနှင့် လက်ရှိမြန်မာ့နိုင်ငံရေးတွင် **'ပြည်တွင်းရေး ဝင်မစွက်ဖက်ခြင်းမူဝါဒကို ကျင့်သုံးနေသည်'**ဟု မထင်ကြောင်း ဖြေဆိုသူအများစုက ယူဆကြသည်။ ဖြေဆိုသူများအနက် **၇၃ ရာခိုင်နှုန်း**က ထိုသို့ယူဆခဲ့ပြီး **၂၄ ရာခိုင်နှုန်း**က **'ကျင့်သုံးနေသည်'**ဟု ဖြေဆိုကြပါသည်။

၂၀၂၂ ခုနှစ်က ကောက်ယူခဲ့သော စစ်တမ်းရလဒ်နှင့် နှိုင်းယှဉ်ပါက ကြီးမားသော အပြောင်းအလဲမရှိပေ။ သို့သော် **'ပြည်တွင်းရေး ဝင်မစွက်ဖက်ခြင်းမူဝါဒကို ကျင့်သုံးနေသည်'**ဟု မထင်ကြောင်း ယူဆသူ **ခြောက်ရာခိုင်နှုန်း** ပိုများလာသည်။

မေးခွန်း-၂၄ ကို မေးမြန်းရာတွင် 'မြန်မာနိုင်ငံ၏ လက်ရှိနိုင်ငံရေးနှင့်ပတ်သက်ပြီး တရုတ်နိုင်ငံအနေနှင့် ပြည်တွင်းရေးဝင်မစွက်ဖက်ခြင်းမူဝါဒကို ကျင့်သုံးနေသည်ဟု ထင်ပါသလား'ဟု မေးမြန်းခဲ့ခြင်းဖြစ်သည်။

## ရလဒ်များကို နှိုင်းယှဉ်ပိုင်းခြားခြင်း

စစ်တမ်းအတွက် ဖြေဆိုခဲ့သော အသိုက်အဝန်းခြောက်ခု၏ အဖြေများကို နှိုင်းယှဉ်ကြည့်ရာတွင် တရုတ်နိုင်ငံအနေနှင့် မြန်မာ့နိုင်ငံရေး၌ 'ပြည်တွင်းရေး ဝင်မစွက်ဖက်ခြင်းမူဝါဒကို ကျင့်သုံးနေသည်' ဟု မထင်ကြောင်း အစုအဖွဲ့အားလုံးက ယူဆကြသည်ကို တွေ့ရသည်။ **နိုင်ငံရေးအသိုက်အဝန်း၏ ၈၆ ရာခိုင်နှုန်း၊ ထင်ရှားသူများ၏ ၇၉ ရာခိုင်နှုန်း၊ စီးပွားရေးအသင်းအဖွဲ့များ၏ ၇၁ ရာခိုင်နှုန်း၊ အရပ်ဘက်အဖွဲ့အစည်းများ၏ ၇၀ ရာခိုင်နှုန်း၊ EAOs များ၏ ၆၇ ရာခိုင်နှုန်းနှင့် PDFs/LDFs များ၏ ၆၄ ရာခိုင်နှုန်း** တို့က ထိုအတိုင်းယူဆကြခြင်းဖြစ်သည်။ ထူးခြားချက်အနေဖြင့် EAOs များနှင့် PDFs/ LDFs များ၏ ဖြေဆိုချက်များ ကွာဟမှုနည်းသည့်အပြင် 'မသိပါ'နှင့် 'ဖြေဆိုရန်ငြင်းဆန်'သူ တဦးမျှမရှိခဲ့ပေ။


မေးခွန်း-၂၄

'ပြည်တွင်းရေးဝင်မစွက်ဖက်မှုဝါဒကို တရုတ်နိုင်ငံက ကျင့်သုံးနေသည်ဟု ထင်ပါသလား' အပေါ် ဖြေဆိုချက်များ

| | စုစုပေါင်း | အရပ်ဘက်အဖွဲ့အစည်းများ | နိုင်ငံရေးအသိုက်အဝန်း | စီးပွားရေးအသိုက်အဝန်း | ထင်ရှားသူများ | EAOs | PDFs/LDFs |
|---|---|---|---|---|---|---|---|
| ထင်ပါသည် | ၂၄% | ၂၆% | ၁၀% | ၂၇% | ၂၀% | ၃၃% | ၃၆% |
| မထင်ပါ | ၇၃% | ၇၀% | ၈၆% | ၇၁% | ၇၉% | ၆၇% | ၆၄% |
| မသိပါ | ၁% | ၂% | ၄% | ၀% | ၀% | ၀% | ၀% |
| ဖြေဆိုရန်ငြင်းဆန် | ၂% | ၂% | ၀% | ၂% | ၁% | ၀% | ၀% |

## မေးခွန်း-၂၅

နိုင်ငံရေးအကျပ်အတည်းကြောင့် မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံ ပိုနီးစပ်သွားသည်ဟု ယူဆပါသလား




အာဏာသိမ်းမှုအလွန် ပေါ်ပေါက်လာသည့် နိုင်ငံရေးအကျပ်အတည်းများကြောင့် မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံအကြား ပိုမိုနီးစပ်သွားသည်ဟု မထင်ကြပေ။ ဖြေဆိုသူများ၏ **၅၄ ရာခိုင်နှုန်း**က ထိုသို့မထင်ခဲ့ခြင်းဖြစ်သည်။ **၄၂ ရာခိုင်နှုန်း**ကမူ ပို၍နီးစပ်သွားသည်ဟု ထင်ကြပါသည်။

၂၀၂၂ ခုနှစ်က ကောက်ယူခဲ့သော စစ်တမ်းရလဒ်နှင့် နှိုင်းယှဉ်ပါက ပြောင်းလဲမှုအနည်းငယ်ရှိပါသည်။ တရုတ်နိုင်ငံနှင့် ပိုနီးသွားကြောင်းထင်သူ **၁၁ ရာခိုင်နှုန်း** ပိုများလာသည်။ ထို့အတူ တရုတ်နိုင်ငံနှင့်နီးစပ်သွားကြောင်း မထင်သူမှာလည်း **ခြောက်ရာခိုင်နှုန်း** လျော့ကျသွားပါသည်။

မေးခွန်း-၂၅ ကို မေးမြန်းရာတွင် '၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်နောက်ပိုင်း ဖြစ်ပေါ်လာသည့် နိုင်ငံရေးအကျပ်အတည်းကြောင့် ယေဘုယျအားဖြင့် မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံအကြား ပိုမိုနီးစပ်သွားသည်ဟု ယူဆပါသလား'ဟူ၍ မေးမြန်းခဲ့ခြင်းဖြစ်သည်။

## ရလဒ်များကို နှိုင်းယှဉ်ပိုင်းခြားခြင်း

စစ်တမ်းအတွက် ဖြေဆိုခဲ့သော အသိုက်အဝန်းခြောက်ခု၏ အဖြေများကို နှိုင်းယှဉ်ကြည့်ရာတွင် အာဏာသိမ်းမှုအလွန် ပေါ်ပေါက်လာသည့် နိုင်ငံရေးအကျပ်အတည်းများကြောင့် မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံအကြား ပိုမိုနီးစပ်သွားသည်ဟု 'မယူဆကြောင်း' အစုအဖွဲ့အများစုက ဖြေဆိုကြသည်။ PDFs/LDFs များ၏ ၉၁ ရာခိုင်နှုန်း၊ ထင်ရှားသူများ၏ ၆၆ ရာခိုင်နှုန်းနှင့် နိုင်ငံရေးအသိုက်အဝန်း၏ ၆၂ ရာခိုင်နှုန်းတို့က ထိုအတိုင်း ဖြေဆိုကြသည်။ ထူးခြားချက်အနေဖြင့် **အရပ်ဘက်အဖွဲ့အစည်းများ၏ ၅၃ ရာခိုင်နှုန်းကမူ** ပိုမိုနီးစပ်သွားသည်ဟုယူဆကြောင်း ဖြေဆိုကြသည်။


မေးခွန်း-၂၅

'နိုင်ငံရေးအကျပ်အတည်းကြောင့် မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတို့ ပိုနီးစပ်သွားပါသလား' အပေါ် ဖြေဆိုချက်များ

| | စုစုပေါင်း | အရပ်ဘက် အဖွဲ့အစည်းများ | နိုင်ငံရေး အသိုက်အဝန်း | စီးပွားရေး အသိုက်အဝန်း | ထင်ရှားသူများ | EAOs | PDFs/LDFs |
|---|---|---|---|---|---|---|---|
| ယူဆပါသည် | ၄၂% | ၅၃% | ၃၃% | ၃၉% | ၃၃% | ၄၀% | ၉% |
| မယူဆပါ | ၅၄% | ၄၂% | ၆၂% | ၅၆% | ၆၆% | ၅၃% | ၉၁% |
| မသိပါ | ၂% | ၄% | ၅% | ၀% | ၀% | ၀% | ၀% |
| ဖြေဆိုရန်ငြင်းဆန် | ၂% | ၁% | ၀% | ၅% | ၁% | ၇% | ၀% |

မေးခွန်း-၂၆

## အာဏာသိမ်းမှုအလွန် တရုတ်နိုင်ငံအပေါ် သဘောထားအမြင် ပြောင်းလဲခဲ့သလား




အာဏာသိမ်းမှုအလွန် တရုတ်နိုင်ငံအပေါ် သဘောထားအမြင် ပြောင်းလဲမှု ရှိ၊ မရှိ မေးမြန်းရာ၌ ပြောင်းလဲမှုမရှိဟု ဖြေဆိုသူ **၆၄ ရာခိုင်နှုန်း** ရှိခဲ့သည်။ **‘ပို၍ အဆိုးမြင်ပါသည်’**ဟု ဖြေဆိုသူ **၂၈ ရာခိုင်နှုန်း**ရှိပြီး၊ **‘ပို၍ အကောင်းမြင်လာသည်’**ဟု ဖြေဆိုသူ **ခြောက်ရာခိုင်နှုန်း**ရှိသည်။

၂၀၂၂ ခုနှစ်က ကောက်ယူခဲ့သော စစ်တမ်းရလဒ်နှင့် နှိုင်းယှဉ်ပါက အပြောင်းအလဲမရှိကြောင်း ဖြေကြားမှုမှာ **ငါးရာခိုင်နှုန်း** ပိုများလာသည်။ ပို၍အဆိုးမြင်လာကြောင်း ဖြေဆိုမှုမှာ **ခြောက်ရာခိုင်နှုန်း** လျော့ကျသွားပါသည်။ ထို့အပြင် ပို၍အကောင်းမြင်လာကြောင်းဖြေဆိုသူ **လေးရာခိုင်နှုန်း** ပိုများလာပါသည်။

မေးခွန်း-၂၆ ကို မေးမြန်းရာတွင် **‘၂၀၂၁ ခုနှစ် အာဏာသိမ်းမှုအလွန် တရုတ်နိုင်ငံအပေါ် ပို၍ အဆိုးမြင်လာသလား၊ သို့မဟုတ် ပို၍ အကောင်းမြင်လာသလား၊ သို့မဟုတ် အပြောင်းအလဲမရှိဘူးလား’**ဟု မေးမြန်းခဲ့ခြင်းဖြစ်သည်။

## ရလဒ်များကို နှိုင်းယှဉ်ပိုင်းခြားခြင်း

စစ်တမ်းအတွက် ဖြေဆိုခဲ့သော အသိုက်အဝန်းခြောက်ခု၏ အဖြေများကို နှိုင်းယှဉ်ကြည့်ရာတွင် အသိုက်အဝန်းအားလုံးက တရုတ်နိုင်ငံအပေါ် သဘောထားအမြင်'အပြောင်းအလဲမရှိပါ'ဟူ၍ အများဆုံးဖြေဆိုခဲ့ကြသည်ကို တွေ့ရသည်။ PDFs/LDFs များ၏ ၈၂ ရာခိုင်နှုန်းသည် သဘောထားအမြင် 'အပြောင်းအလဲမရှိပါ'ဟု အများဆုံးဖြေဆိုခဲ့ပြီး **နိုင်ငံရေးအသိုက်အဝန်း**၏ ၈၁ ရာခိုင်နှုန်းကလည်း ထိုသို့ဖြေဆိုခဲ့သည်။ ထူးခြားမှုအနေနှင့် **အရပ်ဘက်အဖွဲ့အစည်းများ**၏ ၄၇ ရာခိုင်နှုန်းက 'ပို၍အဆိုးမြင်ပါသည်'ဟု ဖြေဆိုခဲ့ကြခြင်းဖြစ်သည်။


မေးခွန်း-၂၆

'အာဏာသိမ်းမှုနောက်ပိုင်းတွင် တရုတ်နိုင်ငံကို ရှုမြင်ပုံ ပြောင်းလဲလာခြင်း ရှိ၊ မရှိ' အပေါ် ဖြေဆိုချက်များ

| | စုစုပေါင်း | အရပ်ဘက် အဖွဲ့အစည်းများ | နိုင်ငံရေး အသိုက်အဝန်း | စီးပွားရေး အသိုက်အဝန်း | ထင်ရှားသူများ | EAOs | PDFs/LDFs |
|---|---|---|---|---|---|---|---|
| ပို၍အဆိုးမြင်ပါသည် | ၂၈% | ၄၇% | ၅% | ၁၂% | ၁၆% | ၂၇% | ၁၈% |
| အပြောင်းအလဲမရှိပါ | ၆၄% | ၅၀% | ၈၁% | ၇၂% | ၇၂% | ၆၇% | ၈၂% |
| ပို၍အကောင်းမြင်လာသည် | ၆% | ၂% | ၉% | ၁၂% | ၁၀% | ၆% | ၀% |
| မသိပါ | ၁% | ၁% | ၀% | ၂% | ၀% | ၀% | ၀% |
| ဖြေဆိုရန်ငြင်းဆန် | ၁% | ၀% | ၅% | ၂% | ၂% | ၀% | ၀% |

မေးခွန်း-၂၇

## မြန်မာ့မူဝါဒများအတွက် တရုတ်နိုင်ငံက မည်သို့စဉ်းစားသနည်း




အာဏာသိမ်းမှုအလွန် မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံ၏ မူဝါဒစဉ်းစားချက်တွင် **'အာဏာကိုင်စွဲထားသူ မည်သူနှင့်မဆို အဆင်ပြေသော ဆက်ဆံရေးရရှိရေးအတွက် အဓိကထားစဉ်းစားသည်'**ဟု စစ်တမ်းဖြေသူအများစုက ယူဆကြသည်။ ထိုသို့ယူဆကြောင်း ဖြေဆိုသူ **၈၂ ရာခိုင်နှုန်း** ရှိပါသည်။ **'မြန်မာပြည်သူများ၏သဘောထားကို အလေးထားစဉ်းစားသည်'**ဟု ဖြေဆိုသူ **၁၂ ရာခိုင်နှုန်း**ရှိပါသည်။

၂၀၂၂ ခုနှစ်က ကောက်ယူခဲ့သော စစ်တမ်းရလဒ်နှင့် နှိုင်းယှဉ်ပါက ပြောင်းလဲမှု အနည်းငယ်ရှိခဲ့သည်။ အာဏာကိုင်စွဲထားသူ မည်သူနှင့်မဆို အဆင်ပြေသည့် ဆက်ဆံရေးဖြစ်ရန် တရုတ်နိုင်ငံက အဓိကထားစဉ်းစားကြောင်း ဖြေဆိုသူ **သုံးရာခိုင်နှုန်း** ပိုများလာခြင်းဖြစ်ပါသည်။

မေးခွန်း-၂၇ ကို မေးမြန်းရာတွင် **'၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်နောက်ပိုင်း တရုတ်နိုင်ငံအနေနှင့် မြန်မာနိုင်ငံနှင့်ပတ်သက်သော မူဝါဒများတွင် အဓိကထားစဉ်းစားသည့် အချက်နှစ်ချက်'**ကို ဖတ်ပြခဲ့ပြီး တခုကို ရွေးချယ်စေခဲ့ပါသည်။

## ရလဒ်များကို နှိုင်းယှဉ်ပိုင်းခြားခြင်း

စစ်တမ်းအတွက် ဖြေဆိုခဲ့သော အသိုက်အဝန်းခြောက်ခု၏ အဖြေများကို နှိုင်းယှဉ်ကြည့်ရာတွင် 'အာဏာကိုင်စွဲထားသူ မည်သူနှင့်မဆို အဆင်ပြေသော ဆက်ဆံရေး ရရှိရေးအတွက် အဓိကထားစဉ်းစားသည်'ဟု အစုအဖွဲ့အားလုံးက အများဆုံးဖြေဆိုခဲ့ကြသည်။ EAOs များ၏ ၉၃ ရာခိုင်နှုန်း၊ အရပ်ဘက်အဖွဲ့အစည်းများ၏ ၉၀ ရာခိုင်နှုန်း၊ ထင်ရှားသူများ၏ ၈၄ ရာခိုင်နှုန်းနှင့် PDFs/LDFs များ၏ ၈၂ ရာခိုင်နှုန်းက ထိုအတိုင်းဖြေဆိုခဲ့ကြသည်။ 'မြန်မာပြည်သူများ၏ သဘောထားကို အလေးထားစဉ်းစားသည်'ဟု စီးပွားရေးအသင်းအဖွဲ့များ၏ ၂၂ ရာခိုင်နှုန်းက ဖြေဆိုခဲ့ကြပြီး အများဆုံးဖြစ်ခဲ့သည်။


မေးခွန်း-၂၇

'အာဏာသိမ်းမှုနောက်ပိုင်းတွင် မြန်မာနိုင်ငံဆိုင်ရာမူဝါဒများအတွက် တရုတ်နိုင်ငံ၏ စဉ်းစားမှု' အပေါ် ဖြေဆိုချက်များ

| | စုစုပေါင်း | အရပ်ဘက်အဖွဲ့အစည်းများ | နိုင်ငံရေးအသိုက်အဝန်း | စီးပွားရေးအသိုက်အဝန်း | ထင်ရှားသူများ | EAOs | PDFs/LDFs |
|---|---|---|---|---|---|---|---|
| မြန်မာပြည်သူများ၏ သဘောထားကို အလေးထားစဉ်းစားသည် | ၁၂% | ၇% | ၁၄% | ၂၂% | ၁၁% | ၇% | ၁၈% |
| အာဏာကိုင်စွဲထားသူနှင့် အဆင်ပြေရန်သာ အဓိကစဉ်းစားသည် | ၈၂% | ၉၀% | ၆၂% | ၆၆% | ၈၄% | ၉၃% | ၈၂% |
| မသိပါ | ၂% | ၂% | ၅% | ၅% | ၀% | ၀% | ၀% |
| ဖြေဆိုရန်ငြင်းဆန် | ၄% | ၁% | ၁၉% | ၇% | ၅% | ၀% | ၀% |

မေးခွန်း-၂၈

## မြန်မာ့အကျပ်အတည်းကို တရုတ်နိုင်ငံ၏ ဒေသတွင်းအရေးပုံစံ ချဉ်းကပ်မှုနှင့် အကြောင်းပြချက်နှစ်သွယ်




လက်ရှိ မြန်မာ့အကျပ်အတည်းအား ဖြေရှင်းရာတွင် **'တရုတ်နိုင်ငံအနေနှင့် ဒေသတွင်းအရေးပုံစံဖြင့် ချဉ်းကပ်သည်'**ဆိုသော သုံးသပ်မှုများရှိပါသည်။ ထိုသို့ ချဉ်းကပ်မှုနှင့်ပတ်သက်၍ အကြောင်းပြချက်အမျိုးမျိုးရှိကြသည့်အနက် **'အနောက်နိုင်ငံအပါအဝင် နိုင်ငံတကာအသိုင်းအဝိုင်း၏ အခန်းကဏ္ဍအား ကန့်သတ်ရန် အဓိကရည်ရွယ်သည်'**ဟုထင်ကြောင်း ဖြေဆိုသူ **၇၄ ရာခိုင်နှုန်း** ရှိပါသည်။ တရုတ်နိုင်ငံ၏ချဉ်းကပ်မှုသည် မြန်မာ့အကျပ်အတည်းဖြေရှင်းရန် **'လက်တွေ့ကျသော နည်းလမ်းတရပ်'** ဖြစ်ကြောင်း ဖြေဆိုသူမှာ **၂၀ ရာခိုင်နှုန်း** ရှိပါသည်။ **'မသိပါ'**ဟုဖြေဆိုသူ **လေးရာခိုင်နှုန်း**ရှိပြီး **'ဖြေဆိုရန်ငြင်းဆန်'**သူ **နှစ်ရာခိုင်နှုန်း**ရှိသည်။ ယခုမေးခွန်းသည် ၂၀၂၃ ခုနှစ် စစ်တမ်းမေးမြန်းမှု၌ အသစ်ထည့်သွင်းခဲ့သော မေးခွန်းဖြစ်သည်။

မေးခွန်း-၂၈ ကို မေးမြန်းရာတွင် **'လက်ရှိမြန်မာ့အကျပ်အတည်းအား ဖြေရှင်းရာတွင် တရုတ်နိုင်ငံအနေနှင့် ဒေသတွင်းအရေးပုံစံဖြင့် ချဉ်းကပ်ရခြင်း အကြောင်းပြချက်အမျိုးမျိုး'**ထဲမှ နှစ်ချက်ကို ဖတ်ပြခဲ့ပြီး တခုကို ရွေးချယ်စေခဲ့ပါသည်။

## ရလဒ်များကို နှိုင်းယှဉ်ပိုင်းခြားခြင်း

စစ်တမ်းဖြေဆိုခဲ့သော အသိုက်အဝန်းခြောက်ခု၏ အဖြေများကို နှိုင်းယှဉ်ကြည့်ရာတွင် 'အနောက်နိုင်ငံအပါအဝင် နိုင်ငံတကာအသိုင်းအဝိုင်း၏ အခန်းကဏ္ဍကိုကန့်သတ်ရန် အဓိကရည်ရွယ်သည်' ဟု **အရပ်ဘက်အဖွဲ့အစည်းများ၏ ၈၅ ရာခိုင်နှုန်း**က ယူဆကြပြီး အများဆုံးဖြစ်ပါသည်။ **ထင်ရှားသူများ၏ ၈၀ ရာခိုင်နှုန်း၊** EAOs များနှင့် PDFs/LDFs များ၏ **၇၃ ရာခိုင်နှုန်း၊ နိုင်ငံရေးအသိုက်အဝန်း၏ ၆၂ ရာခိုင်နှုန်း**နှင့် **စီးပွားရေးအသင်းအဖွဲ့များ၏ ၄၄ ရာခိုင်နှုန်း**ကလည်း ထိုသို့ဖြေဆိုခဲ့ကြသည်။ ထူးခြားချက်အနေဖြင့် 'မြန်မာ့အကျပ်အတည်း ဖြေရှင်းရေးအတွက် လက်တွေ့ကျသည့် နည်းလမ်းတရပ်အဖြစ် အဓိကရည်ရွယ်သည်'ဟု **စီးပွားရေးအသင်းအဖွဲ့များ၏ ၃၇ ရာခိုင်နှုန်း**က ဖြေဆိုခဲ့ကြခြင်းဖြစ်သည်။ **နိုင်ငံရေးအသိုက်အဝန်း၏ ၃၃ ရာခိုင်နှုန်း**ကလည်း ထိုအတိုင်းယူဆခဲ့ပါသည်။

မေးခွန်း- ၂၈

'မြန်မာ့အကျပ်အတည်းဖြေရှင်းရန် ဒေသတွင်းအရေးပုံစံဖြင့် တရုတ်နိုင်ငံ၏ ချဉ်းကပ်မှု' အပေါ် ဖြေဆိုချက်များ

| | စုစုပေါင်း | အရပ်ဘက် အဖွဲ့အစည်းများ | နိုင်ငံရေး အသိုက်အဝန်း | စီးပွားရေး အသိုက်အဝန်း | ထင်ရှားသူများ | EAOs | PDFs/LDFs |
|---|---|---|---|---|---|---|---|
| အနောက်နိုင်ငံအပါအဝင် နိုင်ငံတကာ အသိုင်းအဝိုင်း၏အခန်းကဏ္ဍကို ကန့်သတ်ရန် ရည်ရွယ်သည် | ၇၄% | ၈၅% | ၆၂% | ၄၄% | ၈၀% | ၇၃% | ၇၃% |
| မြန်မာနိုင်ငံအကျပ်အတည်းဖြေရှင်းရန် လက်တွေ့ကျသည့် နည်းလမ်းတရပ်အနေဖြင့် ရည်ရွယ်သည် | ၂၀% | ၁၂% | ၃၃% | ၃၇% | ၁၅% | ၂၇% | ၂၇% |
| မသိပါ | ၄% | ၃% | ၅% | ၁၀% | ၂% | ၀% | ၀% |
| ဖြေဆိုရန်ငြင်းဆန် | ၂% | ၀% | ၀% | ၉% | ၃% | ၀% | ၀% |

## မေးခွန်း-၂၉ မှ ၃၂ အထိ


# ရွေးကောက်ပွဲလမ်းကြောင်းမှတဆင့် ထွက်ပေါက်ရှာရေး တရုတ်နိုင်ငံ၏ တွန်းအားပေးမှု အထောက်အကူ ဖြစ်၊ မဖြစ်

လုံးဝအထောက်အကူမဖြစ်ပါ | အထောက်အကူဖြစ်သည် | မသိပါ
အထောက်အကူမဖြစ်ပါ | အလွန်အထောက်အကူဖြစ်သည် | ဖြေဆိုရန်ငြင်းဆန်

■ မေးခွန်း-၂၉၊ ရေရှည်ပဋိပက္ခကို ဖြေရှင်းရန် အထောက်အကူ ဖြစ်၊ မဖြစ်




■ မေးခွန်း-၃၀၊ အာဆီယံ၏ အားထုတ်မှုအတွက် အထောက်အကူ ဖြစ်၊ မဖြစ်




■ မေးခွန်း-၃၁၊ မြန်မာစစ်တပ်၏ အကျိုးအတွက် အထောက်အကူ ဖြစ်၊ မဖြစ်




■ မေးခွန်း-၃၂၊ လက်ရှိအကျပ်အတည်းဖြေရှင်းရေးအတွက် အထောက်အကူ ဖြစ်၊ မဖြစ်




မေးခွန်း-၂၉ မှ ၃၂ အထိ မေးမြန်းရာတွင် **'မြန်မာ့အကျပ်အတည်းအဖြေရှာရေးအတွက် ရွေးကောက်ပွဲလမ်းကြောင်းမှတဆင့် ထွက်ပေါက်ရှာရန် စစ်ကောင်စီအား တရုတ်နိုင်ငံက တွန်းအားပေးသည်'**ဆိုခြင်းနှင့်ပတ်သက်ပြီး ယခုဖော်ပြသည့်အကြောင်းအရာများအား အဆင့်သတ်မှတ်ပေးပါဟု မေးမြန်းခဲ့ခြင်း ဖြစ်သည်။ အဆင့် '၁' သည် 'လုံးဝအထောက်အကူမဖြစ်ပါ'ဖြစ်ပြီး '၄' သည် 'အလွန်အထောက်အကူဖြစ်သည်'ဟု သတ်မှတ်ခဲ့ခြင်း ဖြစ်သည်။

မြန်မာ့အကျပ်အတည်းအဖြေရှာရေးအတွက် ရွေးကောက်ပွဲမှတဆင့်ထွက်ပေါက်ရှာရေး စစ်ကောင်စီအား တရုတ်နိုင်ငံဘက်က တွန်းအားပေးသည်ဟု ပြောဆိုကြပါသည်။ ထိုကဲ့သို့ တွန်းအားပေးခြင်းသည် ရေရှည်ပဋိပက္ခဖြေရှင်းရေးအတွက် **'အထောက်အကူမဖြစ်ပါ'**ဟု ဖြေဆိုသူ **၃၅ ရာခိုင်နှုန်း**ရှိပါသည်။ **'လုံးဝအထောက်အကူမဖြစ်ပါ'**ဟု ဖြေဆိုသူမှာ **၃၈ ရာခိုင်နှုန်း** ရှိခဲ့သည်။ ထို့အတူ အာဆီယံ၏အားထုတ်မှုအတွက် အထောက်အကူမဖြစ်ကြောင်း ဖြေဆိုသူ **၃၇ ရာခိုင်နှုန်း**နှင့် လုံးဝအထောက်အကူမဖြစ်ကြောင်း ဖြေဆိုသူ **၁၈ ရာခိုင်နှုန်း** ရှိပါသည်။ ယင်းအပြင် လက်ရှိအကျပ်အတည်း ဖြေရှင်းရေးအတွက်လည်း လုံးဝအထောက်အကူမဖြစ်ကြောင်း ဖြေဆိုသူ **၄၀ ရာခိုင်နှုန်း**ရှိပြီး အထောက်အကူမဖြစ်ကြောင်းဖြေဆိုသူ **၃၁ ရာခိုင်နှုန်း**ရှိပါသည်။ မြန်မာစစ်တပ်အတွက် အထောက်အကူဖြစ်ကြောင်း ဖြေဆိုသူ **၄၉ ရာခိုင်နှုန်း**ရှိပြီး အလွန်အထောက်အကူဖြစ်ကြောင်း ဖြေသူ **၃၂ ရာခိုင်နှုန်း** ရှိပါသည်။

## ရလဒ်များကို နှိုင်းယှဉ်ပိုင်းခြားခြင်း

စစ်တမ်းဖြေဆိုခဲ့သော အသိုက်အဝန်းခြောက်ခု၏ အဖြေများကို နှိုင်းယှဉ်ကြည့်ရာတွင် မြန်မာ့အကျပ်အတည်း အဖြေရှာရေးအတွက် စစ်ကောင်စီအား ရွေးကောက်ပွဲလမ်းကြောင်းမှတဆင့် တရုတ်နိုင်ငံဘက်က တွန်းအားပေးခြင်းသည် ရေရှည်ပဋိပက္ခဖြေရှင်းရေးအတွက် အထောက်အကူမဖြစ်ကြောင်း PDFs/LDFs များ၏ ၉၁ ရာခိုင်နှုန်းက အများဆုံးယူဆကြသည်။ EAOs များ၏ ၈၆ ရာခိုင်နှုန်း၊ အရပ်ဘက်အဖွဲ့အစည်းများ၏ ၈၄ ရာခိုင်နှုန်းနှင့် ထင်ရှားသူများ၏ ၈၀ ရာခိုင်နှုန်းကလည်း ထိုအတိုင်း ယူဆကြသည်ကိုတွေ့ရသည်။ ထို့အပြင် အာဆီယံ၏အားထုတ်မှုအတွက်လည်း အထောက်အကူမဖြစ်စေကြောင်း PDFs/LDFs များ၏ ၇၂ ရာခိုင်နှုန်းက ယူဆကြသည်။ EAOs များ၏ ၆၇ ရာခိုင်နှုန်း၊ ထင်ရှားသူများ၏ ၆၄ ရာခိုင်နှုန်းနှင့် အရပ်ဘက်အဖွဲ့အစည်းများ၏ ၆၁ ရာခိုင်နှုန်းတို့ကလည်း ထိုအတိုင်းယူဆကြသည်။ သို့သော် စစ်ကောင်စီ၏ အကျိုးအတွက် အထောက်အကူဖြစ်စေသည်ဟု အစုအဖွဲ့အားလုံးကယူဆကြသည်။ EAOs များက ရာနှုန်းပြည့်၊ နိုင်ငံရေးအသိုက်အဝန်း၏ ၈၆ ရာခိုင်နှုန်း၊ အရပ်ဘက်အဖွဲ့အစည်းများ၏ ၈၅ ရာခိုင်နှုန်း၊ PDFs/LDFs များ၏ ၈၁ ရာခိုင်နှုန်း၊ ထင်ရှားသူများ၏ ၇၉ ရာခိုင်နှုန်းနှင့် စီးပွားရေးအသင်းအဖွဲ့များ၏ ၆၆ ရာခိုင်နှုန်းကလည်း ထိုသို့ယူဆကြပါသည်။

ရလဒ်များကို နှိုင်းယှဉ်ပိုင်းခြားရာတွင် 'လုံးဝအထောက်အကူမဖြစ်ပါ'နှင့် 'အထောက်အကူမဖြစ်ပါ'နှစ်ရပ်ပေါင်းကို 'အထောက်အကူမဖြစ်ပါ'ဟုလည်းကောင်း၊ 'အထောက်အကူဖြစ်သည်'နှင့် 'အလွန်အထောက်အကူဖြစ်သည်'နှစ်ရပ်ပေါင်းကို 'အထောက်အကူဖြစ်သည်'ဟုလည်းကောင်း တွက်ချက်ပါသည်။

မေးခွန်း-၂၉

**‘ရွေးကောက်ပွဲလမ်းကြောင်းဖြင့် ထွက်ပေါက်ရှာရန် တရုတ်နိုင်ငံက တွန်းအားပေးခြင်းသည် ရေရှည်ပဋိပက္ခဖြေရှင်းရေးအတွက် အထောက်အကူဖြစ်မှု’ အပေါ် ဖြေဆိုချက်များ**

| | စုစုပေါင်း | အရပ်ဘက် အဖွဲ့အစည်းများ | နိုင်ငံရေး အသိုက်အဝန်း | စီးပွားရေး အသိုက်အဝန်း | ထင်ရှားသူများ | EAOs | PDFs/LDFs |
|---|---|---|---|---|---|---|---|
| လုံးဝအထောက်အကူမဖြစ်ပါ | ၃၈% | ၄၅% | ၂၉% | ၁၇% | ၄၄% | ၃၃% | ၅၅% |
| အထောက်အကူမဖြစ်ပါ | ၃၅% | ၃၉% | ၁၉% | ၂၄% | ၃၆% | ၅၃% | ၃၆% |
| အထောက်အကူဖြစ်သည် | ၁၈% | ၁၂% | ၄၃% | ၂၉% | ၁၃% | ၁၄% | ၉% |
| အလွန်အထောက်အကူဖြစ်သည် | ၄% | ၂% | ၅% | ၁၅% | ၃% | ၀% | ၀% |
| မသိပါ | ၂% | ၁% | ၄% | ၅% | ၀% | ၀% | ၀% |
| ဖြေဆိုရန်ငြင်းဆန် | ၃% | ၁% | ၀% | ၁၀% | ၄% | ၀% | ၀% |

မေးခွန်း-၃၁

**‘ရွေးကောက်ပွဲလမ်းကြောင်းဖြင့် ထွက်ပေါက်ရှာရန် တရုတ်နိုင်ငံက တွန်းအားပေးခြင်းသည် မြန်မာစစ်တပ်၏အကျိုးအတွက် အထောက်အကူဖြစ်မှု’ အပေါ် ဖြေဆိုချက်များ**

| | စုစုပေါင်း | အရပ်ဘက် အဖွဲ့အစည်းများ | နိုင်ငံရေး အသိုက်အဝန်း | စီးပွားရေး အသိုက်အဝန်း | ထင်ရှားသူများ | EAOs | PDFs/LDFs |
|---|---|---|---|---|---|---|---|
| လုံးဝအထောက်အကူမဖြစ်ပါ | ၃% | ၄% | ၅% | ၂% | ၅% | ၀% | ၀% |
| အထောက်အကူမဖြစ်ပါ | ၁၀% | ၈% | ၅% | ၁၅% | ၁၁% | ၀% | ၁၉% |
| အထောက်အကူဖြစ်သည် | ၄၉% | ၄၅% | ၅၇% | ၅၄% | ၄၈% | ၆၇% | ၄၅% |
| အလွန်အထောက်အကူဖြစ်သည် | ၃၂% | ၄၀% | ၂၉% | ၁၂% | ၃၁% | ၃၃% | ၃၆% |
| မသိပါ | ၃% | ၂% | ၄% | ၇% | ၀% | ၀% | ၀% |
| ဖြေဆိုရန်ငြင်းဆန် | ၃% | ၁% | ၀% | ၁၀% | ၅% | ၀% | ၀% |

မေးခွန်း-၃၂

**‘ရွေးကောက်ပွဲလမ်းကြောင်းဖြင့် ထွက်ပေါက်ရှာရန် တရုတ်နိုင်ငံက တွန်းအားပေးခြင်းသည် လက်ရှိအကျပ်အတည်း ဖြေရှင်းရေးအတွက် အထောက်အကူဖြစ်မှု’ အပေါ် ဖြေဆိုချက်များ**

| | စုစုပေါင်း | အရပ်ဘက် အဖွဲ့အစည်းများ | နိုင်ငံရေး အသိုက်အဝန်း | စီးပွားရေး အသိုက်အဝန်း | ထင်ရှားသူများ | EAOs | PDFs/LDFs |
|---|---|---|---|---|---|---|---|
| လုံးဝအထောက်အကူမဖြစ်ပါ | ၄၀% | ၄၉% | ၂၄% | ၁၅% | ၄၆% | ၄၀% | ၅၅% |
| အထောက်အကူမဖြစ်ပါ | ၃၁% | ၃၃% | ၃၈% | ၂၉% | ၂၈% | ၄၀% | ၁၈% |
| အထောက်အကူဖြစ်သည် | ၁၉% | ၁၃% | ၂၉% | ၂၉% | ၁၈% | ၂၀% | ၁၈% |
| အလွန်အထောက်အကူဖြစ်သည် | ၅% | ၃% | ၅% | ၁၂% | ၃% | ၀% | ၉% |
| မသိပါ | ၂% | ၁% | ၄% | ၅% | ၀% | ၀% | ၀% |
| ဖြေဆိုရန်ငြင်းဆန် | ၃% | ၁% | ၀% | ၁၀% | ၅% | ၀% | ၀% |


မှတ်ချက် - မေးခွန်း ၃၀ အတွက် ဖြေဆိုချက်များ၏ အသေးစိတ်ဇယားကို ISP-Myanmar ဝက်ဘ်ဆိုက်တွင် ကြည့်ရှုနိုင်ပါသည်။

# ၄

# မြန်မာ့ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် တရုတ်နိုင်ငံ၏ ပါဝင်မှုအပေါ်အမြင်

မေးခွန်း-၃၃

## မြန်မာတွင် ငြိမ်းချမ်းရေးရရှိရန် တရုတ်နိုင်ငံက မည်မျှလိုလားသနည်း




တရုတ်နိုင်ငံအနေနှင့် မြန်မာနိုင်ငံတွင် ငြိမ်းချမ်းရေးရရှိရန် **'လိုလားသည်'**ဟု ဖြေဆိုသူ **၅၂ ရာခိုင်နှုန်း** ရှိပြီး **'အလွန်လိုလားသည်'**ဟု ဖြေဆိုသူ **၁၃ ရာခိုင်နှုန်း**ရှိပါသည်။ **'မလိုလားပါ'**ဟု ဖြေဆိုသူ **၂၆ ရာခိုင်နှုန်း** ရှိသည့်အပြင် **'လုံးဝမလိုလားပါ'**ဟု ဖြေဆိုသူ **ခုနစ်ရာခိုင်နှုန်း** ရှိပါသည်။

၂၀၂၂ ခုနှစ်က ကောက်ယူခဲ့သော စစ်တမ်းရလဒ်နှင့် နှိုင်းယှဉ်ပါက တရုတ်နိုင်ငံအနေနှင့် မြန်မာနိုင်ငံတွင် ငြိမ်းချမ်းရေးရရှိရန် လိုလားကြောင်းထင်သူ **၁၅ ရာခိုင်နှုန်း** ကျဆင်းသွားသည်။ မလိုလားပါဟု ထင်သူမှာလည်း **၁၁ ရာခိုင်နှုန်း** ပိုများလာပါသည်။

မေးခွန်း-၃၃ ကို မေးမြန်းရာတွင် **'တရုတ်နိုင်ငံအနေနှင့် မြန်မာနိုင်ငံ၌ ငြိမ်းချမ်းရေးရရှိရေးကို မည်မျှအတိုင်းအတာအထိ လိုလားကြောင်း အဆင့်သတ်မှတ်ပေးရန်'** မေးမြန်းခဲ့ခြင်းဖြစ်သည်။ အဆင့် '၁'သည် 'လုံးဝမလိုလားပါ'ဖြစ်ပြီး၊ '၄'သည် 'အလွန်လိုလားသည်'ဟု ပိုင်းခြားသတ်မှတ်ခဲ့ပါသည်။

## ရလဒ်များကို နှိုင်းယှဉ်ပိုင်းခြားခြင်း

စစ်တမ်းဖြေဆိုခဲ့သော အသိုက်အဝန်းခြောက်ခု၏ အဖြေများကို နှိုင်းယှဉ်ကြည့်ရာတွင် တရုတ်နိုင်ငံ အနေနှင့် မြန်မာနိုင်ငံငြိမ်းချမ်းရေးရရှိရန် လိုလားကြောင်း အများစုက ယူဆကြသည်။ **နိုင်ငံရေး အသိုက်အဝန်း၏ ၈၆ ရာခိုင်နှုန်း၊ စီးပွားရေးအသင်းအဖွဲ့များ၏ ၈၅ ရာခိုင်နှုန်းနှင့် EAOs များ၏ ၈၀ ရာခိုင်နှုန်းက** လိုလားသည်ဟု ဖြေဆိုခဲ့ကြခြင်းဖြစ်သည်။ **အရပ်ဘက်အဖွဲ့အစည်းများ၏ ၄၂ ရာခိုင်နှုန်း** က လိုလားပြီး **၅၄ ရာခိုင်နှုန်း**က မလိုလားကြောင်းယူဆကြသည်။ ထူးခြားချက်အနေဖြင့် PDFs/LDFs များ၏ **၃၆ ရာခိုင်နှုန်း**က မလိုလားကြောင်းထင်သော်လည်း အခြား **၃၆ ရာခိုင်နှုန်း**ကမူ အလွန်လိုလား ကြောင်း ဖြေဆိုထားပါသည်။

မေးခွန်း-၃၃


‘မြန်မာ့ငြိမ်းချမ်းရေးရရှိရန် တရုတ်နိုင်ငံ မည်မျှလိုလားသနည်း’ အပေါ် ဖြေဆိုချက်များ

| | စုစုပေါင်း | အရပ်ဘက်အဖွဲ့အစည်းများ | နိုင်ငံရေးအသိုက်အဝန်း | စီးပွားရေးအသိုက်အဝန်း | ထင်ရှားသူများ | EAOs | PDFs/LDFs |
|---|---|---|---|---|---|---|---|
| လုံးဝမလိုလားပါ | ၇% | ၁၄% | ၀% | ၀% | ၂% | ၁၃% | ၀% |
| မလိုလားပါ | ၂၆% | ၄၀% | ၁၀% | ၁၅% | ၁၈% | ၇% | ၃၆% |
| လိုလားသည် | ၅၂% | ၃၆% | ၅၇% | ၆၃% | ၆၇% | ၇၃% | ၂၈% |
| အလွန်လိုလားသည် | ၁၃% | ၆% | ၂၉% | ၂၂% | ၁၀% | ၇% | ၃၆% |
| မသိပါ | ၁% | ၂% | ၄% | ၀% | ၀% | ၀% | ၀% |
| ဖြေဆိုရန်ငြင်းဆန် | ၁% | ၂% | ၀% | ၀% | ၃% | ၀% | ၀% |

ရလဒ်များကို နှိုင်းယှဉ်ပိုင်းခြားရာတွင် ‘လုံးဝမလိုလားပါ’နှင့် ‘မလိုလားပါ’နှစ်ရပ်ပေါင်းကို ‘မလိုလားပါ’ဟုလည်းကောင်း၊ ‘လိုလားသည်’နှင့် ‘အလွန် လိုလားသည်’နှစ်ရပ်ပေါင်းကို ‘လိုလားသည်’ဟုလည်းကောင်း တွက်ချက်ပါသည်။

မေးခွန်း-၃၄

## မြန်မာ့ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် တရုတ်နိုင်ငံ၏ပါဝင်မှု မည်မျှသက်ရောက်မှုရှိသနည်း




‘မြန်မာ့ငြိမ်းချမ်းရေးတွင် တရုတ်နိုင်ငံ၏ ပါဝင်မှုအပေါ် ကောင်းကျိုး၊ ဆိုးကျိုး’အား မေးမြန်းခဲ့ရာတွင် ဖြေဆိုသူ ၄၅ ရာခိုင်နှုန်းက **‘ကောင်းကျိုးရှိသည်’**ဟု ဖြေဆိုကြသည်။ ၄၂ ရာခိုင်နှုန်းကမူ **‘ဆိုးကျိုးဖြစ်စေသည်’**ဟု ဆိုပါသည်။

၂၀၂၂ ခုနှစ်က ကောက်ယူခဲ့သော စစ်တမ်းရလဒ်နှင့် နှိုင်းယှဉ်ပါက ကောင်းကျိုးရှိကြောင်း ဖြေဆိုသူ **၁၁ ရာခိုင်နှုန်း** လျော့ကျသွားသည့်အပြင် ဆိုးကျိုးဖြစ်စေကြောင်းယူဆသူ **၁၇ ရာခိုင်နှုန်း** ပိုများလာပါသည်။

မေးခွန်း-၃၄ ကို မေးမြန်းရာတွင် **‘မြန်မာ့ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် တရုတ်နိုင်ငံ၏ပါဝင်မှုသည် မည်မျှအကျိုးသက်ရောက်မှုရှိသည်’**ကို အဆင့် သတ်မှတ်ပေးရန် မေးမြန်းခဲ့ခြင်းဖြစ်သည်။ အဆင့် ‘၁’သည် ‘အလွန်ဆိုးကျိုးဖြစ်စေသည်’ဖြစ်ပြီး၊ ‘၄’သည် ‘အလွန်ကောင်းကျိုးရှိသည်’ဟု ပိုင်းခြား သတ်မှတ်ခဲ့ပါသည်။

## ရလဒ်များကို နှိုင်းယှဉ်ပိုင်းခြားခြင်း

စစ်တမ်းဖြေဆိုခဲ့သော အသိုက်အဝန်းခြောက်ခု၏အဖြေများကို နှိုင်းယှဉ်ကြည့်ရာတွင် တရုတ်နိုင်ငံ၏ ပါဝင်မှုကြောင့် ဆိုးကျိုးဖြစ်စေကြောင်း PDFs/LDFs များ၏ ၇၃ ရာခိုင်နှုန်းနှင့် အရပ်ဘက်အဖွဲ့အစည်း များ၏ ၆၃ ရာခိုင်နှုန်းတို့က ယူဆကြသည်။ နိုင်ငံရေးအသိုက်အဝန်း၏ ၇၁ ရာခိုင်နှုန်း၊ စီးပွားရေး အသင်းအဖွဲ့များ၏ ၆၄ ရာခိုင်နှုန်း၊ EAOs များ၏ ၆၀ ရာခိုင်နှုန်းနှင့် ထင်ရှားသူများ၏ ၅၈ ရာခိုင်နှုန်းက ‘ကောင်းကျိုးဖြစ်စေသည်’ဟု ယူဆပါသည်။ အရပ်ဘက်အဖွဲ့အစည်းများ၏ ၃၃ ရာခိုင်နှုန်းကလည်း ကောင်းကျိုးဖြစ်စေကြောင်း ရှုမြင်ပါသည်။

မေးခွန်း-၃၄


‘မြန်မာ့ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် တရုတ်နိုင်ငံ၏ပါဝင်မှု မည်မျှသက်ရောက်မှုရှိသနည်း’ အပေါ် ဖြေဆိုချက်များ

| | စုစုပေါင်း | အရပ်ဘက် အဖွဲ့အစည်းများ | နိုင်ငံရေး အသိုက်အဝန်း | စီးပွားရေး အသိုက်အဝန်း | ထင်ရှားသူများ | EAOs | PDFs/LDFs |
|---|---|---|---|---|---|---|---|
| အလွန်ဆိုးကျိုးဖြစ်စေသည် | ၄% | ၇% | ၀% | ၀% | ၀% | ၁၃% | ၉% |
| အတိုင်းအတာတခုထိ ဆိုးကျိုးဖြစ်စေသည် | ၄၂% | ၅၆% | ၁၉% | ၂၂% | ၃၉% | ၂၀% | ၆၄% |
| ကောင်းကျိုးရှိသည် | ၄၅% | ၃၁% | ၅၇% | ၅၉% | ၅၆% | ၆၀% | ၁၈% |
| အလွန်ကောင်းကျိုးရှိသည် | ၃% | ၂% | ၁၄% | ၅% | ၂% | ၀% | ၀% |
| မသိပါ | ၂% | ၄% | ၅% | ၂% | ၀% | ၀% | ၀% |
| ဖြေဆိုရန်ငြင်းဆန် | ၄% | ၀% | ၅% | ၁၂% | ၃% | ၇% | ၉% |

ရလဒ်များကို နှိုင်းယှဉ်ပိုင်းခြားရာတွင် ‘အလွန်ဆိုးကျိုးဖြစ်စေသည်’နှင့် ‘အတိုင်းအတာတခုအထိဆိုးကျိုးဖြစ်စေသည်’နှစ်ရပ်ပေါင်းကို ‘ဆိုးကျိုးဖြစ်စေသည်’ဟုလည်းကောင်း၊ ‘ကောင်းကျိုးရှိသည်’နှင့် ‘အလွန်ကောင်းကျိုးရှိသည်’နှစ်ရပ်ပေါင်းကို ‘ကောင်းကျိုးရှိသည်’ဟုလည်းကောင်း တွက်ချက်ပါသည်။

မေးခွန်း-၃၅

## ရှမ်းပြည်နယ်မြောက်ပိုင်းရှိ တိုင်းရင်းသားလက်နက်ကိုင်များအပေါ် တရုတ်နိုင်ငံက မည်မျှလွှမ်းမိုးမှုရှိသနည်း




ရှမ်းပြည်နယ်မြောက်ပိုင်းရှိ တိုင်းရင်းသားလက်နက်ကိုင်များအပေါ် တရုတ်နိုင်ငံက လွှမ်းမိုးမှုရှိကြောင်း ဖြေဆိုသူ **၅၈ ရာခိုင်နှုန်း**ရှိခဲ့သည်။ **‘အလွန်လွှမ်းမိုးမှုရှိသည်’**ဟု ဖြေဆိုသူ **၃၄ ရာခိုင်နှုန်း**ရှိပါသည်။ လွှမ်းမိုးမှုမရှိကြောင်းဖြေဆိုသူ **နှစ်ရာခိုင်နှုန်း** ရှိပါသည်။

၂၀၂၂ ခုနှစ်က ကောက်ယူခဲ့သော စစ်တမ်းရလဒ်နှင့် နှိုင်းယှဉ်ပါက ကြီးမားသောအပြောင်းအလဲ မရှိပေ။ လွှမ်းမိုးမှုရှိကြောင်းယူဆသူ **နှစ်ရာခိုင်နှုန်း** လျော့ကျသွားပြီး **‘အလွန်လွှမ်းမိုးမှုရှိသည်’**ဟု ယူဆသူ **တစ်ရာခိုင်နှုန်း** ပိုများလာပါသည်။

မေးခွန်း-၃၅ ကို မေးမြန်းရာတွင် **‘ရှမ်းပြည်နယ်မြောက်ပိုင်းရှိ တိုင်းရင်းသားလက်နက်ကိုင်များအပေါ် တရုတ်နိုင်ငံက မည်မျှအတိုင်းအတာအထိ လွှမ်းမိုးနိုင်သနည်း’**ကို အဆင့်သတ်မှတ်ပေးရန် မေးမြန်းခဲ့ခြင်းဖြစ်သည်။ အဆင့် ‘၁’သည် ‘လုံးဝလွှမ်းမိုးမှုမရှိပါ’ဖြစ်ပြီး၊ ‘၄’သည် ‘အလွန်လွှမ်းမိုးမှုရှိသည်’ဟု ပိုင်းခြားသတ်မှတ်ခဲ့ပါသည်။

## ရလဒ်များကို နှိုင်းယှဉ်ပိုင်းခြားခြင်း

စစ်တမ်းဖြေဆိုခဲ့သော အသိုက်အဝန်းခြောက်ခု၏ အဖြေများကို နှိုင်းယှဉ်ကြည့်ရာတွင် အစုအဖွဲ့အားလုံးက 'လွှမ်းမိုးမှုရှိသည်'ဟု အများဆုံးယူဆခဲ့ကြသည်။ EAOs များ၏ ရာနှုန်းပြည့်၊ ထင်ရှားသူများ၏ ၉၉ ရာခိုင်နှုန်း၊ အရပ်ဘက်အဖွဲ့အစည်းများ၏ ၉၃ ရာခိုင်နှုန်းနှင့် နိုင်ငံရေးအသိုက်အဝန်း၏ ၉၁ ရာခိုင်နှုန်းတို့က ထိုသို့ယူဆခဲ့ကြခြင်းဖြစ်သည်။ ထို့အပြင် **စီးပွားရေးအသင်းအဖွဲ့များ၏ ၈၃ ရာခိုင်နှုန်းနှင့် PDFs/LDFs များ၏ ၈၂ ရာခိုင်နှုန်းကလည်း ထိုအတိုင်းယူဆကြသည်ကို တွေ့ရသည်။** ထူးခြားချက်အနေဖြင့် **နိုင်ငံရေးအသိုက်အဝန်း၏ ၄၈ ရာခိုင်နှုန်းက** 'အလွန်လွှမ်းမိုးမှုရှိသည်'ဟူ၍ပင် ဖြေဆိုခဲ့ခြင်းဖြစ်သည်။

မေးခွန်း-၃၅


'ရှမ်းပြည်နယ်မြောက်ပိုင်းရှိ တိုင်းရင်းသားလက်နက်ကိုင်များကို တရုတ်နိုင်ငံ မည်မျှလွှမ်းမိုးမှုရှိသနည်း' အပေါ် ဖြေဆိုချက်များ

| | စုစုပေါင်း | အရပ်ဘက်အဖွဲ့အစည်းများ | နိုင်ငံရေးအသိုက်အဝန်း | စီးပွားရေးအသိုက်အဝန်း | ထင်ရှားသူများ | EAOs | PDFs/LDFs |
|---|---|---|---|---|---|---|---|
| လုံးဝလွှမ်းမိုးမှုမရှိပါ | ၀% | ၀% | ၀% | ၀% | ၀% | ၀% | ၉% |
| လွှမ်းမိုးမှုမရှိပါ | ၂% | ၃% | ၅% | ၅% | ၀% | ၀% | ၀% |
| လွှမ်းမိုးမှုရှိသည် | ၅၈% | ၅၇% | ၄၃% | ၄၉% | ၆၉% | ၆၇% | ၅၅% |
| အလွန်လွှမ်းမိုးမှုရှိသည် | ၃၄% | ၃၆% | ၄၈% | ၃၄% | ၃၀% | ၃၃% | ၂၇% |
| မသိပါ | ၃% | ၃% | ၄% | ၂% | ၀% | ၀% | ၉% |
| ဖြေဆိုရန်ငြင်းဆန် | ၃% | ၁% | ၀% | ၁၀% | ၁% | ၀% | ၀% |

ရလဒ်များကို နှိုင်းယှဉ်ပိုင်းခြားရာတွင် 'လုံးဝလွှမ်းမိုးမှုမရှိပါ'နှင့် 'လွှမ်းမိုးမှုမရှိပါ'နှစ်ရပ်ပေါင်းကို 'လွှမ်းမိုးမှုမရှိပါ'ဟုလည်းကောင်း၊ 'လွှမ်းမိုးမှုရှိသည်'နှင့် 'အလွန်လွှမ်းမိုးမှုရှိသည်'နှစ်ရပ်ပေါင်းကို 'လွှမ်းမိုးမှုရှိသည်'ဟုလည်းကောင်း တွက်ချက်ပါသည်။

မေးခွန်း-၃၆

## စစ်ကောင်စီအပေါ် တရုတ်နိုင်ငံက မည်မျှလွှမ်းမိုးသနည်း




တရုတ်နိုင်ငံသည် စစ်ကောင်စီအပေါ် လွှမ်းမိုးမှုရှိကြောင်း ဖြေဆိုသူ **၆၃ ရာခိုင်နှုန်း**က ဆိုခဲ့ပြီး အလွန်လွှမ်းမိုးမှုရှိကြောင်း ဖြေသူ **၂၀ ရာခိုင်နှုန်း**ရှိပါသည်။ **'လွှမ်းမိုးမှုမရှိပါ'**ဟု ဖြေဆိုသူ **၁၂ ရာခိုင်နှုန်း** ရှိခဲ့ပြီး **'လုံးဝလွှမ်းမိုးမှုမရှိပါ'**ဟု ဖြေဆိုသူမှာ **တစ်ရာခိုင်နှုန်း**သာ ရှိခဲ့ပါသည်။

၂၀၂၂ ခုနှစ်က ကောက်ယူခဲ့သော စစ်တမ်းရလဒ်နှင့် နှိုင်းယှဉ်ပါက ကွာဟချက် ကြီးကြီးမားမားမရှိခဲ့ပေ။ သို့သော် လွှမ်းမိုးမှုမရှိကြောင်းဖြေဆိုမှုသည် **ငါးရာခိုင်နှုန်း** ပိုများလာပါသည်။ ယင်းအပြင် အလွန်လွှမ်းမိုးမှုရှိကြောင်း ထင်မြင်သူမှာ **သုံးရာခိုင်နှုန်း** လျော့ကျခဲ့သည်။

မေးခွန်း-၃၆ ကို မေးမြန်းရာတွင် **'တရုတ်နိုင်ငံက စစ်ကောင်စီအပေါ် မည်မျှအတိုင်းအတာအထိ လွှမ်းမိုးနိုင်သနည်း'**ကို အဆင့်သတ်မှတ်ပေးရန် မေးမြန်းခဲ့ခြင်းဖြစ်သည်။ အဆင့် '၁'သည် 'လုံးဝလွှမ်းမိုးမှုမရှိပါ'ဖြစ်ပြီး၊ '၄'သည် 'အလွန်လွှမ်းမိုးမှုရှိသည်'ဟု ပိုင်းခြားသတ်မှတ်ခဲ့ပါသည်။

## ရလဒ်များကို နှိုင်းယှဉ်ပိုင်းခြားခြင်း

စစ်တမ်းဖြေဆိုခဲ့သော အသိုက်အဝန်းခြောက်ခု၏ အဖြေများကို နှိုင်းယှဉ်ကြည့်ရာတွင် စစ်ကောင်စီအပေါ် တရုတ်နိုင်ငံကလွှမ်းမိုးမှုရှိကြောင်း အစုအဖွဲ့အားလုံးက ဖြေဆိုခဲ့ကြသည်။ PDFs/LDFs များ၏ ရာနှုန်းပြည့်က ထိုအတိုင်းယူဆကြပြီး အများဆုံးဖြစ်သည်။ **အရပ်ဘက်အဖွဲ့အစည်းများ၏ ၉၅ ရာခိုင်နှုန်း၊ ထင်ရှားသူများ၏ ၇၉ ရာခိုင်နှုန်း၊** EAOs **များ၏ ၇၃ ရာခိုင်နှုန်း၊ နိုင်ငံရေးအသိုက်အဝန်း၏ ၇၁ ရာခိုင်နှုန်းနှင့် စီးပွားရေးအသင်းအဖွဲ့များ၏ ၆၁ ရာခိုင်နှုန်းတို့ကလည်း** လွှမ်းမိုးမှုရှိကြောင်း ဖြေဆိုခဲ့ကြသည်။ ထူးခြားချက်အနေဖြင့် PDFs/LDFs များ၏ **၄၅ ရာခိုင်နှုန်းက** ‘လွှမ်းမိုးမှုရှိသည်’ဟု ဖြေဆိုခဲ့ပြီး ကျန် **၅၅ ရာခိုင်နှုန်းက** အလွန်လွှမ်းမိုးမှုရှိကြောင်း ဖြေဆိုခဲ့ကြခြင်းဖြစ်ပါသည်။

မေးခွန်း-၃၆


‘စစ်ကောင်စီကို တရုတ်နိုင်ငံ မည်မျှလွှမ်းမိုးသနည်း’ အပေါ် ဖြေဆိုချက်များ

| | စုစုပေါင်း | အရပ်ဘက် အဖွဲ့အစည်းများ | နိုင်ငံရေး အသိုက်အဝန်း | စီးပွားရေး အသိုက်အဝန်း | ထင်ရှားသူများ | EAOs | PDFs/LDFs |
|---|---|---|---|---|---|---|---|
| လုံးဝလွှမ်းမိုးမှုမရှိပါ | ၁% | ၀% | ၀% | ၅% | ၂% | ၀% | ၀% |
| လွှမ်းမိုးမှုမရှိပါ | ၁၂% | ၄% | ၁၉% | ၂၂% | ၁၅% | ၂၇% | ၀% |
| လွှမ်းမိုးမှုရှိသည် | ၆၃% | ၆၈% | ၇၁% | ၅၄% | ၆၁% | ၆၀% | ၄၅% |
| အလွန်လွှမ်းမိုးမှုရှိသည် | ၂၀% | ၂၇% | ၀% | ၇% | ၁၈% | ၁၃% | ၅၅% |
| မသိပါ | ၂% | ၁% | ၁၀% | ၅% | ၁% | ၀% | ၀% |
| ဖြေဆိုရန်ငြင်းဆန် | ၂% | ၀% | ၀% | ၇% | ၃% | ၀% | ၀% |

ရလဒ်များကို နှိုင်းယှဉ်ပိုင်းခြားရာတွင် ‘လုံးဝလွှမ်းမိုးမှုမရှိပါ’နှင့် ‘လွှမ်းမိုးမှုမရှိပါ’နှစ်ရပ်ပေါင်းကို ‘လွှမ်းမိုးမှုမရှိပါ’ဟုလည်းကောင်း၊ ‘လွှမ်းမိုးမှုရှိသည်’နှင့် ‘အလွန်လွှမ်းမိုးမှုရှိသည်’နှစ်ရပ်ပေါင်းကို ‘လွှမ်းမိုးမှုရှိသည်’ဟုလည်းကောင်း တွက်ချက်ပါသည်။

မေးခွန်း-၃၇

## မြန်မာ့ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ထိရောက်အောင်မြင်ရန် တရုတ်နိုင်ငံက မည်သို့ပါဝင်သင့်သနည်း




- လုံးဝမပါဝင်သင့်ပါ
- ငြိမ်းချမ်းရေးဆွေးနွေးပွဲများဖြစ်မြောက်ရန် ဘက်အသီးသီးကိုတွန်းအားပေးသင့်သည်
- ငြိမ်းချမ်းရေးဆွေးနွေးပွဲများတွင် ကြားဝင်စေ့စပ်ပေးသူအဖြစ် ပါဝင်သင့်သည်
- ငြိမ်းချမ်းရေးအတွက်လိုအပ်သော အကူအညီအထောက်အပံ့များ ပေးသင့်သည်
- နိုင်ငံတကာနှင့် ပိုမိုပူးပေါင်းဆောင်ရွက်သင့်သည်
- အခြား
- မသိပါ
- ဖြေဆိုရန်ငြင်းဆန်

မြန်မာ့ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ထိရောက်အောင်မြင်စေရန် တရုတ်နိုင်ငံအနေနှင့် နိုင်ငံတကာနှင့် ပိုမိုပူးပေါင်းဆောင်ရွက်သင့်ကြောင်း ဖြေဆိုသူ **၅၆ ရာခိုင်နှုန်း**က ဆိုပါသည်။ ငြိမ်းချမ်းရေးဆွေးနွေးပွဲများဖြစ်မြောက်ရေး ဘက်အသီးသီးကို တွန်းအားပေးသင့်ကြောင်း **၁၅ ရာခိုင်နှုန်း**က ဖြေဆိုခဲ့ကြပြီး ငြိမ်းချမ်းရေးအတွက် လိုအပ်သောအကူအညီများ ပေးသင့်ကြောင်း **၁၃ ရာခိုင်နှုန်း**က ယူဆခဲ့သည်။ ငြိမ်းချမ်းရေးဆွေးနွေးပွဲများ၌ ကြားဝင်စေ့စပ်ပေးသူအဖြစ် ပါဝင်သင့်ကြောင်းယူဆသူမှာ **၁၂ ရာခိုင်နှုန်း** ရှိပါသည်။

၂၀၂၂ ခုနှစ်က ကောက်ယူခဲ့သော စစ်တမ်းရလဒ်နှင့် နှိုင်းယှဉ်ပါက နိုင်ငံတကာနှင့် ပိုမိုပူးပေါင်းသင့်ကြောင်း ဖြေဆိုသူ **၁၀ ရာခိုင်နှုန်း** ပိုများလာပါသည်။ ထို့အပြင် လုံးဝမပါဝင်သင့်ကြောင်း ပြောသူမှာလည်း **သုံးရာခိုင်နှုန်း** လျော့ကျသွားပါသည်။

မေးခွန်း-၃၇ ကို မေးမြန်းရာတွင် '**မြန်မာ့ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ထိရောက်အောင်မြင်ရန်အတွက် တရုတ်နိုင်ငံအနေနှင့် မည်သို့ပါဝင်သင့်သနည်း**'ဟု မေးမြန်းခဲ့ခြင်းဖြစ်သည်။ ထိုသို့မေးမြန်းရာတွင် အဖြေများကိုဖတ်ပြခဲ့ပြီး တခုကိုသာ ရွေးချယ်စေခဲ့ပါသည်။

## ရလဒ်များကို နှိုင်းယှဉ်ပိုင်းခြားခြင်း

စစ်တမ်းဖြေဆိုခဲ့သော အသိုက်အဝန်းခြောက်ခု၏ အဖြေများကို နှိုင်းယှဉ်ကြည့်ရာတွင် 'မြန်မာ့ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ထိရောက်အောင်မြင်စေရန်အတွက် တရုတ်နိုင်ငံအနေနှင့် နိုင်ငံတကာနှင့် ပိုမိုပူးပေါင်းဆောင်ရွက်သင့်သည်'ဟု အစုအဖွဲ့အားလုံးက အများဆုံးယူဆကြသည်။ PDFs/LDFs များ၏ ၇၃ ရာခိုင်နှုန်း၊ အရပ်ဘက်အဖွဲ့အစည်းများ၏ ၆၈ ရာခိုင်နှုန်း၊ ထင်ရှားသူများ၏ ၅၅ ရာခိုင်နှုန်း၊ EAOs များ၏ ၄၇ ရာခိုင်နှုန်း၊ စီးပွားရေးအသင်းအဖွဲ့များ၏ ၃၉ ရာခိုင်နှုန်းနှင့် နိုင်ငံရေးအသိုက်အဝန်း၏ ၂၉ ရာခိုင်နှုန်းတို့က ထိုသို့ဖြေဆိုခဲ့ကြခြင်းဖြစ်သည်။ ထူးခြားချက်တခုမှာ တရုတ်နိုင်ငံအနေနှင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲများတွင် ကြားဝင်စေ့စပ်ပေးသူအဖြစ် ပါဝင်သင့်ကြောင်း **နိုင်ငံရေးအသိုက်အဝန်း၏ ၂၉ ရာခိုင်နှုန်းက** ယူဆခဲ့သည်ကို တွေ့ရပါသည်။


မေးခွန်း-၃၇

'မြန်မာ့ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ထိရောက်အောင်မြင်ရန် တရုတ်နိုင်ငံက မည်သို့ပါဝင်သင့်သနည်း' အပေါ် ဖြေဆိုချက်များ

| | စုစုပေါင်း | အရပ်ဘက် အဖွဲ့အစည်းများ | နိုင်ငံရေး အသိုက်အဝန်း | စီးပွားရေး အသိုက်အဝန်း | ထင်ရှားသူများ | EAOs | PDFs/LDFs |
|---|---|---|---|---|---|---|---|
| လုံးဝမပါဝင်သင့်ပါ | ၂% | ၅% | ၀% | ၀% | ၀% | ၀% | ၀% |
| ငြိမ်းချမ်းရေးဆွေးနွေးပွဲများ ဖြစ်မြောက်ရန် ဘက်အသီးသီးကို တွန်းအားပေးသင့်သည် | ၁၅% | ၁၀% | ၂၄% | ၁၅% | ၁၈% | ၂၀% | ၁၈% |
| ငြိမ်းချမ်းရေးဆွေးနွေးပွဲများတွင် ကြားဝင်စေ့စပ်ပေးသူအဖြစ် ပါဝင်သင့်သည် | ၁၂% | ၄% | ၂၉% | ၁၇% | ၁၆% | ၂၀% | ၀% |
| ငြိမ်းချမ်းရေးအတွက် လိုအပ်သော အကူအညီ အထောက်အပံ့များ ပေးသင့်သည် | ၁၃% | ၁၁% | ၉% | ၂၇% | ၈% | ၁၃% | ၉% |
| နိုင်ငံတကာနှင့် ပိုမို ပူးပေါင်းဆောင်ရွက်သင့်သည် | ၅၆% | ၆၈% | ၂၉% | ၃၉% | ၅၅% | ၄၇% | ၇၃% |
| အခြား | ၂% | ၁% | ၉% | ၀% | ၃% | ၀% | ၀% |
| မသိပါ | ၀% | ၁% | ၀% | ၀% | ၀% | ၀% | ၀% |
| ဖြေဆိုရန်ငြင်းဆန် | ၀% | ၀% | ၀% | ၂% | ၀% | ၀% | ၀% |

## မေးခွန်း-၃၈

# မြန်မာနိုင်ငံ၌ ငြိမ်းချမ်းရေးရရှိရေးအတွက် ဦးစားပေးဖြေရှင်းနိုင်မည့် နည်းလမ်းနှစ်သွယ်




မြန်မာနိုင်ငံ ငြိမ်းချမ်းရေးရရှိရေးအတွက် ဦးစားပေးဖြေရှင်းရမည့် အချက်နှစ်ချက်ကို ပေးထားခဲ့ပြီး ရွေးချယ်စေခဲ့ရာ **‘ဒီမိုကရေစီစနစ်ထွန်းကားရေးနှင့် နိုင်ငံရေးအင်စတီကျူးရှင်းများ ပြုပြင်ပြောင်းလဲရေးကို ဦးစားပေးရမည်’**ဟု ဖြေဆိုသူ ၈၀ ရာခိုင်နှုန်းရှိပါသည်။ **‘စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ဦးစားပေးရမည်’**ဟု ဖြေဆိုသူ ၁၄ ရာခိုင်နှုန်း ရှိပါသည်။

၂၀၂၂ ခုနှစ်က ကောက်ယူခဲ့သော စစ်တမ်းရလဒ်နှင့် နှိုင်းယှဉ်ပါက **‘ဒီမိုကရေစီစနစ်ထွန်းကားရေးနှင့် နိုင်ငံရေးအင်စတီကျူးရှင်းများ ပြုပြင်ပြောင်းလဲရေးကို ဦးစားပေးရမည်’**ဟူသော ဖြေဆိုမှုမှာ ၁၀ ရာခိုင်နှုန်း ပိုများလာပါသည်။

မေးခွန်း-၃၈ ကို မေးမြန်းရာတွင် ‘လက်ရှိမြန်မာနိုင်ငံတွင် ငြိမ်းချမ်းရေးရရှိရေးအတွက် ဦးစားပေးဖြေရှင်းနိုင်မည့် နည်းလမ်းနှစ်ခု’ကို ဖတ်ပြခဲ့ပြီး သဘောထားနှင့် အနီးစပ်ဆုံးတူညီသည့် တခုကိုသာ ရွေးချယ်စေခဲ့ခြင်းဖြစ်သည်။

## ရလဒ်များကို နှိုင်းယှဉ်ပိုင်းခြားခြင်း

စစ်တမ်းဖြေဆိုခဲ့သော အသိုက်အဝန်းခြောက်ခု၏ အဖြေများကို နှိုင်းယှဉ်ကြည့်ရာတွင် ဒီမိုကရေစီ စနစ်ထွန်းကားရေးနှင့် နိုင်ငံရေးအင်စတီကျူးရှင်းများ ပြုပြင်ပြောင်းလဲရေးကို ဦးစားပေးဖြေရှင်းရမည်ဟု အစုအဖွဲ့အများစုက ဖြေဆိုကြသည်။ EAOs များအားလုံးက ထိုအတိုင်းယူဆခဲ့ကြသည်။ အရပ်ဘက်အဖွဲ့အစည်းများ၏ ၉၂ ရာခိုင်နှုန်း၊ PDFs/LDFs များ၏ ၉၁ ရာခိုင်နှုန်း၊ ထင်ရှားသူများ၏ ၈၄ ရာခိုင်နှုန်းနှင့် နိုင်ငံရေးအသိုက်အဝန်း၏ ၆၇ ရာခိုင်နှုန်းတို့ကလည်း ထိုအတိုင်း ဖြေဆိုခဲ့ကြခြင်း ဖြစ်သည်။ စီးပွားရေးအသင်းအဖွဲ့များ၏ ၄၆ ရာခိုင်နှုန်းက 'စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန်ဦးစားပေး ဆောင်ရွက်ရပါမည်'ဟု ဖြေဆိုခဲ့ကြသည်။


မေးခွန်း-၃၈

'မြန်မာနိုင်ငံ၌ ငြိမ်းချမ်းရေးရရှိရေးအတွက် ဦးစားပေးဖြေရှင်းနိုင်မည့် နည်းလမ်းနှစ်သွယ်' အပေါ် ဖြေဆိုချက်များ

| | စုစုပေါင်း | အရပ်ဘက် အဖွဲ့အစည်းများ | နိုင်ငံရေး အသိုက်အဝန်း | စီးပွားရေး အသိုက်အဝန်း | ထင်ရှားသူများ | EAOs | PDFs/LDFs |
|---|---|---|---|---|---|---|---|
| စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန် ဦးစားပေးဆောင်ရွက်ရပါမည် | ၁၄% | ၂% | ၂၉% | ၄၆% | ၁၃% | ၀% | ၉% |
| ဒီမိုကရေစီစနစ်ထွန်းကားရေးနှင့် နိုင်ငံရေးအင်စတီကျူးရှင်းများ ပြုပြင်ပြောင်းလဲရေးကို ဦးစားပေးဆောင်ရွက်ရပါမည် | ၈၀% | ၉၂% | ၆၇% | ၄၄% | ၈၄% | ၁၀၀% | ၉၁% |
| မသိပါ | ၂% | ၃% | ၄% | ၂% | ၀% | ၀% | ၀% |
| ဖြေဆိုရန်ငြင်းဆန် | ၄% | ၃% | ၀% | ၈% | ၃% | ၀% | ၀% |

မေးခွန်း-၃၉

## မြန်မာ့ငြိမ်းချမ်းရေးအတွက် တရုတ်နိုင်ငံ၏ အားထုတ်မှုအပေါ် သဘောထား




၂၀၂၁ ခုနှစ် အာဏာသိမ်းမှုအလွန် မြန်မာ့ငြိမ်းချမ်းရေးအတွက် တရုတ်နိုင်ငံ၏ အားထုတ်မှုနှင့်ပတ်သက်၍ မေးမြန်းခဲ့ရာတွင် (မြန်မာနိုင်ငံအတွင်း) တရုတ်အကျိုးစီးပွားများတည်ရှိသော နယ်မြေများ တည်ငြိမ်ရေးကိုသာ ဦးစားပေးကြောင်း ဖြေဆိုသူ **၆၆ ရာခိုင်နှုန်း**ရှိပါသည်။ တရုတ်အကျိုးစီးပွားနှင့် ဆက်စပ်နေသော လက်နက်ကိုင်အဖွဲ့များ အင်အားကြီးလာရေးကို ဦးစားပေးကြောင်း **၁၄ ရာခိုင်နှုန်း** ကယူဆပါသည်။ မြန်မာတနိုင်ငံလုံးငြိမ်းချမ်းရေးကို ဦးစားပေးကြောင်းဖြေဆိုသူ **ခြောက်ရာခိုင်နှုန်း**ရှိပြီး ဖက်ဒရယ်ဒီမိုကရေစီနိုင်ငံဖြစ်လာရေးကို ဦးစားပေးသည်ဟု ဖြေဆိုသူမှာ **တစ်ရာခိုင်နှုန်း**သာရှိသည်။ ဖော်ပြထားသောအချက်များကို တခုမျှသဘောမတူကြောင်း ဖြေဆိုသူ **ကိုးရာခိုင်နှုန်း**ရှိပါသည်။ ဤမေးခွန်းကို ယခုစစ်တမ်းကောက်ယူချိန်တွင် အသစ်ထည့်သွင်းထားခြင်းဖြစ်သည်။

မေးခွန်း-၃၉ ကို မေးမြန်းရာတွင် **‘အာဏာသိမ်းမှုအလွန် မြန်မာနိုင်ငံ၌ တရုတ်နိုင်ငံ၏ ငြိမ်းချမ်းရေးအားထုတ်မှုနှင့်ပတ်သက်ပြီး သုံးသပ်ချက်တချို့’** အား ဖတ်ပြခဲ့ပြီး သဘောထားနှင့်အတိုက်ဆိုင်ဆုံး တခုကိုသာ ရွေးချယ်စေခဲ့ပါသည်။

## ရလဒ်များကို နှိုင်းယှဉ်ပိုင်းခြားခြင်း

စစ်တမ်းဖြေဆိုခဲ့သော အသိုက်အဝန်းခြောက်ခု၏ အဖြေများကို နှိုင်းယှဉ်ကြည့်ရာတွင် (မြန်မာနိုင်ငံအတွင်း) တရုတ်အကျိုးစီးပွားများတည်ရှိသော နယ်မြေများ တည်ငြိမ်ရေးကိုသာ ဦးစားပေးသည်ဟု အစုအဖွဲ့အားလုံးက အများဆုံးယူဆကြသည်ကို တွေ့ရသည်။ **ထင်ရှားသူများ၏ ၈၄ ရာခိုင်နှုန်း၊** PDFs/LDFs များ၏ ၈၂ ရာခိုင်နှုန်းနှင့် EAOs များ၏ ၈၀ ရာခိုင်နှုန်းတို့က ထိုသို့ ဖြေဆိုခဲ့ခြင်းဖြစ်သည်။ **အရပ်ဘက်အဖွဲ့အစည်းများ၏ ၅၈ ရာခိုင်နှုန်း၊ နိုင်ငံရေးအသိုက်အဝန်း၏ ၅၇ ရာခိုင်နှုန်းနှင့် စီးပွားရေးအသင်းအဖွဲ့များ၏ ၅၄ ရာခိုင်နှုန်းတို့ကလည်း** ထိုအတိုင်းဖြေဆိုကြပါသည်။


မေးခွန်း-၁၉

'မြန်မာ့ငြိမ်းချမ်းရေးအတွက် တရုတ်နိုင်ငံ၏ အားထုတ်မှု' အပေါ် ဖြေဆိုချက်များ

| | စုစုပေါင်း | အရပ်ဘက် အဖွဲ့အစည်းများ | နိုင်ငံရေး အသိုက်အဝန်း | စီးပွားရေး အသိုက်အဝန်း | ထင်ရှားသူများ | EAOs | PDFs/LDFs |
|---|---|---|---|---|---|---|---|
| တရုတ်အကျိုးစီးပွားများတည်ရှိသော နယ်မြေတည်ငြိမ်ရေးကို ဦးစားပေးသည် | ၆၆% | ၅၈% | ၅၇% | ၅၄% | ၈၄% | ၈၀% | ၈၂% |
| တရုတ်အကျိုးစီးပွားနှင့်ဆက်စပ်သော လက်နက်ကိုင်အဖွဲ့များ အင်အားကြီးလာရေးကိုသာ ဦးစားပေးသည် | ၁၄% | ၂၅% | ၁၀% | ၅% | ၅% | ၁၃% | ၀% |
| တနိုင်ငံလုံးငြိမ်းချမ်းရေးကို ဦးစားပေးသည် | ၆% | ၂% | ၁၉% | ၁၅% | ၅% | ၇% | ၀% |
| ဖက်ဒရယ်ဒီမိုကရေစီနိုင်ငံ ပေါ်ထွန်းရန်အတွက် ဦးစားပေးသည် | ၁% | ၂% | ၀% | ၂% | ၀% | ၀% | ၀% |
| အထက်တွင် ဖော်ပြထားသည်များကို တခုမျှ သဘောမတူပါ | ၉% | ၁၂% | ၅% | ၁၀% | ၅% | ၀% | ၁၈% |
| အခြား | ၀% | ၀% | ၀% | ၀% | ၁% | ၀% | ၀% |
| မသိပါ | ၂% | ၁% | ၅% | ၅% | ၀% | ၀% | ၀% |
| ဖြေဆိုရန်ငြင်းဆန် | ၂% | ၀% | ၄% | ၉% | ၀% | ၀% | ၀% |

## မေးခွန်း-၄၀

ရိုဟင်ဂျာများ နေရပ်ပြန်နိုင်ရေး တရုတ်နိုင်ငံ၏လုပ်ငန်းစဉ် ထိရောက်မှုရှိပါသလား




ရိုဟင်ဂျာများ နေရပ်ပြန်နိုင်ရေးအတွက် တရုတ်နိုင်ငံက လုပ်ဆောင်နေသော မြန်မာ-ဘင်္ဂလားဒေ့ရှ်-တရုတ် သုံးပွင့်ဆိုင်ဖြေရှင်းရေး လုပ်ငန်းစဉ်သည် ထိရောက်မှုမရှိကြောင်း **၆၄ ရာခိုင်နှုန်း**က ဖြေဆိုပါသည်။ လုံးဝမထိရောက်ကြောင်းဖြေဆိုသူ **၁၄ ရာခိုင်နှုန်း**ရှိသည်။ ထိရောက်ကြောင်းဖြေဆိုသူ **ရှစ်ရာခိုင်နှုန်း** ရှိသော်လည်း လုပ်ငန်းစဉ်ကိုမသိသူ **ကိုးရာခိုင်နှုန်း**အထိ ရှိနေပါသည်။ ဤမေးခွန်းကို ယခုစစ်တမ်းကောက်ယူချိန်တွင် အသစ်ထည့်သွင်းထားခြင်းဖြစ်သည်။

မေးခွန်း-၄၀ ကို မေးမြန်းရာတွင် **‘ရိုဟင်ဂျာများ နေရပ်ပြန်နိုင်ရေးအတွက် တရုတ်နိုင်ငံက လုပ်ဆောင်နေသည့် မြန်မာ-ဘင်္ဂလားဒေ့ရှ်-တရုတ် သုံးပွင့်ဆိုင် ဖြေရှင်းရေးလုပ်ငန်းစဉ်သည် ထိရောက်မှု ရှိ၊ မရှိကို အဆင့်သတ်မှတ်ပေးရန်’** မေးမြန်းခဲ့ခြင်းဖြစ်သည်။ အဆင့် ‘၁’သည် ‘လုံးဝမထိရောက်ပါ’ ဖြစ်သည် ‘၄’သည် ‘အလွန်ထိရောက်ပါသည်’ဟု ပိုင်းခြားသတ်မှတ်ခဲ့ပါသည်။

## ရလဒ်များကို နှိုင်းယှဉ်ပိုင်းခြားခြင်း

စစ်တမ်းဖြေဆိုခဲ့သော အသိုက်အဝန်းခြောက်ခု၏ အဖြေများကို နှိုင်းယှဉ်ကြည့်ရာတွင် တရုတ်နိုင်ငံ၏ မြန်မာ-ဘင်္ဂလားဒေ့ရှ်-တရုတ် သုံးပွင့်ဆိုင်ဖြေရှင်းရေးလုပ်ငန်းစဉ်သည် မထိရောက်ကြောင်း အစုအဖွဲ့အားလုံးက ယူဆခဲ့ကြသည်။ **အရပ်ဘက်အဖွဲ့အစည်းများ၏ ၈၉ ရာခိုင်နှုန်း၊ ထင်ရှားသူများ၏ ၈၂ ရာခိုင်နှုန်းနှင့် EAOs များ၏ ၈၀ ရာခိုင်နှုန်းတို့က** ထိုသို့ဖြေဆိုခဲ့ကြသည်။ **စီးပွားရေးအသင်းအဖွဲ့များ၏ ၆၄ ရာခိုင်နှုန်း၊ PDFs/LDFs များ၏ ၅၄ ရာခိုင်နှုန်းနှင့် နိုင်ငံရေးအသိုက်အဝန်း၏ ၅၃ ရာခိုင်နှုန်းတို့က** လည်း ထိုအတိုင်းယူဆကြပါသည်။ ထူးခြားချက်အနေဖြင့် **PDFs/LDFs များ၏ ၃၆ ရာခိုင်နှုန်းက** ‘ထိရောက်သည်’ဟု ဖြေကြားခဲ့ကြခြင်းဖြစ်ပါသည်။

မေးခွန်း-၄၀

‘ရိုဟင်ဂျာများ နေရပ်ပြန်နိုင်ရေး တရုတ်နိုင်ငံ၏လုပ်ငန်းစဉ် ထိရောက်မှုရှိပါသလား’ အပေါ် ဖြေဆိုချက်များ

| | စုစုပေါင်း | အရပ်ဘက် အဖွဲ့အစည်းများ | နိုင်ငံရေး အသိုက်အဝန်း | စီးပွားရေး အသိုက်အဝန်း | ထင်ရှားသူများ | EAOs | PDFs/LDFs |
|---|---|---|---|---|---|---|---|
| လုံးဝမထိရောက်ပါ | ၁၄% | ၁၅% | ၅% | ၁၀% | ၂၀% | ၁၃% | ၁၈% |
| မထိရောက်ပါ | ၆၄% | ၇၄% | ၄၈% | ၅၄% | ၆၂% | ၆၇% | ၃၆% |
| ထိရောက်ပါသည် | ၈% | ၃% | ၁၉% | ၁၂% | ၅% | ၇% | ၃၆% |
| အလွန်ထိရောက်ပါသည် | ၀% | ၀% | ၀% | ၀% | ၀% | ၀% | ၀% |
| မသိပါ | ၉% | ၆% | ၁၄% | ၁၇% | ၈% | ၇% | ၁၀% |
| ဖြေဆိုရန်ငြင်းဆန် | ၅% | ၂% | ၁၄% | ၇% | ၅% | ၆% | ၀% |


ရလဒ်များကို နှိုင်းယှဉ်ပိုင်းခြားရာတွင် ‘လုံးဝမထိရောက်ပါ’နှင့် ‘မထိရောက်ပါ’နှစ်ရပ်ပေါင်းကို ‘မထိရောက်ပါ’ဟုလည်းကောင်း၊ ‘ထိရောက်ပါသည်’နှင့် ‘အလွန်ထိရောက်ပါသည်’နှစ်ရပ်ပေါင်းကို ‘ထိရောက်ပါသည်’ဟုလည်းကောင်း တွက်ချက်ပါသည်။

မေးခွန်း-၄၁ မှ ၄၄ အထိ


## ရှမ်းမြောက် EAOs များနှင့် စစ်ကောင်စီအကြား တရုတ်နိုင်ငံက ကြားဝင်ဆောင်ရွက်နေသော ဆွေးနွေးပွဲများ၏ သက်ရောက်မှု

- လုံးဝသဘောမတူပါ
- သဘောမတူပါ
- သဘောတူပါသည်
- အပြည့်အဝသဘောတူပါသည်
- မသိပါ
- ဖြေဆိုရန်ငြင်းဆန်

**မေးခွန်း-၄၁**
အာဏာသိမ်းမှုအလွန် ပေါ်ပေါက်လာသော နိုင်ငံရေးအင်အားစုများကို အားနည်းသွားစေသည်





**မေးခွန်း-၄၂**
မြန်မာနိုင်ငံ၌ ငြိမ်းချမ်းရေးရရှိလာရန် အထောက်အကူဖြစ်စေသည်




**မေးခွန်း-၄၃**
မြန်မာနိုင်ငံအတွင်း ပဋိပက္ခများ ပိုမိုဆိုးရွားစေသည်




**မေးခွန်း-၄၄**
ရေတို အပစ်အခတ်ရပ်စဲရေးကိုသာ ဦးတည်စေသည်




မေးခွန်း-၄၁ မှ ၄၄ အထိကို မေးမြန်းရာတွင် **'ရှမ်းပြည်နယ်မြောက်ပိုင်းအခြေစိုက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် စစ်ကောင်စီအကြား တရုတ်နိုင်ငံ ကြားဝင်ဆောင်ရွက်ပေးနေသည့် ဆွေးနွေးပွဲများ၏ သက်ရောက်မှုများနှင့်သက်ဆိုင်သည့် အယူအဆလေးချက်'**ကို ဖတ်ပြခဲ့ပြီး တချက်ချင်းစီအပေါ် သဘောတူ၊ မတူ မေးမြန်းခဲ့ခြင်းဖြစ်သည်။ အဆင့် '၁'သည် 'လုံးဝမကောင်းပါ'ဖြစ်ပြီး၊ '၄'သည် 'အလွန်ကောင်းပါသည်'ဟု သတ်မှတ်ခဲ့သည်။

## ရလဒ်များကို နှိုင်းယှဉ်ပိုင်းခြားခြင်း

စစ်တမ်းဖြေဆိုခဲ့သော အသိုက်အဝန်းခြောက်ခု၏ အဖြေများကို နှိုင်းယှဉ်ကြည့်ရာတွင် တရုတ်နိုင်ငံက ကြားဝင်ပေးနေသော ဆွေးနွေးပွဲများသည် အာဏာသိမ်းမှုအလွန် ပေါ်ပေါက်လာသည့် နိုင်ငံရေးအင်အားစုများကို အားနည်းသွားစေနိုင်မည်မဟုတ်ကြောင်း အစုအဖွဲ့အများစုက ယူဆကြသည်။ **EAOs များ၏ ၆၀ ရာခိုင်နှုန်း၊ အရပ်ဘက်အဖွဲ့အစည်းများ၏ ၅၁ ရာခိုင်နှုန်း၊ ထင်ရှားသူများ၏ ၄၈ ရာခိုင်နှုန်း၊ စီးပွားရေးအသင်းအဖွဲ့များ၏ ၄၄ ရာခိုင်နှုန်း၊ PDFs/LDFs များ၏ ၃၆ ရာခိုင်နှုန်းနှင့် နိုင်ငံရေးအသိုက်အဝန်း၏ ၃၄ ရာခိုင်နှုန်းတို့က** ထိုကဲ့သို့ ဖြေဆိုခဲ့ကြသည်။ မြန်မာနိုင်ငံ ငြိမ်းချမ်းရေးရရှိရန်အတွက် အထောက်အကူမဖြစ်နိုင်ကြောင်းလည်း အစုအဖွဲ့အများစုက ယူဆပါသည်။ **အရပ်ဘက်အဖွဲ့အစည်းများ၏ ၈၂ ရာခိုင်နှုန်း၊ နိုင်ငံရေးအသိုက်အဝန်း၏ ၄၃ ရာခိုင်နှုန်းတို့က** ထိုသို့ဖြေဆိုပါသည်။ ထူးခြားချက်အနေဖြင့် **နိုင်ငံရေးအသိုက်အဝန်း၏** နောက်ထပ် **၄၃ ရာခိုင်နှုန်းက** အထောက်အကူဖြစ်နိုင်ကြောင်း ရှုမြင်ခဲ့ကြသည်။ ‘မြန်မာနိုင်ငံတွင်း ပဋိပက္ခများကို ပိုမိုဆိုးရွားစေသည်’နှင့် ‘ရေတိုအပစ်အခတ်ရပ်စဲရေးကိုသာ ဦးတည်စေသည်’ဆိုသောအချက်များကို **အရပ်ဘက်အဖွဲ့အစည်းများ၏ ၇၀ ရာခိုင်နှုန်းနှင့် PDFs/LDFs များ၏ ၆၄ ရာခိုင်နှုန်းက** သဘောတူကြောင်း ယူဆခဲ့သော်လည်း **EAOs များ၏ ၆၀ ရာခိုင်နှုန်း၊ စီးပွားရေးအသင်းအဖွဲ့များ၏ ၅၉ ရာခိုင်နှုန်း၊ ထင်ရှားသူများ၏ ၅၆ ရာခိုင်နှုန်းနှင့် နိုင်ငံရေးအသိုက် အဝန်း၏ ၅၃ ရာခိုင်နှုန်းက** သဘောမတူကြောင်း ယူဆကြသည်ကို တွေ့ရသည်။

မေးခွန်း-၄၁

‘အာဏာသိမ်းမှုအလွန် ပေါ်ပေါက်လာသော နိုင်ငံရေးအင်အားစုများကို အားနည်းသွားစေသည်’ အပေါ် ဖြေဆိုချက်များ

| | စုစုပေါင်း | အရပ်ဘက် အဖွဲ့အစည်းများ | နိုင်ငံရေး အသိုက်အဝန်း | စီးပွားရေး အသိုက်အဝန်း | ထင်ရှားသူများ | EAOs | PDFs/LDFs |
|---|---|---|---|---|---|---|---|
| လုံးဝသဘောမတူပါ | ၅% | ၆% | ၅% | ၅% | ၅% | ၀% | ၉% |
| သဘောမတူပါ | ၄၃% | ၄၅% | ၂၉% | ၃၉% | ၄၃% | ၆၀% | ၂၇% |
| သဘောတူပါသည် | ၃၄% | ၃၄% | ၃၈% | ၂၉% | ၃၆% | ၂၇% | ၄၆% |
| အပြည့်အဝသဘောတူပါသည် | ၆% | ၉% | ၅% | ၃% | ၃% | ၇% | ၉% |
| မသိပါ | ၆% | ၃% | ၉% | ၁၂% | ၁၀% | ၀% | ၀% |
| ဖြေဆိုရန်ငြင်းဆန် | ၆% | ၃% | ၁၄% | ၁၂% | ၃% | ၆% | ၉% |

ရလဒ်များကို နှိုင်းယှဉ်ပိုင်းခြားရာတွင် ‘လုံးဝသဘောမတူပါ’နှင့် ‘သဘောမတူပါ’နှစ်ရပ်ပေါင်းကို ‘သဘောမတူပါ’ဟုလည်းကောင်း၊ ‘သဘောတူပါသည်’နှင့် ‘အပြည့်အဝသဘောတူပါသည်’နှစ်ရပ်ပေါင်းကို ‘သဘောတူပါသည်’ဟုလည်းကောင်း တွက်ချက်ပါသည်။

မေးခွန်း-၄၂

‘မြန်မာနိုင်ငံ၌ ငြိမ်းချမ်းရေးရရှိလာရန် အထောက်အကူဖြစ်စေသည်’ အပေါ် ဖြေဆိုချက်များ

| | စုစုပေါင်း | အရပ်ဘက် အဖွဲ့အစည်းများ | နိုင်ငံရေး အသိုက်အဝန်း | စီးပွားရေး အသိုက်အဝန်း | ထင်ရှားသူများ | EAOs | PDFs/LDFs |
|---|---|---|---|---|---|---|---|
| လုံးဝသဘောမတူပါ | ၁၄% | ၁၆% | ၅% | ၅% | ၁၆% | ၁၃% | ၂၈% |
| သဘောမတူပါ | ၅၂% | ၆၆% | ၃၈% | ၃၉% | ၄၈% | ၄၀% | ၃၆% |
| သဘောတူပါသည် | ၂၆% | ၁၅% | ၄၃% | ၃၇% | ၂၅% | ၄၀% | ၃၆% |
| အပြည့်အဝသဘောတူပါသည် | ၁% | ၁% | ၀% | ၂% | ၂% | ၀% | ၀% |
| မသိပါ | ၃% | ၁% | ၅% | ၇% | ၅% | ၀% | ၀% |
| ဖြေဆိုရန်ငြင်းဆန် | ၄% | ၁% | ၉% | ၁၀% | ၄% | ၇% | ၀% |

မေးခွန်း-၄၃

‘မြန်မာနိုင်ငံအတွင်း ပဋိပက္ခများ ပိုမိုဆိုးရွားစေသည်’ အပေါ် ဖြေဆိုချက်များ

| | စုစုပေါင်း | အရပ်ဘက် အဖွဲ့အစည်းများ | နိုင်ငံရေး အသိုက်အဝန်း | စီးပွားရေး အသိုက်အဝန်း | ထင်ရှားသူများ | EAOs | PDFs/LDFs |
|---|---|---|---|---|---|---|---|
| လုံးဝသဘောမတူပါ | ၂% | ၁% | ၅% | ၅% | ၀% | ၇% | ၀% |
| သဘောမတူပါ | ၄၀% | ၂၃% | ၄၈% | ၅၄% | ၅၆% | ၅၃% | ၃၆% |
| သဘောတူပါသည် | ၄၃% | ၆၃% | ၂၉% | ၂၂% | ၃၁% | ၃၃% | ၄၆% |
| အပြည့်အဝသဘောတူပါသည် | ၄% | ၇% | ၅% | ၀% | ၂% | ၀% | ၁၈% |
| မသိပါ | ၇% | ၅% | ၅% | ၁၀% | ၇% | ၀% | ၀% |
| ဖြေဆိုရန်ငြင်းဆန် | ၄% | ၁% | ၈% | ၉% | ၄% | ၇% | ၀% |

မေးခွန်း-၄၄

‘ရေတို အပစ်အခတ်ရပ်စဲရေးကိုသာ ဦးတည်စေသည်’ အပေါ် ဖြေဆိုချက်များ


| | စုစုပေါင်း | အရပ်ဘက် အဖွဲ့အစည်းများ | နိုင်ငံရေး အသိုက်အဝန်း | စီးပွားရေး အသိုက်အဝန်း | ထင်ရှားသူများ | EAOs | PDFs/LDFs |
|---|---|---|---|---|---|---|---|
| လုံးဝသဘောမတူပါ | ၂% | ၁% | ၅% | ၅% | ၀% | ၇% | ၀% |
| သဘောမတူပါ | ၄၀% | ၂၃% | ၄၈% | ၅၄% | ၅၆% | ၅၃% | ၃၆% |
| သဘောတူပါသည် | ၄၃% | ၆၃% | ၂၉% | ၂၂% | ၃၁% | ၃၃% | ၄၆% |
| အပြည့်အဝသဘောတူပါသည် | ၄% | ၇% | ၅% | ၀% | ၂% | ၀% | ၁၈% |
| မသိပါ | ၇% | ၅% | ၅% | ၁၀% | ၇% | ၀% | ၀% |
| ဖြေဆိုရန်ငြင်းဆန် | ၄% | ၁% | ၈% | ၉% | ၄% | ၇% | ၀% |

# ၄

# မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံအကြား စီးပွားရေးအရ ဆက်ဆံရေးအပေါ်အမြင်

မေးခွန်း-၄၅

## တရုတ်နိုင်ငံ၏ စီးပွားရေးရင်းနှီးမြှုပ်နှံမှုများက မြန်မာပြည်သူလူထုအတွက် မည်မျှအကျိုးရှိသနည်း




မြန်မာနိုင်ငံတွင်ရှိသော တရုတ်နိုင်ငံ၏ စီးပွားရေးရင်းနှီးမြှုပ်နှံမှုများက မြန်မာပြည်သူများအပေါ် အကျိုးရှိကြောင်း ဖြေဆိုသူ **၅၁ ရာခိုင်နှုန်း** ရှိပါသည်။ အကျိုးမရှိကြောင်းဖြေဆိုသူ **၃၄ ရာခိုင်နှုန်း**ရှိပြီး လုံးဝအကျိုးမရှိကြောင်း ဖြေဆိုသူ **၁၀ ရာခိုင်နှုန်း** ရှိပါသည်။

၂၀၂၂ ခုနှစ်က ကောက်ယူခဲ့သော စစ်တမ်းရလဒ်နှင့် နှိုင်းယှဉ်ပါက ကြီးမားသောအပြောင်းအလဲမရှိပါ။ အကျိုးမရှိကြောင်းထင်သူ **နှစ်ရာခိုင်နှုန်း** လျော့နည်းသွားသော်လည်း လုံးဝအကျိုးမရှိကြောင်းထင်သူ **လေးရာခိုင်နှုန်း** ပိုများလာသည်။

မေးခွန်း-၄၅ ကို မေးမြန်းရာတွင် **‘တရုတ်နိုင်ငံ၏ စီးပွားရေးရင်းနှီးမြှုပ်နှံမှုများက မြန်မာပြည်သူလူထုအပေါ် မည်သည့်အတိုင်းအတာအထိ အကျိုးရှိသနည်း’**ဆိုသည်ကို အဆင့်သတ်မှတ်ပေးရန် မေးမြန်းခဲ့ခြင်းဖြစ်သည်။ အဆင့် ‘၁’သည် ‘လုံးဝအကျိုးမရှိပါ’ဖြစ်ပြီး၊ ‘၄’သည် ‘အလွန်အကျိုးရှိသည်’ဟု ပိုင်းခြားသတ်မှတ်ခဲ့ပါသည်။

## ရလဒ်များကို နှိုင်းယှဉ်ပိုင်းခြားခြင်း

စစ်တမ်းဖြေဆိုခဲ့သော အသိုက်အဝန်းခြောက်ခု၏ အဖြေများကို နှိုင်းယှဉ်ကြည့်ရာတွင် တရုတ်နိုင်ငံ၏ စီးပွားရေးရင်းနှီးမြှုပ်နှံမှုများသည် မြန်မာနိုင်ငံအတွက် 'အကျိုးမရှိ'ဟု **အရပ်ဘက်အဖွဲ့အစည်းများ၏ ၆၈ ရာခိုင်နှုန်းက** အများဆုံးရှုမြင်ခဲ့သည်။ **EAOs များ၏ ၆၀ ရာခိုင်နှုန်းကလည်း** အကျိုးမရှိဟု ရှုမြင်ပါသည်။ **စီးပွားရေးအသင်းအဖွဲ့များ၏ ၈၇ ရာခိုင်နှုန်းကမူ** 'အကျိုးရှိပါသည်'ဟု အများဆုံးဖြေကြားခဲ့သည်။ **နိုင်ငံရေးအသိုက်အဝန်း၏ ၇၂ ရာခိုင်နှုန်းကလည်း** 'အကျိုးရှိသည်'ဟု ရှုမြင်ကြသည်။ ထို့အတူ **ထင်ရှားသူများ၏ ၆၄ ရာခိုင်နှုန်းနှင့် PDFs/LDFs များ၏ ၅၅ ရာခိုင်နှုန်းကလည်း** အကျိုးရှိကြောင်း ရှုမြင်ကြသည်။

မေးခွန်း-၄၅


'တရုတ်နိုင်ငံ၏ စီးပွားရေးရင်းနှီးမြှုပ်နှံမှုများက မြန်မာလူထုအတွက် အကျိုးရှိမှု' အပေါ် ဖြေဆိုချက်များ

| | စုစုပေါင်း | အရပ်ဘက် အဖွဲ့အစည်းများ | နိုင်ငံရေး အသိုက်အဝန်း | စီးပွားရေး အသိုက်အဝန်း | ထင်ရှားသူများ | EAOs | PDFs/LDFs |
|---|---|---|---|---|---|---|---|
| လုံးဝအကျိုးမရှိပါ | ၁၀% | ၂၀% | ၀% | ၀% | ၇% | ၀% | ၀% |
| အကျိုးမရှိပါ | ၃၄% | ၄၈% | ၂၄% | ၁၀% | ၂၅% | ၆၀% | ၃၆% |
| အကျိုးရှိသည် | ၅၁% | ၃၀% | ၆၇% | ၈၀% | ၆၄% | ၄၀% | ၅၅% |
| အလွန်အကျိုးရှိသည် | ၂% | ၀% | ၅% | ၇% | ၀% | ၀% | ၀% |
| မသိပါ | ၁% | ၀% | ၄% | ၀% | ၃% | ၀% | ၀% |
| ဖြေဆိုရန်ငြင်းဆန် | ၂% | ၂% | ၀% | ၃% | ၁% | ၀% | ၉% |

ရလဒ်များကို နှိုင်းယှဉ်ပိုင်းခြားရာတွင် 'လုံးဝအကျိုးမရှိပါ'နှင့် 'အကျိုးမရှိပါ'နှစ်ရပ်ပေါင်းကို 'အကျိုးမရှိပါ'ဟုလည်းကောင်း၊ 'အကျိုးရှိသည်'နှင့် 'အလွန်အကျိုးရှိသည်'နှစ်ရပ်ပေါင်းကို 'အကျိုးရှိသည်'ဟုလည်းကောင်း တွက်ချက်ပါသည်။

မေးခွန်း-၄၆

## တရုတ်နိုင်ငံသည် မြန်မာနိုင်ငံအတွက် အကြီးမားဆုံးစီးပွားဖက်ဖြစ်နေခြင်းကို မည်သို့ သဘောထားသနည်း




တရုတ်နိုင်ငံသည် မြန်မာနိုင်ငံအတွက် အကြီးမားဆုံးစီးပွားဖက် ဖြစ်နေခြင်းကို စိုးရိမ်စရာဟုထင်မြင်သူ **၆၄ ရာခိုင်နှုန်း**ရှိပြီး ကြိုဆိုစရာဟုထင်မြင်သူ **၃၁ ရာခိုင်နှုန်း**ရှိသည်။

၂၀၂၂ ခုနှစ်က ကောက်ယူခဲ့သော စစ်တမ်းရလဒ်နှင့် နှိုင်းယှဉ်ပါက ပြောင်းလဲမှုတချို့ရှိခဲ့သည်။ စိုးရိမ်စရာဟုထင်မြင်သူ **ခြောက်ရာခိုင်နှုန်း** ပိုများလာပြီး ကြိုဆိုစရာဟုထင်မြင်သူမှာလည်း **ငါးရာခိုင်နှုန်း** ပိုများလာသည်။

မေးခွန်း-၄၆ ကို မေးမြန်းရာတွင် **'တရုတ်နိုင်ငံသည် မြန်မာနိုင်ငံအတွက် အကြီးမားဆုံးစီးပွားဖက် ဖြစ်နေသည့်အပေါ် သဘောထား'**ကို မေးမြန်းခဲ့ခြင်းဖြစ်သည်။ 'စိုးရိမ်စရာဖြစ်သည်'နှင့် 'ကြိုဆိုစရာဖြစ်သည်'ဟူသော ရွေးချယ်စရာပေးထားပြီး တခုအား ရွေးချယ်စေခဲ့ပါသည်။

## ရလဒ်များကို နှိုင်းယှဉ်ပိုင်းခြားခြင်း

စစ်တမ်းဖြေဆိုခဲ့သော အသိုက်အဝန်းခြောက်ခု၏ အဖြေများကို နှိုင်းယှဉ်ကြည့်ရာတွင် **အရပ်ဘက်အဖွဲ့အစည်းများ**၏ ၉၂ ရာခိုင်နှုန်းက စိုးရိမ်စရာဟု အများဆုံးယူဆခဲ့ကြသည်။ EAOs များ၏ ၆၇ ရာခိုင်နှုန်း၊ ထင်ရှားသူများ၏ ၆၁ ရာခိုင်နှုန်းနှင့် PDFs/LDFs များ၏ ၅၅ ရာခိုင်နှုန်းတို့ကလည်း စိုးရိမ်စရာဟု ယူဆပါသည်။ **စီးပွားရေးအသင်းအဖွဲ့များ**၏ ၇၈ ရာခိုင်နှုန်းကမူ ကြိုဆိုစရာဟု အများဆုံး ဖြေဆိုခဲ့ကြသည်။ **နိုင်ငံရေးအသိုက်အဝန်း**၏ ၆၂ ရာခိုင်နှုန်းကလည်း ကြိုဆိုစရာဟု ဖြေဆိုကြပါသည်။


မေးခွန်း-၄၆

‘တရုတ်နိုင်ငံသည် မြန်မာနိုင်ငံအတွက် အကြီးမားဆုံးစီးပွားဖက် ဖြစ်နေမှု’ အပေါ် ဖြေဆိုချက်များ

| | စုစုပေါင်း | အရပ်ဘက် အဖွဲ့အစည်းများ | နိုင်ငံရေး အသိုက်အဝန်း | စီးပွားရေး အသိုက်အဝန်း | ထင်ရှားသူများ | EAOs | PDFs/LDFs |
|---|---|---|---|---|---|---|---|
| စိုးရိမ်စရာဖြစ်သည် | ၆၄% | ၉၂% | ၃၃% | ၁၇% | ၆၁% | ၆၇% | ၅၅% |
| ကြိုဆိုစရာဖြစ်သည် | ၃၁% | ၇% | ၆၂% | ၇၈% | ၃၀% | ၂၇% | ၃၆% |
| မသိပါ | ၁% | ၀% | ၅% | ၀% | ၂% | ၀% | ၀% |
| ဖြေဆိုရန်ငြင်းဆန် | ၄% | ၁% | ၀% | ၅% | ၇% | ၆% | ၉% |

မေးခွန်း-၄၇

## တရုတ်နိုင်ငံနှင့် မြန်မာနိုင်ငံအကြား မည်သည့်အချိန်တွင် စီးပွားရေးအရ ဆက်ဆံမှုအခြေအနေ ပိုကောင်းလာမည်နည်း




တရုတ်နိုင်ငံနှင့် မြန်မာနိုင်ငံအကြား စီးပွားရေးအရ ဆက်ဆံရေးအခြေအနေသည် နောက်သုံးနှစ်အလွန်(၂၀၂၆ ခုနှစ်)ရောက်မှ ပိုမိုကောင်းမွန်လာမည်ဟု ဖြေဆိုသူများ၏ **၃၇ ရာခိုင်နှုန်း**က ရှုမြင်ပါသည်။ ဖြေဆိုသူ **၃၃ ရာခိုင်နှုန်း**ကမူ ကောင်းလာမည့်အနေအထားမရှိကြောင်း ယူဆပါသည်။ **'သုံးနှစ်အတွင်း'** ကောင်းလာမည်ဟုဖြေဆိုသူ **၁၀ ရာခိုင်နှုန်း**ရှိပြီး **'နှစ်နှစ်အတွင်း'** ပြန်ကောင်းမည်ဟု ဖြေဆိုသူ **လေးရာခိုင်နှုန်း**ရှိပါသည်။ **'တနှစ်အတွင်း'**ဟုဖြေဆိုသူမှာ အနည်းဆုံးဖြစ်ပြီး **နှစ်ရာခိုင်နှုန်း**သာရှိပါသည်။

၂၀၂၂ ခုနှစ်က ကောက်ယူခဲ့သော စစ်တမ်းတွင်လည်း ယခုမေးခွန်းကို ထည့်သွင်းမေးမြန်းခဲ့သည်။ ထိုအချိန်က ပိုကောင်းလာမည့် နှစ်ကာလအပိုင်းအခြားကို ခန့်မှန်းမရသူ အများဆုံးရှိခဲ့ပြီး **'မသိပါ'**ဟု ဖြေဆိုသူ **၂၄ ရာခိုင်နှုန်း**အထိ ရှိခဲ့သည်။

မေးခွန်း-၄၇ ကို မေးမြန်းရာတွင် **'မည်သည့်နှစ်ကာလအပိုင်းအခြားတွင် တရုတ်နှင့် မြန်မာအကြား စီးပွားရေးအရ ဆက်ဆံရေးအခြေအနေ ပိုပြီးကောင်းမွန်လာမည်နည်း'**ဟု မေးမြန်းခဲ့ခြင်းဖြစ်သည်။ ထို့နောက် နှစ်ကာလအပိုင်းအခြားတချို့ကို ဖတ်ပြခဲ့ပြီး ထိုအထဲမှတခုကို ရွေးချယ်စေခဲ့ပါသည်။

## ရလဒ်များကို နှိုင်းယှဉ်ပိုင်းခြားခြင်း

စစ်တမ်းဖြေဆိုခဲ့သော အသိုက်အဝန်းခြောက်ခု၏ အဖြေများကို နှိုင်းယှဉ်ကြည့်ရာတွင် **နိုင်ငံရေးအသိုက်အဝန်း၏ ၅၂ ရာခိုင်နှုန်း၊** PDFs/LDFs များ၏ ၄၅ ရာခိုင်နှုန်း၊ **ထင်ရှားသူများ၏ ၄၄ ရာခိုင်နှုန်း** နှင့် **စီးပွားရေးအသင်းအဖွဲ့များ၏ ၄၁ ရာခိုင်နှုန်း**တို့က နောင်သုံးနှစ်အလွန် (၂၀၂၆ ခုနှစ်) ရောက်မှ ပြန်ကောင်းမွန်လာမည်ဟု ယူဆခဲ့ကြသည်။ **အရပ်ဘက်အဖွဲ့အစည်းများ၏ ၅၁ ရာခိုင်နှုန်း**နှင့် EAOs **များ၏ ၄၇ ရာခိုင်နှုန်း**ကမူ ပြန်ကောင်းလာမည့် အနေအထားမရှိကြောင်း ဖြေဆိုခဲ့ပါသည်။ ထူးခြားချက်အနေဖြင့် EAOs များ၊ PDFs/LDFs များနှင့် **ထင်ရှားသူများ**ထဲတွင် တဦးကမျှ တနှစ်အတွင်း ပြန်ကောင်းနိုင်မည်ဟု ထင်ကြေးပေးမှု မရှိခဲ့ပေ။

မေးခွန်း-၄၇

'မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံအကြား စီးပွားရေးအရဆက်ဆံမှု ပိုကောင်းလာမည့် နှစ်ကာလအပိုင်းအခြား' အပေါ် ဖြေဆိုချက်များ

| | စုစုပေါင်း | အရပ်ဘက် အဖွဲ့အစည်းများ | နိုင်ငံရေး အသိုက်အဝန်း | စီးပွားရေး အသိုက်အဝန်း | ထင်ရှားသူများ | EAOs | PDFs/LDFs |
|---|---|---|---|---|---|---|---|
| တနှစ်အတွင်း | ၂% | ၃% | ၅% | ၅% | ၀% | ၀% | ၀% |
| နှစ်နှစ်အတွင်း | ၄% | ၃% | ၅% | ၇% | ၃% | ၀% | ၉% |
| သုံးနှစ်အတွင်း | ၁၀% | ၅% | ၁၀% | ၁၇% | ၁၀% | ၂၀% | ၁၈% |
| သုံးနှစ်နောက်ပိုင်း | ၃၇% | ၃၀% | ၅၂% | ၄၁% | ၄၄% | ၂၀% | ၄၅% |
| ကောင်းလာမည့် အနေအထားမရှိပါ | ၃၃% | ၅၁% | ၅% | ၁၅% | ၂၃% | ၄၇% | ၁၈% |
| မသိပါ | ၉% | ၆% | ၁၄% | ၅% | ၁၃% | ၁၃% | ၁၀% |
| ဖြေဆိုရန်ငြင်းဆန် | ၅% | ၂% | ၉% | ၁၀% | ၇% | ၀% | ၀% |

မေးခွန်း-၄၈ မှ ၅၃ အထိ


## ကိုဗစ်-၁၉ အလွန် တရုတ်နိုင်ငံ၏ မဟာအဖွင့်နှင့် မြန်မာ့စီးပွားရေးအပေါ် သက်ရောက်မှု

- အလွန်နည်းသွားသည်
- အနည်းငယ်နည်းသွားသည်
- အရင်အတိုင်း
- အနည်းငယ်ပိုများလာသည်
- အလွန်များလာသည်
- မသိပါ
- ဖြေဆိုရန်ငြင်းဆန်

■ မေးခွန်း-၄၈၊ ရင်းနှီးမြှုပ်နှံမှုအပေါ် သက်ရောက်မှု




■ မေးခွန်း-၄၉၊ ကုန်သွယ်မှုအပေါ် သက်ရောက်မှု





■ မေးခွန်း-၅၀၊ အလုပ်အကိုင်ရရှိမှုအပေါ် သက်ရောက်မှု




■ မေးခွန်း-၅၁၊ ခရီးသွားလုပ်ငန်းအပေါ် သက်ရောက်မှု




■ မေးခွန်း-၅၂၊ နယ်စပ်ဖြတ်ကျော်မှုခင်းများအပေါ် သက်ရောက်မှု




■ မေးခွန်း-၅၃၊ တရားမဝင်ကုန်သွယ်မှုအပေါ် သက်ရောက်မှု




မေးခွန်း-၄၈ မှ ၅၃ အထိ မေးမြန်းရာတွင် 'ကိုဗစ်အလွန် 'တရုတ်နိုင်ငံ၏ မဟာအဖွင့်' ဟု ခေါ်သော နယ်စပ်ဂိတ်များပြန်ဖွင့်ခြင်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်ရေးများ တိုးမြှင့်ခြင်း၊ စီးပွားရေးစကြံ်စီမံကိန်းများ အကောင်အထည်ဖော်ရန် အရှိန်မြှင့်ခြင်း စသည့်လုပ်ဆောင်ချက်တို့သည် မြန်မာနိုင်ငံ၏ စီးပွားရေးကဏ္ဍတချို့အပေါ် မည်မျှအတိုင်းအတာအထိ သက်ရောက်နေကြောင်း အဆင့်တခုသတ်မှတ်ပေးပါ'ဟု မေးမြန်းခဲ့ခြင်းဖြစ်သည်။ အဆင့် '၁' သည် 'အလွန်နည်းသွားသည်'ဖြစ်ပြီး၊ '၅'သည် 'အလွန်များလာသည်'ဟု ပိုင်းခြားသတ်မှတ်ခဲ့ပါသည်။

ကိုဗစ်-၁၉ အလွန် တရုတ်နိုင်ငံ၏မဟာအဖွင့်ကြောင့် မြန်မာ့စီးပွားရေးအပေါ်သက်ရောက်မှု အတိုင်းအတာကို မေးမြန်းရာတွင် ရင်းနှီးမြှုပ်နှံမှု၊ ကုန်သွယ်မှု၊ အလုပ်အကိုင်ရရှိမှုနှင့် ခရီးသွားလုပ်ငန်းတို့တွင် နည်းပါးသွားကြောင်း ဖြေဆိုသူအများစုက ရှုမြင်ခဲ့ကြသည်။ ရင်းနှီးမြှုပ်နှံမှုတွင် **'အနည်းငယ်နည်းသွားသည်'**ဟုဖြေဆိုသူမှာ **၃၃ ရာခိုင်နှုန်း**ရှိခဲ့ပြီး အနည်းငယ်ပိုများလာကြောင်း ဖြေဆိုသူ **၂၆ ရာခိုင်နှုန်း**ရှိသည်။ **'အရင်အတိုင်း'**ဟုဖြေဆိုသူမှာ **၂၄ ရာခိုင်နှုန်း**ရှိသည်။ ဖြေဆိုသူများ၏ **၅၂ ရာခိုင်နှုန်း**က ကုန်သွယ်မှု၌လည်းကောင်း၊ **၆၂ ရာခိုင်နှုန်း**က အလုပ်အကိုင်ရရှိမှု၌လည်းကောင်း၊ **၇၅ ရာခိုင်နှုန်း**က ခရီးသွားလုပ်ငန်း၌လည်းကောင်း အသီးသီးနည်းပါးသွားကြောင်း ဖြေဆိုခဲ့ကြသည်။ သို့ရာတွင် နယ်စပ်ဖြတ်ကျော်မှုခင်းများနှင့် တရားမဝင်ကုန်သွယ်မှုတို့တွင် ပိုများလာကြောင်း ဖြေဆိုသူ **၆၃ ရာခိုင်နှုန်း**က ရှုမြင်ခဲ့ကြသည်။ ဤမေးခွန်းများကိုလည်း ယခုစစ်တမ်းကောက်ယူချိန်တွင် အသစ် ထည့်သွင်းထားခြင်း ဖြစ်ပါသည်။

## ရလဒ်များကို နှိုင်းယှဉ်ပိုင်းခြားခြင်း

စစ်တမ်းဖြေဆိုခဲ့သော အသိုက်အဝန်းခြောက်ခု၏ အဖြေများကို နှိုင်းယှဉ်ကြည့်ရာတွင် ကိုဗစ်-၁၉ အလွန် တရုတ်နိုင်ငံ၏မဟာအဖွင့်နှင့် မြန်မာ့စီးပွားရေးအပေါ် သက်ရောက်မှုကို ရှုမြင်ကြရာ၌ ရင်းနှီးမြှုပ်နှံမှု အနည်းငယ်နည်းပါးသွားကြောင်း အစုအဖွဲ့အားလုံးက ဖြေခဲ့ကြသည်။ ထိုအထဲတွင် **စီးပွားရေးအသင်းအဖွဲ့များ၏ ၅၃ ရာခိုင်နှုန်း**က ထိုသို့ယူဆခဲ့ပါသည်။ ကုန်သွယ်မှု၌လည်း နည်းပါးသွားကြောင်း **စီးပွားရေးအသင်းအဖွဲ့များ**ကပင် အများဆုံးဖြေဆိုခဲ့ကြပြီး **၆၈ ရာခိုင်နှုန်း**ရှိသည်။ ထို့အပြင် ခရီးသွားလုပ်ငန်း၌လည်း ကျဆင်းသွားကြောင်း **စီးပွားရေးအသင်းအဖွဲ့များ**ကသာ အများဆုံး ဖြေဆိုခဲ့ကြပြီး **၈၆ ရာခိုင်နှုန်း**အထိရှိခဲ့သည်။ ထူးခြားချက်အနေဖြင့် **နိုင်ငံရေးအသိုက်အဝန်း**မှလွဲ၍ ကျန်အစုအဖွဲ့များ၏ ထက်ဝက်ကျော်က အလုပ်အကိုင်ရရှိမှုနည်းပါးသွားကြောင်း ဖြေဆိုခဲ့ပါသည်။ နယ်စပ်ဖြတ်ကျော်မှုခင်းများ ပိုမိုများပြားလာကြောင်းကို EAOs များက အများဆုံးဖြေဆိုကြပြီး **၇၃ ရာခိုင်နှုန်း**အထိရှိခဲ့သည်။ **စီးပွားရေးအသင်းအဖွဲ့များ၏ ၄၄ ရာခိုင်နှုန်း**နှင့် **EAOs များ၏ ၄၀ ရာခိုင်နှုန်း**တို့ကလည်း တရားမဝင်ကုန်သွယ်မှု များလာသည်ဟု အသီးသီးဖြေဆိုခဲ့ကြသည်။ ကျန်အသိုက်အဝန်းများဖြစ်သော **အရပ်ဘက်အဖွဲ့အစည်းများ၏ ၇၄ ရာခိုင်နှုန်း**၊ **PDFs/LDFs များ၏ ၈၁ ရာခိုင်နှုန်း**၊ **နိုင်ငံရေးအသိုက်အဝန်း၏ ၆၆ ရာခိုင်နှုန်း**နှင့် **ထင်ရှားသူများ၏ ၆၁ ရာခိုင်နှုန်း**တို့ကလည်း တရားမဝင်ကုန်သွယ်မှုများလာကြောင်း ဖြေဆိုခဲ့ကြသည်။

## မေးခွန်း-၄၈ 'ရင်းနှီးမြှုပ်နှံမှု' အပေါ် ဖြေဆိုချက်များ

| | စုစုပေါင်း | အရပ်ဘက် အဖွဲ့အစည်းများ | နိုင်ငံရေး အသိုက်အဝန်း | စီးပွားရေး အသိုက်အဝန်း | ထင်ရှားသူများ | EAOs | PDFs/LDFs |
|---|---|---|---|---|---|---|---|
| အလွန်နည်းသွားသည် | ၇% | ၉% | ၅% | ၂% | ၁၀% | ၇% | ၀% |
| အနည်းငယ်နည်းသွားသည် | ၃၃% | ၂၄% | ၂၄% | ၅၁% | ၃၄% | ၄၀% | ၄၅% |
| အရင်အတိုင်း | ၂၄% | ၂၆% | ၄၃% | ၂၀% | ၁၆% | ၃၃% | ၁၈% |
| အနည်းငယ်ပိုများလာသည် | ၂၆% | ၂၈% | ၁၉% | ၂၄% | ၂၈% | ၁၃% | ၂၇% |
| အလွန်များလာသည် | ၄% | ၉% | ၅% | ၀% | ၂% | ၀% | ၀% |
| မသိပါ | ၆% | ၄% | ၄% | ၃% | ၈% | ၇% | ၁၀% |
| ဖြေဆိုရန်ငြင်းဆန် | ၀% | ၀% | ၀% | ၀% | ၂% | ၀% | ၀% |

## မေးခွန်း-၄၉ 'ကုန်သွယ်မှု' အပေါ် ဖြေဆိုချက်များ

| | စုစုပေါင်း | အရပ်ဘက် အဖွဲ့အစည်းများ | နိုင်ငံရေး အသိုက်အဝန်း | စီးပွားရေး အသိုက်အဝန်း | ထင်ရှားသူများ | EAOs | PDFs/LDFs |
|---|---|---|---|---|---|---|---|
| အလွန်နည်းသွားသည် | ၁၀% | ၁၁% | ၅% | ၇% | ၁၀% | ၇% | ၁၈% |
| အနည်းငယ်နည်းသွားသည် | ၄၂% | ၃၈% | ၃၃% | ၆၁% | ၃၈% | ၅၃% | ၃၆% |
| အရင်အတိုင်း | ၁၆% | ၁၂% | ၂၉% | ၁၇% | ၁၈% | ၂၀% | ၉% |
| အနည်းငယ်ပိုများလာသည် | ၂၃% | ၂၉% | ၂၉% | ၁၂% | ၂၁% | ၁၃% | ၂၇% |
| အလွန်များလာသည် | ၄% | ၈% | ၀% | ၀% | ၂% | ၀% | ၀% |
| မသိပါ | ၅% | ၂% | ၄% | ၃% | ၁၀% | ၇% | ၁၀% |
| ဖြေဆိုရန်ငြင်းဆန် | ၀% | ၀% | ၀% | ၀% | ၁% | ၀% | ၀% |

## မေးခွန်း-၅၀ 'အလုပ်အကိုင်ရရှိမှု' အပေါ် ဖြေဆိုချက်များ

| | စုစုပေါင်း | အရပ်ဘက် အဖွဲ့အစည်းများ | နိုင်ငံရေး အသိုက်အဝန်း | စီးပွားရေး အသိုက်အဝန်း | ထင်ရှားသူများ | EAOs | PDFs/LDFs |
|---|---|---|---|---|---|---|---|
| အလွန်နည်းသွားသည် | ၁၉% | ၂၅% | ၁၀% | ၁၀% | ၂၁% | ၇% | ၁၈% |
| အနည်းငယ်နည်းသွားသည် | ၄၃% | ၄၁% | ၂၉% | ၅၉% | ၃၄% | ၆၀% | ၅၅% |
| အရင်အတိုင်း | ၁၉% | ၁၄% | ၄၃% | ၂၀% | ၁၈% | ၁၂% | ၂၇% |
| အနည်းငယ်ပိုများလာသည် | ၁၃% | ၁၅% | ၁၀% | ၁၀% | ၁၆% | ၇% | ၀% |
| အလွန်များလာသည် | ၁% | ၁% | ၀% | ၀% | ၀% | ၇% | ၀% |
| မသိပါ | ၅% | ၄% | ၈% | ၁% | ၈% | ၇% | ၀% |
| ဖြေဆိုရန်ငြင်းဆန် | ၀% | ၀% | ၀% | ၀% | ၃% | ၀% | ၀% |

## မေးခွန်း-၅၁ ‘ခရီးသွားလုပ်ငန်း’ အပေါ် ဖြေဆိုချက်များ

| | စုစုပေါင်း | အရပ်ဘက် အဖွဲ့အစည်းများ | နိုင်ငံရေး အသိုက်အဝန်း | စီးပွားရေး အသိုက်အဝန်း | ထင်ရှားသူများ | EAOs | PDFs/LDFs |
|---|---|---|---|---|---|---|---|
| အလွန်နည်းသွားသည် | ၃၂% | ၃၃% | ၁၄% | ၃၂% | ၃၉% | ၂၀% | ၄၆% |
| အနည်းငယ်နည်းသွားသည် | ၄၂% | ၄၂% | ၄၈% | ၅၄% | ၃၃% | ၆၀% | ၂၇% |
| အရင်အတိုင်း | ၁၀% | ၁၃% | ၁၀% | ၅% | ၇% | ၀% | ၂၇% |
| အနည်းငယ်ပိုများလာသည် | ၉% | ၇% | ၁၉% | ၇% | ၁၁% | ၇% | ၀% |
| အလွန်များလာသည် | ၁% | ၁% | ၅% | ၀% | ၀% | ၀% | ၀% |
| မသိပါ | ၅% | ၄% | ၄% | ၂% | ၈% | ၇% | ၀% |
| ဖြေဆိုရန်ငြင်းဆန် | ၁% | ၀% | ၀% | ၀% | ၂% | ၆% | ၀% |

## မေးခွန်း-၅၂ ‘နယ်စပ်ဖြတ်ကျော်မှုခင်းများ’ အပေါ် ဖြေဆိုချက်များ

| | စုစုပေါင်း | အရပ်ဘက် အဖွဲ့အစည်းများ | နိုင်ငံရေး အသိုက်အဝန်း | စီးပွားရေး အသိုက်အဝန်း | ထင်ရှားသူများ | EAOs | PDFs/LDFs |
|---|---|---|---|---|---|---|---|
| အလွန်နည်းသွားသည် | ၆% | ၇% | ၅% | ၂% | ၃% | ၇% | ၁၈% |
| အနည်းငယ်နည်းသွားသည် | ၈% | ၉% | ၁၉% | ၇% | ၈% | ၀% | ၀% |
| အရင်အတိုင်း | ၁၃% | ၁၃% | ၅% | ၁၇% | ၁၀% | ၁၃% | ၃၆% |
| အနည်းငယ်ပိုများလာသည် | ၃၆% | ၃၆% | ၃၃% | ၃၄% | ၃၃% | ၇၃% | ၉% |
| အလွန်များလာသည် | ၂၇% | ၃၁% | ၁၉% | ၂၀% | ၃၆% | ၀% | ၂၇% |
| မသိပါ | ၉% | ၄% | ၁၉% | ၁၇% | ၈% | ၇% | ၁၀% |
| ဖြေဆိုရန်ငြင်းဆန် | ၁% | ၀% | ၀% | ၃% | ၂% | ၀% | ၀% |

## မေးခွန်း-၅၃ ‘တရားမဝင်ကုန်သွယ်မှု’ အပေါ် ဖြေဆိုချက်များ


| | စုစုပေါင်း | အရပ်ဘက် အဖွဲ့အစည်းများ | နိုင်ငံရေး အသိုက်အဝန်း | စီးပွားရေး အသိုက်အဝန်း | ထင်ရှားသူများ | EAOs | PDFs/LDFs |
|---|---|---|---|---|---|---|---|
| အလွန်နည်းသွားသည် | ၁% | ၂% | ၀% | ၀% | ၀% | ၀% | ၀% |
| အနည်းငယ်နည်းသွားသည် | ၈% | ၆% | ၁၀% | ၁၅% | ၈% | ၀% | ၉% |
| အရင်အတိုင်း | ၂၀% | ၁၆% | ၁၄% | ၃၂% | ၂၀% | ၄၇% | ၀% |
| အနည်းငယ်ပိုများလာသည် | ၃၄% | ၃၃% | ၅၂% | ၃၂% | ၃၁% | ၃၃% | ၄၅% |
| အလွန်များလာသည် | ၂၉% | ၄၁% | ၁၄% | ၁၂% | ၃၀% | ၇% | ၃၆% |
| မသိပါ | ၇% | ၂% | ၁၀% | ၇% | ၁၀% | ၁၃% | ၁၀% |
| ဖြေဆိုရန်ငြင်းဆန် | ၁% | ၀% | ၀% | ၂% | ၁% | ၀% | ၀% |

# ၅

# တရုတ်-မြန်မာ စီးပွားရေးစင်္ကြံစီမံကိန်း (CMEC) အပေါ်အမြင်

မေးခွန်း-၅၄

## CMEC သည် မည်သူ့အတွက် ပိုအကျိုးရှိစေသနည်း




တရုတ်-မြန်မာ စီးပွားရေးစကြံ်စီမံကိန်း (CMEC) သည် တရုတ်နိုင်ငံအတွက် ပို၍အကျိုးရှိစေကြောင်း အများဆုံးယူဆကြပြီး ဖြေဆိုသူအားလုံး၏ **၈၀ ရာခိုင်နှုန်း** ရှိပါသည်။ **'နှစ်နိုင်ငံစလုံးအတွက် ညီတူညီမျှအကျိုးရှိပါသည်'**ဟု ဖြေကြားသူ **၁၆ ရာခိုင်နှုန်း**ရှိပြီး မြန်မာနိုင်ငံကို ပို၍အကျိုးဖြစ်စေကြောင်း ဖြေဆိုသူ **တစ်ရာခိုင်နှုန်း**သာ ရှိပါသည်။

၂၀၂၂ ခုနှစ်က ကောက်ယူခဲ့သော စစ်တမ်းရလဒ်နှင့်နှိုင်းယှဉ်ပါက ကွာဟချက်မကြီးမားခဲ့ပေ။ တရုတ်နိုင်ငံအတွက် ပို၍အကျိုးရှိစေကြောင်းထင်မြင်သူ **သုံးရာခိုင်နှုန်း** လျော့ကျသွားပြီး နှစ်နိုင်ငံလုံးအတွက် အကျိုးရှိစေကြောင်းဖြေသူ **လေးရာခိုင်နှုန်း** ပိုများလာပါသည်။

မေးခွန်း-၅၄ ကို မေးမြန်းရာတွင် 'တရုတ်-မြန်မာ စီးပွားရေးစကြံ်စီမံကိန်းသည် နှစ်နိုင်ငံစလုံးအတွက် ညီတူညီမျှအကျိုးရှိမည့် စီမံကိန်း၊ သို့မဟုတ် တရုတ်နိုင်ငံကို ပိုပြီးအကျိုးရှိစေသည်၊ သို့မဟုတ် မြန်မာနိုင်ငံကို ပိုပြီးအကျိုးဖြစ်စေသည်၊ မည်သို့ထင်မြင်သနည်း'ဟု မေးမြန်းခဲ့ခြင်းဖြစ်သည်။

## ရလဒ်များကို နှိုင်းယှဉ်ပိုင်းခြားခြင်း

စစ်တမ်းဖြေဆိုခဲ့သော အသိုက်အဝန်းခြောက်ခု၏ အဖြေများအား နှိုင်းယှဉ်ကြည့်ရာ တရုတ်နိုင်ငံကို ပိုပြီးအကျိုးရှိစေကြောင်း အသိုက်အဝန်းအားလုံးက ဖြေဆိုခဲ့ကြသည်။ ထူးခြားချက်အနေဖြင့် PDFs/ LDFs များ၏ ရာနှုန်းပြည့်က ထိုအတိုင်းယူဆပါသည်။ **အရပ်ဘက်အဖွဲ့အစည်းများ၏ ၉၄ ရာခိုင်နှုန်း၊ EAOs များ၏ ၉၃ ရာခိုင်နှုန်းနှင့် ထင်ရှားသူများ၏ ၇၄ ရာခိုင်နှုန်းတို့**ကလည်း ထိုသို့ဖြေကြားခဲ့ကြသည်။ နှစ်ဦးနှစ်ဖက် ညီတူညီမျှအကျိုးရှိသည်ဟု ဖြေဆိုရာတွင် **စီးပွားရေးအသင်းအဖွဲ့များ၏ ၄၁ ရာခိုင်နှုန်းနှင့် နိုင်ငံရေးအသိုက်အဝန်း၏ ၃၃ ရာခိုင်နှုန်းတို့**က ယူဆခဲ့ကြပါသည်။


မေးခွန်း-၅၄

‘တရုတ်-မြန်မာ စီးပွားရေးစင်္ကြံစီမံကိန်းများ၏ အကျိုးရှိမှု’ အပေါ် ဖြေဆိုချက်များ

| | စုစုပေါင်း | အရပ်ဘက် အဖွဲ့အစည်းများ | နိုင်ငံရေး အသိုက်အဝန်း | စီးပွားရေး အသိုက်အဝန်း | ထင်ရှားသူများ | EAOs | PDFs/LDFs |
|---|---|---|---|---|---|---|---|
| နှစ်နိုင်ငံလုံးအတွက် ညီတူညီမျှ အကျိုးရှိပါသည် | ၁၆% | ၄% | ၃၃% | ၄၁% | ၁၈% | ၇% | ၀% |
| တရုတ်နိုင်ငံကို ပိုပြီးအကျိုးရှိစေသည် | ၈၀% | ၉၄% | ၅၇% | ၅၆% | ၇၄% | ၉၃% | ၁၀၀% |
| မြန်မာနိုင်ငံကို ပိုပြီးအကျိုးဖြစ်စေသည် | ၁% | ၁% | ၅% | ၀% | ၀% | ၀% | ၀% |
| မသိပါ | ၂% | ၁% | ၅% | ၀% | ၃% | ၀% | ၀% |
| ဖြေဆိုရန်ငြင်းဆန် | ၁% | ၀% | ၀% | ၃% | ၅% | ၀% | ၀% |

မေးခွန်း-၅၅

## CMEC ၏ ရည်ရွယ်ချက်အပေါ် သဘောထားအမြင်




တရုတ်-မြန်မာ စီးပွားရေးစင်္ကြံစီမံကိန်း (CMEC) သည် **'ပထဝီနိုင်ငံရေးအရ မဟာဗျူဟာကျပြီး အရေးပါသောနေရာများအား ထိန်းချုပ်ရန်'**ဟု ဖြေဆိုသူ ၅၉ ရာခိုင်နှုန်းရှိပါသည်။ **'တရုတ်နိုင်ငံ၏ စီးပွားရေးအကျိုးအမြတ်ရရှိစေရန်'**ဟု ယူဆသူ ၂၅ ရာခိုင်နှုန်းရှိပြီး **'မြန်မာနိုင်ငံနှင့် ဒေသတွင်းနိုင်ငံများအပေါ် သြဇာလွှမ်းမိုးသက်ရောက်မှု ဖြန့်ကြက်နိုင်ရန်'**ဟု ယူဆသူမှာ ၁၂ ရာခိုင်နှုန်းရှိပါသည်။

၂၀၂၂ ခုနှစ်က ကောက်ယူခဲ့သော စစ်တမ်းရလဒ်နှင့် နှိုင်းယှဉ်ပါက တရုတ်-မြန်မာစီးပွားရေးစင်္ကြံစီမံကိန်းသည် တရုတ်နိုင်ငံ၏ စီးပွားရေးအကျိုးအမြတ်ရှိစေရန် အခြေခံကြောင်း ဖြေဆိုသူ **၁၀ ရာခိုင်နှုန်း** ပိုများလာသည်။ ပထဝီနိုင်ငံရေးအရ မဟာဗျူဟာကျ အရေးပါသောနေရာများကို ထိန်းချုပ်နိုင်ရန် ရည်ရွယ်ကြောင်း ဖြေဆိုသူ **ခြောက်ရာခိုင်နှုန်း** လျော့နည်းသွားသည်။ မြန်မာနိုင်ငံနှင့် ဒေသတွင်းနိုင်ငံများအပေါ် သြဇာဖြန့်ကြက်နိုင်ရန်ရည်ရွယ်ကြောင်း ဖြေဆိုသူ **နှစ်ရာခိုင်နှုန်း** လျော့နည်းသွားသည်။

မေးခွန်း-၅၅ ကို မေးမြန်းရာတွင် **'တရုတ်-မြန်မာ စီးပွားရေးစင်္ကြံစီမံကိန်း၏ ရည်ရွယ်ချက်အပေါ် သဘောထားအမြင်'**ကို ပြောရန် မေးမြန်းခဲ့ခြင်းဖြစ်သည်။

## ရလဒ်များကို နှိုင်းယှဉ်ပိုင်းခြားခြင်း

စစ်တမ်းဖြေဆိုခဲ့သော အသိုက်အဝန်းခြောက်ခု၏ အဖြေများကို နှိုင်းယှဉ်ကြည့်ရာတွင် ပထဝီနိုင်ငံရေးအရ မဟာဗျူဟာကျပြီး အရေးပါသောနေရာများကို ထိန်းချုပ်ရန်ဖြစ်ကြောင်း အစုအဖွဲ့အများစုက ဖြေဆိုခဲ့ကြသည်။ **အရပ်ဘက်အဖွဲ့အစည်းများ၏ ၆၈ ရာခိုင်နှုန်း၊ နိုင်ငံရေးအသိုက်အဝန်း၏ ၆၂ ရာခိုင်နှုန်း၊ EAOs များ၏ ၆၀ ရာခိုင်နှုန်းနှင့် ထင်ရှားသူများ၏ ၅၉ ရာခိုင်နှုန်းတို့က** ထိုသို့ဖြေဆိုခဲ့ကြသည်။ တရုတ်နိုင်ငံ၏ စီးပွားရေးအကျိုးအမြတ်ရရှိရန် အခြေခံကြောင်း **စီးပွားရေးအသင်းအဖွဲ့များ၏ ၄၄ ရာခိုင်နှုန်းက** ဖြေဆိုခဲ့သည်။ မြန်မာနိုင်ငံနှင့် ဒေသတွင်းနိုင်ငံများအပေါ် ဩဇာလွှမ်းမိုးသက်ရောက်မှု ဖြန့်ကြက်နိုင်ရန် ရည်ရွယ်ကြောင်း **EAOs များ၏ ၂၀ ရာခိုင်နှုန်းက** ရှုမြင်ပါသည်။


မေးခွန်း-၅၅

‘တရုတ်-မြန်မာ စီးပွားရေးစကြံစီမံကိန်းများ၏ ရည်ရွယ်ချက်’ အပေါ် ဖြေဆိုချက်များ

| | စုစုပေါင်း | အရပ်ဘက် အဖွဲ့အစည်းများ | နိုင်ငံရေး အသိုက်အဝန်း | စီးပွားရေး အသိုက်အဝန်း | ထင်ရှားသူများ | EAOs | PDFs/LDFs |
|---|---|---|---|---|---|---|---|
| တရုတ်နိုင်ငံ၏ စီးပွားရေး အကျိုးအမြတ် ရရှိစေရန် | ၂၅% | ၂၄% | ၁၉% | ၄၄% | ၁၈% | ၂၀% | ၂၇% |
| မြန်မာနိုင်ငံနှင့် ဒေသတွင်း နိုင်ငံများအပေါ် ဩဇာလွှမ်းမိုး သက်ရောက်မှု ဖြန့်ကြက်နိုင်ရန် | ၁၂% | ၈% | ၁၀% | ၁၇% | ၁၆% | ၂၀% | ၉% |
| ပထဝီနိုင်ငံရေးအရ မဟာဗျူဟာကျ အရေးပါသောနေရာများကို ထိန်းချုပ်နိုင်ရန် | ၅၉% | ၆၈% | ၆၂% | ၃၇% | ၅၉% | ၆၀% | ၅၅% |
| မသိပါ | ၃% | ၀% | ၉% | ၀% | ၃% | ၀% | ၉% |
| ဖြေဆိုရန်ငြင်းဆန် | ၁% | ၀% | ၀% | ၂% | ၄% | ၀% | ၀% |

## မေးခွန်း-၅၆

### CMEC နှင့်ပတ်သက်၍ စိုးရိမ်ပူပန်မှု




တရုတ်-မြန်မာ စီးပွားရေးစင်္ကြံ (CMEC) နှင့်ပတ်သက်၍ ဒေသတွင်း ပထဝီနိုင်ငံရေးအရ လွှမ်းမိုးခံရမည်ကိုစိုးရိမ်ကြကြောင်း ဖြေဆိုသူများ၏ **၃၂ ရာခိုင်နှုန်း**က ရှုမြင်သည်။ **‘လူမှုနှင့်သဘာဝပတ်ဝန်းကျင်ထိခိုက်မှု’**အပေါ်စိုးရိမ်သူ **၂၀ ရာခိုင်နှုန်း**ရှိသည်။ **‘အကြွေးထောင်ချောက်’**ကို စိုးရိမ်သူနှင့် စီးပွားရေးအရလွှမ်းမိုးခံရမည်ကို စိုးရိမ်သူ **၁၆ ရာခိုင်နှုန်း**စီ ရှိကြပါသည်။ **‘နိုင်ငံရေးအရလွှမ်းမိုးခံရမှု’**ကို စိုးရိမ်သူ **ရှစ်ရာခိုင်နှုန်း**သာရှိပြီး တစုံတရာ စိုးရိမ်ပူပန်မှုမရှိကြောင်းဖြေဆိုသူ **ခြောက်ရာခိုင်နှုန်း** ရှိပါသည်။

၂၀၂၂ ခုနှစ်က ကောက်ယူခဲ့သော စစ်တမ်းရလဒ်နှင့် နှိုင်းယှဉ်ပါက ကွာဟချက်မကြီးမားပေ။ **‘ဒေသတွင်း ပထဝီနိုင်ငံရေးအရလွှမ်းမိုးခံရမှု’**အပေါ်စိုးရိမ်သူ **နှစ်ရာခိုင်နှုန်း** လျော့ကျသွားသော်လည်း **‘လူမှုနှင့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှု’**အပေါ် စိုးရိမ်သူ **သုံးရာခိုင်နှုန်း** ပိုများလာသည်။

မေးခွန်း-၅၆ ကို မေးမြန်းရာတွင် **‘တရုတ်-မြန်မာ စီးပွားရေးစင်္ကြံနှင့်ပတ်သက်ပြီး လူအများအကြား စိုးရိမ်ပူပန်မှုအမျိုးမျိုး’**ရှိသည့်အနက် တချို့ကို ဖတ်ပြခဲ့ပြီး စိုးရိမ်ပူပန်ရဆုံးအချက်တခုကို ရွေးချယ်စေခဲ့သည်။

## ရလဒ်များကို နှိုင်းယှဉ်ပိုင်းခြားခြင်း

စစ်တမ်းဖြေဆိုခဲ့သော အသိုက်အဝန်းခြောက်ခု၏ အဖြေများကို နှိုင်းယှဉ်ကြည့်ရာတွင် PDFs/LDFs များမှလွဲ၍ ကျန်အစုအဖွဲ့အားလုံးက 'ဒေသတွင်းပထဝီနိုင်ငံရေးအရလွှမ်းမိုးခံရမှု'ကို စိုးရိမ်ခဲ့ကြသည်။ နိုင်ငံရေးအသိုက်အဝန်း၏ ၄၃ ရာခိုင်နှုန်း၊ EAOs များ၏ ၄၀ ရာခိုင်နှုန်း၊ ထင်ရှားသူများ၏ ၃၈ ရာခိုင်နှုန်း၊ အရပ်ဘက်အဖွဲ့အစည်းများ၏ ၂၉ ရာခိုင်နှုန်းနှင့် စီးပွားရေးအသင်းအဖွဲ့များ၏ ၂၇ ရာခိုင်နှုန်းက ထိုသို့ ရှုမြင်ခဲ့ခြင်းဖြစ်သည်။ ထူးခြားချက်အနေဖြင့် PDFs/LDFs များ၏ ၂၇ ရာခိုင်နှုန်းစီက အကြွေးထောင်ချောက်၊ နိုင်ငံရေးအရလွှမ်းမိုးခံရမှုနှင့် စီးပွားရေးအရလွှမ်းမိုးခံရမှုတို့ကို စိုးရိမ်ခဲ့ကြပါသည်။

မေးခွန်း-၅၆

'တရုတ်-မြန်မာ စီးပွားရေးစကြံ်စီမံကိန်းများနှင့်ပတ်သက်၍ စိုးရိမ်ပူပန်မှု' အပေါ် ဖြေဆိုချက်များ


| | စုစုပေါင်း | အရပ်ဘက် အဖွဲ့အစည်းများ | နိုင်ငံရေး အသိုက်အဝန်း | စီးပွားရေး အသိုက်အဝန်း | ထင်ရှားသူများ | EAOs | PDFs/LDFs |
|---|---|---|---|---|---|---|---|
| စိုးရိမ်စရာမရှိပါ | ၆% | ၁% | ၁၄% | ၂၀% | ၅% | ၀% | ၀% |
| အကြွေးထောင်ချောက် | ၁၆% | ၂၀% | ၁၉% | ၁၂% | ၁၃% | ၆% | ၂၇% |
| နိုင်ငံရေးအရလွှမ်းမိုးခံရမှု | ၈% | ၈% | ၁၀% | ၅% | ၈% | ၀% | ၂၇% |
| စီးပွားရေးအရလွှမ်းမိုးခံရမှု | ၁၆% | ၁၇% | ၅% | ၂၄% | ၁၀% | ၂၇% | ၂၇% |
| ဒေသတွင်းပထဝီနိုင်ငံရေးအရ လွှမ်းမိုးခံရမှု | ၃၂% | ၂၉% | ၄၃% | ၂၇% | ၃၈% | ၄၀% | ၁၉% |
| လူမှုနှင့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှု | ၂၀% | ၂၅% | ၅% | ၁၀% | ၂၅% | ၂၇% | ၀% |
| မသိပါ | ၂% | ၀% | ၄% | ၀% | ၁% | ၀% | ၀% |
| ဖြေဆိုရန်ငြင်းဆန် | ၀% | ၀% | ၀% | ၂% | ၀% | ၀% | ၀% |


မေးခွန်း-၅၇ မှ ၆၀ အထိ

## CMEC ၏ သက်ရောက်မှုများ


လုံးဝသဘောမတူပါ
သဘောမတူပါ
သဘောတူပါသည်
အပြည့်အဝသဘောတူပါသည်
မသိပါ
ဖြေဆိုရန်ငြင်းဆန်


■ မေးခွန်း-၅၇၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အပေါ် ကောင်းမွန်သော အကျိုးသက်ရောက်မှု ရှိပါသည်








■ မေးခွန်း-၅၈၊ မြန်မာနိုင်ငံစီးပွားရေး ဖွံ့ဖြိုးတိုးတက်ရန် အထောက်အကူဖြစ်ပါသည်






မေးခွန်း-၅၇ မှ ၆၀ အထိ မေးမြန်းရာတွင် **'တရုတ်-မြန်မာ စီးပွားရေးစင်္ကြံစီမံကိန်းသည် မြန်မာနိုင်ငံအပေါ် အကျိုးသက်ရောက်မှုများရှိကြောင်း'** ဆိုကြသည့်အနက် တချို့ကိုဖတ်ပြခဲ့ပြီး သဘောတူ၊ မတူ မေးမြန်းခဲ့ခြင်းဖြစ်သည်။




■ **မေးခွန်း-၅၉၊** မြန်မာပြည်သူများ၏ လူမှုစီးပွားဘဝ တိုးတက်ကောင်းမွန်လာနိုင်ပါသည်




■ **မေးခွန်း-၆၀၊** စီးပွားရေးနှင့် နိုင်ငံရေး အကျပ်အတည်းများအတွက် ထွက်ပေါက်ဖြစ်နိုင်ပါသည်




တရုတ်-မြန်မာ စီးပွားရေးစင်္ကြံစီမံကိန်း (CMEC) သည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အပေါ် ကောင်းမွန်သော အကျိုးသက်ရောက်မှုရှိသည်ဆိုသော မေးခွန်းကို စစ်တမ်းဖြေဆိုသူ **၅၂ ရာခိုင်နှုန်း**က သဘောမတူခဲ့ပေ။ သို့သော် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန် အထောက်အကူဖြစ်ကြောင်း **၅၆ ရာခိုင်နှုန်း**က သဘောတူပါသည်။ ပြည်သူများ၏ လူမှုစီးပွားဘဝ တိုးတက်ကောင်းမွန်လာနိုင်ကြောင်းအပေါ် သဘောတူသူ **၄၀ ရာခိုင်နှုန်း**ရှိပြီး သဘောမတူသူ **၄၄ ရာခိုင်နှုန်း** ရှိပါသည်။ ရင်ဆိုင်နေရသော စီးပွားရေးနှင့် နိုင်ငံရေး အကျပ်အတည်းများအတွက် ထွက်ပေါက်ဖြစ်နိုင်ကြောင်းကို သဘောတူသူ **၂၇ ရာခိုင်နှုန်း**သာရှိပြီး သဘောမတူသူ **၅၀ ရာခိုင်နှုန်း** ရှိပါသည်။ ၂၀၂၂ ခုနှစ်က ကောက်ယူခဲ့သော စစ်တမ်းရလဒ်နှင့် နှိုင်းယှဉ်ပါက ကွာဟချက်ကြီးကြီးမားမား မရှိပေ။

## ရလဒ်များကို နှိုင်းယှဉ်ပိုင်းခြားခြင်း

စစ်တမ်းဖြေဆိုခဲ့သော အသိုက်အဝန်းခြောက်ခု၏အဖြေများကိုနှိုင်းယှဉ်ရာ၌ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အပေါ် အကျိုးသက်ရောက်မှုရှိကြောင်း **စီးပွားရေးအသင်းအဖွဲ့များ၏ ၆၃ ရာခိုင်နှုန်းက** သဘောတူခဲ့ကြသည်။ သဘောမတူကြောင်းဖြေဆိုသူများထဲတွင် EAOs **များက** အများဆုံးဖြစ်ပြီး **၉၃ ရာခိုင်နှုန်းရှိ**သည်။ စီးပွားရေးစင်္ကြံစီမံကိန်း (CMEC) သည် မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အထောက်အကူဖြစ်ကြောင်း **စီးပွားရေးအသင်းအဖွဲ့များ၏ ၈၈ ရာခိုင်နှုန်းက** သဘောတူပါသည်။ **နိုင်ငံရေးအသိုက်အဝန်း၏ ၈၁ ရာခိုင်နှုန်းက**လည်း သဘောတူကြောင်းဖြေခဲ့ကြသည်။ သဘောမတူကြောင်း ဖြေဆိုသူများထဲတွင် **အရပ်ဘက်အဖွဲ့အစည်းများက** အများဆုံးဖြစ်ပြီး **၆၃ ရာခိုင်နှုန်းရှိ**သည်။ မြန်မာပြည်သူများ၏ လူမှုစီးပွားဘဝ တိုးတက်ကောင်းမွန်လာနိုင်ကြောင်း **စီးပွားရေးအသင်းအဖွဲ့များ၏ ၈၀ ရာခိုင်နှုန်းက** သဘောတူခဲ့ပါသည်။ ထိုအချက်ကိုသဘောမတူကြောင်း ဖြေသူများထဲတွင် **အရပ်ဘက်အဖွဲ့အစည်းများက** အများဆုံးဖြစ်ပြီး **၈၀ ရာခိုင်နှုန်းရှိ**သည်။ မြန်မာပြည်သူလူထုရင်ဆိုင်နေရသော စီးပွားရေးနှင့် နိုင်ငံရေး အကျပ်အတည်းများအတွက် ထွက်ပေါက်ဖြစ်နိုင်ကြောင်း **စီးပွားရေးအသင်းအဖွဲ့များ၏ ၆၁ ရာခိုင်နှုန်းက** သဘောတူသည်။ ထိုအချက်ကို သဘောမတူကြောင်းဖြေဆိုသူများထဲတွင်လည်း **အရပ်ဘက်အဖွဲ့အစည်းများက** အများဆုံးဖြစ်ပြီး **၈၆ ရာခိုင်နှုန်းရှိ**သည်။ ထူးခြားချက်အနေဖြင့် EAOs များ၏ ၄၀ ရာခိုင်နှုန်းနှင့် PDFs/LDFs များ၏ ၄၅ ရာခိုင်နှုန်းတို့က စီးပွားရေးစင်္ကြံစီမံကိန်း (CMEC) ကြောင့် မြန်မာပြည်သူများ၏ လူမှုစီးပွားဘဝများ တိုးတက်ကောင်းမွန်လာနိုင်ကြောင်း သဘောတူကြခြင်းဖြစ်ပါသည်။

မေးခွန်း-၅၇

**‘ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ကောင်းမွန်သော အကျိုးသက်ရောက်မှုရှိပါသည်’ အပေါ် ဖြေဆိုချက်များ**

| | စုစုပေါင်း | အရပ်ဘက်အဖွဲ့အစည်းများ | နိုင်ငံရေးအသိုက်အဝန်း | စီးပွားရေးအသိုက်အဝန်း | ထင်ရှားသူများ | EAOs | PDFs/LDFs |
|---|---|---|---|---|---|---|---|
| လုံးဝသဘောမတူပါ | ၁၅% | ၂၇% | ၅% | ၀% | ၁၅% | ၀% | ၉% |
| သဘောမတူပါ | ၅၂% | ၅၇% | ၃၃% | ၂၉% | ၄၉% | ၉၃% | ၇၃% |
| သဘောတူပါသည် | ၂၆% | ၁၄% | ၄၃% | ၅၆% | ၃၀% | ၇% | ၉% |
| အပြည့်အဝသဘောတူပါသည် | ၂% | ၁% | ၅% | ၇% | ၀% | ၀% | ၀% |
| မသိပါ | ၃% | ၁% | ၉% | ၃% | ၅% | ၀% | ၉% |
| ဖြေဆိုရန်ငြင်းဆန် | ၂% | ၀% | ၅% | ၅% | ၁% | ၀% | ၀% |

ရလဒ်များကို နှိုင်းယှဉ်ပိုင်းခြားရာတွင် ‘လုံးဝသဘောမတူပါ’နှင့် ‘သဘောမတူပါ’နှစ်ရပ်ပေါင်းကို ‘သဘောမတူပါ’ဟုလည်းကောင်း၊ ‘သဘောတူပါသည်’နှင့် ‘အပြည့်အဝ သဘောတူပါသည်’နှစ်ရပ်ပေါင်းကို ‘သဘောတူပါသည်’ဟုလည်းကောင်း တွက်ချက်ပါသည်။

မေးခွန်း-၅၈

‘မြန်မာနိုင်ငံစီးပွားရေး ဖွံ့ဖြိုးတိုးတက်ရန် အထောက်အကူဖြစ်ပါသည်’ အပေါ် ဖြေဆိုချက်များ

| | စုစုပေါင်း | အရပ်ဘက် အဖွဲ့အစည်းများ | နိုင်ငံရေး အသိုက်အဝန်း | စီးပွားရေး အသိုက်အဝန်း | ထင်ရှားသူများ | EAOs | PDFs/LDFs |
|---|---|---|---|---|---|---|---|
| လုံးဝသဘောမတူပါ | ၄% | ၈% | ၀% | ၀% | ၂% | ၀% | ၀% |
| သဘောမတူပါ | ၃၄% | ၅၅% | ၁၀% | ၁၀% | ၂၆% | ၂၇% | ၂၇% |
| သဘောတူပါသည် | ၅၆% | ၃၇% | ၇၁% | ၇၆% | ၆၉% | ၆၇% | ၅၅% |
| အပြည့်အဝသဘောတူပါသည် | ၃% | ၀% | ၁၀% | ၁၂% | ၂% | ၀% | ၀% |
| မသိပါ | ၁% | ၀% | ၅% | ၀% | ၁% | ၀% | ၉% |
| ဖြေဆိုရန်ငြင်းဆန် | ၂% | ၀% | ၄% | ၂% | ၀% | ၆% | ၉% |

မေးခွန်း-၅၉

‘မြန်မာပြည်သူများ၏ လူမှုစီးပွားဘဝ တိုးတက်ကောင်းမွန်လာနိုင်ပါသည်’ အပေါ် ဖြေဆိုချက်များ

| | စုစုပေါင်း | အရပ်ဘက် အဖွဲ့အစည်းများ | နိုင်ငံရေး အသိုက်အဝန်း | စီးပွားရေး အသိုက်အဝန်း | ထင်ရှားသူများ | EAOs | PDFs/LDFs |
|---|---|---|---|---|---|---|---|
| လုံးဝသဘောမတူပါ | ၁၀% | ၂၀% | ၀% | ၀% | ၃% | ၁၃% | ၀% |
| သဘောမတူပါ | ၄၄% | ၆၀% | ၂၄% | ၁၇% | ၄၃% | ၄၀% | ၄၅% |
| သဘောတူပါသည် | ၄၀% | ၂၀% | ၅၇% | ၆၈% | ၄၉% | ၄၀% | ၄၅% |
| အပြည့်အဝသဘောတူပါသည် | ၃% | ၀% | ၁၀% | ၁၂% | ၂% | ၀% | ၀% |
| မသိပါ | ၁% | ၀% | ၅% | ၀% | ၂% | ၀% | ၁၀% |
| ဖြေဆိုရန်ငြင်းဆန် | ၂% | ၀% | ၄% | ၃% | ၁% | ၇% | ၀% |


မေးခွန်း-၆၀

‘စီးပွားရေးနှင့် နိုင်ငံရေး အကျပ်အတည်းများအတွက် ထွက်ပေါက်ဖြစ်နိုင်ပါသည်’ အပေါ် ဖြေဆိုချက်များ

| | စုစုပေါင်း | အရပ်ဘက် အဖွဲ့အစည်းများ | နိုင်ငံရေး အသိုက်အဝန်း | စီးပွားရေး အသိုက်အဝန်း | ထင်ရှားသူများ | EAOs | PDFs/LDFs |
|---|---|---|---|---|---|---|---|
| လုံးဝသဘောမတူပါ | ၁၆% | ၂၇% | ၅% | ၀% | ၁၆% | ၀% | ၂၇% |
| သဘောမတူပါ | ၅၀% | ၅၉% | ၃၈% | ၃၂% | ၄၆% | ၇၃% | ၅၅% |
| သဘောတူပါသည် | ၂၇% | ၁၃% | ၃၃% | ၅၄% | ၃၆% | ၂၀% | ၉% |
| အပြည့်အဝသဘောတူပါသည် | ၂% | ၀% | ၁၀% | ၇% | ၀% | ၀% | ၀% |
| မသိပါ | ၂% | ၁% | ၄% | ၂% | ၀% | ၀% | ၉% |
| ဖြေဆိုရန်ငြင်းဆန် | ၃% | ၀% | ၁၀% | ၅% | ၂% | ၇% | ၀% |

## မေးခွန်း-၆၁

CMEC ကြောင့် မြန်မာ့လူမှုဘဝနှင့် သဘာဝပတ်ဝန်းကျင်အပေါ် ထိခိုက်မှု




တရုတ်-မြန်မာစီးပွားရေးစင်္ကြံ (CMEC) က မြန်မာပြည်သူများ၏ လူမှုဘဝနှင့်သဘာဝပတ်ဝန်းကျင်ကို အတိုင်းအတာတခုအထိ ထိခိုက်မှုရှိကြောင်း ဖြေဆိုသူများ၏ **၅၉ ရာခိုင်နှုန်း**က ဆိုပါသည်။ အလွန်ထိခိုက်ကြောင်းဖြေသူ **၃၂ ရာခိုင်နှုန်း** ရှိပါသည်။

၂၀၂၂ ခုနှစ်က ကောက်ယူခဲ့သော စစ်တမ်းရလဒ်နှင့် နှိုင်းယှဉ်ပါက ကွာဟချက်မရှိပေ။ **'ထိခိုက်မှုမရှိပါ'**ဟုဖြေဆိုသူ **တစ်ရာခိုင်နှုန်း**တိုးခဲ့ပြီး **'လုံးဝထိခိုက်မှုမရှိပါ'**ဟုဖြေသူ **တစ်ရာခိုင်နှုန်း** ရှိပါသည်။

မေးခွန်း-၆၁ ကို မေးမြန်းရာတွင် **'တရုတ်-မြန်မာ စီးပွားရေးစင်္ကြံက မြန်မာပြည်သူများ၏ လူမှုဘဝနှင့် သဘာဝပတ်ဝန်းကျင်အပေါ် မည်မျှအတိုင်းအတာအထိ ထိခိုက်မှုရှိစေသည်'**ကို အဆင့်သတ်မှတ်ပေးရန် မေးမြန်းခဲ့ခြင်းဖြစ်သည်။ အဆင့် '၁'သည် 'လုံးဝထိခိုက်မှုမရှိပါ'ဖြစ်ပြီး၊ '၄'သည် 'အလွန်ထိခိုက်မှုရှိသည်'ဟု ပိုင်းခြားသတ်မှတ်ခဲ့ပါသည်။

## ရလဒ်များကို နှိုင်းယှဉ်ပိုင်းခြားခြင်း

စစ်တမ်းဖြေဆိုခဲ့သော အသိုက်အဝန်းခြောက်ခု၏အဖြေများကို နှိုင်းယှဉ်ရာ၌ တရုတ်-မြန်မာစီးပွားရေးစင်္ကြံ (CMEC) က မြန်မာပြည်သူများ၏ လူမှုဘဝနှင့် သဘာဝပတ်ဝန်းကျင်အပေါ် ထိခိုက်မှုရှိကြောင်း အရပ်ဘက်အဖွဲ့အစည်းများက အများဆုံးဖြေဆိုပြီး ၉၅ ရာခိုင်နှုန်းရှိသည်။ EAOs များနှင့် ထင်ရှားသူများ၏ ၉၃ ရာခိုင်နှုန်းစီကလည်း ထိခိုက်မှုရှိကြောင်း ယူဆခဲ့ကြပါသည်။ PDFs/LDFs များ၏ ၉၁ ရာခိုင်နှုန်း၊ နိုင်ငံရေးအသိုက်အဝန်း၏ ၉၁ ရာခိုင်နှုန်းနှင့် စီးပွားရေးအသင်းအဖွဲ့များ၏ ၇၅ ရာခိုင်နှုန်းတို့ကလည်း ထိခိုက်မှုရှိကြောင်း ဖြေဆိုခဲ့ကြသည်။

မေးခွန်း-၆၁


‘CMEC ကြောင့် မြန်မာ့လူမှုဘဝနှင့် သဘာဝပတ်ဝန်းကျင်ကို ထိခိုက်မှု’ အပေါ် ဖြေဆိုချက်များ

| | စုစုပေါင်း | အရပ်ဘက် အဖွဲ့အစည်းများ | နိုင်ငံရေး အသိုက်အဝန်း | စီးပွားရေး အသိုက်အဝန်း | ထင်ရှားသူများ | EAOs | PDFs/LDFs |
|---|---|---|---|---|---|---|---|
| လုံးဝထိခိုက်မှုမရှိပါ | ၁% | ၂% | ၅% | ၀% | ၀% | ၀% | ၀% |
| ထိခိုက်မှုမရှိပါ | ၅% | ၃% | ၀% | ၁၇% | ၃% | ၇% | ၀% |
| အတိုင်းအတာတခုထိ ထိခိုက်မှုရှိသည် | ၅၉% | ၃၈% | ၈၆% | ၇၃% | ၆၇% | ၈၆% | ၆၄% |
| အလွန်ထိခိုက်မှုရှိသည် | ၃၂% | ၅၇% | ၅% | ၂% | ၂၆% | ၇% | ၂၇% |
| မသိပါ | ၂% | ၀% | ၄% | ၂% | ၂% | ၀% | ၉% |
| ဖြေဆိုရန်ငြင်းဆန် | ၁% | ၀% | ၀% | ၆% | ၂% | ၀% | ၀% |

ရလဒ်များကို နှိုင်းယှဉ်ပိုင်းခြားရာတွင် ‘လုံးဝထိခိုက်မှုမရှိပါ’နှင့် ‘ထိခိုက်မှုမရှိပါ’နှစ်ရပ်ပေါင်းကို ‘ထိခိုက်မှုမရှိပါ’ဟုလည်းကောင်း၊ ‘အတိုင်းအတာတခုအထိထိခိုက်မှုရှိသည်’နှင့် ‘အလွန်ထိခိုက်မှုရှိသည်’နှစ်ရပ်ပေါင်းကို ‘ထိခိုက်မှုရှိသည်’ဟုလည်းကောင်း တွက်ချက်ပါသည်။

မေးခွန်း-၆၂

## CMEC နှင့်ပတ်သက်ပြီး ဆက်သွယ်ဆွေးနွေးမှု ရှိ၊ မရှိ




တရုတ်-မြန်မာ စီးပွားရေးစင်္ကြံစီမံကိန်း (CMEC) အား အကောင်အထည်ဖော်မည့် တရုတ်ကုမ္ပဏီများသည် ယခုစစ်တမ်းတွင် ပါဝင်သော မြန်မာ့မူဝါဒအသိုက်အဝန်းရှိ ပုဂ္ဂိုလ်များအား ဆက်သွယ်ဆွေးနွေးခြင်း လုံးဝမရှိခဲ့ကြောင်း ဖြေဆိုသူ **၈၁ ရာခိုင်နှုန်း**ရှိပါသည်။ ဆက်သွယ်ဆွေးနွေးကြောင်း ဖြေကြားသူ **၁၂ ရာခိုင်နှုန်း**ရှိပြီး စီမံကိန်းအချက်အလက်များ ပေးပို့ကြောင်းဖြေသူ **လေးရာခိုင်နှုန်း**ရှိသည်။

၂၀၂၂ ခုနှစ်က ကောက်ယူခဲ့သော စစ်တမ်းရလဒ်နှင့် နှိုင်းယှဉ်ပါက ပြောင်းလဲမှု အနည်းငယ်ရှိခဲ့သည်။ CMEC အား အကောင်အထည်ဖော်မည့် တရုတ်ကုမ္ပဏီများသည် ဆက်သွယ်ဆွေးနွေးခြင်း လုံးဝမရှိကြောင်းဖြေသူ **ခြောက်ရာခိုင်နှုန်း** ပိုများလာသည်။ လာရောက်ရှင်းပြ ဆွေးနွေးကြောင်းဖြေသူ **တစ်ရာခိုင်နှုန်း** တိုးလာပါသည်။

မေးခွန်း-၆၂ ကို မေးမြန်းရာတွင် **‘တရုတ်-မြန်မာ စီးပွားရေးစင်္ကြံစီမံကိန်းနှင့်ပတ်သက်ပြီး ထိုစီမံကိန်း၌ပါဝင်သော တရုတ်ကုမ္ပဏီများ၏ တာဝန်ရှိသူအနေနှင့် (သင်၏အမြင်နှင့် သဘောထားများသိရှိရန်) ဆက်သွယ်ဆွေးနွေးမှု ရှိ၊ မရှိ’**ကို အဖြေတခုထက်ပို၍ ရွေးချယ်ခွင့်ပေးကာ မေးမြန်းခဲ့ခြင်းဖြစ်သည်။

## ရလဒ်များကို နှိုင်းယှဉ်ပိုင်းခြားခြင်း

စစ်တမ်းဖြေဆိုခဲ့သော အသိုက်အဝန်းခြောက်ခု၏အဖြေများကို နှိုင်းယှဉ်ရာ၌ တရုတ်-မြန်မာ စီးပွားရေးစင်္ကြံစီမံကိန်း (CMEC) နှင့်ပတ်သက်ပြီး စီမံကိန်းတွင်ပါဝင်သော တရုတ်ကုမ္ပဏီများနှင့် တာဝန်ရှိသူများက ဆက်သွယ်ဆွေးနွေးခြင်း လုံးဝမရှိကြောင်းကို အသိုက်အဝန်းအားလုံးက အများဆုံးဖြေဆိုခဲ့ကြသည်။ အရပ်ဘက်အဖွဲ့အစည်းများ၏ ၈၈ ရာခိုင်နှုန်း၊ PDFs/LDFs များ၏ ၈၂ ရာခိုင်နှုန်း၊ EAOs များ၏ ၈၀ ရာခိုင်နှုန်း၊ ထင်ရှားသူများ၏ ၇၉ ရာခိုင်နှုန်း၊ စီးပွားရေးအသင်းအဖွဲ့များ၏ ၇၆ ရာခိုင်နှုန်းနှင့် နိုင်ငံရေးအသိုက်အဝန်း၏ ၆၂ ရာခိုင်နှုန်းတို့က ထိုသို့ဖြေခဲ့ကြခြင်းဖြစ်သည်။ စီမံကိန်းနှင့်ပတ်သက်ပြီး အချက်အလက်များပေးပို့ကြောင်း နိုင်ငံရေးအသိုက်အဝန်း၏ ၁၄ ရာခိုင်နှုန်း၊ စီးပွားရေးအသင်းအဖွဲ့များနှင့် အရပ်ဘက်အဖွဲ့အစည်းများ၏ ငါးရာခိုင်နှုန်းစီက ဖြေဆိုခဲ့ကြသည်။ တာဝန်ရှိသူများက လာရောက်ရှင်းပြဆွေးနွေးသည်ဟု နိုင်ငံရေးအသိုက်အဝန်း၏ ၂၉ ရာခိုင်နှုန်း၊ ထင်ရှားသူများ၏ ၁၅ ရာခိုင်နှုန်း၊ EAOs များ၏ ၁၃ ရာခိုင်နှုန်း၊ စီးပွားရေးအသင်းအဖွဲ့များ၏ ၁၂ ရာခိုင်နှုန်း၊ PDFs/LDFs များ၏ ကိုးရာခိုင်နှုန်းနှင့် အရပ်ဘက်အဖွဲ့အစည်းများ၏ ခုနစ်ရာခိုင်နှုန်းတို့က ဖြေခဲ့ကြသည်။

မေးခွန်း-၆၂


‘တရုတ်-မြန်မာ စီးပွားရေးစင်္ကြံစီမံကိန်း (CMEC) နှင့်ပတ်သက်ပြီး ဆက်သွယ်ဆွေးနွေးမှု’ အပေါ် ဖြေဆိုချက်များ

| | စုစုပေါင်း | အရပ်ဘက်အဖွဲ့အစည်းများ | နိုင်ငံရေးအသိုက်အဝန်း | စီးပွားရေးအသိုက်အဝန်း | ထင်ရှားသူများ | EAOs | PDFs/LDFs |
|---|---|---|---|---|---|---|---|
| လုံးဝဆက်သွယ်ဆွေးနွေးခြင်းမရှိပါ | ၈၁% | ၈၈% | ၆၂% | ၇၆% | ၇၉% | ၈၀% | ၈၂% |
| တာဝန်ရှိသူများက လာရောက်ရှင်းပြ ဆွေးနွေးပါသည် | ၁၂% | ၇% | ၂၉% | ၁၂% | ၁၅% | ၁၃% | ၉% |
| စီမံကိန်းနှင့်ပတ်သက်ပြီး အချက်အလက်များ ပေးပို့သည် | ၄% | ၅% | ၁၄% | ၅% | ၀% | ၀% | ၀% |
| မသိပါ | ၂% | ၀% | ၀% | ၅% | ၃% | ၀% | ၀% |
| ဖြေဆိုရန်ငြင်းဆန် | ၂% | ၀% | ၅% | ၂% | ၃% | ၇% | ၉% |

မေးခွန်း-၆၂ ကို မေးမြန်းရာတွင် အဖြေတခုထက်ပို၍ ရွေးချယ်ခွင့်ပေးခဲ့ခြင်းဖြစ်ပြီး ရလဒ်တခုချင်းစီသည် ၁၀၀ ရာခိုင်နှုန်းအပေါ် အခြေခံတွက်ချက်ထားခြင်း ဖြစ်ပါသည်။

မေးခွန်း-၆၃

## အာဏာသိမ်းမှုအလွန် CMEC အကောင်အထည်ဖော်မှု




အာဏာသိမ်းပြီးနောက်ပိုင်း စစ်ကောင်စီ (SAC) နှင့် တရုတ်နိုင်ငံအကြား တရုတ်-မြန်မာ စီးပွားရေးစင်္ကြံစီမံကိန်း (CMEC) ၏ အချို့အစိတ်အပိုင်းများကို အကောင်အထည်ဖော်နေကြောင်း စစ်တမ်းဖြေဆိုသူများ၏ **၆၆ ရာခိုင်နှုန်း**က ဖြေကြားခဲ့သည်။ ဖြေဆိုသူ **၁၈ ရာခိုင်နှုန်း**က စီမံကိန်းရပ်တန့်နေကြောင်း ယူဆခဲ့ပြီး **၁၂ ရာခိုင်နှုန်း**က အရှိန်အဟုန်မြင့် ဆောင်ရွက်နေသည်ဟု ယူဆသည်။ **ခြောက်ရာခိုင်နှုန်း**ကသာ အကောင်အထည်ဖော်နေမှုအခြေအနေကို မသိကြောင်း ဖြေဆိုသည်။ ဤမေးခွန်းကို ယခုစစ်တမ်းကောက်ယူချိန်တွင် အသစ်ထည့်သွင်းထားခြင်းဖြစ်သည်။

မေးခွန်း-၆၃ ကို မေးမြန်းရာတွင် **'၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ အာဏာသိမ်းပြီးနောက်ပိုင်း စစ်ကောင်စီ (SAC) နှင့် တရုတ်နိုင်ငံအကြား တရုတ်-မြန်မာ စီးပွားရေးစင်္ကြံစီမံကိန်း (CMEC) ကို အကောင်အထည်ဖော်နေမှု'**ကို အဖြေတခုထက်ပို၍ ရွေးချယ်ခွင့်ပေးကာ မေးမြန်းခဲ့ခြင်းဖြစ်သည်။

## ရလဒ်များကို နှိုင်းယှဉ်ပိုင်းခြားခြင်း

စစ်တမ်းဖြေဆိုခဲ့သော အသိုက်အဝန်းခြောက်ခု၏ အဖြေများကို နှိုင်းယှဉ်ရာ၌ CMEC စီမံကိန်း၏ အချို့အစိတ်အပိုင်းများကို အကောင်အထည်ဖော်နေကြောင်း **နိုင်ငံရေးအသိုက်အဝန်း၏ ၇၁ ရာခိုင်နှုန်းက** ဖြေဆိုပါသည်။ အရှိန်အဟုန်မြှင့်ပြီး ဆောင်ရွက်နေကြောင်းဖြေဆိုသူများအနက် **အရပ်ဘက်အဖွဲ့အစည်းများက** အများဆုံးဖြေဆိုပြီး **၂၃ ရာခိုင်နှုန်းရှိသည်။** စီမံကိန်းရပ်တန့်နေကြောင်း ဖြေဆိုသူများထဲတွင် **EAOs များက** အများဆုံးဖြစ်ပြီး **၄၀ ရာခိုင်နှုန်းရှိသည်။**

မေးခွန်း-၆၃


**‘အာဏာသိမ်းမှုအလွန် CMEC အကောင်အထည်ဖော်မှု’ အပေါ် ဖြေဆိုချက်များ**

| | စုစုပေါင်း | အရပ်ဘက်အဖွဲ့အစည်းများ | နိုင်ငံရေးအသိုက်အဝန်း | စီးပွားရေးအသိုက်အဝန်း | ထင်ရှားသူများ | EAOs | PDFs/LDFs |
|---|---|---|---|---|---|---|---|
| ရပ်တန့်နေပါသည် | ၁၈% | ၁၁% | ၁၄% | ၂၇% | ၁၈% | ၄၀% | ၁၈% |
| စီမံကိန်းအချို့အစိတ်အပိုင်းများ အကောင်အထည်ဖော်နေသည် | ၆၆% | ၆၆% | ၇၁% | ၅၆% | ၇၀% | ၆၀% | ၆၄% |
| အရှိန်အဟုန်မြှင့်ပြီး ဆောင်ရွက်နေပါသည် | ၁၂% | ၂၃% | ၀% | ၅% | ၅% | ၀% | ၉% |
| မသိပါ | ၆% | ၄% | ၁၀% | ၇% | ၇% | ၀% | ၉% |
| ဖြေဆိုရန်ငြင်းဆန် | ၁% | ၀% | ၅% | ၅% | ၀% | ၀% | ၀% |

မေးခွန်း-၆၃ ကို မေးမြန်းရာတွင် အဖြေတခုထက်ပို၍ ရွေးချယ်ခွင့်ပေးခဲ့ခြင်းဖြစ်ပြီး ရလဒ်တခုချင်းစီသည် ၁၀၀ ရာခိုင်နှုန်းအပေါ် အခြေခံတွက်ချက်ထားခြင်း ဖြစ်ပါသည်။

မေးခွန်း-၆၄

## CMEC အကောင်အထည်ဖော်ရန် ကြိုးပမ်းမှုအပေါ် သဘောထားအမြင်




တရုတ်နိုင်ငံအနေနှင့် လက်ရှိ မြန်မာ့နိုင်ငံရေးအကျပ်အတည်းကာလအတွင်း တရုတ်-မြန်မာ စီးပွားရေးစင်္ကြံ (CMEC) စီမံကိန်းများကို အကောင်အထည်ဖော်မည်ဆိုပါက သဘောမတူသူ များပြားခဲ့သည်။ **၇၁ ရာခိုင်နှုန်း**က သဘောမတူကြောင်းဖြေဆိုခဲ့ကြပြီး **၂၃ ရာခိုင်နှုန်း**က သဘောတူခဲ့ကြသည်။ သဘောမတူသူ များပြားခဲ့ခြင်းမှာ စိတ်ဝင်စားဖွယ်ဖြစ်ပြီး ဆက်လက်လေ့လာစရာလည်း ဖြစ်ပါသည်။ ဤမေးခွန်းကို ယခုစစ်တမ်းကောက်ယူချိန်တွင် အသစ်ထည့်သွင်းထားခြင်းဖြစ်သည်။

မေးခွန်း-၆၄ ကို မေးမြန်းရာတွင် 'တရုတ်နိုင်ငံအနေနှင့် လက်ရှိ မြန်မာ့နိုင်ငံရေးအကျပ်အတည်းကာလအတွင်း တရုတ်-မြန်မာ စီးပွားရေးစင်္ကြံ (CMEC) စီမံကိန်းများကို အကောင်အထည်ဖော်မည်ဆိုပါက သဘောတူ၊ မတူ' မေးမြန်းခဲ့ခြင်းဖြစ်သည်။

## ရလဒ်များကို နှိုင်းယှဉ်ပိုင်းခြားခြင်း

စစ်တမ်းဖြေဆိုခဲ့သော အသိုက်အဝန်းခြောက်ခု၏အဖြေများကို နှိုင်းယှဉ်ရာ၌ လက်ရှိ မြန်မာ့နိုင်ငံရေး အကျပ်အတည်းကာလအတွင်း CMEC စီမံကိန်းများကို အကောင်အထည်ဖော်မည်ဆိုပါက PDFs/ LDFs များ၏ ၉၁ ရာခိုင်နှုန်း၊ EAOs များ၏ ၈၇ ရာခိုင်နှုန်း၊ အရပ်ဘက်အဖွဲ့အစည်းများ၏ ၈၅ ရာခိုင်နှုန်း၊ ထင်ရှားသူများ၏ ၇၉ ရာခိုင်နှုန်း၊ နိုင်ငံရေးအသိုက်အဝန်း၏ ၅၂ ရာခိုင်နှုန်းနှင့် စီးပွားရေး အသင်းအဖွဲ့များ၏ ၂၇ ရာခိုင်နှုန်းတို့က သဘောမတူကြောင်း ဖြေဆိုခဲ့ကြသည်။ စီးပွားရေးအသင်း အဖွဲ့များ၏ ၅၉ ရာခိုင်နှုန်း၊ နိုင်ငံရေးအသိုက်အဝန်း၏ ၄၃ ရာခိုင်နှုန်း၊ ထင်ရှားသူများ၏ ၁၈ ရာခိုင်နှုန်း၊ EAOs များ၏ ၁၃ ရာခိုင်နှုန်းနှင့် အရပ်ဘက်အဖွဲ့အစည်းများ၏ ၁၂ ရာခိုင်နှုန်းတို့က အကောင်အထည် ဖော်ရန် သဘောတူကြောင်း ဖြေဆိုခဲ့ကြသည်။

မေးခွန်း-၆၄

‘CMEC အကောင်အထည်ဖော်ရန် ကြိုးပမ်းမှု’ အပေါ် ဖြေဆိုချက်များ

| | စုစုပေါင်း | အရပ်ဘက် အဖွဲ့အစည်းများ | နိုင်ငံရေး အသိုက်အဝန်း | စီးပွားရေး အသိုက်အဝန်း | ထင်ရှားသူများ | EAOs | PDFs/LDFs |
|---|---|---|---|---|---|---|---|
| လုံးဝသဘောမတူပါ | ၃၃% | ၄၈% | ၁၉% | ၇% | ၃၃% | ၂၇% | ၃၆% |
| သဘောမတူပါ | ၃၈% | ၃၇% | ၃၃% | ၂၀% | ၄၆% | ၆၀% | ၅၅% |
| သဘောတူပါသည် | ၂၁% | ၁၁% | ၃၈% | ၄၉% | ၁၈% | ၁၃% | ၀% |
| အပြည့်အဝသဘောတူပါသည် | ၂% | ၁% | ၅% | ၁၀% | ၀% | ၀% | ၀% |
| မသိပါ | ၂% | ၁% | ၅% | ၄% | ၀% | ၀% | ၉% |
| ဖြေဆိုရန်ငြင်းဆန် | ၄% | ၂% | ၀% | ၁၀% | ၃% | ၀% | ၀% |


ရလဒ်များကို နှိုင်းယှဉ်ပိုင်းခြားရာတွင် ‘လုံးဝသဘောမတူပါ’နှင့် ‘သဘောမတူပါ’နှစ်ရပ်ပေါင်းကို ‘သဘောမတူပါ’ဟုလည်းကောင်း၊ ‘သဘောတူပါ သည်’နှင့် ‘အပြည့်အဝ သဘောတူပါသည်’နှစ်ရပ်ပေါင်းကို ‘သဘောတူပါသည်’ဟုလည်းကောင်း တွက်ချက်ပါသည်။

# ၆

# မြန်မာမှတဆင့် တရုတ်၏
# ဒေသတွင်းအစီအမံအပေါ်အမြင်

**မေးခွန်း-၆၅ မှ ၆၉ အထိ**

## တရုတ်နိုင်ငံ၏ ဒေသတွင်း ပေါင်းစည်းရေးအစီအမံများကို သိရှိခြင်း ရှိ၊ မရှိ




**RCEP** - ဒေသတွင်း ဘက်စုံစီးပွားရေး ပူးပေါင်းဆောင်ရွက်ရေးသဘောတူစာချုပ်
**ILSTC** - အပြည်ပြည်ဆိုင်ရာ ကုန်းတွင်း-ရေကြောင်းကုန်သွယ်ရေးစင်္ကြံသစ်
**LMC** - လန်ချန်း-မဲခေါင် ပူးပေါင်းဆောင်ရွက်ရေးအစီအမံ
**GDI** - ကမ္ဘာလုံးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးအစီအမံ
**GSI** - ကမ္ဘာလုံးဆိုင်ရာ လုံခြုံရေးအစီအမံ

မေးခွန်း-၆၅ မှ ၆၉ အထိ မေးမြန်းရာတွင် 'တရုတ်နိုင်ငံ၏ ဒေသတွင်းပေါင်းစည်းရေး အစီအမံများတွင် အာဏာသိမ်းမှုအလွန် မြန်မာနိုင်ငံကို ထည့်သွင်းရန်ကြိုးပမ်းလာပြီး အဆိုပါအစီအမံများထဲမှ အဓိကအစီအမံတချို့ကို ဖတ်ပြကာ သိရှိခြင်း ရှိ၊ မရှိ' မေးမြန်းခဲ့ခြင်းဖြစ်သည်။

## ရလဒ်များကို နှိုင်းယှဉ်ပိုင်းခြားခြင်း

စစ်တမ်းဖြေဆိုခဲ့သော အသိုက်အဝန်းခြောက်ခု၏ အဖြေများကို နှိုင်းယှဉ်ရာ၌ ဒေသတွင်း ဘက်စုံစီးပွားရေးပူးပေါင်းဆောင်ရွက်ရေး သဘောတူစာချုပ် (RCEP) ကို သိရှိကြောင်း **စီးပွားရေးအသင်းအဖွဲ့များက** အများဆုံးဖြေဆိုခဲ့ပြီး **၆၁ ရာခိုင်နှုန်း**ရှိသည်။ မသိရှိကြောင်းဖြေဆိုမှုတွင် EAOs များမှာ အများဆုံးဖြစ်ပြီး **၉၃ ရာခိုင်နှုန်း**ရှိသည်။ **အရပ်ဘက်အဖွဲ့အစည်းများ၏ ၇၈ ရာခိုင်နှုန်း**နှင့် PDFs/LDFs **များ၏ ၇၃ ရာခိုင်နှုန်း**ကလည်း မသိရှိကြောင်းဖြေဆိုခဲ့ကြသည်။ အပြည်ပြည်ဆိုင်ရာ ကုန်းတွင်း-ရေကြောင်း ကုန်သွယ်ရေးစင်္ကြံသစ် (ILSTC) ကို သိရှိကြောင်း **စီးပွားရေးအသင်းအဖွဲ့များ၏ ၃၉ ရာခိုင်နှုန်း**က ဖြေဆိုခဲ့ပြီး အများဆုံးဖြစ်သည်။ မသိရှိကြောင်းဖြေဆိုခဲ့သူများတွင် EAOs များက အများဆုံးဖြစ်ပြီး **၈၇ ရာခိုင်နှုန်း**ရှိသည်။ PDFs/LDFs များ၏ **၈၂ ရာခိုင်နှုန်း**နှင့် **နိုင်ငံရေးအသိုက်အဝန်း၏ ၇၁ ရာခိုင်နှုန်း**ကလည်း မသိရှိကြောင်း ဖြေဆိုခဲ့ကြသည်။ လန်ချန်း-မဲခေါင် ပူးပေါင်းဆောင်ရွက်ရေးအစီအမံ (LMC) ကို **ထင်ရှားသူများ၏ ၇၅ ရာခိုင်နှုန်း**က သိရှိကြောင်းဖြေဆိုခဲ့ပြီး အများဆုံးဖြစ်ပါသည်။ အဆိုပါအစီအမံကို PDFs/LDFs များ၏ **၇၃ ရာခိုင်နှုန်း**က မသိရှိကြောင်းဖြေဆိုခဲ့ကာ **အရပ်ဘက်အဖွဲ့အစည်းများ၏ ၅၇ ရာခိုင်နှုန်း**ကလည်း မသိရှိကြောင်း ဖြေခဲ့ပါသည်။ ကမ္ဘာလုံးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးအစီအမံ (GDI) ကို သိရှိကြောင်း ဖြေဆိုခဲ့သူများတွင် **ထင်ရှားသူများက** အများဆုံးဖြစ်ပြီး **၄၁ ရာခိုင်နှုန်း**ရှိသည်။ EAOs များ၏ **၈၇ ရာခိုင်နှုန်း**က အဆိုပါအစီအမံကို မသိရှိကြောင်းဖြေဆိုခဲ့ပြီး PDFs/LDFs များ၏ **၇၃ ရာခိုင်နှုန်း**နှင့် **အရပ်ဘက်အဖွဲ့အစည်းများ၏ ၇၂ ရာခိုင်နှုန်း**ကလည်း မသိရှိကြောင်းဖြေဆိုခဲ့ပါသည်။ ထို့အပြင် **စီးပွားရေးအသင်းအဖွဲ့များ၏ ၆၈ ရာခိုင်နှုန်း**ကလည်း အဆိုပါအစီအမံကို မသိကြောင်းဖြေခဲ့ပါသည်။ ကမ္ဘာလုံးဆိုင်ရာ လုံခြုံရေးအစီအမံ (GSI) ကို မသိရှိပါဟု **အရပ်ဘက်အဖွဲ့အစည်းများက** အများဆုံးဖြေဆိုခဲ့ပြီး **၈၃ ရာခိုင်နှုန်း**ရှိသည်။ EAOs များ၏ **၈၀ ရာခိုင်နှုန်း**နှင့် **စီးပွားရေးအသင်းအဖွဲ့များ၏ ၇၁ ရာခိုင်နှုန်း**ကလည်း မသိရှိကြောင်း ဖြေဆိုခဲ့ပါသည်။

မေးခွန်း-၆၅

'ဒေသတွင်း ဘက်စုံစီးပွားရေးပူးပေါင်းဆောင်ရွက်ရေး သဘောတူစာချုပ် (RCEP)' အပေါ် ဖြေဆိုချက်များ

| | စုစုပေါင်း | အရပ်ဘက် အဖွဲ့အစည်းများ | နိုင်ငံရေး အသိုက်အဝန်း | စီးပွားရေး အသိုက်အဝန်း | ထင်ရှားသူများ | EAOs | PDFs/LDFs |
|---|---|---|---|---|---|---|---|
| သိရှိပါသည် | ၃၃% | ၂၂% | ၃၈% | ၆၁% | ၃၉% | ၇% | ၂၇% |
| မသိရှိပါ | ၆၆% | ၇၈% | ၆၂% | ၃၄% | ၆၁% | ၉၃% | ၇၃% |
| ဖြေဆိုရန်ငြင်းဆန် | ၁% | ၀% | ၀% | ၅% | ၀% | ၀% | ၀% |

မေးခွန်း-၆၆

‘အပြည်ပြည်ဆိုင်ရာ ကုန်းတွင်း-ရေကြောင်း ကုန်သွယ်ရေးစင်္ကြံသစ် (ILSTC)’ အပေါ် ဖြေဆိုချက်များ

| | စုစုပေါင်း | အရပ်ဘက်အဖွဲ့အစည်းများ | နိုင်ငံရေးအသိုက်အဝန်း | စီးပွားရေးအသိုက်အဝန်း | ထင်ရှားသူများ | EAOs | PDFs/LDFs |
|---|---|---|---|---|---|---|---|
| သိရှိပါသည် | ၃၁% | ၃၃% | ၂၉% | ၃၉% | ၃၁% | ၁၃% | ၁၈% |
| မသိရှိပါ | ၆၈% | ၆၇% | ၇၁% | ၅၆% | ၆၉% | ၈၇% | ၈၂% |
| ဖြေဆိုရန်ငြင်းဆန် | ၁% | ၀% | ၀% | ၅% | ၀% | ၀% | ၀% |

မေးခွန်း-၆၇

‘လန်ချန်း-မဲခေါင် ပူးပေါင်းဆောင်ရွက်ရေးအစီအမံ (LMC)’ အပေါ် ဖြေဆိုချက်များ

| | စုစုပေါင်း | အရပ်ဘက်အဖွဲ့အစည်းများ | နိုင်ငံရေးအသိုက်အဝန်း | စီးပွားရေးအသိုက်အဝန်း | ထင်ရှားသူများ | EAOs | PDFs/LDFs |
|---|---|---|---|---|---|---|---|
| သိရှိပါသည် | ၅၈% | ၄၃% | ၇၁% | ၇၃% | ၇၅% | ၅၃% | ၂၇% |
| မသိရှိပါ | ၄၁% | ၅၇% | ၂၉% | ၂၂% | ၂၅% | ၄၇% | ၇၃% |
| ဖြေဆိုရန်ငြင်းဆန် | ၁% | ၀% | ၀% | ၅% | ၀% | ၀% | ၀% |

မေးခွန်း-၆၈

‘ကမ္ဘာလုံးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးအစီအမံ (GDI)’ အပေါ် ဖြေဆိုချက်များ

| | စုစုပေါင်း | အရပ်ဘက်အဖွဲ့အစည်းများ | နိုင်ငံရေးအသိုက်အဝန်း | စီးပွားရေးအသိုက်အဝန်း | ထင်ရှားသူများ | EAOs | PDFs/LDFs |
|---|---|---|---|---|---|---|---|
| သိရှိပါသည် | ၃၀% | ၂၇% | ၃၈% | ၂၇% | ၄၁% | ၁၃% | ၂၇% |
| မသိရှိပါ | ၆၈% | ၇၂% | ၆၂% | ၆၈% | ၅၉% | ၈၇% | ၇၃% |
| ဖြေဆိုရန်ငြင်းဆန် | ၂% | ၁% | ၀% | ၅% | ၀% | ၀% | ၀% |


မေးခွန်း-၆၉

‘ကမ္ဘာလုံးဆိုင်ရာ လုံခြုံရေးအစီအမံ (GSI)’ အပေါ် ဖြေဆိုချက်များ

| | စုစုပေါင်း | အရပ်ဘက်အဖွဲ့အစည်းများ | နိုင်ငံရေးအသိုက်အဝန်း | စီးပွားရေးအသိုက်အဝန်း | ထင်ရှားသူများ | EAOs | PDFs/LDFs |
|---|---|---|---|---|---|---|---|
| သိရှိပါသည် | ၂၅% | ၁၆% | ၃၃% | ၂၄% | ၃၆% | ၂၀% | ၄၅% |
| မသိရှိပါ | ၇၄% | ၈၃% | ၆၇% | ၇၁% | ၆၄% | ၈၀% | ၅၅% |
| ဖြေဆိုရန်ငြင်းဆန် | ၁% | ၁% | ၀% | ၅% | ၀% | ၀% | ၀% |

မေးခွန်း-၇၀ မှ ၇၂ အထိ

## RCEP ၏ အကျိုးသက်ရောက်မှုအပေါ် မည်သို့မြင်သနည်း




ဒေသတွင်း ဘက်စုံစီးပွားရေးပူးပေါင်းဆောင်ရွက်ရေး သဘောတူစာချုပ် (RCEP) သည် တရုတ်-မြန်မာ နှစ်နိုင်ငံအကြား ကုန်သွယ်ရေးမြှင့်တင်ရန် အထောက်အကူဖြစ်ကြောင်း ဖြေဆိုသူအားလုံး၏ **၄၃ ရာခိုင်နှုန်း**က သဘောတူပါသည်။ RCEP သည် မြန်မာနိုင်ငံအတွက် အကျိုးအမြတ်မဖြစ်နိုင်ကြောင်းထင်သူ **၄၆ ရာခိုင်နှုန်း**ရှိပြီး အကျိုးအမြတ်ဖြစ်နိုင်ကြောင်းထင်သူ **ကိုးရာခိုင်နှုန်း**ရှိပါသည်။ မြန်မာနိုင်ငံအပါအဝင် RCEP အဖွဲ့ဝင်နိုင်ငံအားလုံးအတွက် အကျိုးအမြတ်ဖြစ်စေကြောင်းကိုမူ စစ်တမ်းဖြေသူအားလုံး၏ **၃၈ ရာခိုင်နှုန်း**က သဘောတူခဲ့ပြီး **၂၈ ရာခိုင်နှုန်း**မှာ သဘောမတူခဲ့ပေ။ ထူးခြားချက်အနေဖြင့် မေးခွန်းပါအကြောင်းအရာကို မသိကြောင်းဖြေဆိုသူ **၂၅ ရာခိုင်နှုန်းစီ**ရှိပါသည်။ ဤမေးခွန်းသုံးခုစလုံးကို ယခုစစ်တမ်းကောက်ယူချိန်တွင် အသစ်ထည့်သွင်းထားခြင်းဖြစ်သည်။

မေးခွန်း-၇၀ မှ ၇၂ အထိ မေးမြန်းရာတွင် **'ဒေသတွင်း ဘက်စုံစီးပွားရေးပူးပေါင်းဆောင်ရွက်ရေး သဘောတူစာချုပ် (RCEP) ၏ အကျိုးသက်ရောက်မှုတချို့ကို ဖတ်ပြကာ သဘောတူ၊ မတူ'** မေးမြန်းခဲ့ခြင်းဖြစ်သည်။

## ရလဒ်များကို နှိုင်းယှဉ်ပိုင်းခြားခြင်း

စစ်တမ်းဖြေဆိုခဲ့သော အသိုက်အဝန်းခြောက်ခု၏အဖြေများကို နှိုင်းယှဉ်ရာ၌ RCEP သည် တရုတ်-မြန်မာ နှစ်နိုင်ငံအကြား ကုန်သွယ်ရေးမြှင့်တင်ရန်အတွက် အထောက်အကူဖြစ်စေကြောင်းကို **စီးပွားရေးအသင်းအဖွဲ့များ၏ ၈၀ ရာခိုင်နှုန်း**နှင့် နိုင်ငံရေးအသိုက်အဝန်း၏ ၄၈ ရာခိုင်နှုန်းတို့က သဘောတူကြောင်း ဖြေဆိုခဲ့သည်။ သဘောမတူကြောင်း ဖြေဆိုခဲ့သူများတွင် **အရပ်ဘက်အဖွဲ့အစည်းများက** အများဆုံးဖြစ်ပြီး ၄၃ ရာခိုင်နှုန်းရှိပါသည်။ PDFs/LDFs များ၏ ၄၅ ရာခိုင်နှုန်းကလည်း သဘောမတူကြောင်း ဖြေဆိုခဲ့သည်။ RCEP သည် မြန်မာနိုင်ငံကိုသာ အကျိုး အမြတ်ဖြစ်စေသည်ဆိုသည့်အချက်ကို အများစုက သဘောမတူခဲ့ပေ။ သဘောမတူကြောင်းကို **အရပ်ဘက်အဖွဲ့အစည်းများ၏ ၇၆ ရာခိုင်နှုန်း**နှင့် **စီးပွားရေးအသင်းအဖွဲ့များ၏ ၆၆ ရာခိုင်နှုန်း**က ဖြေဆိုခဲ့သည်။

**မေးခွန်း-၇၀** ‘RCEP သည် နှစ်နိုင်ငံကြား ကုန်သွယ်ရေးမြှင့်တင်ရန် အထောက်အကူဖြစ်စေသည်’ အပေါ် ဖြေဆိုချက်များ

| | စုစုပေါင်း | အရပ်ဘက် အဖွဲ့အစည်းများ | နိုင်ငံရေး အသိုက်အဝန်း | စီးပွားရေး အသိုက်အဝန်း | ထင်ရှားသူများ | EAOs | PDFs/LDFs |
|---|---|---|---|---|---|---|---|
| လုံးဝသဘောမတူပါ | ၁% | ၂% | ၀% | ၀% | ၂% | ၀% | ၀% |
| သဘောမတူပါ | ၂၆% | ၄၃% | ၁၀% | ၁၀% | ၁၅% | ၂၀% | ၄၅% |
| သဘောတူပါသည် | ၄၃% | ၃၅% | ၄၈% | ၇၃% | ၄၄% | ၁၃% | ၂၇% |
| အပြည့်အဝသဘောတူပါသည် | ၁% | ၀% | ၀% | ၇% | ၀% | ၀% | ၀% |
| မသိပါ | ၂၅% | ၁၉% | ၄၂% | ၅% | ၃၃% | ၆၇% | ၁၈% |
| ဖြေဆိုရန်ငြင်းဆန် | ၄% | ၁% | ၀% | ၅% | ၆% | ၀% | ၁၀% |

**မေးခွန်း-၇၁** ‘RCEP သည် မြန်မာနိုင်ငံကိုသာ အကျိုးအမြတ်ဖြစ်စေသည်’ အပေါ် ဖြေဆိုချက်များ

| | စုစုပေါင်း | အရပ်ဘက် အဖွဲ့အစည်းများ | နိုင်ငံရေး အသိုက်အဝန်း | စီးပွားရေး အသိုက်အဝန်း | ထင်ရှားသူများ | EAOs | PDFs/LDFs |
|---|---|---|---|---|---|---|---|
| လုံးဝသဘောမတူပါ | ၁၆% | ၂၅% | ၄% | ၅% | ၁၂% | ၀% | ၃၆% |
| သဘောမတူပါ | ၄၆% | ၅၁% | ၄၃% | ၆၁% | ၃၆% | ၂၇% | ၂၇% |
| သဘောတူပါသည် | ၉% | ၅% | ၁၀% | ၂၀% | ၈% | ၇% | ၉% |
| အပြည့်အဝသဘောတူပါသည် | ၀% | ၀% | ၀% | ၂% | ၀% | ၀% | ၀% |
| မသိပါ | ၂၅% | ၁၈% | ၄၃% | ၅% | ၃၆% | ၆၆% | ၁၉% |
| ဖြေဆိုရန်ငြင်းဆန် | ၄% | ၁% | ၀% | ၇% | ၈% | ၀% | ၉% |

ရလဒ်များကို နှိုင်းယှဉ်ပိုင်းခြားရာတွင် ‘လုံးဝသဘောမတူပါ’နှင့် ‘သဘောမတူပါ’နှစ်ရပ်ပေါင်းကို ‘သဘောမတူပါ’ဟုလည်းကောင်း၊ ‘သဘောတူပါသည်’နှင့် ‘အပြည့်အဝ သဘောတူပါသည်’နှစ်ရပ်ပေါင်းကို ‘သဘောတူပါသည်’ဟုလည်းကောင်း တွက်ချက်ပါသည်။


မှတ်ချက် - မေးခွန်း ၇၂ အတွက် ဖြေဆိုချက်များ၏ အသေးစိတ်ဇယားကို ISP-Myanmar ဝက်ဘ်ဆိုက်တွင် ကြည့်ရှုနိုင်ပါသည်။

## မေးခွန်း-၇၃ မှ ၇၅ အထိ

### ILSTC ၏ အကျိုးသက်ရောက်မှုအပေါ် မည်သို့မြင်သနည်း

လုံးဝသဘောမတူပါ / သဘောတူပါသည် / မသိပါ / သဘောမတူပါ / အပြည့်အဝသဘောတူပါသည် / ဖြေဆိုရန်ငြင်းဆန်

**မေးခွန်း-၇၃**
ILSTC ကြောင့် မြန်မာနိုင်ငံအတွင်း အခြေခံအဆောက်အအုံများ ပိုကောင်းလာမည်




**မေးခွန်း-၇၄**
ILSTC ကြောင့် အကျိုးစီးပွားဦးတည်သော ပဋိပက္ခအုပ်စုများ ပိုများလာမည်




**မေးခွန်း-၇၅**
ILSTC ကြောင့် တရုတ်နိုင်ငံ၏ စီးပွားရေးအရလွှမ်းမိုးခံရမှု ပိုများလာပါမည်




ILSTC စီမံကိန်းကြောင့် မြန်မာနိုင်ငံတွင် အခြေခံအဆောက်အအုံများ ပိုကောင်းလာနိုင်ကြောင်း ဖြေဆိုသူအားလုံး၏ **၅၄ ရာခိုင်နှုန်း**က သဘောတူပါသည်။ ထိုမေးခွန်းကို **'မသိပါ'**ဟု ဖြေဆိုခဲ့သူမှာ **၂၃ ရာခိုင်နှုန်း**ရှိပါသည်။ အကျိုးစီးပွားကိုဦးတည်သော ပဋိပက္ခအုပ်စုများ ပိုများလာမည်ဟူသည့် အချက်ကိုလည်း သဘောတူသူ **၅၁ ရာခိုင်နှုန်း**ရှိပါသည်။ ထိုမေးခွန်းကိုလည်း မသိကြောင်းဖြေသူ **၂၃ ရာခိုင်နှုန်း**ရှိပါသည်။ ILSTC စီမံကိန်းကြောင့် မြန်မာနိုင်ငံအပေါ် တရုတ်နိုင်ငံက စီးပွားရေးအရလွှမ်းမိုးမှု ပိုများလာမည်ဆိုခြင်းကို သဘောတူသူ **၄၈ ရာခိုင်နှုန်း**ရှိပါသည်။ **'မသိပါ'**ဟု ဖြေဆိုခဲ့သူမှာ **၂၁ ရာခိုင်နှုန်း**ရှိသည်။ ဤမေးခွန်း သုံးခုစလုံးကို ယခုစစ်တမ်းကောက်ယူချိန်တွင် အသစ်ထည့်သွင်းထားခြင်းဖြစ်သည်။

မေးခွန်း-၇၃ မှ ၇၅ အထိ မေးမြန်းရာတွင် **'အပြည်ပြည်ဆိုင်ရာ ကုန်းတွင်း-ရေကြောင်း ကုန်သွယ်ရေးစင်္ကြံသစ် (ILSTC) စီမံကိန်းကြောင့် မြန်မာနိုင်ငံအပေါ် အကျိုးသက်ရောက်မှုများရှိကြောင်း ဆိုကြသည့်အနက် တချို့ကို ဖတ်ပြခဲ့ပြီး သဘောတူ၊ မတူ'** မေးမြန်းခဲ့ခြင်းဖြစ်သည်။

## ရလဒ်များကို နှိုင်းယှဉ်ပိုင်းခြားခြင်း

စစ်တမ်းဖြေဆိုခဲ့သော အသိုက်အဝန်းခြောက်ခု၏ အဖြေများကို နှိုင်းယှဉ်ရာ၌ ILSTC စီမံကိန်းကြောင့် မြန်မာနိုင်ငံတွင် အခြေခံအဆောက်အအုံများ ပိုကောင်းလာနိုင်ကြောင်းကို **စီးပွားရေးအသင်းအဖွဲ့များ၏ ၇၈ ရာခိုင်နှုန်းနှင့် အရပ်ဘက်အဖွဲ့အစည်းများ၏ ၆၀ ရာခိုင်နှုန်းက** သဘောတူခဲ့ပါသည်။ အကျိုးစီးပွားကိုဦးတည်သော ပဋိပက္ခအုပ်စုများ ပိုများလာနိုင်ကြောင်းကို **အရပ်ဘက်အဖွဲ့အစည်းများ၏ ၇၅ ရာခိုင်နှုန်းက** သဘောတူခဲ့သည်။ ထိုအချက်ကို PDFs/LDFs များ၏ ၇၃ ရာခိုင်နှုန်းကလည်း သဘောတူကြောင်း ဖြေဆိုခဲ့သည်။ မြန်မာနိုင်ငံအပေါ် တရုတ်နိုင်ငံက စီးပွားရေးအရလွှမ်းမိုးမှု ပိုများလာမည်ဆိုသည့် အချက်ကိုလည်း **အရပ်ဘက်အဖွဲ့အစည်းများ၏ ၈၂ ရာခိုင်နှုန်း၊** PDFs/LDFs များ၏ ၇၃ ရာခိုင်နှုန်းနှင့် **ထင်ရှားသူများ၏ ၅၉ ရာခိုင်နှုန်းက** သဘောတူကြောင်း ဖြေဆိုခဲ့ပါသည်။

**မေးခွန်း-၇၄** ‘ILSTC ကြောင့် အကျိုးစီးပွားဦးတည်သော ပဋိပက္ခအုပ်စုများ ပိုများလာမည်’ အပေါ် ဖြေဆိုချက်များ

| | စုစုပေါင်း | အရပ်ဘက် အဖွဲ့အစည်းများ | နိုင်ငံရေး အသိုက်အဝန်း | စီးပွားရေး အသိုက်အဝန်း | ထင်ရှားသူများ | EAOs | PDFs/LDFs |
|---|---|---|---|---|---|---|---|
| လုံးဝသဘောမတူပါ | ၁% | ၁% | ၀% | ၀% | ၂% | ၀% | ၉% |
| သဘောမတူပါ | ၁၄% | ၁၀% | ၁၄% | ၃၂% | ၁၁% | ၇% | ၀% |
| သဘောတူပါသည် | **၅၁%** | **၆၂%** | ၃၈% | **၃၉%** | **၄၄%** | ၃၉% | **၇၃%** |
| အပြည့်အဝသဘောတူပါသည် | ၈% | ၁၃% | ၅% | ၂% | ၅% | ၇% | ၀% |
| မသိပါ | ၂၃% | ၁၁% | ၄၃% | ၂၂% | ၃၁% | ၄၇% | ၁၈% |
| ဖြေဆိုရန်ငြင်းဆန် | ၃% | ၃% | ၀% | ၅% | ၇% | ၀% | ၀% |

**မေးခွန်း-၇၅** ‘ILSTC ကြောင့် တရုတ်နိုင်ငံ၏ စီးပွားရေးအရ လွှမ်းမိုးခံရမှု ပိုများလာပါမည်’ အပေါ် ဖြေဆိုချက်များ


| | စုစုပေါင်း | အရပ်ဘက် အဖွဲ့အစည်းများ | နိုင်ငံရေး အသိုက်အဝန်း | စီးပွားရေး အသိုက်အဝန်း | ထင်ရှားသူများ | EAOs | PDFs/LDFs |
|---|---|---|---|---|---|---|---|
| လုံးဝသဘောမတူပါ | ၁% | ၁% | ၀% | ၂% | ၀% | ၀% | ၉% |
| သဘောမတူပါ | ၉% | ၅% | ၁၄% | ၂၄% | ၅% | ၇% | ၀% |
| သဘောတူပါသည် | **၄၈%** | **၅၀%** | ၃၃% | **၄၆%** | **၅၁%** | ၃၉% | **၅၅%** |
| အပြည့်အဝသဘောတူပါသည် | ၁၆% | ၃၂% | ၅% | ၀% | ၈% | ၇% | ၁၈% |
| မသိပါ | ၂၁% | ၉% | ၄၃% | ၂၀% | ၃၀% | ၄၇% | ၁၈% |
| ဖြေဆိုရန်ငြင်းဆန် | ၅% | ၃% | ၅% | ၈% | ၆% | ၀% | ၀% |

ရလဒ်များကို နှိုင်းယှဉ်ပိုင်းခြားရာတွင် ‘လုံးဝသဘောမတူပါ’နှင့် ‘သဘောမတူပါ’နှစ်ရပ်ပေါင်းကို ‘သဘောမတူပါ’ဟုလည်းကောင်း ‘သဘောတူပါသည်’နှင့် ‘အပြည့်အဝ သဘောတူပါသည်’နှစ်ရပ်ပေါင်းကို ‘သဘောတူပါသည်’ဟုလည်းကောင်း တွက်ချက်ပါသည်။

မှတ်ချက် - မေးခွန်း ၇၃ အတွက် ဖြေဆိုချက်များ၏ အသေးစိတ်ဇယားကို ISP-Myanmar ဝက်ဘ်ဆိုက်တွင် ကြည့်ရှုနိုင်ပါသည်။

## မေးခွန်း-၇၆ မှ ၇၉ အထိ

### LMC ၏ အကျိုးသက်ရောက်မှုအပေါ် မည်သို့မြင်သနည်း




လန်ချန်း-မဲခေါင် ပူးပေါင်းဆောင်ရွက်ရေးအစီအမံ (LMC) ကြောင့် မြန်မာနိုင်ငံနှင့် အိမ်နီးချင်းနိုင်ငံများအကြား ဒေသတွင်းချိတ်ဆက်မှု အားကောင်းလာနိုင်ကြောင်း ဖြေဆိုသူအားလုံး၏ **၆၀ ရာခိုင်နှုန်း** က သဘောတူပါသည်။ မြန်မာနိုင်ငံအတွင်း အခြေခံအဆောက်အအုံများ တိုးတက်လာမည်ဆိုသည့် အချက်ကို သဘောတူသူ **၄၈ ရာခိုင်နှုန်း**ရှိပါသည်။ မြန်မာနိုင်ငံအတွင်း ဆင်းရဲမွဲတေမှုလျှော့ချနိုင်မည် မဟုတ်ကြောင်း ဖြေဆိုသူ **၄၃ ရာခိုင်နှုန်း**က ရှုမြင်ပါသည်။ မြန်မာနိုင်ငံအတွင်း လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်လာမည်ဆိုခြင်းကိုလည်း သဘောမတူကြောင်း **၃၉ ရာခိုင်နှုန်း**က ဖြေကြားခဲ့သည်။ ဤမေးခွန်းလေးခုစလုံးကို ယခုစစ်တမ်းကောက်ယူချိန်တွင် အသစ်ထည့်သွင်းထားခြင်းဖြစ်သည်။

မေးခွန်း-၇၆ မှ ၇၉ အထိ မေးမြန်းရာတွင် 'လန်ချန်း-မဲခေါင် ပူးပေါင်းဆောင်ရွက်ရေးအစီအမံ (LMC) ကြောင့် မြန်မာနိုင်ငံအပေါ် အကျိုးသက်ရောက်မှုများရှိကြောင်း ဆိုကြသည့်အနက် တချို့ကို ဖတ်ပြခဲ့ပြီး သဘောတူ၊ မတူ' မေးမြန်းခဲ့ခြင်းဖြစ်သည်။

## ရလဒ်များကို နှိုင်းယှဉ်ပိုင်းခြားခြင်း

စစ်တမ်းဖြေဆိုခဲ့သော အသိုက်အဝန်းခြောက်ခု၏ အဖြေများကို နှိုင်းယှဉ်ရာ၌ လန်ချန်း-မဲခေါင် ပူးပေါင်းဆောင်ရွက်ရေးအစီအမံ (LMC) ကြောင့် မြန်မာနိုင်ငံနှင့် အိမ်နီးချင်းနိုင်ငံများအကြား ဒေသတွင်း ချိတ်ဆက်မှု အားကောင်းလာမည်ဆိုသည်ကို **စီးပွားရေးအသင်းအဖွဲ့များ၏ ၈၇ ရာခိုင်နှုန်း၊** EAOs **များ၏ ၆၇ ရာခိုင်နှုန်း၊ ထင်ရှားသူများ၏ ၆၄ ရာခိုင်နှုန်း**နှင့် **နိုင်ငံရေးအသိုက်အဝန်း၏ ၆၂ ရာခိုင်နှုန်း**က သဘောတူကြပါသည်။ မြန်မာနိုင်ငံအတွင်း အခြေခံအဆောက်အအုံများ တိုးတက်လာမည်ဆိုသော အချက်ကိုလည်း **စီးပွားရေးအသင်းအဖွဲ့များက** သဘောတူခဲ့ပြီး **၇၈ ရာခိုင်နှုန်း**ရှိသည်။ **နိုင်ငံရေးအသိုက်အဝန်း၏ ၅၇ ရာခိုင်နှုန်း**နှင့် **EAOs များ၏ ၅၄ ရာခိုင်နှုန်း**ကလည်း သဘောတူကြောင်း ဖြေဆိုခဲ့ကြသည်။ မြန်မာနိုင်ငံအတွင်း ဆင်းရဲမွဲတေမှု လျှော့ချနိုင်ပါမည်ဆိုသောအချက်ကို သဘောမတူသူများထဲတွင် **အရပ်ဘက်အဖွဲ့အစည်းများက** အများဆုံးဖြစ်ပြီး **၇၂ ရာခိုင်နှုန်း**ရှိပါသည်။ **စီးပွားရေးအသင်းအဖွဲ့များ၏ ၇၁ ရာခိုင်နှုန်း**ကမူ သဘောတူကြောင်းဖြေခဲ့ပါသည်။ မြန်မာနိုင်ငံအတွင်း လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်လာမည်ဆိုသည့်အချက်ကို **စီးပွားရေးအသင်းအဖွဲ့များ၏ ၆၈ ရာခိုင်နှုန်း**က သဘောတူခဲ့ပြီး **အရပ်ဘက်အဖွဲ့အစည်းများ၏ ၆၃ ရာခိုင်နှုန်း**က သဘောမတူကြောင်း ဖြေဆိုခဲ့သည်။

မေးခွန်း-၇၆

‘မြန်မာနှင့် အိမ်နီးချင်းများအကြား ချိတ်ဆက်မှုအားကောင်းလာမည်’ အပေါ် ဖြေဆိုချက်များ

| | စုစုပေါင်း | အရပ်ဘက် အဖွဲ့အစည်းများ | နိုင်ငံရေး အသိုက်အဝန်း | စီးပွားရေး အသိုက်အဝန်း | ထင်ရှားသူများ | EAOs | PDFs/LDFs |
|---|---|---|---|---|---|---|---|
| လုံးဝသဘောမတူပါ | ၁% | ၃% | ၀% | ၀% | ၀% | ၀% | ၀% |
| သဘောမတူပါ | ၁၆% | ၂၇% | ၁၉% | ၇% | ၁၁% | ၀% | ၀% |
| သဘောတူပါသည် | ၆၀% | ၅၂% | ၅၂% | ၈၀% | ၆၂% | ၆၇% | ၄၅% |
| အပြည့်အဝသဘောတူပါသည် | ၃% | ၁% | ၁၀% | ၇% | ၂% | ၀% | ၉% |
| မသိပါ | ၁၆% | ၁၄% | ၁၉% | ၆% | ၁၈% | ၂၇% | ၃၇% |
| ဖြေဆိုရန်ငြင်းဆန် | ၄% | ၃% | ၀% | ၀% | ၇% | ၆% | ၉% |

ရလဒ်များကို နှိုင်းယှဉ်ပိုင်းခြားရာတွင် ‘လုံးဝသဘောမတူပါ’နှင့် ‘သဘောမတူပါ’နှစ်ရပ်ပေါင်းကို ‘သဘောမတူပါ’ဟုလည်းကောင်း၊ ‘သဘောတူပါသည်’နှင့် ‘အပြည့်အဝ သဘောတူပါသည်’နှစ်ရပ်ပေါင်းကို ‘သဘောတူပါသည်’ဟုလည်းကောင်း တွက်ချက်ပါသည်။

မေးခွန်း-၇၇

‘မြန်မာနိုင်ငံအတွင်း အခြေခံအဆောက်အအုံများ ပိုကောင်းလာမည်’ အပေါ် ဖြေဆိုချက်များ

| | စုစုပေါင်း | အရပ်ဘက် အဖွဲ့အစည်းများ | နိုင်ငံရေး အသိုက်အဝန်း | စီးပွားရေး အသိုက်အဝန်း | ထင်ရှားသူများ | EAOs | PDFs/LDFs |
|---|---|---|---|---|---|---|---|
| လုံးဝသဘောမတူပါ | ၂% | ၁% | ၀% | ၂% | ၂% | ၀% | ၉% |
| သဘောမတူပါ | ၂၉% | ၄၁% | ၂၄% | ၁၅% | ၃၀% | ၁၃% | ၀% |
| သဘောတူပါသည် | **၄၈%** | **၄၂%** | **၅၂%** | **၇၃%** | **၄၁%** | **၄၇%** | **၄၅%** |
| အပြည့်အဝသဘောတူပါသည် | ၂% | ၀% | ၅% | ၅% | ၂% | ၇% | ၀% |
| မသိပါ | ၁၆% | ၁၃% | ၁၉% | ၅% | ၁၈% | ၂၆% | ၃၇% |
| ဖြေဆိုရန်ငြင်းဆန် | ၃% | ၃% | ၀% | ၀% | ၇% | ၇% | ၉% |

မေးခွန်း-၇၈

‘မြန်မာနိုင်ငံအတွင်း ဆင်းရဲမွဲတေမှု လျော့ချနိုင်ပါမည်’ အပေါ် ဖြေဆိုချက်များ

| | စုစုပေါင်း | အရပ်ဘက် အဖွဲ့အစည်းများ | နိုင်ငံရေး အသိုက်အဝန်း | စီးပွားရေး အသိုက်အဝန်း | ထင်ရှားသူများ | EAOs | PDFs/LDFs |
|---|---|---|---|---|---|---|---|
| လုံးဝသဘောမတူပါ | ၈% | ၁၆% | ၀% | ၂% | ၇% | ၀% | ၀% |
| သဘောမတူပါ | **၄၃%** | **၅၆%** | ၃၃% | ၂၂% | **၃၉%** | **၃၃%** | **၄၅%** |
| သဘောတူပါသည် | ၂၈% | ၁၃% | **၄၃%** | **၆၆%** | ၂၆% | **၃၃%** | ၉% |
| အပြည့်အဝသဘောတူပါသည် | ၂% | ၁% | ၅% | ၅% | ၀% | ၀% | ၉% |
| မသိပါ | ၁၅% | ၁၂% | ၁၉% | ၅% | ၂၁% | ၂၇% | ၂၈% |
| ဖြေဆိုရန်ငြင်းဆန် | ၄% | ၂% | ၀% | ၀% | ၇% | ၇% | ၉% |

မေးခွန်း-၇၉

‘မြန်မာနိုင်ငံအတွင်း လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်လာမည်’ အပေါ် ဖြေဆိုချက်များ

| | စုစုပေါင်း | အရပ်ဘက် အဖွဲ့အစည်းများ | နိုင်ငံရေး အသိုက်အဝန်း | စီးပွားရေး အသိုက်အဝန်း | ထင်ရှားသူများ | EAOs | PDFs/LDFs |
|---|---|---|---|---|---|---|---|
| လုံးဝသဘောမတူပါ | ၆% | ၁၃% | ၀% | ၂% | ၂% | ၀% | ၀% |
| သဘောမတူပါ | **၃၉%** | **၅၀%** | ၃၃% | ၂၂% | **၃၆%** | **၃၃%** | ၂၇% |
| သဘောတူပါသည် | ၃၃% | ၂၂% | **၃၈%** | **၆၁%** | ၃၁% | **၃၃%** | **၃၆%** |
| အပြည့်အဝသဘောတူပါသည် | ၂% | ၁% | ၁၀% | ၇% | ၀% | ၀% | ၀% |
| မသိပါ | ၁၆% | ၁၂% | ၁၉% | ၆% | ၂၃% | ၂၇% | ၂၇% |
| ဖြေဆိုရန်ငြင်းဆန် | ၄% | ၂% | ၀% | ၂% | ၈% | ၇% | ၁၀% |


## မေးခွန်း-၈၀ မှ ၈၂ အထိ

## LMC ကြောင့် မည်သည့်အဖွဲ့အစည်းနှင့် လူပုဂ္ဂိုလ်များ အကျိုးဖြစ်ထွန်းသနည်း

- လုံးဝအကျိုးမရှိပါ
- အကျိုးမရှိပါ
- အတိုင်းအတာတခုအထိ အကျိုးရှိပါသည်
- အပြည့်အဝအကျိုးရှိသည်
- မသိပါ
- ဖြေဆိုရန်ငြင်းဆန်


**မေးခွန်း-၈၀**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ (SAC)




**မေးခွန်း-၈၁**

မြန်မာနိုင်ငံအတွင်းမှ ပုဂ္ဂလိကလုပ်ငန်းရှင်များ




**မေးခွန်း-၈၂**

မြန်မာနိုင်ငံအတွင်းမှ တောင်သူလယ်သမားများနှင့် ကျေးလက်နေပြည်သူများ




လန်ချန်း-မဲခေါင် ပူးပေါင်းဆောင်ရွက်ရေးအစီအမံ (LMC) ကြောင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ (SAC) ကို အကျိုးရှိစေသည်ဟု ဖြေဆိုသူ **၅၂ ရာခိုင်နှုန်း**ရှိပါသည်။ မြန်မာနိုင်ငံအတွင်းရှိ ပုဂ္ဂလိကလုပ်ငန်းရှင်များအပေါ် အကျိုးရှိနိုင်ကြောင်း **၆၉ ရာခိုင်နှုန်း**ကဖြေဆိုခဲ့ပြီး မြန်မာနိုင်ငံအတွင်းရှိ တောင်သူလယ်သမားနှင့် ကျေးလက်နေပြည်သူများအပေါ် အကျိုးရှိနိုင်ကြောင်း ဖြေဆိုသူ **၂၅ ရာခိုင်နှုန်း**သာရှိသည်။ **၄၁ ရာခိုင်နှုန်း**က အကျိုးမရှိနိုင်ကြောင်းနှင့် **၁၆ ရာခိုင်နှုန်း**က လုံးဝအကျိုးမရှိနိုင်ကြောင်း ဖြေကြားခဲ့ပါသည်။ ဤမေးခွန်းသုံးခုစလုံးကို ယခုစစ်တမ်းကောက်ယူချိန်တွင် အသစ်ထည့်သွင်းထားခြင်းဖြစ်သည်။

မေးခွန်း-၈၀ မှ ၈၂ အထိ မေးမြန်းရာတွင် **'လန်ချန်း-မဲခေါင် ပူးပေါင်းဆောင်ရွက်ရေးအစီအမံ (LMC) ကြောင့် အကျိုးသက်ရောက်မှုရှိသည့် မြန်မာနိုင်ငံရှိ အဖွဲ့အစည်းနှင့် လူပုဂ္ဂိုလ်တချို့ကို ဖတ်ပြခဲ့ပြီး အကျိုးဖြစ်ထွန်းမှုအတိုင်းအတာကို အဆင့်သတ်မှတ်ပေးရန်'** မေးမြန်းခဲ့ခြင်းဖြစ်သည်။ အဆင့် '၁'သည် 'လုံးဝအကျိုးမရှိပါ'ဖြစ်ပြီး အဆင့် '၄'သည် 'အပြည့်အဝအကျိုးရှိသည်'ဟု ပိုင်းခြားသတ်မှတ်ခဲ့ပါသည်။

## ရလဒ်များကို နှိုင်းယှဉ်ပိုင်းခြားခြင်း

စစ်တမ်းဖြေဆိုခဲ့သော အသိုက်အဝန်းခြောက်ခု၏အဖြေများကို နှိုင်းယှဉ်ရာ၌ လန်ချန်း-မဲခေါင် ပူးပေါင်းဆောင်ရွက်ရေးအစီအမံ (LMC) ကြောင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ (SAC) ကို အကျိုးရှိစေကြောင်း အစုအဖွဲ့အသီးသီးက ဖြေဆိုခဲ့ကြသည်။ **အရပ်ဘက်အဖွဲ့အစည်းများ၏ ၈၇ ရာခိုင်နှုန်း၊ စီးပွားရေးအသင်းအဖွဲ့များ၏ ၈၅ ရာခိုင်နှုန်းနှင့် PDFs/LDFs များ၏ ၈၂ ရာခိုင်နှုန်းတို့က** ယင်းသို့ ဖြေဆိုခဲ့ခြင်းဖြစ်သည်။ မြန်မာနိုင်ငံအတွင်းရှိ ပုဂ္ဂလိကလုပ်ငန်းရှင်များအပေါ် အကျိုးဖြစ်ထွန်းနိုင်ကြောင်း **စီးပွားရေးအသင်းအဖွဲ့များ၏ ၈၇ ရာခိုင်နှုန်းက** ဖြေဆိုခဲ့သည်။ **အရပ်ဘက်အဖွဲ့အစည်းများ၏ ၈၀ ရာခိုင်နှုန်းကလည်း** အကျိုးရှိနိုင်ကြောင်း ဖြေခဲ့ပါသည်။ မြန်မာနိုင်ငံအတွင်းရှိ တောင်သူလယ်သမားများနှင့် ကျေးလက်နေပြည်သူများအပေါ် အကျိုးဖြစ်ထွန်းမှု ရှိ၊ မရှိဆိုရာတွင် **အရပ်ဘက်အဖွဲ့အစည်းများ၏ ၇၄ ရာခိုင်နှုန်းက** အကျိုးမရှိကြောင်းဆိုခဲ့ပြီး **စီးပွားရေးအသင်းအဖွဲ့များ၏ ၆၄ ရာခိုင်နှုန်းက** အကျိုးရှိကြောင်း ဖြေခဲ့ပါသည်။

မေးခွန်း-၈၀

**'နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ (SAC)' အပေါ် ဖြေဆိုချက်များ**

| | စုစုပေါင်း | အရပ်ဘက်အဖွဲ့အစည်းများ | နိုင်ငံရေးအသိုက်အဝန်း | စီးပွားရေးအသိုက်အဝန်း | ထင်ရှားသူများ | EAOs | PDFs/LDFs |
|---|---|---|---|---|---|---|---|
| လုံးဝအကျိုးမရှိပါ | ၀% | ၁% | ၀% | ၀% | ၀% | ၀% | ၀% |
| အကျိုးမရှိပါ | ၁% | ၁% | ၀% | ၂% | ၂% | ၀% | ၀% |
| အတိုင်းအတာတခုအထိ အကျိုးရှိပါသည် | ၅၂% | ၄၈% | ၆၂% | ၇၃% | ၄၁% | ၅၃% | ၅၅% |
| အပြည့်အဝအကျိုးရှိသည် | ၂၈% | ၃၉% | ၁၀% | ၁၂% | ၃၀% | ၂၇% | ၂၇% |
| မသိပါ | ၁၃% | ၉% | ၁၄% | ၁၀% | ၁၈% | ၂၀% | ၁၈% |
| ဖြေဆိုရန်ငြင်းဆန် | ၆% | ၂% | ၁၄% | ၃% | ၉% | ၀% | ၀% |

ရလဒ်များကို နှိုင်းယှဉ်ပိုင်းခြားရာတွင် 'လုံးဝအကျိုးမရှိပါ'နှင့် 'အကျိုးမရှိပါ'နှစ်ရပ်ပေါင်းကို 'အကျိုးမရှိပါ'ဟုလည်းကောင်း၊ 'အကျိုးရှိသည်'နှင့် 'အလွန်အကျိုးရှိသည်'နှစ်ရပ်ပေါင်းကို 'အကျိုးရှိသည်'ဟုလည်းကောင်း တွက်ချက်ပါသည်။

မေးခွန်း-၈၁

‘မြန်မာနိုင်ငံအတွင်းမှ ပုဂ္ဂလိကလုပ်ငန်းရှင်များ’ အပေါ် ဖြေဆိုချက်များ

| | စုစုပေါင်း | အရပ်ဘက် အဖွဲ့အစည်းများ | နိုင်ငံရေး အသိုက်အဝန်း | စီးပွားရေး အသိုက်အဝန်း | ထင်ရှားသူများ | EAOs | PDFs/LDFs |
|---|---|---|---|---|---|---|---|
| လုံးဝအကျိုးမရှိပါ | ၀% | ၀% | ၀% | ၀% | ၂% | ၀% | ၀% |
| အကျိုးမရှိပါ | ၆% | ၇% | ၁၀% | ၂% | ၇% | ၀% | ၉% |
| အတိုင်းအတာတခုအထိ အကျိုးရှိပါသည် | ၆၉% | ၇၂% | ၆၇% | ၈၀% | ၅၉% | ၆၀% | ၇၃% |
| အပြည့်အဝအကျိုးရှိသည် | ၆% | ၈% | ၀% | ၈% | ၅% | ၁၃% | ၀% |
| မသိပါ | ၁၆% | ၁၁% | ၂၃% | ၈% | ၂၂% | ၂၇% | ၁၈% |
| ဖြေဆိုရန်ငြင်းဆန် | ၃% | ၂% | ၀% | ၂% | ၅% | ၀% | ၀% |

မေးခွန်း-၈၂

‘မြန်မာနိုင်ငံအတွင်းမှ တောင်သူလယ်သမားများနှင့် ကျေးလက်နေပြည်သူများ’ အပေါ် ဖြေဆိုချက်များ

| | စုစုပေါင်း | အရပ်ဘက် အဖွဲ့အစည်းများ | နိုင်ငံရေး အသိုက်အဝန်း | စီးပွားရေး အသိုက်အဝန်း | ထင်ရှားသူများ | EAOs | PDFs/LDFs |
|---|---|---|---|---|---|---|---|
| လုံးဝအကျိုးမရှိပါ | ၁၆% | ၂၉% | ၅% | ၂% | ၈% | ၇% | ၁၈% |
| အကျိုးမရှိပါ | ၄၁% | ၄၅% | ၄၃% | ၂၄% | ၄၄% | ၄၇% | ၄၆% |
| အတိုင်းအတာတခုအထိ အကျိုးရှိပါသည် | ၂၅% | ၁၄% | ၂၉% | ၅၉% | ၂၃% | ၂၀% | ၉% |
| အပြည့်အဝအကျိုးရှိသည် | ၁% | ၀% | ၀% | ၅% | ၀% | ၀% | ၉% |
| မသိပါ | ၁၅% | ၁၁% | ၂၃% | ၈% | ၂၀% | ၂၆% | ၁၈% |
| ဖြေဆိုရန်ငြင်းဆန် | ၂% | ၁% | ၀% | ၂% | ၅% | ၀% | ၀% |


မေးခွန်း-၈၃ မှ ၈၅ အထိ

## GSI ကြောင့် မြန်မာနိုင်ငံ၏ လုံခြုံရေးကဏ္ဍအပေါ် မည်သို့သက်ရောက်မည်နည်း

- လုံးဝသဘောမတူပါ
- သဘောတူပါသည်
- မသိပါ
- သဘောမတူပါ
- အပြည့်အဝသဘောတူပါသည်
- ဖြေဆိုရန်ငြင်းဆန်


■ **မေးခွန်း-၈၃**

နှစ်နိုင်ငံအကြား စစ်ဘက်နှင့် ရဲဘက် ပူးပေါင်းဆောင်ရွက်မှု အားကောင်းလာနိုင်သည်





■ **မေးခွန်း-၈၄**

နယ်စပ်ဖြတ်ကျော်မှုခင်းများ နှိမ်နင်းမှု အားကောင်းစေသည်




■ **မေးခွန်း-၈၅**

နှစ်နိုင်ငံအကြား လုံခြုံရေးသတင်းအချက်အလက်မျှဝေမှု အားကောင်းလာနိုင်သည်




ကမ္ဘာလုံးဆိုင်ရာ လုံခြုံရေးအစီအမံ (GSI) ကြောင့် မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံအကြား စစ်ဘက်နှင့် ရဲဘက်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ အားကောင်းလာနိုင်ကြောင်း ဖြေဆိုသူအားလုံး၏ **၅၂ ရာခိုင်နှုန်း**က သဘောတူခဲ့ကြသည်။ နယ်စပ်ဖြတ်ကျော်မှုခင်းများ နှိမ်နင်းမှုကို အားကောင်းစေကြောင်း သဘောတူသူ **၄၂ ရာခိုင်နှုန်း**ရှိပြီး သဘောမတူသူ **၂၇ ရာခိုင်နှုန်း**ရှိပါသည်။ မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံအကြား လုံခြုံရေးသတင်းအချက်အလက် မျှဝေမှုများ အားကောင်းလာနိုင်ကြောင်းအချက်ကို သဘောတူသူ **၅၂ ရာခိုင်နှုန်း**ရှိပါသည်။ မေးခွန်းသုံးခုစလုံးကို မသိရှိကြောင်းဖြေဆိုသူ **၂၀ ရာခိုင်နှုန်းနှင့်အထက်**ရှိပါသည်။ ဤမေးခွန်းသုံးခုစလုံးကို ယခုစစ်တမ်းကောက်ယူချိန်တွင် အသစ်ထည့်သွင်းထားခြင်းဖြစ်သည်။

မေးခွန်း-၈၃ မှ ၈၅ အထိ မေးမြန်းရာတွင် **‘ကမ္ဘာလုံးဆိုင်ရာလုံခြုံရေးအစီအမံ (GSI) ကြောင့် မြန်မာနိုင်ငံ၏ လုံခြုံရေးကဏ္ဍအပေါ် သက်ရောက်လာနိုင်သည့် အခြေအနေတချို့ကို ဖတ်ပြခဲ့ပြီး သဘောတူ၊ မတူ’** မေးမြန်းခဲ့ခြင်းဖြစ်သည်။

## ရလဒ်များကို နှိုင်းယှဉ်ပိုင်းခြားခြင်း

စစ်တမ်းဖြေဆိုခဲ့သော အသိုက်အဝန်းခြောက်ခု၏ အဖြေများကို နှိုင်းယှဉ်ရာ၌ GSI ကြောင့် မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံအကြား စစ်ဘက်နှင့် ရဲဘက်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ အားကောင်းလာနိုင်သည်ဆိုသည့်အချက်ကို သဘောတူသူများတွင် **စီးပွားရေးအသင်းအဖွဲ့များမှ** အများဆုံးဖြစ်ပြီး **၆၃ ရာခိုင်နှုန်းရှိသည်။ အရပ်ဘက်အဖွဲ့အစည်းများ၏ ၆၀ ရာခိုင်နှုန်း**ကလည်း ထိုသို့ရှုမြင်ကြောင်း ဖြေဆိုခဲ့ကြသည်။ နယ်စပ်ဖြတ်ကျော်မှုခင်းများနှိမ်နှင်းမှုကို အားကောင်းစေကြောင်းအချက်ကိုလည်း **စီးပွားရေးအသင်းအဖွဲ့များက** အများဆုံးသဘောတူခဲ့ကြပြီး ဖြေဆိုသူ **၆၁ ရာခိုင်နှုန်းရှိသည်။ နိုင်ငံရေးအသိုက်အဝန်း၏ ၄၈ ရာခိုင်နှုန်း**ကလည်း သဘောတူကြောင်းဖြေဆိုခဲ့သည်။ GSI ကြောင့် မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံအကြား လုံခြုံရေးသတင်းအချက်အလက်မျှဝေမှုများ အားကောင်းလာနိုင်သည်ဆိုသည့်အချက်ကို **PDFs/LDFs များက** အများဆုံးထင်မြင်ခဲ့ပြီး **၇၃ ရာခိုင်နှုန်း**က သဘောတူကြောင်းဖြေဆိုခဲ့သည်။ **စီးပွားရေးအသင်းအဖွဲ့များ၏ ၆၃ ရာခိုင်နှုန်း**ကလည်း သဘောတူကြောင်း ဖြေဆိုခဲ့ပါသည်။

မေးခွန်း-၈၃

**‘နှစ်နိုင်ငံအကြား စစ်ဘက်နှင့် ရဲဘက် ပူးပေါင်းဆောင်ရွက်မှု အားကောင်းလာနိုင်သည်’ အပေါ် ဖြေဆိုချက်များ**

| | စုစုပေါင်း | အရပ်ဘက် အဖွဲ့အစည်းများ | နိုင်ငံရေး အသိုက်အဝန်း | စီးပွားရေး အသိုက်အဝန်း | ထင်ရှားသူများ | EAOs | PDFs/LDFs |
|---|---|---|---|---|---|---|---|
| လုံးဝသဘောမတူပါ | ၂% | ၃% | ၀% | ၀% | ၀% | ၀% | ၉% |
| သဘောမတူပါ | ၁၆% | ၂၃% | ၁၀% | ၅% | ၁၃% | ၂၇% | ၁၈% |
| သဘောတူပါသည် | **၅၂%** | **၅၇%** | ၂၇% | **၆၁%** | **၅၁%** | ၂၇% | **၄၆%** |
| အပြည့်အဝသဘောတူပါသည် | ၄% | ၃% | ၁၀% | ၂% | ၂% | ၆% | ၉% |
| မသိပါ | ၂၁% | ၉% | **၄၃%** | ၂၄% | ၂၈% | **၄၀%** | ၁၈% |
| ဖြေဆိုရန်ငြင်းဆန် | ၅% | ၅% | ၁၀% | ၈% | ၆% | ၀% | ၀% |

ရလဒ်များကို နှိုင်းယှဉ်ပိုင်းခြားရာတွင် ‘လုံးဝသဘောမတူပါ’နှင့် ‘သဘောမတူပါ’နှစ်ရပ်ပေါင်းကို ‘သဘောမတူပါ’ဟုလည်းကောင်း၊ ‘သဘောတူပါသည်’နှင့် ‘အပြည့်အဝသဘောတူပါသည်’နှစ်ရပ်ပေါင်းကို ‘သဘောတူပါသည်’ဟုလည်းကောင်း တွက်ချက်ပါသည်။

မေးခွန်း-၈၄

‘နယ်စပ်ဖြတ်ကျော်မှုခင်းများ နှိမ်နှင်းမှု အားကောင်းစေသည်’ အပေါ် ဖြေဆိုချက်များ

| | စုစုပေါင်း | အရပ်ဘက် အဖွဲ့အစည်းများ | နိုင်ငံရေး အသိုက်အဝန်း | စီးပွားရေး အသိုက်အဝန်း | ထင်ရှားသူများ | EAOs | PDFs/LDFs |
|---|---|---|---|---|---|---|---|
| လုံးဝသဘောမတူပါ | ၁% | ၃% | ၀% | ၀% | ၀% | ၀% | ၀% |
| သဘောမတူပါ | ၂၇% | ၄၀% | ၅% | ၁၀% | ၂၅% | ၂၇% | ၂၇% |
| သဘောတူပါသည် | ၄၂% | ၄၁% | ၃၈% | ၅၉% | ၃၉% | ၃၃% | ၃၆% |
| အပြည့်အဝသဘောတူပါသည် | ၃% | ၁% | ၁၀% | ၂% | ၃% | ၀% | ၁၀% |
| မသိပါ | ၂၂% | ၁၁% | ၄၇% | ၂၂% | ၂၈% | ၄၀% | ၂၇% |
| ဖြေဆိုရန်ငြင်းဆန် | ၅% | ၄% | ၀% | ၇% | ၅% | ၀% | ၀% |


မေးခွန်း-၈၅

‘နှစ်နိုင်ငံအကြား လုံခြုံရေးသတင်းအချက်အလက်မျှဝေမှု အားကောင်းလာနိုင်သည်’ အပေါ် ဖြေဆိုချက်များ

| | စုစုပေါင်း | အရပ်ဘက် အဖွဲ့အစည်းများ | နိုင်ငံရေး အသိုက်အဝန်း | စီးပွားရေး အသိုက်အဝန်း | ထင်ရှားသူများ | EAOs | PDFs/LDFs |
|---|---|---|---|---|---|---|---|
| လုံးဝသဘောမတူပါ | ၂% | ၆% | ၀% | ၀% | ၀% | ၀% | ၀% |
| သဘောမတူပါ | ၁၆% | ၂၄% | ၅% | ၇% | ၁၅% | ၂၀% | ၉% |
| သဘောတူပါသည် | ၅၂% | ၅၂% | ၃၈% | ၆၁% | ၅၁% | ၄၀% | ၆၄% |
| အပြည့်အဝသဘောတူပါသည် | ၃% | ၃% | ၁၀% | ၂% | ၀% | ၀% | ၉% |
| မသိပါ | ၂၂% | ၁၁% | ၄၇% | ၂၂% | ၃၀% | ၄၀% | ၁၈% |
| ဖြေဆိုရန်ငြင်းဆန် | ၅% | ၄% | ၀% | ၈% | ၄% | ၀% | ၀% |

မေးခွန်း-၈၆ မှ ၈၉ အထိ

## GSI ကြောင့် မည်သည့်အဖွဲ့အစည်းနှင့် လူပုဂ္ဂိုလ်များ အကျိုးဖြစ်ထွန်းသနည်း




ကမ္ဘာလုံးဆိုင်ရာ လုံခြုံရေးအစီအမံ (GSI) ကြောင့် **'နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ (SAC)'** ကို အကျိုးရှိစေကြောင်း အများစုကယူဆကြပြီး **၄၅ ရာခိုင်နှုန်း**ရှိပါသည်။ **'EAOs'** များအပေါ်တွင်မူ ဖြေဆိုသူအားလုံး၏ **၃၅ ရာခိုင်နှုန်း**ကသာ အကျိုးရှိကြောင်းဖြေဆိုခဲ့သည်။ **'အမျိုးသားညီညွတ်ရေးအစိုးရ (NUG)'** အပေါ် အကျိုးဖြစ်ထွန်းမှုမရှိနိုင်ကြောင်း အများစုကထင်မြင်ကြပါသည်။ ဖြေဆိုသူအားလုံး၏ **၃၄ ရာခိုင်နှုန်း**က ထိုသို့ ထင်မြင်ခဲ့ကြခြင်းဖြစ်ပါသည်။ **'မြန်မာနိုင်ငံအတွင်းရှိ သာမန်ပြည်သူများ'**အပေါ် အကျိုးဖြစ်ထွန်းနိုင်ကြောင်း **၂၄ ရာခိုင်နှုန်း**ကသာ ယူဆခဲ့ပြီး **၂၉ ရာခိုင်နှုန်း**က အကျိုးမရှိနိုင်ကြောင်းဖြေဆိုခဲ့ပါသည်။ မေးခွန်းလေးခုစလုံးကို မသိရှိကြောင်းဖြေဆိုသူ **၂၀ ရာခိုင်နှုန်းနှင့်အထက်**ရှိပါသည်။ ဤမေးခွန်းလေးခုစလုံးကို ယခုစစ်တမ်းကောက်ယူချိန်တွင် အသစ်ထည့်သွင်းထားခြင်းဖြစ်သည်။

မေးခွန်း-၈၆ မှ ၈၉ အထိ မေးမြန်းရာတွင် **'ကမ္ဘာလုံးဆိုင်ရာ လုံခြုံရေးအစီအမံ (GSI) ကြောင့် အကျိုးသက်ရောက်မှုရှိမည်ဟု သုံးသပ်ကြသည့် မြန်မာနိုင်ငံရှိ အဖွဲ့အစည်းတချို့ကို ဖတ်ပြခဲ့ပြီး အကျိုးဖြစ်ထွန်းမှု အတိုင်းအတာကို အဆင့်သတ်မှတ်ပေးရန်'** မေးမြန်းခဲ့ခြင်းဖြစ်သည်။ အဆင့် '၁'သည် 'လုံးဝအကျိုးမရှိပါ'ဖြစ်ပြီး အဆင့် '၄'သည် 'အပြည့်အဝအကျိုးရှိသည်'ဟု ပိုင်းခြားသတ်မှတ်ခဲ့ပါသည်။

## ရလဒ်များကို နှိုင်းယှဉ်ပိုင်းခြားခြင်း

စစ်တမ်းဖြေဆိုခဲ့သော အသိုက်အဝန်းခြောက်ခု၏ အဖြေများကို နှိုင်းယှဉ်ရာ၌ ကမ္ဘာလုံးဆိုင်ရာ လုံခြုံရေးအစီအမံ (GSI) ကြောင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ (SAC) ကို အကျိုးရှိစေကြောင်းဖြေဆိုကြသူများတွင် PDFs/LDFs များက အများဆုံးဖြစ်ပြီး ၈၂ ရာခိုင်နှုန်းရှိပါသည်။ **အရပ်ဘက်အဖွဲ့အစည်းများ၏ ၈၀ ရာခိုင်နှုန်းကလည်း** ထိုသို့ယူဆခဲ့သည်။ EAOs များအပေါ် အကျိုးရှိစေကြောင်းကိုလည်း PDFs/LDFs များက အများဆုံးဖြေဆိုခဲ့ပြီး ၆၄ ရာခိုင်နှုန်းရှိသည်။ ထူးခြားချက်အနေဖြင့် အမျိုးသားညီညွတ်ရေးအစိုးရ (NUG) အပေါ် အကျိုးဖြစ်ထွန်းမှုမရှိနိုင်ကြောင်း ဖြေဆိုကြသူများထဲတွင် EAOs များက အများဆုံးဖြစ်ပြီး ၆၀ ရာခိုင်နှုန်းရှိပါသည်။ **အရပ်ဘက်အဖွဲ့အစည်းများ၏ ၅၉ ရာခိုင်နှုန်းကလည်း** ထိုအတိုင်းဖြေဆိုခဲ့သည်။ မြန်မာနိုင်ငံအတွင်းရှိ သာမန်ပြည်သူများအပေါ် အကျိုးဖြစ်ထွန်းမှုမရှိနိုင်ကြောင်း ဖြေဆိုကြသူများထဲတွင် **အရပ်ဘက်အဖွဲ့အစည်းများက** အများဆုံးဖြစ်ပြီး ၆၈ ရာခိုင်နှုန်းရှိပါသည်။

မေးခွန်း-၈၆

**‘နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ (SAC)’ အပေါ် ဖြေဆိုချက်များ**

| | စုစုပေါင်း | အရပ်ဘက် အဖွဲ့အစည်းများ | နိုင်ငံရေး အသိုက်အဝန်း | စီးပွားရေး အသိုက်အဝန်း | ထင်ရှားသူများ | EAOs | PDFs/LDFs |
|---|---|---|---|---|---|---|---|
| လုံးဝအကျိုးမရှိပါ | ၁% | ၂% | ၀% | ၀% | ၀% | ၀% | ၀% |
| အကျိုးမရှိပါ | ၅% | ၄% | ၅% | ၅% | ၇% | ၇% | ၀% |
| အတိုင်းအတာတခုအထိ အကျိုးရှိပါသည် | ၄၅% | ၅၁% | ၃၇% | ၄၄% | ၃၆% | ၄၇% | ၅၅% |
| အပြည့်အဝအကျိုးရှိသည် | ၂၂% | ၂၉% | ၁၀% | ၁၂% | ၂၃% | ၇% | ၂၇% |
| မသိပါ | ၂၂% | ၁၀% | ၄၃% | ၂၇% | ၂၈% | ၃၉% | ၁၈% |
| ဖြေဆိုရန်ငြင်းဆန် | ၅% | ၄% | ၅% | ၁၂% | ၆% | ၀% | ၀% |

ရလဒ်များကို နှိုင်းယှဉ်ပိုင်းခြားရာတွင် ‘လုံးဝအကျိုးမရှိပါ’နှင့် ‘အကျိုးမရှိပါ’နှစ်ရပ်ပေါင်းကို ‘အကျိုးမရှိပါ’ဟုလည်းကောင်း၊ ‘အကျိုးရှိသည်’နှင့် ‘အလွန်အကျိုးရှိသည်’နှစ်ရပ်ပေါင်းကို ‘အကျိုးရှိသည်’ဟုလည်းကောင်း တွက်ချက်ပါသည်။

မေးခွန်း-၈၇

‘တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများ (EAOs)’ အပေါ် ဖြေဆိုချက်များ

| | စုစုပေါင်း | အရပ်ဘက် အဖွဲ့အစည်းများ | နိုင်ငံရေး အသိုက်အဝန်း | စီးပွားရေး အသိုက်အဝန်း | ထင်ရှားသူများ | EAOs | PDFs/LDFs |
|---|---|---|---|---|---|---|---|
| လုံးဝအကျိုးမရှိပါ | ၅% | ၅% | ၄% | ၇% | ၃% | ၇% | ၀% |
| အကျိုးမရှိပါ | ၂၇% | ၃၅% | ၂၄% | ၁၇% | ၂၃% | ၄၀% | ၉% |
| အတိုင်းအတာတခုအထိ အကျိုးရှိပါသည် | ၃၅% | ၄၅% | ၁၄% | ၂၇% | ၃၃% | ၁၃% | ၆၄% |
| အပြည့်အဝအကျိုးရှိသည် | ၂% | ၁% | ၁၀% | ၅% | ၂% | ၀% | ၀% |
| မသိပါ | ၂၆% | ၁၂% | ၄၈% | ၃၂% | ၃၃% | ၄၀% | ၂၇% |
| ဖြေဆိုရန်ငြင်းဆန် | ၅% | ၂% | ၀% | ၁၂% | ၆% | ၀% | ၀% |

မေးခွန်း-၈၈

‘အမျိုးသားညီညွတ်ရေးအစိုးရ (NUG)’ အပေါ် ဖြေဆိုချက်များ

| | စုစုပေါင်း | အရပ်ဘက် အဖွဲ့အစည်းများ | နိုင်ငံရေး အသိုက်အဝန်း | စီးပွားရေး အသိုက်အဝန်း | ထင်ရှားသူများ | EAOs | PDFs/LDFs |
|---|---|---|---|---|---|---|---|
| လုံးဝအကျိုးမရှိပါ | ၁၈% | ၂၀% | ၁၄% | ၁၇% | ၁၈% | ၇% | ၁၈% |
| အကျိုးမရှိပါ | ၃၄% | ၃၉% | ၂၄% | ၂၄% | ၃၆% | ၅၃% | ၉% |
| အတိုင်းအတာတခုအထိ အကျိုးရှိပါသည် | ၁၃% | ၂၀% | ၅% | ၁၂% | ၅% | ၀% | ၂၇% |
| အပြည့်အဝအကျိုးရှိသည် | ၀% | ၀% | ၀% | ၀% | ၀% | ၀% | ၉% |
| မသိပါ | ၂၉% | ၁၈% | ၄၈% | ၃၅% | ၃၄% | ၄၀% | ၃၇% |
| ဖြေဆိုရန်ငြင်းဆန် | ၆% | ၃% | ၉% | ၁၂% | ၇% | ၀% | ၀% |


မေးခွန်း-၈၉

‘မြန်မာနိုင်ငံအတွင်းက သာမန်ပြည်သူများ’ အပေါ် ဖြေဆိုချက်များ

| | စုစုပေါင်း | အရပ်ဘက် အဖွဲ့အစည်းများ | နိုင်ငံရေး အသိုက်အဝန်း | စီးပွားရေး အသိုက်အဝန်း | ထင်ရှားသူများ | EAOs | PDFs/LDFs |
|---|---|---|---|---|---|---|---|
| လုံးဝအကျိုးမရှိပါ | ၁၇% | ၃၀% | ၀% | ၂% | ၁၆% | ၁၃% | ၀% |
| အကျိုးမရှိပါ | ၂၉% | ၃၈% | ၁၄% | ၁၀% | ၃၃% | ၂၇% | ၃၆% |
| အတိုင်းအတာတခုအထိ အကျိုးရှိပါသည် | ၂၄% | ၁၈% | ၃၃% | ၄၄% | ၁၈% | ၂၀% | ၃၆% |
| အပြည့်အဝအကျိုးရှိသည် | ၂% | ၂% | ၀% | ၂% | ၀% | ၀% | ၉% |
| မသိပါ | ၂၃% | ၁၀% | ၄၈% | ၂၉% | ၂၈% | ၄၀% | ၁၉% |
| ဖြေဆိုရန်ငြင်းဆန် | ၅% | ၂% | ၅% | ၁၃% | ၅% | ၀% | ၀% |

မေးခွန်း-၉၀

## နယ်စပ်ဖြတ်ကျော်ရာဇဝတ်မှု နှိမ်နင်းရေး ပူးပေါင်းဆောင်ရွက်မှု မည်မျှထိရောက်မည်နည်း




နယ်စပ်ဖြတ်ကျော် ရာဇဝတ်မှုများနှိမ်နင်းရန် တရုတ်အစိုးရကဦးဆောင်၍ အိမ်နီးချင်းနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်မှုသည် ထိရောက်မှုရှိကြောင်း အများစုက ထင်မြင်ကြပါသည်။ ထိရောက်မှုရှိကြောင်းဖြေဆိုသူ **၆၀ ရာခိုင်နှုန်း**ရှိပြီး ထိရောက်မှုမရှိကြောင်းဖြေဆိုသူ **၂၈ ရာခိုင်နှုန်း**ရှိပါသည်။ ဤမေးခွန်းကို ယခုစစ်တမ်းကောက်ယူချိန်တွင် အသစ်ထည့်သွင်းထားခြင်းဖြစ်သည်။

မေးခွန်း-၉၀ ကို မေးမြန်းရာတွင် **‘တရုတ်နိုင်ငံသားများ ဦးဆောင်ပါဝင်နေသည့် မြန်မာနိုင်ငံအတွင်းရှိ နယ်စပ်ဖြတ်ကျော်ရာဇဝတ်မှုများ နှိမ်နင်းရေးတွင် တရုတ်အစိုးရ ဦးဆောင်ပြုလုပ်နေသည့် အိမ်နီးချင်းနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်မှုများ၏ ထိရောက်မှုအတိုင်းအတာ’**ကို မေးမြန်းခဲ့ခြင်းဖြစ်သည်။ အဆင့် ‘၁’သည် ‘လုံးဝထိရောက်မှုမရှိပါ’ဖြစ်ပြီး အဆင့် ‘၄’သည် ‘အပြည့်အဝထိရောက်မှုရှိပါသည်’ဟု ပိုင်းခြားသတ်မှတ်ခဲ့ပါသည်။

## ရလဒ်များကို နှိုင်းယှဉ်ပိုင်းခြားခြင်း

စစ်တမ်းဖြေဆိုခဲ့သော အသိုက်အဝန်းခြောက်ခု၏ အဖြေများကို နှိုင်းယှဉ်ရာ၌ အစုအဖွဲ့အားလုံးက ထိရောက်မှုရှိကြောင်း ဖြေဆိုခဲ့ကြခြင်းဖြစ်သည်။ **နိုင်ငံရေးအသိုက်အဝန်းနှင့် စီးပွားရေးအသင်းအဖွဲ့များ**၏ ၇၆ ရာခိုင်နှုန်း၊ EAOs များ၏ ၇၃ ရာခိုင်နှုန်း၊ PDFs/LDFs များ၏ ၇၃ ရာခိုင်နှုန်း၊ ထင်ရှားသူများ၏ ၆၁ ရာခိုင်နှုန်းနှင့် အရပ်ဘက်အဖွဲ့အစည်းများ၏ ၄၇ ရာခိုင်နှုန်းတို့က ထိုသို့ ယူဆခဲ့ခြင်းဖြစ်သည်။ ထူးခြားမှုအနေဖြင့် **အရပ်ဘက်အဖွဲ့အစည်းများ**၏ ၄၄ ရာခိုင်နှုန်း၊ EAOs များ၏ ၂၇ ရာခိုင်နှုန်းနှင့် **ထင်ရှားသူများ**၏ ၂၃ ရာခိုင်နှုန်းတို့က ထိရောက်မှုမရှိကြောင်း ဖြေဆိုခဲ့ကြခြင်းဖြစ်သည်။

မေးခွန်း-၉၀

‘နယ်စပ်ဖြတ်ကျော်ရာဇဝတ်မှု နှိမ်နှင်းရေး ပူးပေါင်းဆောင်ရွက်မှု မည်မျှထိရောက်မည်နည်း’ အပေါ် ဖြေဆိုချက်များ


| | စုစုပေါင်း | အရပ်ဘက်အဖွဲ့အစည်းများ | နိုင်ငံရေးအသိုက်အဝန်း | စီးပွားရေးအသိုက်အဝန်း | ထင်ရှားသူများ | EAOs | PDFs/LDFs |
|---|---|---|---|---|---|---|---|
| လုံးဝထိရောက်မှုမရှိပါ | ၅% | ၆% | ၀% | ၀% | ၈% | ၀% | ၉% |
| ထိရောက်မှုမရှိပါ | ၂၈% | ၄၄% | ၁၄% | ၁၃% | ၂၃% | ၂၇% | ၉% |
| ထိရောက်မှုရှိပါသည် | ၆၀% | ၄၇% | ၇၆% | ၇၆% | ၆၁% | ၇၃% | ၇၃% |
| အပြည့်အဝ ထိရောက်မှုရှိပါသည် | ၄% | ၁% | ၅% | ၇% | ၇% | ၀% | ၀% |
| မသိပါ | ၂% | ၁% | ၅% | ၂% | ၁% | ၀% | ၉% |
| ဖြေဆိုရန်ငြင်းဆန် | ၁% | ၁% | ၀% | ၂% | ၀% | ၀% | ၀% |

# ၄

# တရုတ်နိုင်ငံ၏ ဆွဲဆောင်မှုကိုအသုံးပြုသော အာဏာဩဇာအပေါ်အမြင်

မေးခွန်း-၉၁

## တရုတ်နိုင်ငံ၏ ဖွံ့ဖြိုးရေးဆိုင်ရာ အကူအညီများ အကျိုးသက်ရောက်မှု ရှိ၊ မရှိ




တရုတ်နိုင်ငံက မြန်မာနိုင်ငံကိုပေးအပ်ခဲ့သော ဖွံ့ဖြိုးရေးဆိုင်ရာအကူအညီများသည် အကျိုးသက်ရောက်မှု အနည်းငယ်သာရှိကြောင်း ဖြေဆိုသူ **၆၃ ရာခိုင်နှုန်း**ရှိပါသည်။ လုံးဝအကျိုးမရှိကြောင်း ဖြေဆိုသူမှာ **၁၇ ရာခိုင်နှုန်း**ရှိပါသည်။ အကျိုးရှိကြောင်းဖြေသူ **၁၆ ရာခိုင်နှုန်း**ရှိခဲ့သည်။

၂၀၂၂ ခုနှစ်က ကောက်ယူခဲ့သော စစ်တမ်းရလဒ်နှင့် နှိုင်းယှဉ်ပါက ပြောင်းလဲမှုများရှိခဲ့သည်။ အထူးသဖြင့် အကျိုးသက်ရောက်မှု အနည်းငယ်သာရှိကြောင်း ထင်မြင်သူ **၂၁ ရာခိုင်နှုန်း** ပိုများလာသည်။ ထို့အတူ လုံးဝအကျိုးမရှိကြောင်းထင်သူ **လေးရာခိုင်နှုန်း** ပိုများခဲ့ပါသည်။

မေးခွန်း-၉၁ ကို မေးမြန်းရာတွင် **'မြန်မာနိုင်ငံအနေနှင့် တရုတ်နိုင်ငံအပါအဝင် နိုင်ငံတကာမှ ဖွံ့ဖြိုးရေးဆိုင်ရာအကူအညီများ လက်ခံရရှိလေ့ရှိသည်။ တရုတ်နိုင်ငံက ပေးအပ်ခဲ့သည့် ဖွံ့ဖြိုးရေးဆိုင်ရာအကူအညီများသည် ယခုမေးခွန်းဖြေဆိုသူနှင့် လူမှုအသိုက်အဝန်းအတွက် အကျိုးတစုံတရာ သက်ရောက်မှု ရှိ၊ မရှိကို အဆင့်သတ်မှတ်ပေးရန်'** မေးမြန်းခဲ့ခြင်းဖြစ်သည်။ အဆင့် '၁'သည် 'လုံးဝ အကျိုးမရှိပါ'ဖြစ်ပြီး အဆင့် '၄'သည် 'အလွန်အကျိုးရှိပါသည်'ဟု ပိုင်းခြားသတ်မှတ်ခဲ့ပါသည်။

## ရလဒ်များကို နှိုင်းယှဉ်ပိုင်းခြားခြင်း

စစ်တမ်းဖြေဆိုခဲ့သော အသိုက်အဝန်းခြောက်ခု၏အဖြေများကို နှိုင်းယှဉ်ရာ၌ အနည်းငယ်သာအကျိုးရှိကြောင်း PDFs/LDFs များက အများဆုံးဖြေဆိုခဲ့ပြီး ၈၂ ရာခိုင်နှုန်းရှိသည်။ EAOs များနှင့် ထင်ရှားသူများ၏ ၆၇ ရာခိုင်နှုန်းစီကလည်း အနည်းငယ်သာအကျိုးရှိကြောင်း ဖြေဆိုပါသည်။ **အရပ်ဘက်အဖွဲ့အစည်းများ၏** ၂၅ ရာခိုင်နှုန်းက လုံးဝအကျိုးမရှိကြောင်း ရှုမြင်ပါသည်။ **စီးပွားရေးအသင်းအဖွဲ့များ၏** ၄၄ ရာခိုင်နှုန်းကမူ အကျိုးရှိကြောင်း ဖြေခဲ့သည်။ ထူးခြားချက်အနေဖြင့် အလွန်အကျိုးရှိကြောင်းဖြေသူ တဦးမျှမရှိခဲ့ပေ။


မေးခွန်း-၉၁

‘တရုတ်နိုင်ငံ၏ ဖွံ့ဖြိုးရေးဆိုင်ရာအကူအညီများ အကျိုးသက်ရောက်မှု ရှိ၊ မရှိ’ အပေါ် ဖြေဆိုချက်များ

| | စုစုပေါင်း | အရပ်ဘက် အဖွဲ့အစည်းများ | နိုင်ငံရေး အသိုက်အဝန်း | စီးပွားရေး အသိုက်အဝန်း | ထင်ရှားသူများ | EAOs | PDFs/LDFs |
|---|---|---|---|---|---|---|---|
| လုံးဝအကျိုးမရှိပါ | ၁၇% | ၂၅% | ၅% | ၅% | ၂၀% | ၁၃% | ၀% |
| အနည်းငယ်သာရှိသည် | ၆၃% | ၆၅% | ၆၇% | ၄၉% | ၆၄% | ၆၇% | ၈၂% |
| အကျိုးရှိပါသည် | ၁၆% | ၆% | ၁၈% | ၄၄% | ၁၅% | ၂၀% | ၉% |
| အလွန်အကျိုးရှိပါသည် | ၀% | ၀% | ၀% | ၀% | ၀% | ၀% | ၀% |
| မသိပါ | ၂% | ၂% | ၅% | ၂% | ၁% | ၀% | ၉% |
| ဖြေဆိုရန်ငြင်းဆန် | ၂% | ၂% | ၅% | ၀% | ၀% | ၀% | ၀% |

## မေးခွန်း-၉၂

### တရုတ်နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးမှုပုံစံက မြန်မာနိုင်ငံအတွက် အတုယူလေ့လာစရာ ဟုတ်၊ မဟုတ်




တရုတ်နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးမှုပုံစံ (Economic Development Model) က မြန်မာနိုင်ငံ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အတုယူလေ့လာစရာ ပုံစံတခုဖြစ်ကြောင်း ပြောဆိုချက်များရှိပါသည်။ ထိုပြောဆိုချက်များအပေါ် သဘောမတူကြောင်း စစ်တမ်းဖြေသူ **၅၄ ရာခိုင်နှုန်း**က ဆိုပါသည်။ သဘောတူကြောင်း ဖြေဆိုသူ **၄၀ ရာခိုင်နှုန်း**ရှိပါသည်။

၂၀၂၂ ခုနှစ်က ကောက်ယူခဲ့သော စစ်တမ်းရလဒ်နှင့် နှိုင်းယှဉ်ပါက သဘောမတူသူ **ခုနစ်ရာခိုင်နှုန်း** ပိုများလာသည်။ ထို့အတူ သဘောတူကြောင်းပြောသူ **ငါးရာခိုင်နှုန်း** လျော့ကျသွားသည်။

မေးခွန်း-၉၂ ကို မေးမြန်းရာတွင် **'တရုတ်နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးမှုပုံစံ (Economic Development Model) သည် မြန်မာနိုင်ငံ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အတုယူလေ့လာစရာ ပုံစံတခုဖြစ်ကြောင်း ပြောဆိုရေးသားကြခြင်းအပေါ် သဘောတူ၊ မတူ'** အမြင်ကို ပြောစေခဲ့ပါသည်။

## ရလဒ်များကို နှိုင်းယှဉ်ပိုင်းခြားခြင်း

စစ်တမ်းဖြေဆိုခဲ့သော အသိုက်အဝန်းခြောက်ခု၏အဖြေများကို နှိုင်းယှဉ်ရာ၌ **အရပ်ဘက်အဖွဲ့အစည်းများနှင့် ထင်ရှားသူများ၏ ၆၄ ရာခိုင်နှုန်းစီက** သဘောမတူကြောင်း အများဆုံးဖြေဆိုခဲ့ကြသည်။ သဘောတူပါသည်ဟု ဖြေဆိုသူများတွင် **စီးပွားရေးအသင်းအဖွဲ့များက** အများဆုံးဖြစ်ပြီး **၇၆ ရာခိုင်နှုန်း**ရှိပါသည်။ ထူးခြားမှုအနေဖြင့် **EAOs များ၏ ၆၀ ရာခိုင်နှုန်း**က သဘောမတူကြောင်းပြောချိန်တွင် **PDFs/LDFs များ၏ ၄၅ ရာခိုင်နှုန်း**က သဘောတူကြောင်း ပြောခဲ့သည်။ ထို့အပြင် နိုင်ငံရေးအသိုက်အဝန်း၏ **၄၈ ရာခိုင်နှုန်း**က သဘောတူကြောင်းရှုမြင်ချိန်တွင် ကျန် **၄၈ ရာခိုင်နှုန်း**က သဘောမတူကြောင်း ဖြေဆိုခဲ့ပါသည်။


မေးခွန်း-၉၂

‘တရုတ်နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးမှုပုံစံက မြန်မာနိုင်ငံအတွက် အတုယူလေ့လာစရာဖြစ်သည်’ အပေါ် ဖြေဆိုချက်များ

| | စုစုပေါင်း | အရပ်ဘက် အဖွဲ့အစည်းများ | နိုင်ငံရေး အသိုက်အဝန်း | စီးပွားရေး အသိုက်အဝန်း | ထင်ရှားသူများ | EAOs | PDFs/LDFs |
|---|---|---|---|---|---|---|---|
| သဘောတူပါသည် | ၄၀% | ၃၀% | ၄၈% | ၇၆% | ၃၁% | ၄၀% | ၄၅% |
| သဘောမတူပါ | ၅၄% | ၆၄% | ၄၈% | ၂၂% | ၆၄% | ၆၀% | ၃၆% |
| မသိပါ | ၆% | ၆% | ၄% | ၂% | ၅% | ၀% | ၁၉% |
| ဖြေဆိုရန်ငြင်းဆန် | ၀% | ၀% | ၀% | ၀% | ၀% | ၀% | ၀% |

## မေးခွန်း-၉၃

### တရုတ်နည်းတရုတ်ဟန် ဒီမိုကရေစီကို မြန်မာနိုင်ငံတွင် အတုယူကျင့်သုံးသင့်၊ မသင့်




တရုတ်နည်းတရုတ်ဟန် ဒီမိုကရေစီစနစ်မျိုးသည် မြန်မာနိုင်ငံနှင့်လည်း ကိုက်ညီသဖြင့် အတုယူကျင့်သုံးသင့်ကြောင်း ပြောဆိုရေးသားကြသည့်အပေါ် သဘောမတူကြောင်း **၈၇ ရာခိုင်နှုန်း**က ဖြေခဲ့သည်။ **ကိုးရာခိုင်နှုန်း**က သဘောတူကြောင်းဖြေခဲ့သည်။

၂၀၂၂ ခုနှစ်က ကောက်ယူခဲ့သော စစ်တမ်းရလဒ်နှင့်နှိုင်းယှဉ်ပါက အပြောင်းအလဲမရှိပေ။ သဘောတူသူ **တစ်ရာခိုင်နှုန်း** ပိုများလာသည်။

မေးခွန်း-၉၃ ကို မေးမြန်းရာတွင် **‘တရုတ်နိုင်ငံက ပြောနေသည့် တရုတ်နည်းတရုတ်ဟန် ဒီမိုကရေစီစနစ်မျိုးသည် မြန်မာနိုင်ငံအတွက်လည်း ကိုက်ညီသဖြင့် အတုယူကျင့်သုံးသင့်ကြောင်း ပြောဆိုရေးသားနေကြသည့်အပေါ် သဘောတူ၊ မတူ’** အမြင်ကို ပြောစေခဲ့သည်။

## ရလဒ်များကို နှိုင်းယှဉ်ပိုင်းခြားခြင်း

စစ်တမ်းဖြေဆိုခဲ့သော အသိုက်အဝန်းခြောက်ခု၏ အဖြေများကို နှိုင်းယှဉ်ရာ၌ EAOs များနှင့် PDFs/LDFs များ၏ ရာနှုန်းပြည့်က သဘောမတူကြောင်း ဖြေခဲ့ကြသည်။ **ထင်ရှားသူများ၏ ၉၅ ရာခိုင်နှုန်း**နှင့် **အရပ်ဘက်အဖွဲ့အစည်းများ၏ ၈၉ ရာခိုင်နှုန်း**ကလည်း သဘောမတူကြောင်းဖြေပါသည်။ သဘောတူကြောင်း ဖြေဆိုကြသူများတွင် **စီးပွားရေးအသင်းအဖွဲ့များ**မှ အများဆုံးဖြစ်ပြီး **၂၀ ရာခိုင်နှုန်း**ရှိပါသည်။ **နိုင်ငံရေးအသိုက်အဝန်း၏ ၁၉ ရာခိုင်နှုန်း**ကလည်း သဘောတူကြောင်း ဖြေဆိုခဲ့သည်။


မေးခွန်း-၉၃

‘တရုတ်နည်း တရုတ်ဟန် ဒီမိုကရေစီစနစ်ကို မြန်မာနိုင်ငံတွင် အတုယူကျင့်သုံးသင့်သည်’ အပေါ် ဖြေဆိုချက်များ

| | စုစုပေါင်း | အရပ်ဘက် အဖွဲ့အစည်းများ | နိုင်ငံရေး အသိုက်အဝန်း | စီးပွားရေး အသိုက်အဝန်း | ထင်ရှားသူများ | EAOs | PDFs/LDFs |
|---|---|---|---|---|---|---|---|
| သဘောတူပါသည် | ၉% | ၇% | ၁၉% | ၂၀% | ၅% | ၀% | ၀% |
| သဘောမတူပါ | ၈၇% | ၈၉% | ၇၆% | ၆၈% | ၉၅% | ၁၀၀% | ၁၀၀% |
| မသိပါ | ၂% | ၂% | ၅% | ၅% | ၀% | ၀% | ၀% |
| ဖြေဆိုရန်ငြင်းဆန် | ၂% | ၂% | ၀% | ၇% | ၀% | ၀% | ၀% |

မေးခွန်း-၉၄

## တရုတ်နိုင်ငံ၏ အုပ်ချုပ်ရေးစနစ်ပုံစံကို မြန်မာနိုင်ငံတွင် အတုယူကျင့်သုံးသင့်၊ မသင့်




တရုတ်နိုင်ငံ၏ အုပ်ချုပ်ရေးစနစ်ပုံစံ (Governance Model) ကို မြန်မာနိုင်ငံတွင် အတုယူကျင့်သုံးသင့်သည်ဟူသည့် အချက်ကို ဖြေဆိုသူအများစုက သဘောမတူခဲ့ပေ။ သဘောမတူကြောင်း ဖြေဆိုသူ **၇၉ ရာခိုင်နှုန်း**ရှိပါသည်။ သဘောတူကြောင်းဖြေသူ **၁၆ ရာခိုင်နှုန်း**ရှိပါသည်။ ဤမေးခွန်းကို ယခုစစ်တမ်းကောက်ယူချိန်တွင် အသစ်ထည့်သွင်းထားခြင်းဖြစ်သည်။

မေးခွန်း-၉၄ ကို မေးမြန်းရာတွင် **‘တရုတ်နိုင်ငံ၏ အုပ်ချုပ်ရေးစနစ်ပုံစံ** (Governance Model) **ကို မြန်မာနိုင်ငံတွင် အတုယူကျင့်သုံးသင့်ကြောင်း ပြောဆိုရေးသားနေကြသည့်အပေါ် သဘောတူ၊ မတူ’** အမြင်ကိုပြောစေခဲ့ပါသည်။

## ရလဒ်များကို နှိုင်းယှဉ်ပိုင်းခြားခြင်း

စစ်တမ်းဖြေဆိုခဲ့သော အသိုက်အဝန်းခြောက်ခု၏ အဖြေများကို နှိုင်းယှဉ်ရာ၌ တရုတ်နိုင်ငံ၏ အုပ်ချုပ်ရေးစနစ်ပုံစံ (Governance Model) ကို မြန်မာနိုင်ငံတွင် အတုယူကျင့်သုံးသင့်သည်ဟူသော အချက်အား သဘောမတူကြောင်း ဖြေဆိုသူများတွင် **EAOs များက အများဆုံးဖြစ်ပြီး ရာနှုန်းပြည့်** ဖြစ်သည်။ **အရပ်ဘက်အဖွဲ့အစည်းများ၏ ၈၅ ရာခိုင်နှုန်း**နှင့် **PDFs/LDFs များ၏ ၈၂ ရာခိုင်နှုန်း**က လည်း သဘောမတူကြောင်းဖြေခဲ့သည်။ သဘောတူကြောင်းဖြေဆိုသူများထဲတွင် **စီးပွားရေးအသင်းအဖွဲ့များ**က အများဆုံးဖြစ်ပြီး **၂၉ ရာခိုင်နှုန်း**ရှိပါသည်။


မေးခွန်း-၉၄

‘တရုတ်နိုင်ငံ၏ အုပ်ချုပ်ရေးစနစ်ပုံစံက မြန်မာနိုင်ငံအတွက် အတုယူကျင့်သုံးစရာဖြစ်သည်’ အပေါ် ဖြေဆိုချက်များ

| | စုစုပေါင်း | အရပ်ဘက်အဖွဲ့အစည်းများ | နိုင်ငံရေးအသိုက်အဝန်း | စီးပွားရေးအသိုက်အဝန်း | ထင်ရှားသူများ | EAOs | PDFs/LDFs |
|---|---|---|---|---|---|---|---|
| သဘောတူပါသည် | ၁၆% | ၁၁% | ၁၉% | ၂၉% | ၁၆% | ၀% | ၁၈% |
| သဘောမတူပါ | ၇၉% | ၈၅% | ၇၁% | ၅၆% | ၈၀% | ၁၀၀% | ၈၂% |
| မသိပါ | ၄% | ၃% | ၅% | ၇% | ၄% | ၀% | ၀% |
| ဖြေဆိုရန်ငြင်းဆန် | ၁% | ၁% | ၅% | ၈% | ၀% | ၀% | ၀% |

## မေးခွန်း-၉၅

### တရုတ်နိုင်ငံကစီစဉ်ပေးသော ခရီးစဉ်များနှင့် သင်တန်းများ သွားရောက်ပါဝင်ဖူးသလား




တရုတ်အစိုးရ သို့မဟုတ် စီးပွားရေးကုမ္ပဏီများ သို့မဟုတ် တရုတ်နိုင်ငံရှိ တက္ကသိုလ်နှင့် အဖွဲ့အစည်းများက စီစဉ်သည့် တရုတ်နိုင်ငံ လေ့လာရေးခရီးစဉ်များနှင့် သင်တန်းများကို သွားရောက်ပါဝင်ဖူးသလားဟု မေးမြန်းခဲ့ရာ တကြိမ်မျှသွားရောက်ဖူးခြင်းမရှိဟု ဖြေဆိုသူ **၇၁ ရာခိုင်နှုန်း**ရှိသည်။ တကြိမ်သွားဖူးသည်ဟု ဖြေဆိုသူ **၁၄ ရာခိုင်နှုန်း**နှင့် နှစ်ကြိမ်မှ ငါးကြိမ်အကြား သွားဖူးသည်ဟု ဖြေဆိုသူ **၁၂ ရာခိုင်နှုန်း**ရှိသည်။ ခြောက်ကြိမ်နှင့်အထက် သွားဖူးသူမှာ **သုံးရာခိုင်နှုန်း**ရှိသည်။

၂၀၂၂ ခုနှစ်က ကောက်ယူခဲ့သော စစ်တမ်းရလဒ်နှင့်နှိုင်းယှဉ်ပါက တကြိမ်မျှသွားရောက်ဖူးခြင်းမရှိသူ **ငါးရာခိုင်နှုန်း** ပိုများလာပါသည်။

မေးခွန်း-၉၅ ကို မေးမြန်းရာတွင် **‘တရုတ်အစိုးရ သို့မဟုတ် စီးပွားရေးကုမ္ပဏီများ သို့မဟုတ် တရုတ်နိုင်ငံရှိ တက္ကသိုလ်နှင့် အဖွဲ့အစည်းများက စီစဉ်သော တရုတ်နိုင်ငံ လေ့လာရေးခရီးစဉ်များနှင့် သင်တန်းများသို့ သွားရောက်ပါဝင်ဖူးသလား’**ဟူ၍ မေးမြန်းခဲ့ခြင်းဖြစ်သည်။

## ရလဒ်များကို နှိုင်းယှဉ်ပိုင်းခြားခြင်း

စစ်တမ်းဖြေဆိုခဲ့သော အသိုက်အဝန်းခြောက်ခု၏အဖြေများကို နှိုင်းယှဉ်ရာ၌ **အရပ်ဘက်အဖွဲ့အစည်းများ၏ ၉၂ ရာခိုင်နှုန်း**မှာ တရုတ်အစိုးရ၊ စီးပွားရေးကုမ္ပဏီများ၊ တက္ကသိုလ်နှင့် အဖွဲ့အစည်းများက စီစဉ်သော တရုတ်နိုင်ငံ လေ့လာရေးခရီးစဉ်များနှင့် သင်တန်းများသို့ တကြိမ်မျှမသွားရောက်ဖူးပါဟု ဖြေဆိုခဲ့ကြသည်။ PDFs/LDFs **များ၏ ၈၂ ရာခိုင်နှုန်း**နှင့် EAOs **များ၏ ၈၀ ရာခိုင်နှုန်း**ကလည်း ထိုသို့ ဖြေဆိုပါသည်။ အများဆုံးသွားရောက်ဖူးသော အစုအဖွဲ့မှာ **စီးပွားရေးအသင်းအဖွဲ့များဖြစ်ပြီး ၆၁ ရာခိုင်နှုန်း**ရှိသည်။ ၎င်းတို့အနက် နှစ်ကြိမ်နှင့် ငါးကြိမ်အကြားသွားဖူးသူမှာ အများဆုံးဖြစ်ပြီး **၃၂ ရာခိုင်နှုန်း**ရှိပါသည်။ **ထင်ရှားသူများ၏ ၄၂ ရာခိုင်နှုန်း**ကလည်း သွားရောက်ဖူးသည်ဟု ဖြေဆိုခဲ့ကြပါသည်။

မေးခွန်း-၉၅

‘တရုတ်နိုင်ငံက စီစဉ်ပေးသော ခရီးစဉ်များနှင့် သင်တန်းများ သွားရောက်ပါဝင်ဖူးသလား’ အပေါ် ဖြေဆိုချက်များ


| | စုစုပေါင်း | အရပ်ဘက် အဖွဲ့အစည်းများ | နိုင်ငံရေး အသိုက်အဝန်း | စီးပွားရေး အသိုက်အဝန်း | ထင်ရှားသူများ | EAOs | PDFs/LDFs |
|---|---|---|---|---|---|---|---|
| တကြိမ်မျှမသွားရောက်ဖူးပါ | ၇၁% | ၉၂% | ၆၂% | ၃၉% | ၅၆% | ၇၉% | ၈၂% |
| တကြိမ်သွားဖူးသည် | ၁၄% | ၄% | ၂၈% | ၂၀% | ၂၃% | ၇% | ၉% |
| နှစ်ကြိမ်နှင့် ငါးကြိမ်အကြား | ၁၂% | ၃% | ၅% | ၃၂% | ၁၆% | ၇% | ၉% |
| ခြောက်ကြိမ်နှင့်အထက် | ၃% | ၀% | ၅% | ၉% | ၃% | ၇% | ၀% |
| မသိပါ | ၀% | ၁% | ၀% | ၀% | ၀% | ၀% | ၀% |
| ဖြေဆိုရန်ငြင်းဆန် | ၀% | ၀% | ၀% | ၀% | ၂% | ၀% | ၀% |

# ၈

# တရုတ်နည်းပညာသုံး မိုဘိုင်းဖုန်းများ၊ အက်ပလီကေးရှင်းများနှင့် လုံခြုံရေးဆိုင်ရာ အီလက်ထရောနစ်ပစ္စည်းများ သုံးစွဲမှုအပေါ်အမြင်

## မေးခွန်း-၉၆

### တရုတ်ကုမ္ပဏီများက ထုတ်လုပ်သော ဆက်သွယ်ရေး၊ သတင်းအချက်အလက်နည်းပညာနှင့် ပစ္စည်းများကို အသုံးပြုနေပါသလား




တရုတ်ကုမ္ပဏီထုတ် ဆက်သွယ်ရေး၊ သတင်းအချက်အလက်နှင့် နည်းပညာပစ္စည်းများကို အသုံးမပြုကြောင်း စစ်တမ်းဖြေသူ **၂၉ ရာခိုင်နှုန်း**က ဆိုပါသည်။ သို့သော် တရုတ်ကုမ္ပဏီထုတ် ဖုန်းများကို သုံးသူ **၅၁ ရာခိုင်နှုန်း**ရှိပြီး၊ WeChat သုံးသူ **၂၆ ရာခိုင်နှုန်း**၊ TikTok သုံးသူ **၁၈ ရာခိုင်နှုန်း**နှင့် CCTV လုံခြုံရေးစနစ်သုံးသူ **၂၄ ရာခိုင်နှုန်း**ရှိပါသည်။

၂၀၂၂ ခုနှစ်က ကောက်ယူခဲ့သော စစ်တမ်းရလဒ်နှင့်နှိုင်းယှဉ်ပါက တရုတ်ကုမ္ပဏီထုတ်ဖုန်းများ သုံးသူ **သုံးရာခိုင်နှုန်း**ပိုများလာပြီး၊ WeChat သုံးသူ **နှစ်ရာခိုင်နှုန်း**နှင့် TikTok သုံးသူ **၁၀ ရာခိုင်နှုန်း** ပိုများလာပါသည်။

မေးခွန်း-၉၆ ကို မေးမြန်းရာတွင် **'တရုတ်ကုမ္ပဏီများက ထုတ်လုပ်သော ဆက်သွယ်ရေး၊ သတင်းအချက်အလက်နှင့် နည်းပညာပစ္စည်းများ အသုံးပြုနေမှု'**ကို အဖြေတစ်ခုထက်ပို၍ ရွေးချယ်ခွင့်ပေးကာ မေးမြန်းခဲ့ခြင်းဖြစ်သည်။

## ရလဒ်များကို နှိုင်းယှဉ်ပိုင်းခြားခြင်း

စစ်တမ်းဖြေဆိုခဲ့သော အသိုက်အဝန်းခြောက်ခု၏ အဖြေများကို နှိုင်းယှဉ်ရာ၌ တရုတ်ကုမ္ပဏီထုတ် ဖုန်းများကို **စီးပွားရေးအသင်းအဖွဲ့များနှင့် PDFs/LDFs များက** အများဆုံးအသုံးပြုကြပြီး **၆၆ ရာခိုင်နှုန်းနှင့် ၆၄ ရာခိုင်နှုန်း** အသီးသီးရှိကြသည်။ **အရပ်ဘက်အဖွဲ့အစည်းများ၏ ၅၇ ရာခိုင်နှုန်းနှင့် နိုင်ငံရေးအသိုက်အဝန်း၏ ၅၂ ရာခိုင်နှုန်း**သည်လည်း တရုတ်ကုမ္ပဏီထုတ် ဖုန်းများကို ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုကြကြောင်း တွေ့ရသည်။ ထူးခြားချက်အနေဖြင့် CCTV လုံခြုံရေးစနစ်ကို **စီးပွားရေးအသင်းအဖွဲ့များက** အများဆုံးအသုံးပြုကြပြီး **၇၁ ရာခိုင်နှုန်း**အထိ သုံးစွဲကြသည်။

မေးခွန်း-၉၆

‘တရုတ်ကုမ္ပဏီများက ထုတ်လုပ်သည့် ဆက်သွယ်ရေး၊ သတင်းအချက်အလက်နှင့် နည်းပညာပစ္စည်းများ အသုံးပြုနေသလား’ အပေါ် ဖြေဆိုချက်များ

| | စုစုပေါင်း | အရပ်ဘက် အဖွဲ့အစည်းများ | နိုင်ငံရေး အသိုက်အဝန်း | စီးပွားရေး အသိုက်အဝန်း | ထင်ရှားသူများ | EAOs | PDFs/LDFs |
|---|---|---|---|---|---|---|---|
| အသုံးမပြုပါ | ၂၉% | ၂၈% | ၁၉% | ၂% | ၄၉% | ၄၀% | ၃၆% |
| ဖုန်းများ | ၅၁% | ၅၇% | ၅၂% | ၆၆% | ၃၀% | ၄၇% | ၆၄% |
| WeChat | ၂၆% | ၂၅% | ၁၄% | ၅၁% | ၂၃% | ၁၃% | ၉% |
| TikTok | ၁၈% | ၂၂% | ၁၄% | ၁၇% | ၁၈% | ၁၃% | ၉% |
| CCTV လုံခြုံရေးစနစ် | ၂၄% | ၁၄% | ၁၉% | ၇၁% | ၁၈% | ၁၃% | ၉% |
| မသိပါ | ၀% | ၁% | ၀% | ၀% | ၀% | ၀% | ၀% |
| ဖြေဆိုရန်ငြင်းဆန် | ၀% | ၀% | ၅% | ၀% | ၀% | ၀% | ၀% |


မေးခွန်း-၉၆ ကို မေးမြန်းရာတွင် အဖြေတခုထက်ပို၍ ရွေးချယ်ခွင့်ပေးခဲ့ခြင်းဖြစ်ပြီး ရလဒ်တခုချင်းစီသည် ၁၀၀ ရာခိုင်နှုန်းအပေါ် အခြေခံတွက်ချက်ထားခြင်း ဖြစ်ပါသည်။

မေးခွန်း-၉၇ မှ ၁၀၀


# တရုတ်ကုမ္ပဏီထုတ် နည်းပညာပစ္စည်းများနှင့် ပုဂ္ဂိုလ်ရေးဆိုင်ရာ သတင်းအချက်အလက်လုံခြုံမှု

- လုံးဝလုံခြုံစိတ်ချရမှုမရှိပါ
- လုံခြုံစိတ်ချရမှုမရှိပါ
- ကြားနေ
- လုံခြုံစိတ်ချရပါသည်
- အပြည့်အဝလုံခြုံစိတ်ချရပါသည်
- မသိပါ
- ဖြေဆိုရန်ငြင်းဆန်

■ မေးခွန်း-၉၇၊ ဖုန်းများ





■ မေးခွန်း-၉၈၊ WeChat





မေးခွန်း-၉၇ မှ ၁၀၀ အထိ မေးမြန်းရာတွင် 'တရုတ်ကုမ္ပဏီများက ထုတ်လုပ်သည့် တယ်လီဖုန်းနှင့် သတင်းအချက်အလက်ဆိုင်ရာ နည်းပညာပစ္စည်းများကို ဖတ်ပြခဲ့ပြီး ပုဂ္ဂိုလ်ရေးဆိုင်ရာ သတင်းအချက်အလက် လုံခြုံမှုအပေါ် သက်ရောက်မှု ရှိ၊ မရှိ' မေးမြန်းခဲ့ခြင်းဖြစ်သည်။

လုံးဝလုံခြုံစိတ်ချရမှုမရှိပါ
ကြားနေ
အပြည့်အဝလုံခြုံစိတ်ချရပါသည်
ဖြေဆိုရန်ငြင်းဆန်
လုံခြုံစိတ်ချရမှုမရှိပါ
လုံခြုံစိတ်ချရပါသည်
မသိပါ

**မေးခွန်း-၉၉၊** TikTok




**မေးခွန်း-၁၀၀၊** တရုတ်နည်းပညာသုံး အီလက်ထရောနစ်ပစ္စည်းများ




တရုတ်ကုမ္ပဏီထုတ်ဖုန်းများကို အများဆုံးအသုံးပြုနေကြသော်လည်း လုံခြုံစိတ်ချရမှုမရှိကြောင်း ယူဆသူ **၃၃ ရာခိုင်နှုန်း**နှင့် လုံးဝလုံခြုံစိတ်ချရမှုမရှိကြောင်းယူဆသူ **၂၄ ရာခိုင်နှုန်း**ရှိပါသည်။ WeChat သုံးစွဲရာတွင်လည်း လုံခြုံစိတ်ချရမှုမရှိကြောင်း ဖြေဆိုသူ **၂၇ ရာခိုင်နှုန်း**နှင့် လုံးဝလုံခြုံစိတ်ချရမှုမရှိကြောင်းဖြေသူ **၂၂ ရာခိုင်နှုန်း**ရှိသည်။ TikTok ကို လုံခြုံစိတ်ချရမှုမရှိကြောင်း **၃၁ ရာခိုင်နှုန်း**က ဖြေခဲ့ပြီး လုံးဝလုံခြုံစိတ်ချရမှုမရှိကြောင်း **၂၂ ရာခိုင်နှုန်း**က ဆိုပါသည်။ တရုတ်နည်းပညာသုံး အီလက်ထရောနစ်ပစ္စည်းများကို လုံခြုံစိတ်ချရမှုမရှိကြောင်း **၂၆ ရာခိုင်နှုန်း**က ဖြေခဲ့ပြီး လုံးဝလုံခြုံစိတ်ချရမှုမရှိကြောင်း **၂၄ ရာခိုင်နှုန်း**က ဆိုပါသည်။

## ရလဒ်များကို နှိုင်းယှဉ်ပိုင်းခြားခြင်း

စစ်တမ်းဖြေဆိုခဲ့သော အသိုက်အဝန်းခြောက်ခု၏ အဖြေများကို နှိုင်းယှဉ်ရာ၌ တရုတ်ဖုန်းများသည် လုံခြုံစိတ်ချရမှုမရှိကြောင်း EAOs များ၏ ၇၃ ရာခိုင်နှုန်း၊ PDFs/LDFs များ၏ ၇၂ ရာခိုင်နှုန်းနှင့် **အရပ်ဘက်အဖွဲ့အစည်းများ**၏ ၇၁ ရာခိုင်နှုန်းက ဖြေဆိုခဲ့ကြသည်။ WeChat နှင့် TikTok သုံးစွဲရာတွင် လုံခြုံစိတ်ချရမှုမရှိကြောင်း **အရပ်ဘက်အဖွဲ့အစည်းများ**၏ ၆၂ ရာခိုင်နှုန်းနှင့် ၇၁ ရာခိုင်နှုန်း အသီးသီးရှိကြောင်းတွေ့ရသည်။ တရုတ်နည်းပညာသုံး အီလက်ထရောနစ်ပစ္စည်းများကို လုံခြုံစိတ်ချရမှုမရှိဟု PDFs/LDFs များက အများဆုံးယူဆခဲ့ကြပြီး ၈၁ ရာခိုင်နှုန်း ရှိခဲ့သည်။

**မေးခွန်း-၉၇** ‘တရုတ်ကုမ္ပဏီထုတ် ဖုန်းများနှင့် ပုဂ္ဂိုလ်ရေးဆိုင်ရာ သတင်းအချက်အလက်လုံခြုံမှု’ အပေါ် ဖြေဆိုချက်များ

| | စုစုပေါင်း | အရပ်ဘက်အဖွဲ့အစည်းများ | နိုင်ငံရေးအသိုက်အဝန်း | စီးပွားရေးအသိုက်အဝန်း | ထင်ရှားသူများ | EAOs | PDFs/LDFs |
|---|---|---|---|---|---|---|---|
| လုံခြုံစိတ်ချရမှုမရှိပါ | ၅၇% | ၇၁% | ၃၃% | ၂၇% | ၅၈% | ၇၃% | ၇၂% |
| ကြားနေ | ၂၅% | ၁၈% | ၄၈% | ၄၁% | ၂၃% | ၁၃% | ၉% |
| လုံခြုံစိတ်ချရပါသည် | ၁၁% | ၁၀% | ၅% | ၂၇% | ၅% | ၀% | ၁၉% |
| မသိပါ | ၆% | ၁% | ၁၄% | ၅% | ၁၁% | ၁၄% | ၀% |
| ဖြေဆိုရန်ငြင်းဆန် | ၁% | ၀% | ၀% | ၀% | ၃% | ၀% | ၀% |

**မေးခွန်း-၉၈** ‘WeChat အသုံးပြုခြင်းကြောင့် ပုဂ္ဂိုလ်ရေးဆိုင်ရာ သတင်းအချက်အလက်လုံခြုံမှု’ အပေါ် ဖြေဆိုချက်များ

| | စုစုပေါင်း | အရပ်ဘက်အဖွဲ့အစည်းများ | နိုင်ငံရေးအသိုက်အဝန်း | စီးပွားရေးအသိုက်အဝန်း | ထင်ရှားသူများ | EAOs | PDFs/LDFs |
|---|---|---|---|---|---|---|---|
| လုံခြုံစိတ်ချရမှုမရှိပါ | ၄၉% | ၆၂% | ၂၉% | ၁၉% | ၅၅% | ၄၇% | ၅၄% |
| ကြားနေ | ၂၂% | ၁၉% | ၂၄% | ၃၉% | ၂၀% | ၇% | ၁၈% |
| လုံခြုံစိတ်ချရပါသည် | ၉% | ၉% | ၁၀% | ၂၀% | ၇% | ၇% | ၀% |
| မသိပါ | ၁၈% | ၁၀% | ၃၃% | ၂၂% | ၁၆% | ၃၉% | ၁၈% |
| ဖြေဆိုရန်ငြင်းဆန် | ၂% | ၀% | ၄% | ၀% | ၂% | ၀% | ၁၀% |

ရလဒ်များကို နှိုင်းယှဉ်ပိုင်းခြားရာတွင် ‘လုံးဝလုံခြုံစိတ်ချရမှုမရှိပါ’နှင့် ‘လုံခြုံစိတ်ချရမှုမရှိပါ’နှစ်ရပ်ပေါင်းကို ‘လုံခြုံစိတ်ချရမှုမရှိပါ’ဟုလည်းကောင်း၊ ‘လုံခြုံစိတ်ချရပါသည်’နှင့် ‘အပြည့်အဝလုံခြုံစိတ်ချရပါသည်’နှစ်ရပ်ပေါင်းကို ‘လုံခြုံစိတ်ချရပါသည်’ဟုလည်းကောင်း တွက်ချက်ပါသည်။

မေးခွန်း-၉၉

‘TikTok အသုံးပြုခြင်းကြောင့် ပုဂ္ဂိုလ်ရေးဆိုင်ရာ သတင်းအချက်အလက်လုံခြုံမှု’ အပေါ် ဖြေဆိုချက်များ

| | စုစုပေါင်း | အရပ်ဘက် အဖွဲ့အစည်းများ | နိုင်ငံရေး အသိုက်အဝန်း | စီးပွားရေး အသိုက်အဝန်း | ထင်ရှားသူများ | EAOs | PDFs/LDFs |
|---|---|---|---|---|---|---|---|
| လုံခြုံစိတ်ချရမှုမရှိပါ | ၅၃% | ၇၁% | ၂၄% | ၂၂% | ၅၁% | ၅၃% | ၆၄% |
| ကြားနေ | ၂၃% | ၁၄% | ၂၉% | ၄၆% | ၂၃% | ၇% | ၂၇% |
| လုံခြုံစိတ်ချရပါသည် | ၂% | ၃% | ၀% | ၇% | ၀% | ၀% | ၉% |
| မသိပါ | ၂၁% | ၁၂% | ၄၃% | ၂၅% | ၂၃% | ၄၀% | ၀% |
| ဖြေဆိုရန်ငြင်းဆန် | ၁% | ၀% | ၄% | ၀% | ၃% | ၀% | ၀% |


မေးခွန်း-၁၀၀

‘တရုတ်နည်းပညာသုံး အီလက်ထရောနစ်ပစ္စည်းများအသုံးပြုခြင်းကြောင့် ပုဂ္ဂိုလ်ရေးဆိုင်ရာ သတင်းအချက်အလက်လုံခြုံမှု’ အပေါ် ဖြေဆိုချက်များ

| | စုစုပေါင်း | အရပ်ဘက် အဖွဲ့အစည်းများ | နိုင်ငံရေး အသိုက်အဝန်း | စီးပွားရေး အသိုက်အဝန်း | ထင်ရှားသူများ | EAOs | PDFs/LDFs |
|---|---|---|---|---|---|---|---|
| လုံခြုံစိတ်ချရမှုမရှိပါ | ၅၀% | ၆၃% | ၂၄% | ၂၂% | ၄၉% | ၄၇% | ၈၂% |
| ကြားနေ | ၂၂% | ၁၅% | ၃၈% | ၄၄% | ၂၁% | ၀% | ၀% |
| လုံခြုံစိတ်ချရပါသည် | ၁၄% | ၁၂% | ၁၀% | ၂၄% | ၅% | ၂၇% | ၁၈% |
| မသိပါ | ၁၂% | ၈% | ၂၈% | ၁၀% | ၂၀% | ၂၆% | ၀% |
| ဖြေဆိုရန်ငြင်းဆန် | ၂% | ၂% | ၀% | ၀% | ၅% | ၀% | ၀% |

## မေးခွန်း-Z

‘စစ်ဆင်ရေး ၁၀၂၇’ကြောင့် တရုတ်နိုင်ငံအပေါ် အမြင်ပြောင်းလဲခြင်း ရှိ၊ မရှိ




ညီနောင်မဟာမိတ်သုံးဖွဲ့ (3BHA) နှင့် ပူးပေါင်းတပ်များ ဆင်နွှဲခဲ့သော ‘စစ်ဆင်ရေး ၁၀၂၇’ကြောင့် တရုတ်နိုင်ငံအပေါ် သဘောထားအပြောင်းအလဲမရှိကြောင်း ဖြေဆိုသူ **၄၆ ရာခိုင်နှုန်း**ရှိပါသည်။ **၂၈ ရာခိုင်နှုန်း**က ပို၍အကောင်းမြင်လာကြောင်း ဖြေဆိုခဲ့ပြီး **၁၇ ရာခိုင်နှုန်း**က ပို၍အဆိုးမြင်လာကြောင်း ဖြေဆိုပါသည်။ ယခုမေးခွန်းကို ဖြေဆိုရန်ငြင်းဆန်သူ **ခြောက်ရာခိုင်နှုန်း** ရှိခဲ့ပါသည်။

**မေးခွန်း-Z** ‘စစ်ဆင်ရေး ၁၀၂၇’ကြောင့် တရုတ်နိုင်ငံကို အမြင်ပြောင်းလဲခြင်း ရှိ၊ မရှိ’ အပေါ် ဖြေဆိုချက်များ

| | စုစုပေါင်း | အရပ်ဘက် အဖွဲ့အစည်းများ | နိုင်ငံရေး အသိုက်အဝန်း | စီးပွားရေး အသိုက်အဝန်း | ထင်ရှားသူများ | EAOs | PDFs/LDFs |
|---|---|---|---|---|---|---|---|
| ပို၍အဆိုးမြင်ပါသည် | ၁၇% | ၁၇% | ၂၉% | ၃၈% | ၁၃% | ၀% | ၀% |
| အပြောင်းအလဲမရှိပါ | ၄၆% | ၆၆% | ၁၄% | ၃၈% | ၆၃% | ၂၉% | ၂၅% |
| ပို၍အကောင်းမြင်လာသည် | ၂၈% | ၁၇% | ၂၉% | ၁၃% | ၁၃% | ၇၁% | ၇၅% |
| မသိပါ | ၃% | ၀% | ၁၄% | ၁၁% | ၀% | ၀% | ၀% |
| ဖြေဆိုရန်ငြင်းဆန် | ၆% | ၀% | ၁၄% | ၀% | ၁၁% | ၀% | ၀% |

မေးခွန်း-Z ကို မေးမြန်းရာတွင် **‘စစ်ဆင်ရေး ၁၀၂၇ ကြောင့် တရုတ်နိုင်ငံအပေါ် ပိုပြီးအကောင်းမြင်လာသလား၊ သို့မဟုတ် ပိုပြီး အဆိုးမြင်လာသလား၊ သို့မဟုတ် အပြောင်းအလဲ မဖြစ်စေဘူးလား’**ဟု မေးမြန်းခဲ့ခြင်းဖြစ်သည်။ **‘စစ်ဆင်ရေး ၁၀၂၇’**မှာ ယခုစစ်တမ်းကောက်ယူနေချိန်တွင် ပေါ်ပေါက်ခဲ့ခြင်းဖြစ်ပါသည်။ ထို့ကြောင့် **‘စစ်ဆင်ရေး ၁၀၂၇’**နှင့်ပတ်သက်၍ **‘တရုတ်နိုင်ငံအပေါ် သဘောထား အပြောင်းအလဲ ရှိ၊ မရှိ’** မေးခွန်းကို စစ်တမ်းဖြေဆိုသူအားလုံးအား မေးမြန်းနိုင်ခဲ့ခြင်းမရှိပေ။ **‘စစ်ဆင်ရေး ၁၀၂၇’**ဖြစ်ပြီးနောက်ပိုင်း မေးမြန်းရန်ကျန်ရှိနေသူ **၅၄ ဦး**ကိုသာ မေးမြန်းနိုင်ခဲ့ပါသည်။

# နောက်ဆက်တွဲ - ၁

# စစ်တမ်းကောက်ယူပုံ သုတေသနနည်းနာ

ISP-Myanmar က ပြုလုပ်ခဲ့သော ယခုသုတေသနစစ်တမ်းအတွက် ကိန်းဂဏန်းအခြေပြု လေ့လာဆန်းစစ်မှုနည်းစနစ်ကို အဆင့်လေးဆင့်ဖြင့် အကောင်အထည်ဖော်ခဲ့သည်။ ပထမ အဆင့်တွင် ကနဦးပြင်ဆင်ခြင်းနှင့် စစ်တမ်းဒီဇိုင်းရေးဆွဲခြင်းတို့ကို လုပ်ဆောင်ခဲ့သည်။ ထို အဆင့်တွင် စစ်တမ်းတခုလုံးအတွက် လုပ်ငန်းအစီအစဉ်ရေးဆွဲခြင်း (work plan)၊ စစ်တမ်း တွင် ပါဝင်မည့် နယ်ပယ်အသီးသီးမှ ခေါင်းဆောင်များနှင့် သီးခြားတွေ့ဆုံမှုများ ပြုလုပ်ခြင်း (focused-group discussions)၊ ရွေးချယ်ထားသော ပုဂ္ဂိုလ်များ၏ အချက်အလက်များ စုဆောင်းခြင်း (baseline data development) နှင့် ရှိရင်းစွဲအချက်အလက်များအား စစ် ဆေးဖြည့်စွက်ခြင်းတို့ကို ပြုလုပ်ခဲ့ပါသည်။

ဒုတိယအဆင့်အနေဖြင့် သုတေသန ဆန်းစစ်ခြင်းအတွက် မေးမြန်းမည့် နမူနာအုပ်စုခွဲခြား ခြင်း၊ မေးခွန်းများ ပြင်ဆင်ခြင်းနှင့် ဖြည့်စွက်ခြင်းတို့ ပြုလုပ်ခဲ့သည်။ ထိုအဆင့်တွင် ယခင် နှစ် စစ်တမ်းရလဒ်များနှင့် ယခုနှစ် ရလဒ်များအကြား အပြောင်းအလဲ ရှိ၊ မရှိကို နှိုင်းယှဉ် လေ့လာနိုင်ရန် စစ်တမ်းမေးခွန်းများကို ပြန်လည်ဆန်းစစ်ခဲ့သည်။ တရုတ်-မြန်မာဆက်ဆံ ရေး၌ အချိန်ကာလအလျောက် ဖြစ်ပေါ်နေသော ကိစ္စရပ်များအပေါ် မူတည်၍ မေးခွန်း အသစ်များလည်း ဖြည့်စွက်ခဲ့သည်။ ထို့အပြင် တတိယအဆင့်အနေဖြင့် စစ်တမ်းအတွက် နမူနာအုပ်စုများ သရုပ်ခွဲခြင်းနှင့် နည်းနာရေးဆွဲခြင်းတို့ ပြုလုပ်ခဲ့ပြီး စစ်တမ်းတွင်ပါဝင်မည့် ကြီးကြပ်သူများ၊ တာဝန်ယူမေးမြန်းအချက်အလက်ကောက်ယူသူများ လိုက်နာရန် လက်စွဲ စာစောင်ရေးဆွဲခြင်း၊ လုံခြုံရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများ၊ အချက်အလက် ကောက်ယူ သူများ ရွေးချယ်ခြင်းနှင့် သင်တန်းပို့ချခြင်းများ ဆောင်ရွက်ခဲ့ပါသည်။ စတုတ္ထအဆင့်အနေ ဖြင့် သုတေသနဆန်းစစ်ချက်များအတွက် နမူနာအုပ်စုများအဖြစ် လျာထားသော ပုဂ္ဂိုလ် များနှင့် တွေ့ဆုံမေးမြန်းမှုများမှ ရရှိလာသော အချက်အလက်များကို ထည့်သွင်းခြင်း၊ မှတ် တမ်းတင်ခြင်း၊ ဆန်းစစ်ခြင်းနှင့် အစီရင်ခံစာရေးသားခြင်းတို့ကို ပြုလုပ်ခဲ့သည်။

ISP-Myanmar နှင့် ရွေးကောက်ပွဲဆိုင်ရာပြည်သူ့လုပ်ရှားမှုအဖွဲ့ (PACE) တို့သည် ယခုသုတေ သနစစ်တမ်းအတွက် ကနဦးပြင်ဆင်ခြင်းနှင့် စစ်တမ်းဒီဇိုင်းရေးဆွဲခြင်းတို့ကို ပူးပေါင်း ဆောင်ရွက်ခဲ့သည်။ ထို့အပြင် သုတေသနဆန်းစစ်ချက်များအတွက် မျှော်မှန်းချက်များ ချမှတ်ခြင်း၊ ဆန်းစစ်ချက်နည်းနာများ ဆုံးဖြတ်ခြင်း၊ စစ်တမ်းအတွက် မေးခွန်းများ ပြင်ဆင်

ခြင်း၊ ရွေးချယ်မှု မူဘောင်သတ်မှတ်ခြင်းနှင့် နမူနာအုပ်စုများအဖြစ် လျာထားသော ပုဂ္ဂိုလ်များအား တွေ့ဆုံမေးမြန်းခြင်းတို့ကို ပူးတွဲလုပ်ဆောင်ခဲ့ကြသည်။ ထို့အပြင် စစ်တမ်းမေးမြန်းရန် နမူနာလူဦးရေ (sample population) အတွက် ရွေးချယ်မှုမူဘောင် (sampling frame) သတ်မှတ်ပြီး ပါဝင်မည့်ပုဂ္ဂိုလ်များကို သရုပ်ခွဲခဲ့သည်။ ထိုအဆင့်တွင် မြန်မာ့မူဝါဒအသိုက်အဝန်းမှ ထင်ပေါ်ကျော်ကြားသောပုဂ္ဂိုလ်များနှင့် သီးသန့်တွေ့ဆုံမှုများ၊ နိုင်ငံရေးပါတီများ၊ အရပ်ဘက်အဖွဲ့အစည်းများနှင့် စီးပွားရေးကဏ္ဍအသီးသီးမှ ခေါင်းဆောင် ၂၀ ကျော်တို့ကို အွန်လိုင်းမှတဆင့် တွေ့ဆုံမှုများပြုလုပ်ခဲ့သည်။ ထို့အပြင် စစ်တမ်းမေးမြန်းခြင်းမပြုမီ ကနဦးအဖြစ် လူဦးရေ ၁၂၀ ထက်မနည်းအား ကြိုတင်ဆွေးနွေးခြင်းနှင့် စစ်တမ်းအကြောင်းရှင်းပြခြင်းတို့ကို လုပ်ဆောင်ခဲ့ပါသည်။ အထူးသဖြင့် စစ်တမ်းရလဒ်များ၏ ယုံကြည်စိတ်ချရမှု (reliability)နှင့် ကျိုးကြောင်းညီညွတ်မှု (validity) တို့ကို တိုင်းတာရန် လိုအပ်မည့်စံနှုန်းသတ်မှတ်ချက်များအပါအဝင် နည်းနာများကိုလည်း လုပ်ဆောင်ခဲ့သည်။ စစ်တမ်းတွင်ပါဝင်မည့် အသိုက်အဝန်းများနှင့် စံနှုန်းကိုက်ညီမှုရှိသူ ငါးဦးကို ရွေးပြေးစမ်းသပ်လေ့လာမှု (pilot study) အနေဖြင့် စစ်တမ်းမေးခွန်းများ မေးမြန်းခဲ့သည့်နည်းတူ ကျွမ်းကျင်နှံ့စပ်သူများ၏ သုံးသပ်ချက် (expert feedbacks) များလည်း ရယူခဲ့သည်။

စစ်တမ်း၏ အဓိကရည်ရွယ်ချက်အရ စစ်တမ်းဖြေဆိုသူများသည် တရုတ်-မြန်မာဆက်ဆံရေးနှင့်ပတ်သက်၍ အတိုင်းအတာတခုအထိ သိရန်လိုအပ်သဖြင့် နမူနာအုပ်စုသတ်မှတ်ရာတွင် ကျပန်းနည်းဖြင့် သတ်မှတ်ရန် မဖြစ်နိုင်ပေ။ ထို့ကြောင့် ရည်ရွယ်ချက်ထားပြီး ရွေးချယ်ကောက်ယူနည်း (purposive sampling) ကို အသုံးပြုခဲ့ပါသည်။ ပုဂ္ဂိုလ်များကို သရုပ်ခွဲရာတွင် တရုတ်-မြန်မာဆက်ဆံရေး၌ အဓိကကျသော ကဏ္ဍအသီးသီးမှ ဦးဆောင်သူများနှင့် မူဝါဒရေးရာအရ လွှမ်းမိုးနိုင်မှုတို့အပေါ် မူတည်ရွေးချယ်ခဲ့ပါသည်။

ISP-Myanmar အနေဖြင့် တွေ့ဆုံမေးမြန်းရမည့် ပုဂ္ဂိုလ်များကို စံသတ်မှတ်များနှင့်အညီ အသိုက်အဝန်းခြောက်ခု သတ်မှတ်ခဲ့ပါသည်။ ယင်းတို့မှာ (၁) နိုင်ငံရေးပါတီနှင့် နိုင်ငံရေးသမားများပါဝင်သည့် နိုင်ငံရေးအသိုက်အဝန်း၊ (၂) အရပ်ဘက်အဖွဲ့အစည်းများ အသိုက်အဝန်း၊ (၃) စီးပွားရေးအသိုက်အဝန်း၊ (၄) တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ (EAOs) အသိုက်အဝန်း၊ (၅) လူသိများသော အသိပညာရှင်၊ အတတ်ပညာရှင်၊ တက်ကြွလှုပ်ရှားသူများနှင့် လူမှုရေး၊ ဘာသာရေးနယ်ပယ်မှ ဩဇာရှိသူများပါဝင်သည့် ထင်ရှားကျော်ကြားအသိုက်အဝန်းနှင့် (၆) နွေဦးတော်လှန်ရေးကာလတွင် အသစ်ပေါ်ပေါက်လာခဲ့ပြီး တရုတ်စီမံကိန်းများရှိရာဒေသများ၌ အခြေစိုက်လှုပ်ရှားလျက်ရှိသော လက်နက်ကိုင်တပ်ဖွဲ့ ခေါင်းဆောင်များပါဝင်သည့် PDFs/LDFs အသိုက်အဝန်းတို့ ဖြစ်ကြသည်။

အထက်ပါ အသိုက်အဝန်းခြောက်ခုကို သတ်မှတ်ပြီးနောက် တခုချင်းစီတွင် ပါဝင်ပတ်သက်နေသော အဖွဲ့အစည်းများနှင့် လူပုဂ္ဂိုလ်များ၏ အခြေခံစာရင်း (baseline data) ကို တည်ဆောက်ရန် အချက်အလက်များအား စစ်ကောင်စီ၏ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် (UEC)၊ မြန်မာနိုင်ငံကုန်သည်နှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI)တို့၏ အင်တာနက်စာမျက်နှာများမှ ရယူခဲ့ပါသည်။ ယင်းအပြင် အသိုက်အဝန်းအသီးသီးမှ ခေါင်းဆောင်များနှင့် အကြိုဆွေးနွေးတိုင်ပင်မှုများ ပြုလုပ်ခြင်း၊ မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတို့တွင်ရှိသော အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ EAOs များနှင့် PDFs/LDFs များကို ဆက်သွယ်မေးမြန်း၍ စာရင်းပြုစုခြင်းများ လုပ်ဆောင်ခဲ့ပါသည်။ ရွေးချယ်ထားသော ပုဂ္ဂိုလ်တဦးချင်း၊ အဖွဲ့အစည်းတခုချင်းစီက တရုတ်-မြန်မာ ဆက်ဆံရေး၌ အရေးပါသည့် ကိစ္စရပ်များအပေါ် ကျွမ်းကျင်မှု၊ တတ်သိမှု၊ ပတ်သက်ပါဝင်မှု၊ မူဝါဒရေးရာ၊ ပထဝီရေးရာ အရေးပါမှုနှင့် တရုတ်-မြန်မာ မူဝါဒရေးရာကိစ္စများတွင် လွှမ်းမိုးနိုင်မှုအားသိနိုင်ရန် ကျွမ်းကျင်သူများထံမှ အကြံပြုချက်များ ရယူဆုံးဖြတ်ခဲ့သည်။

ထိုသို့စာရင်းပြုစုရာတွင် နိုင်ငံရေးအသိုက်အဝန်းအတွက် ၂၀၁၅ ခုနှစ်နှင့် ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲများတွင် လွှတ်တော်အသီးသီး၌ အနိုင်ရရှိထားသော နိုင်ငံရေးပါတီများနှင့် တရုတ်-မြန်မာ စီးပွားရေးစင်္ကြံ(CMEC) ဖြတ်သန်းရာ အဓိကဒေသများဖြစ်သော ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်မြောက်ပိုင်း၊ မန္တလေးတိုင်း၊ မကွေးတိုင်းနှင့် ရခိုင်ပြည်နယ်တို့တွင် အခြေစိုက်လှုပ်ရှားနေသော နိုင်ငံရေးပါတီများအား ရွေးချယ်သတ်မှတ်ပါသည်။ သို့ရာတွင် စစ်ကောင်စီက နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေကို အသစ်ပြဋ္ဌာန်းခဲ့သောကြောင့် နိုင်ငံရေးပါတီအများစုက မှတ်ပုံမတင်ရန် ဆုံးဖြတ်ခဲ့ကြပါသည်။ ထို့ကြောင့် အစဉ်အလာတစုံတရာရှိသော နိုင်ငံရေးခေါင်းဆောင်များ ၆၁ ဦးအား နိုင်ငံရေးအသိုက်အဝန်းအဖြစ် ရွေးချယ်စာရင်း ပြုစုခဲ့ပါသည်။

အရပ်ဘက်အဖွဲ့အစည်းများအသိုက်အဝန်းအတွက် ရွေးချယ်ရာတွင် တရုတ်-မြန်မာဆက်ဆံရေးနှင့်ပတ်သက်၍ သုတေသနလုပ်ငန်းများကို ထဲထဲဝင်ဝင် လုပ်ဆောင်နေသော၊ သဘာဝပတ်ဝန်းကျင်နှင့် မြေယာအရေး၊ တရုတ်စီမံကိန်းများအရေးတို့ကို စောင့်ကြည့်လေ့လာနေသော၊ ဒေသခံပြည်သူလူထု၏ အခွင့်အရေးများဆိုင်ရာ လှုပ်ရှားမှုများတွင် ပါဝင်ဆောင်ရွက်နေကြသော အရပ်ဘက်အဖွဲ့အစည်း ၂၁၈ ခုကို စာရင်းပြုစုပါသည်။

စီးပွားရေးအသင်း/အဖွဲ့အစည်းများ(စီးပွားရေးအသင်းအဖွဲ့များ) အသိုက်အဝန်းကို ရွေးချယ်ရာ၌ တရုတ်နိုင်ငံနှင့် စီးပွားရေးအရပတ်သက်ဆက်စပ်နေပြီး အထူးသဖြင့် ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်ရေးလုပ်ငန်းများ၌ ပါဝင်နေသော တရုတ်-မြန်မာစီးပွားရေးစင်္ကြံ (CMEC) တွင်

- တိုက်ရိုက်ပါဝင်ပတ်သက်နေသော ပြည်ထောင်စုအဆင့်ရှိ စီးပွားရေးအသင်း/အဖွဲ့အစည်းများနှင့် ပြည်နယ်အခြေစိုက် စီးပွားရေးအသင်း/အဖွဲ့အစည်း စုစုပေါင်း ၁၅၀ ခုကို ရွေးချယ်ခဲ့ပါသည်။ ထိုသို့ ရွေးချယ်ရာတွင် မြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) မှ ရရှိသည့် စာရင်းအင်း အချက်အလက်များအပေါ် အခြေခံထားပါသည်။

ထင်ရှားကျော်ကြား သြဇာလွှမ်းမိုးသူများအသိုက်အဝန်းအတွက် ရွေးချယ်ရာတွင် တရုတ်-မြန်မာ ဆက်ဆံရေးနှင့်ပတ်သက်၍ သုတေသန ပြုလုပ်နေသူများ၊ မူဝါဒရေးရာတွင် လွှမ်းမိုးနိုင်သော ထင်ရှားသည့် အသိပညာရှင်နှင့် အတတ်ပညာရှင်များ၊ တက်ကြွလှုပ်ရှားသူများ၊ EAOs များနှင့် လူမှုရေး၊ ဘာသာရေးနယ်ပယ်မှ သြဇာကြီးသူ ၁၃၃ ဦးကိုလည်း တွေ့ဆုံမေးမြန်းရမည့်စာရင်း၌ ထည့်သွင်းခဲ့ပါသည်။ EAOs အသိုက်အဝန်းဟု သတ်မှတ်ရာတွင် တိုင်းရင်းသားအခြေပြုပေါ်ပေါက်လာသောအဖွဲ့များ ဖြစ်ရမည့်အပြင် ပြီးခဲ့သော အစိုးရနှစ်ဆက်လက်ထက်တွင် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များ၌ အလုပ်သဘောနှင့် အလွတ်သဘော ပါဝင်ခြင်းရှိခဲ့သည့် တိုင်းရင်းသားအဖွဲ့အစည်း ၂၃ ခုကို စာရင်းပြုစုခဲ့ခြင်း ဖြစ်ပါသည်။

လက်နက်ကိုင်အင်အားစုသစ်ဖြစ်သည့် PDFs/LDFs များကို ရွေးချယ်သတ်မှတ်ရာတွင် တရုတ်ရင်းနှီးမြှုပ်နှံမှုစီမံကိန်းများ တည်ရှိရာ ပြည်နယ်နှင့်တိုင်းများတွင် အခြေစိုက်နေသော တပ်ဖွဲ့များကို ဦးစွာရွေးချယ်ခဲ့သည်။ ထို့နောက် တပ်ဖွဲ့ များ၏ အရွယ်အစား (အင်အား ၁၀၀ ဦးနှင့်အထက်)ကို ကြည့်၍ ရွေးချယ်ခဲ့သည်။ ၎င်းတပ်ဖွဲ့များ၏ နယ်မြေစိုးမိုးနိုင်မှုနှင့် ပတ်သက်၍ ISP-Myanmar ၏လက်နက်ကိုင်ပဋိပက္ခများဆိုင်ရာ အချက်အလက်စုဆောင်းမှုစနစ်အရ သတ်မှတ်ထားသော အဆင့်သုံးဆင့် ဖြစ်သည့် လှုပ်ရှားအဆင့် (active)၊ စိုးမိုးအဆင့် (rule)နှင့် ထိန်းချုပ်အဆင့် (control) တို့အနက် လှုပ်ရှားအဆင့်ရှိသော အဖွဲ့များကို ရွေးချယ်ထားခြင်းဖြစ်သည်။ အင်အားနှင့် နယ်မြေကြီးစိုးနိုင်မှု သတ်မှတ်ချက်များနှင့် ကိုက်ညီသည့် PDFs/LDFs ၅၇ ဖွဲ့ကို မေးမြန်းရန် ရွေးချယ်ခဲ့သည်။

ဤနည်းအားဖြင့် အသိုက်အဝန်း ခြောက်ခုလုံးအတွက် လူပုဂ္ဂိုလ်ပေါင်း ၆၄၂ ဦးကို ရွေးချယ်ခဲ့ပြီး အခြေခံစာရင်း (baseline data) ကို ပြုစုနိုင်ခဲ့ပါသည်။ ■

# တွေ့ဆုံမေးမြန်းခြင်းအတွက် နမူနာရွေးချယ်သရုပ်ခွဲခြင်း

ယခုသုတေသနစစ်တမ်းအတွက် စုဆောင်းထားသော အထူးပြုပုဂ္ဂိုလ်များ အခြေခံစာရင်း (baseline data) ကို အခြေပြု၍ အသိုက်အဝန်းခြောက်ခုရှိ လူပုဂ္ဂိုလ်အမျိုးအစားအလိုက် တွက်ချက်ပြီး တွေ့ဆုံမေးမြန်းရန် နမူနာ ရွေးချယ်သတ်မှတ်ခဲ့ပါသည်။ အခြေခံစာရင်းရှိ နမူနာ (sample) ကို အချိုးကျ (propotion) တွက်ချက်ကာ နမူနာကို သရုပ်ခွဲခဲ့ပါသည်။ သို့ရာတွင် အရပ်ဘက်အဖွဲ့အစည်းများ၊ စီးပွားရေးလုပ်ငန်းအဖွဲ့အစည်းများနှင့် နိုင်ငံယှဉ်ပါက နိုင်ငံရေးပါတီများ၊ နိုင်ငံရေးသမားများနှင့် PDFs/LDFs အဖွဲ့များ အရေအတွက်နည်းပါးသည့်အတွက် ၎င်းအဖွဲ့များကို အခြေခံစာရင်းတွင်စာရင်းပြုစုထားသည့် အရေအတွက်များအတိုင်း ထပ်တိုးနမူနာအဖြစ် တွေ့ဆုံမေးမြန်းရန် သတ်မှတ်ခဲ့ပါသည်။ ထို့အပြင် လူ့အဖွဲ့အစည်းအတွင်း ဩဇာလွှမ်းမိုးသူများအသိုက်အဝန်းထဲတွင် EAOs များသည် ကျန်ထင်ရှားသောပုဂ္ဂိုလ်များနှင့်နှိုင်းယှဉ်ပါက အရေအတွက်နည်းပါးသဖြင့် စစ်တမ်းတွေ့ရှိချက်များကို ခွဲခြမ်းစိတ်ဖြာသည့်အခါ ၎င်းတို့ကို ကိုယ်စားပြုနိုင်မည့် ဖြေဆိုမှုများပါဝင်စေရန်အခြေခံစာရင်းတွင် စာရင်းပြုစုထားသည့် အရေအတွက်များအတိုင်း ထပ်တိုးနမူနာအဖြစ် တွေ့ဆုံမေးမြန်းရန်လည်း သတ်မှတ်ခဲ့ပါသည်။ ထို့ကြောင့် စစ်တမ်းတွင်ပါဝင်မည့် ပုဂ္ဂိုလ်နမူနာများကို သရုပ်ခွဲရာတွင် ပေါင်းစပ်အချိုးပြုသည့်နမူနာ (mixed propotion) စနစ်ကို အသုံးပြု၍ ရွေးထုတ်ခဲ့ပါသည်။

**■ အခြေခံစာရင်းနှင့် နမူနာရွေးချယ်မှုဇယား**

| အသိုက်အဝန်း | အခြေခံစာရင်း | နမူနာ (အချိုးကျ) | ထပ်တိုးနမူနာ | ပေါင်းစပ်နမူနာ |
|---|---|---|---|---|
| နိုင်ငံရေးနယ်ပယ် | ၁၅၀ | ၇၀ | - | ၇၀ |
| အရပ်ဘက်အဖွဲ့အစည်းများ | ၂၁၈ | ၁၀၂ | - | ၁၀၂ |
| စီးပွားရေးအသင်းအဖွဲ့များ | ၅၇ | ၂၇ | ၃၀ | ၅၇ |
| ထင်ရှားကျော်ကြားသူများ | ၁၃၃ | ၆၂ | - | ၆၂ |
| PDFs/LDFs | ၆၁ | ၂၉ | ၃၂ | ၆၁ |
| EAOs | ၂၃ | ၁၁ | ၁၂ | ၂၃ |
| စုစုပေါင်း | ၆၄၂ | ၃၀၁ | ၇၄ | ၃၇၅ |

■ တွေ့ဆုံမေးမြန်းခွင့်ရခဲ့သော အသိုက်အဝန်းခြောက်ခုမှ လူဦးရေနှင့် ရာခိုင်နှုန်း

| အသိုက်အဝန်း | လူဦးရေ | ရာခိုင်နှုန်း |
|---|---|---|
| နိုင်ငံရေးနယ်ပယ် | ၂၁ | ၈.၄% |
| အရပ်ဘက်အဖွဲ့အစည်းများ | ၁၀၁ | ၄၀.၄% |
| စီးပွားရေးအသင်းအဖွဲ့များ | ၄၁ | ၁၆.၄% |
| ထင်ရှားကျော်ကြားသူများ | ၆၁ | ၂၄.၄% |
| EAOs | ၁၅ | ၆% |
| PDFs/LDFs | ၁၁ | ၄.၄% |
| စုစုပေါင်း | ၂၅၀ | ၁၀၀% |

မြန်မာ့မူဝါဒအသိုက်အဝန်းမှပုဂ္ဂိုလ်များကို မေးမြန်းရန်ရွေးချယ်ရာတွင် အမျိုးသားနှင့် အမျိုးသမီး အချိုးအဆ မျှတမှုကို ဦးစားပေးရန် ပြင်ဆင်ခဲ့ပါသည်။ သို့သော် စံသတ်မှတ်ချက်ဖြင့် ရွေးချယ်ထားသော အုပ်စုများတွင် မူဝါဒချမှတ်သူများ၏ အဓိကပုဂ္ဂိုလ်များမှာ အမျိုးသား အများစုဖြစ်နေခြင်း၊ စစ်အာဏာသိမ်းမှု ဖြစ်ပြီးနောက် နိုင်ငံရေးအကျပ်အတည်းကြောင့် ထွက်ပြေးတိမ်းရှောင်နေရသူများထဲတွင် မူဝါဒအသိုက်အဝန်းမှ အမျိုးသမီးများ ပါဝင်နေခြင်း၊ မြန်မာနိုင်ငံ၏ အနေအထားအရ စီးပွားရေးလုပ်ငန်းကိုယ်စားပြုသူများတွင် အမျိုးသား ဦးရေများပြားနေခြင်း၊ EAOs များ၏ ခေါင်းဆောင်ပိုင်းများတွင် အမျိုးသားများသာ ဖြစ်နေခြင်းတို့ကြောင့် စစ်တမ်းဖြေဆိုခဲ့သည့် ပုဂ္ဂိုလ်များ၏ အမျိုးသမီးနှင့် အမျိုးသား ရာခိုင်နှုန်း အချိုးအစား မညီမျှခဲ့ချေ။ စစ်တမ်းတွင် အမျိုးသား ၁၉၁ ဦးနှင့် အမျိုးသမီး ၅၉ ဦးပါဝင်ခဲ့သည်။ ရာခိုင်နှုန်းအားဖြင့် အမျိုးသားပါဝင်မှု ၇၆ ရာခိုင်နှုန်းနှင့် အမျိုးသမီးပါဝင်မှု ၂၄ ရာခိုင်နှုန်းဖြစ်သည်။ အမျိုးသမီးပါဝင်မှုကို ယခင်နှစ်စစ်တမ်းနှင့် နှိုင်းယှဉ်ပါက တစ်ရာခိုင်နှုန်းတိုး လာခြင်းဖြစ်ပါသည်။ ယခင်နှစ်စစ်တမ်းတွင် အမျိုးသမီးပါဝင်မှု ၄၉ ဦး (စုစုပေါင်း ၂၁၅ ဦး ၏ ၂၃ ရာခိုင်နှုန်း) ရှိခဲ့ခြင်းဖြစ်သည်။

ယခုစစ်တမ်းတွင် အသိုက်အဝန်းခြောက်ခုမှ လူပုဂ္ဂိုလ် ၂၅၀ ဦးကို မေးမြန်းနိုင်ခဲ့ပါသည်။ ထိုအထဲတွင် နိုင်ငံရေးအသိုက်အဝန်းမှ ၂၁ ဦး၊ အရပ်ဘက်အဖွဲ့အစည်းများ အသိုက်အဝန်းမှ ၁၀၁ ဦး၊ စီးပွားရေးအသိုက်အဝန်းမှ ၄၁ ဦး၊ ထင်ရှားကျော်ကြား ဩဇာလွှမ်းမိုးသူများ အသိုက်အဝန်းမှ ၆၁ ဦး၊ EAOs အသိုက်အဝန်းမှ ၁၅ ဦးနှင့် PDFs/LDFs တပ်ဖွဲ့များမှာ ၁၁ ဦး ပါဝင်ခဲ့ပါသည်။

ISP-Myanmar နှင့် PACE တို့သည် စစ်တမ်းရည်မှန်းချက်များ၊ သတ်မှတ်ထားသော နမူနာရွေးချယ်မှုရလဒ်များ စနစ်ကျနေစေရန် ဒီဇိုင်းရေးဆွဲထားသည့် လက်စွဲစာအုပ်ကို ပြုစုခဲ့သည်။ လက်စွဲစာအုပ်တွင် စစ်တမ်း၏ အလုံးစုံ ရည်ရွယ်ချက်များနှင့် ရည်မှန်းချက်များ အောင်မြင်ရန် လမ်းညွှန်ထားသည်။ ဖြေဆိုသူများအား ချဉ်းကပ်ခြင်း၊ မေးခွန်းများမေးခြင်း၊ တုံ့ပြန်မှုများကို မှတ်တမ်းတင်ခြင်းနှင့် စစ်တမ်းလုပ်ငန်းစဉ်အတွင်း ဖြစ်ပေါ်လာနိုင်သော အခြေအနေအမျိုးမျိုးကို ကိုင်တွယ်သည့်အခါ တသမတ်တည်းဖြစ်စေရန် လုပ်ထုံးလုပ်နည်းများအတွက် စံချိန်စံညွှန်းသတ်မှတ်ခြင်းနှင့် လုပ်ထုံးလုပ်နည်းများ တပြေးညီဖြစ်စေရန်တို့ကို အကြမ်းဖျင်းဖော်ပြခဲ့သည်။ စစ်တမ်းကောက်သူများ လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများနှင့် ကျင့်ဝတ်များလည်း ပါဝင်သည်။ အထူးသဖြင့် ဘက်လိုက်မှု နည်းပါးစေရန်၊ ကြားနေမှုကို ထိန်းသိမ်းရန်နှင့် နိမိတ်ပြမေးခွန်းများကို ရှောင်ရှားရန်နှင့် ကောက်ယူထားသော ဒေတာသည် ဖြေဆိုသူများ၏အမြင်များကို တိကျစွာထင်ဟပ်ကြောင်း သေချာစေမည့် စည်းမျဉ်းများနှင့် ကျင့်ဝတ်တို့ ပါဝင်သည်။ အထူးသဖြင့် ဖြေဆိုသူများ၏ ပုဂ္ဂိုလ်ရေးရာ ခံစားချက်များကို မထိခိုက်စေဘဲ ယင်းမေးခွန်းများကို မည်ကဲ့သို့ ချဉ်းကပ်ရမည်ဆိုသော လမ်းညွှန်ချက်များ ပါဝင်ပါသည်။

မေးခွန်းပုံစံများမှ အတိုကောက်စာလုံးအသုံးအနှုန်းများနှင့် ပညာရပ်ဆိုင်ရာအသုံးအနှုန်းများအတွက် လက်စွဲစာအုပ် နောက်ဆက်တွဲကဏ္ဍတွင် ထည့်သွင်းပေးထားပြီး မြန်မာ့မူဝါဒ အသိုက်အဝန်းများမှ ပုဂ္ဂိုလ်များအနေနှင့် ပညာရပ်ဆိုင်ရာ စကားလုံးများနှင့်ပတ်သက်၍ မေးခွန်းများ သို့မဟုတ် ရှုပ်ထွေးမှုများရှိပါက စစ်တမ်းကောက်သူများက ရှင်းပြနိုင်ရန် ဖြစ်ပါသည်။ လက်စွဲစာအုပ်တွင် စစ်တမ်းဖြေဆိုသူများနှင့် ဆက်ဆံရာတွင်ဖြစ်စေ၊ နည်းပညာဆိုင်ရာပြဿနာများ သို့မဟုတ် အမြင်ကွဲလွဲမှုများအား ဖြေရှင်းရာတွင်ဖြစ်စေ ထိထိရောက်ရောက် ကိုင်တွယ်နိုင်ရန် လမ်းညွှန်ချက်များ ပါဝင်ပါသည်။ ထို့အပြင် စစ်တမ်းဖြေဆိုသူ၏ အချက်အလက်များအား ထိန်းသိမ်းမှုနှင့်ပတ်သက်သော စည်းမျဉ်းစည်းကမ်း လိုက်နာရန် အကြောင်းအရာများကိုလည်း အလေးပေး ဖော်ပြထားပါသည်။

စစ်တမ်းမကောက်ခင် ရက်သတ္တနှစ်ပတ်အလိုတွင် စစ်တမ်းရည်ရွယ်ချက်များ၊ နည်းစနစ်များ၊ စာရင်းကောက်သူများ၏ အခန်းကဏ္ဍ၊ စည်းမျဉ်းများနှင့် ကျင့်ဝတ်များ၊ အင်တာဗျူးနည်းစနစ်များ၊ အင်တာဗျူးပြင်ဆင်မှု၊ ဘေးကင်းရေး ကြိုတင်ကာကွယ်မှုများနှင့် လက်စွဲတွင် ဖော်ပြထားသော အခြားအရေးကြီးသည့် အကြောင်းအရာများကို နားလည်လာစေရန် စစ်တမ်းကောက်ယူမည့်သူများကို ISP-Myanmar က သင်တန်းပို့ချခဲ့ပါသည်။ ထို့အပြင် မြန်မာနိုင်ငံ၏ ကဏ္ဍအသီးသီးတွင် တရုတ်နိုင်ငံ၏ပါဝင်နေမှုနှင့်ပတ်သက်၍ သိမှုမြှင့်တင်ရန် စစ်တမ်းကောက်သူများအား အထူးသင်တန်းပေးခြင်းကိုလည်း ပြုလုပ်ခဲ့ပါသည်။ ■

## ● 'စစ်ဆင်ရေး ၁၀၂၇' ကြောင့် သုတေသနနည်းနာ ပြင်ဆင်ခြင်း

သုတေသနစစ်တမ်းပြုလုပ်နေချိန် ညီနောင်မဟာမိတ်သုံးဖွဲ့ (3BHA) နှင့် ပူးပေါင်းတပ်များက ရှမ်းပြည်မြောက်ပိုင်းတွင် 'စစ်ဆင်ရေး ၁၀၂၇' ကို စတင်ခဲ့ပါသည်။ ယင်းကဲ့သို့သော ကြိုတင်မျှော်လင့်မထားသည့်ဖြစ်ရပ် (unexpected event during survey design) ကြောင့် စစ်တမ်းရလဒ်အပေါ် သက်ရောက်မှု ရှိ၊ မရှိကို ဆန်းစစ်ရန် လုပ်ဆောင်ခဲ့ပါသည်။ 'စစ်ဆင်ရေး ၁၀၂၇' မဖြစ်ခင် မေးမြန်းခဲ့သော စစ်တမ်းဖြေဆိုသူများ (control group) ဖြစ်သည့် (အသိုက်အဝန်းအသီးသီးထဲမှ) ၂၀ ဦးကို ဦးတည်အုပ်စုဖွဲ့ ဆွေးနွေးမှု (focused group discussion) ဖြင့် တရုတ်နိုင်ငံ၏ အခန်းကဏ္ဍကို ဆန်းစစ်မည့် မေးခွန်း ခုနစ်ခုကို ပြန်လည်မေးမြန်းခဲ့ပါသည်။ ထို့အပြင် 'စစ်ဆင်ရေး ၁၀၂၇' ဖြစ်ပြီးနောက်ပိုင်း မေးခဲ့သော စစ်တမ်းဖြေဆိုသူများ (treatment group) များကိုလည်း စစ်ဆင်ရေးကြောင့် တရုတ်နိုင်ငံအပေါ် ပိုပြီးအကောင်းမြင်ခြင်း ရှိ၊ မရှိ၊ အဆိုးမြင်ခြင်း ရှိ၊ မရှိဆိုသည့် မေးခွန်းကို ဖြည့်စွက်မေးမြန်းခြင်း ပြုလုပ်ခဲ့ပါသည်။ စစ်တမ်းတွင် ပါဝင်ခဲ့သည့် အသိုက်အဝန်းခြောက်ခုစလုံးတွင် 'စစ်ဆင်ရေး ၁၀၂၇'ကြောင့် တရုတ်နိုင်ငံအပေါ် အမြင် သိသိသာသာပြောင်းလဲခဲ့သည်ကို မတွေ့ရသဖြင့် စစ်တမ်းရလဒ်အပေါ်တွင် သက်ရောက်မှုမရှိခဲ့ပေ။ ဦးတည်အုပ်စုဖွဲ့ ဆွေးနွေးမှုရလဒ်များကို **နောက်ဆက်တွဲ-၂** တွင် ဖော်ပြထားပါသည်။

## ● နိုင်ငံရေးနှင့် လုံခြုံရေးအန္တရာယ် လျှော့ပါးရေး

စစ်တမ်းအတွက် သုတေသန မေးခွန်းများ မေးမြန်းရာတွင် ကျင့်ဝတ်ကို အထူးအလေးပေး ဆောင်ရွက်ခဲ့ပါသည်။ နိုင်ငံရေးအရ ထိလွယ်ရှလွယ်သော ဘာသာစကားများကို သုတေသန ကျင့်ဝတ်နှင့်အညီ ရေးသားပြင်ဆင်ခြင်း ပြုလုပ်သည့်နည်းတူ သုတေသနမေးမြန်းစဉ်ဘက်အသီးသီးတွင် ဆိုက်ဘာလုံခြုံရေးအန္တရာယ်များ လျှော့ပါးစေရန်အတွက်လည်း စနစ်တကျဆောင်ရွက်ခဲ့ပါသည်။ ISP-Myanmar အဖွဲ့ဝင်များနှင့် စစ်တမ်းကောက်သူများ၏ ရုပ်ပိုင်းဆိုင်ရာလုံခြုံရေးအတွက် အထူးအလေးထား ဆောင်ရွက်ခဲ့သည့်အပြင် စိတ်ပိုင်းဆိုင်ရာလုံခြုံရေးအတွက် လစ်ဟင်းမှုမရှိစေရန်လည်း အာရုံစိုက်ခဲ့ပါသည်။ ■


# နောက်ဆက်တွဲ - ၂

# ဦးတည်အုပ်စုဖွဲ့ဆွေးနွေးမှု ရလဒ်များ

သုတေသနနည်းနာတွင် ဖော်ပြခဲ့သည့်အတိုင်း ‘စစ်ဆင်ရေး ၁၀၂၇’ကြောင့် စစ်တမ်းရလဒ်အပေါ် သက်ရောက်မှု ရှိ၊ မရှိကို ဆန်းစစ်ခဲ့သည်။ ထို့အပြင် ‘စစ်ဆင်ရေး ၁၀၂၇’ ဖြစ်ပြီးနောက်ပိုင်း မေးမြန်းခဲ့သည့် စစ်တမ်းဖြေဆိုသူများကိုလည်း စစ်ဆင်ရေးကြောင့် တရုတ်နိုင်ငံအပေါ် ပိုပြီးအကောင်းမြင်ခြင်း ရှိ၊ မရှိနှင့် အဆိုးမြင်ခြင်း ရှိ၊ မရှိ ဆိုသည့် ‘Z’ မေးခွန်းကို ဖြည့်စွက်မေးမြန်းခဲ့သည်။ အသိုက်အဝန်းအသီးသီးမှ ၂၀ ဦးကို ဦးတည်အုပ်စုဖွဲ့ ဆွေးနွေးမှု (focused group discussion) ဖြင့် တရုတ်နိုင်ငံ၏ အခန်းကဏ္ဍကို ဆန်းစစ်မည့် မေးခွန်းခုနစ်ခုကို ထပ်မံမေးမြန်းခဲ့ပါသည်။ အောက်ဖော်ပြချက်များမှာ ထိုဆွေးနွေးမှု၏ရလဒ်များ ဖြစ်ပါသည်။

■ မေးခွန်း-၁


တရုတ်နိုင်ငံက မြန်မာနိုင်ငံအတွက် အိမ်နီးချင်းကောင်း ဖြစ်၊ မဖြစ်




‘စစ်ဆင်ရေး ၁၀၂၇’ ကာလအတွင်း ပြုလုပ်ခဲ့သော ဦးတည်အုပ်စုဖွဲ့ ဆွေးနွေးမှုတွင် ပါဝင်ဖြေဆိုခဲ့ကြသူများ၏ ဖြေဆိုမှုအရ (‘စစ်ဆင်ရေး ၁၀၂၇’ အလွန်တွင်) တရုတ်နိုင်ငံကို အိမ်နီးချင်းကောင်းအဖြစ် ရှုမြင်မှု အပြောင်းအလဲမရှိခဲ့ပေ။ သို့သော် ‘မကောင်းပါ’ဟုဖြေသူ ငါးရာခိုင်နှုန်း လျော့ကျသွားပြီး ‘လုံးဝမကောင်းပါ’ဟု ယူဆသူ ငါးရာခိုင်နှုန်း ပိုများလာပါသည်။

### ■ မေးခွန်း-၂


### တရုတ်-မြန်မာဆက်ဆံရေးတွင် မြန်မာနိုင်ငံ ရင်ဆိုင်နေရသည့် စိန်ခေါ်မှု




'စစ်ဆင်ရေး ၁၀၂၇' ကာလအတွင်း ပြုလုပ်ခဲ့သော ဦးတည်အုပ်စုဖွဲ့ ဆွေးနွေးမှုတွင် ပါဝင်ဖြေဆိုခဲ့ကြသူများ၏ ဖြေဆိုမှုအရ ('စစ်ဆင်ရေး ၁၀၂၇' အလွန်တွင်) စီးပွားရေးအရ လွှမ်းမိုးခံရမှု၊ ပထဝီနိုင်ငံရေးအရ လွှမ်းမိုးခံရမှုတို့သည် စိန်ခေါ်မှုဖြစ်ကြောင်း ထင်မြင်မှုရာခိုင်နှုန်း လျော့ကျခဲ့သည်။ လုံခြုံရေးကဏ္ဍ၌ တရုတ်နိုင်ငံ၏လွှမ်းမိုးမှု ပိုများလာသည်ကို စိန်ခေါ်မှုအဖြစ် ထင်ခဲ့ကြပြီး လက်နက်ကိုင်ပဋိပက္ခများ၌ တရုတ်နိုင်ငံ၏ ဝင်ရောက်စွက်ဖက်မှုရှိခြင်းအပေါ် ထင်မြင်မှုမှာ အပြောင်းအလဲမရှိခဲ့ပေ။

### ■ မေးခွန်း-၂၄


### ပြည်တွင်းရေးဝင်မစွက်ဖက်ခြင်းမူဝါဒကို တရုတ်နိုင်ငံ ကျင့်သုံးနေသည်ဟု ထင်ပါသလား




'စစ်ဆင်ရေး ၁၀၂၇' ကာလအတွင်း ပြုလုပ်ခဲ့သော ဦးတည်အုပ်စုဖွဲ့ ဆွေးနွေးမှုတွင် ပါဝင်ဖြေဆိုခဲ့ကြသူများ၏ ဖြေဆိုမှုအရ ('စစ်ဆင်ရေး ၁၀၂၇' အလွန်တွင်) ပြည်တွင်းရေးတွင် တရုတ်နိုင်ငံက ဝင်စွက်ဖက်ကြောင်းထင်သူ ငါးရာခိုင်နှုန်း လျော့သွားသည်။ သို့သော် ဝင်မစွက်ဖက်ကြောင်းပြောသူမှာလည်း ငါးရာခိုင်နှုန်း ပိုများလာသည်။

**မေးခွန်း-၃၄**


မြန်မာ့ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် တရုတ်နိုင်ငံ၏ပါဝင်မှု မည်မျှသက်ရောက်မှုရှိသနည်း




'စစ်ဆင်ရေး ၁၀၂၇' ကာလအတွင်း ပြုလုပ်ခဲ့သော ဦးတည်အုပ်စုဖွဲ့ ဆွေးနွေးမှုတွင် ပါဝင်ဖြေဆိုခဲ့ကြသူများ၏ ဖြေဆိုမှုအရ ('စစ်ဆင်ရေး ၁၀၂၇' အလွန်တွင်) မြန်မာ့ငြိမ်းချမ်းရေးလုပ်ငန်းစဉ်၌ တရုတ်နိုင်ငံ၏ ပါဝင်မှုသည် 'ကောင်းကျိုးရှိသည်'ဟူသော ထင်မြင်မှုမှာ ငါးရာခိုင်နှုန်း လျော့ကျသွားသည်။ အတိုင်းအတာတခုအထိ ဆိုးကျိုးဖြစ်စေကြောင်းဆိုသူလည်း ငါးရာခိုင်နှုန်း ပိုများလာပါသည်။

**မေးခွန်း-၃၅**


ရှမ်းပြည်နယ်မြောက်ပိုင်းရှိ EAOs များအပေါ် တရုတ်နိုင်ငံ မည်မျှလွှမ်းမိုးမှုရှိသနည်း




'စစ်ဆင်ရေး ၁၀၂၇' ကာလအတွင်း ပြုလုပ်ခဲ့သော ဦးတည်အုပ်စုဖွဲ့ ဆွေးနွေးမှုတွင် ပါဝင်ဖြေဆိုခဲ့ကြသူများ၏ ဖြေဆိုမှုအရ ('စစ်ဆင်ရေး ၁၀၂၇' အလွန်တွင်) ရှမ်းပြည်နယ်မြောက်ပိုင်းရှိ EAOs များအပေါ် တရုတ်နိုင်ငံက လွှမ်းမိုးမှုရှိကြောင်း ထင်မြင်မှု ၁၀ ရာခိုင်နှုန်း လျော့ကျသွားပြီး လွှမ်းမိုးမှုမရှိကြောင်းဖြေသူ ငါးရာခိုင်နှုန်းရှိလာသည်။

■ မေးခွန်း-၃၉


မြန်မာ့ငြိမ်းချမ်းရေးအတွက် တရုတ်နိုင်ငံ၏ အားထုတ်မှုအပေါ် သဘောထား




'စစ်ဆင်ရေး ၁၀၂၇' ကာလအတွင်း ပြုလုပ်ခဲ့သော ဦးတည်အုပ်စုဖွဲ့ ဆွေးနွေးမှုတွင် ပါဝင်ဖြေဆိုခဲ့ကြသူများ၏ ဖြေဆိုမှုအရ ('စစ်ဆင်ရေး ၁၀၂၇' အလွန်တွင်) 'တရုတ်အကျိုးစီးပွားများရှိသည့် နယ်မြေများ တည်ငြိမ်ရေးကိုသာ ဦးစားပေးကြောင်း' ထင်မြင်မှု ၁၀ ရာခိုင်နှုန်း လျော့ကျသွားပြီး 'တရုတ်အကျိုးစီးပွားနှင့်ဆက်စပ်သည့် လက်နက်ကိုင်အဖွဲ့များ အင်အားကြီးလာရေး'ကို ဦးစားပေးကြောင်း ထင်သူ ၁၀ ရာခိုင်နှုန်းပိုများလာသည်။

■ မေးခွန်း-Z

'စစ်ဆင်ရေး ၁၀၂၇'ကြောင့် တရုတ်နိုင်ငံအပေါ် အမြင်ပြောင်းလဲခြင်း ရှိ၊ မရှိ




'စစ်ဆင်ရေး ၁၀၂၇' ကာလအတွင်း ပြုလုပ်ခဲ့သော ဦးတည်အုပ်စုဖွဲ့ ဆွေးနွေးမှုတွင် ပါဝင်ဖြေဆိုခဲ့ကြသူများ၏ ဖြေဆိုမှုအရ ('စစ်ဆင်ရေး ၁၀၂၇' အလွန်တွင်) တရုတ်နိုင်ငံအပေါ် သဘောထားအမြင်မှာ ပြောင်းလဲခြင်းမရှိကြောင်း အများစုက ဖြေဆိုခဲ့ပြီး ဖြေဆိုသူအားလုံး၏ ၇၀ ရာခိုင်နှုန်းရှိသည်။ ပိုပြီးအကောင်းမြင်လာကြောင်း ဖြေဆိုသူ ၁၅ ရာခိုင်နှုန်းက ဆိုခဲ့ပြီး ပိုပြီးအဆိုးမြင်လာကြောင်း ဖြေဆိုသူ ၁၀ ရာခိုင်နှုန်းက ထင်မြင်ချက်ပေးခဲ့သည်။ မသိပါဟုဖြေဆိုသူ ငါးရာခိုင်နှုန်းရှိပါသည်။

## ISP-Myanmar အကြောင်း

၂၀၁၆ ခုနှစ်တွင် စတင်တည်ထောင်ခဲ့သော မြန်မာ့မဟာဗျူဟာနှင့် မူဝါဒလေ့လာရေး အင်စတီကျု (ISP-Myanmar) သည် လွတ်လပ်ပြီး ပါတီစွဲကင်းသော အစိုးရမဟုတ်သည့် သုတေသနအဖွဲ့ ဖြစ်ပါသည်။ ISP-Myanmar ၏ မျှော်မြင်ချက်မှာ မြန်မာနိုင်ငံကို ရှန်းထကြွခိုင်မှုအားကောင်းပြီး သည်းခံစိတ်ကြီးမားသော လူမှုအဖွဲ့အစည်းတရပ်အဖြစ် ပေါ်ထွန်းလာစေရေးဖြစ်သည်။ ဦးတည်ချက်အနေဖြင့် ဒီမိုကရေစီကျသော ခေါင်းဆောင်မှုကို မြှင့်တင်အားပေးရန်နှင့် နိုင်ငံ့အရေးတွင် နိုင်ငံသားများပါဝင်မှု အားကောင်းစေရန် ဖြစ်ပါသည်။ ISP-Myanmar အနေနှင့် အထက်တွင်ဖော်ပြခဲ့သော မျှော်မြင်ချက်နှင့် ဦးတည်ချက်နှစ်ရပ်အား အခြေခံ၍ မြန်မာ့ဒီမိုကရေစီအရေး၊ ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးနှင့် အရပ်ဘက်အဖွဲ့အစည်းများ ရှင်သန်အားကောင်းရေးအတွက် အဓိက အစီအစဉ်သုံးရပ်ဖြင့် လုပ်ဆောင်နေပါသည်။ ထိုအစီအစဉ်သုံးရပ်မှာ (၁) မူဝါဒဦးတည်သည့် သုတေသနလုပ်ငန်းများ၊ (၂) သုတေသန အရည်အသွေးမြှင့်တင်ရေးသင်တန်းများပို့ချခြင်းနှင့် ခေါင်းဆောင်အဆင့်ဆွေးနွေးထိစပ်ခြင်းများနှင့် (၃) မီဒီယာကြားခံပေါင်းစုံဖြင့် ဆက်ဆံဆက်သွယ်ရေးနှင့် ပြင်ပဆက်ဆံရေးလုပ်ငန်းစဉ်များ ဖြစ်ကြပါသည်။

ISP-Myanmar က သုတေသနပြု လေ့လာတင်ပြနေသော နယ်ပယ်သုံးရပ်ရှိပြီး ၎င်းတို့မှာ (က) ပဋိပက္ခ၊ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးကဏ္ဍ၊ (ခ) တရုတ်-မြန်မာဆက်ဆံရေးကို အခြေခံသော တရုတ်ရေးရာလေ့လာမှုနှင့် (ဂ) နိုင်ငံရေးဘောဂဗေဒတို့ ဖြစ်ပါသည်။ ထိုကိစ္စရပ်များနှင့်ပတ်သက်၍ ဒေတာအချက်အလက်များကို ဖော်ပြခြင်း၊ ပိုင်းခြားစိတ်ဖြာသုံးသပ်ခြင်းနှင့် ဖြစ်တန်ခြေအကဲဖြတ်ခြင်းတို့ကို လုပ်ဆောင်လျက်ရှိသည်။ ထို့အပြင် တရုတ်-မြန်မာဆက်ဆံရေးအပေါ် မြန်မာ့မူဝါဒအသိုက်အဝန်း၏ သဘောထားအမြင်စစ်တမ်းကို ၂၀၂၂ ခုနှစ်မှစတင်၍ နှစ်စဉ်ပြုလုပ်လျက်ရှိသည်။ အာဏာသိမ်းမှုအလွန် မြန်မာနိုင်ငံအတွင်းရှိ လူမှုစီးပွားအခြေအနေများကို သုတေသနပြုဆန်းစစ်နိုင်ရန် ISP-Myanmar ၏ Research Network က ဒေသဆိုင်ရာအချက်အလက်များကို ရယူဖော်ပြလျက်ရှိပါသည်။ ထိုနည်းတူ အကြောင်းအမျိုးမျိုးကြောင့် ပညာသင်ယူခွင့်ဆုံးရှုံးနေသည့် လူငယ်များအတွက် ကြားကာလပညာရေး ဖြည့်ဆည်းပေးမှုအဖြစ် Bridge Education Program (BEP) ကိုလည်း လုပ်ဆောင်နေပါသည်။ အချက်အလက် အသေးစိတ်ကို www.ISPMyanmar.com နှင့် ‘ISP ကပြင်ရပ်ဝန်း’ တို့တွင် လေ့လာနိုင်ပါသည်။

ISP-Myanmar က ထုတ်ဝေထားတဲ့
သုတေသနအခြေခံ ဒေတာအချက်အလက်တွေနဲ့
စာအုပ်စာတမ်းတွေကို ISP ကပြင်ရပ်ဝန်းမှာ အခမဲ့ ရယူနိုင်ပါတယ်။

## ISP Series

### ISP Telegram

### ISP YouTube

### ISP LinkedIn

+66 80 747 9712

PO Box 149, Chiang Mai University PO, Chiang Mai, 50202.

Institute for Strategy and Policy-Myanmar

+66 80 747 9712

PO Box 149, Chiang Mai University PO, Chiang Mai, 50202.

info@ISPMyanmar.com

www.ISPMyanmar.com

Cover Design : Maung Day